ဂ ရက် သတင်းဂျာနယ်
7 DAY NEWS JOURNAL
http://www.7daynewsjournal.com

TRI
MEN'S AND LADIES' WEARS

အတွဲ(၁၀)၊ အမှတ်(၃၆) | ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် | ၁၃၇၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက် ၊ ကြာသပတေး၊ (နိုဝင်ဘာ ၂၄ ၊ ၂၀၁၁)

# ဒေါ်အောင်ဆန်းစုကြည် ရွေးကောက်ပွဲဝင်မည်

အိမ့်ဖြူလွင်

**ရန်ကုန်၊ နိုဝင်ဘာ- ၂၁**

လာမည့်ကြားဖြတ်ရွေးကောက်ပွဲတွင် ဒေါ်အောင်ဆန်းစုကြည် ဝင်ရောက်ရွေးချယ်ခံရန် စဉ်းစားထားပြီဖြစ်ပြီး ယှဉ်ပြိုင်မည့်မဲဆန္ဒနယ်အတိအကျကိုမူပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ပြီးမှသာ ပြောနိုင်မည်ဟု ပါတီ၏ပြောခွင့်ရပုဂ္ဂိုလ် ဦးဉာဏ်ဝင်းက ပြောကြားသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး ဗဟိုဦးစီးအဖွဲ့ဝင်များနှင့် လုပ်ငန်းအဖွဲ့များ ဆွေးနွေးဆုံးဖြတ်ချက်အရ NLD ပါတီ မှတ်ပုံတင်မည်ဖြစ်ပြီး လာမည့်ကြားဖြတ်ရွေးကောက်ပွဲတွင် လစ်လပ်မဲဆန္ဒနယ်အားလုံး၌ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ပါတီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်က နိုဝင်ဘာ ၁၈တွင် ပြုလုပ်သော အစည်းအဝေးအပြီး ပြောကြားသည်။

ဒေါ်အောင်ဆန်းစုကြည်က NLD မဲအပြတ်ဖြင့်အနိုင်ရခဲ့သော ၁၉၉၀ ရွေးကောက်ပွဲကျင်းပစဉ်က ကိုယ်တိုင်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်း မရှိသည့်အတွက် ယခုကြားဖြတ်ရွေးကောက်ပွဲမှာ သူမ၏ ပထမဆုံး ရွေးကောက်ပွဲအတွေ့အကြုံဖြစ်လာမည်ဖြစ်သည်။

ပြောင်းလဲလိုက်သော နိုင်ငံရေးပါတီများ မှတ်ပုံတင်ရေး ဥပဒေအရ အကျဉ်းကျခံရသူများကို ပါတီဝင်အဖြစ်မှ ထုတ်ပယ်ရန် မလိုတော့ခြင်း၊

စာ(၁၂)သို့



**အမေရိကန်သမ္မတ ဘားရက်အိုဘားမားက နှစ်ပေါင်း၅၀ကျော်ကာလအတွင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးအဆင့် ပထမဆုံးခရီးစဉ်အဖြစ် ဟီလာရီကလင်တန်ကို စေလွှတ်မည်ဖြစ်ကြောင်း နိုဝင်ဘာ၁၈ရက်ကပြောကြားခဲ့သည်။ အထက်ပုံမှာ အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း၌ပြုလုပ်ကျင်းပသော အာဆီယံထိပ်သီးအစည်းအဝေးတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် အမေရိကန်သမ္မတဘားရက်အိုဘားမားတို့ကို အတူတွေ့ရစဉ်** ဓာတ်ပုံ - အေအက်ဖ်ပီ

# ဒေါ်အောင်ဆန်းစုကြည်နှင့် သမ္မတအိုဘားမား ပထမဆုံးအကြိမ် တယ်လီဖုန်းပြော

ငြိမ်းငြိမ်းနိုင်

**ရန်ကုန်၊ နိုဝင်ဘာ - ၁၈**

ဒေါ်အောင်ဆန်းစုကြည်က အမေရိကန်သမ္မတဘားရက်အိုဘားမားနှင့် မိနစ် ၂၀ ခန့်ကြာ တယ်လီဖုန်းမှတစ်ဆင့် စကားပြောခဲ့ပြီး ယင်းကဲ့သို့သမ္မတအိုဘားမားနှင့်စကားပြောဆိုခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်သည်။

နိုဝင်ဘာ ၁၇ ရက် နေ့လယ် ၃ နာရီ ၁၅ မိနစ်(မြန်မာစံတော်ချိန်)တွင် ဩစတြေးလျမှ အင်ဒိုနီးရှားနိုင်ငံ ဘာလီသို့ Air Force One လေယာဉ်ဖြင့် ထွက်ခွာလာသောသမ္မတအိုဘားမားကလေယာဉ်စီးနင်းစဉ် ဖုန်းခေါ်ဆိုခဲ့ခြင်းဖြစ်ပြီး ဒေါ်အောင်ဆန်းစုကြည်ကသူမနေအိမ်အခန်းအတွင်းမှ လက်ခံပြောဆိုခဲ့ခြင်းဖြစ်သည်ဟု ဒေါ်အောင်ဆန်းစုကြည်နှင့် နီးစပ်သူတစ်ဦးထံမှ သိရသည်။

နေ့လယ်၃နာရီ၁၅မိနစ်မှ၃နာရီ၃၅မိနစ်ခန့်အထိ မိနစ် ၂၀အကြာ တယ်လီဖုန်းပြောခဲ့ခြင်းဖြစ်သည်ဟု ၎င်းက ထပ်လောင်းပြောကြားသည်။

နိုင်ငံအတွင်းလက်ရှိအပြောင်းအလဲများနှင့်ပတ်သက်ပြီး အပြန်အလှန်ပြောဆိုဆွေးနွေးခဲ့ကြကာဒေါ်အောင်ဆန်းစုကြည်က မိတ်ဖွဲ့စကားအဖြစ် သမ္မတအိုဘားမားမွေးမြူထားသောခွေးလေး 'ဘို' အကြောင်းကိုပင် မေးမြန်းခဲ့ပြီး ၎င်းတို့နှစ်ဦး၏စကားဝိုင်းက နွေးထွေးရင်းနှီးမှုရှိခဲ့သည်ဟု အိမ်ဖြူတော်ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။

- မြန်မာနိုင်ငံနှင့်စပ်လျဉ်း၍ ကန်သမ္မတပြောကြားသော ပထမဆုံးမိန့်ခွန်း၊
- ပါတီဆုံးဖြတ်ချက်အပေါ် ဒေါ်အောင်ဆန်းစုကြည်ပြောကြားချက်နှင့် ပြည်တွင်းနိုင်ငံရေးအင်အားစုများ၏ ထင်မြင်သုံးသပ်ချက်များ၊
- အာဆီယံအလှည့်ကျဥက္ကဋ္ဌအဖြစ် မြန်မာနိုင်ငံ ရွေးချယ်ခံရခြင်းနှင့် ဆက်စပ်သတင်းများ

စသည့် ယခုတစ်ပတ်အတွင်း မြန်မာနိုင်ငံ၏ နိုင်ငံရေးဆိုင်ရာ ဖြစ်ပေါ်ပြောင်းလဲမှုများအား သီးသန့်စာမျက်နှာ ရှစ်မျက်နှာဖြင့် တင်ဆက်ထားသည်။

## သတင်းအညွှန်း

မြို့နယ်အချို့တွင် လျှပ်စစ်ဓာတ်အား အချိန်ပိုင်း ပြတ်တောက်မည် စာ(၇)သို့

လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲခဲ့သော ဆုံးဖြတ်ချက်အား ပယ်ဖျက် စာ(၃)သို့

ပြည်တွင်း အခွန်စနစ်ကြောင့် တာတာနာနိုကားများ လာရောင်းရန် အခက်တွေ့ စာ(၄)သို့

ရထားလက်မှတ်ခ တိုးမြှင့်လိုက်ခြင်းကြောင့် အဝေးပြေး ယာဉ်လိုင်းများကို ရွေးချယ်လာ စာ(၆)သို့




CNC
JACKET
men's wear
ENVIRONMENT FRIENDLY
www.cncmenwear.com
photo : Naing Naing (R-2) , design : nyein thu


Let's go to
COOL SEASON !
NEW
ITEM
D // 2
Contact to :
Ph: 204044, 203289, 202657,
200747 Ext: 7188, 7187.
JUNIOR WINTRY FASHION

**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး၊
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး၊
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး၊

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**
- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော် နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

**လူမှုရေး ဦးတည်ချက်(၄)ရပ်**
- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုး သားရေးလက္ခဏာများ မပျောက် ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# လွှတ်တော်နှစ်ရပ် သဘောထားကွဲခဲ့သော ဆုံးဖြတ်ချက် ပယ်ဖျက်

**အားမာန်**

**ရန်ကုန်၊**
**နိုဝင်ဘာ-၁၉**

ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် နှစ်ရပ်တွင် သဘောထားကွဲလွဲမှုများ ရှိခဲ့သော ဆုံးဖြတ်ချက်တစ်ခုကို ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်က နိုဝင်ဘာ ၁၈ ရက်၌ ကျင်းပခဲ့သော ပြည်ထောင်စုလွှတ်တော် အစည်းအဝေး စတုတ္ထနေ့တွင် ပယ်ဖျက်ကြောင်း ဆုံးဖြတ်သည်။

အောက်တိုဘာ ၂၈ရက်တွင် ပြည်ထောင်စုလွှတ်တော်၌ ဆုံးဖြတ်ခဲ့သော "ပြည်ထောင်စုလွှတ်တော်က အတည်ပြုသော (သို့မဟုတ်) ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည်ဖြစ်သော ဥပဒေကြမ်းများကို နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုးရေးအတွက် ပေးပို့ခြင်း မပြုမီ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ညီညွတ်ခြင်းရှိ၊ မရှိ သံသယရှိသောကိစ္စများ ပါဝင်ပါကယင်းဥပဒေကြမ်းများကို စိစစ်နိုင်ရေးအတွက် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးသို့ပေးပို့ရန်" ဟူသော အချက်ကို ပြန်လည်ပယ်ဖျက်ခဲ့ခြင်းဖြစ်သည်။

အထက်ပါအချက်ကို ပြည်ထောင်စုလွှတ်တော် နာယက ဦးခင်အောင်မြင့်က အောက်တိုဘာ ၂၈ ရက်တွင် ပြည်ထောင်စုလွှတ်တော်၌ တင်ပြကာ ဆွေးနွေးခြင်း မပြုစေဘဲ လွှတ်တော်အဆုံးအဖြတ် ရယူခဲ့ခြင်းဖြစ်သည်။

"နာယက တစ်ဦးတည်း၏ အခွင့်အာဏာအရ လုပ်ပိုင်ခွင့်ရှိလင့်ကစား လွှတ်တော်ကို လေးစားသောအားဖြင့် ဆွေးနွေးခြင်းမပြုစေဘဲ လွှတ်တော်၏အဆုံးအဖြတ်ကို ရယူခြင်းသာဖြစ်ကြောင်းနှင့် သဘာမတူသူရှိက ထိုအချိန်ကပင်မဲဆန္ဒဖြင့် ဆုံးဖြတ်ရုံသာဖြစ်သည်ကို ရှင်းပြလိုပါကြောင်း" ဦးခင်အောင်မြင့်က နိုဝင်ဘာ ၁၈ ရက်က ကျင်းပသော ပြည်ထောင်စုလွှတ်တော်တွင် ပြောကြားခဲ့ကြောင်း နိုဝင်ဘာ ၁၉ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများ၌ ဖော်ပြထားသည်။

ပြည်ထောင်စုလွှတ်တော်တွင် အောက်တိုဘာ ၂၈ ရက်က ဆုံးဖြတ်ခဲ့သော အထက်ပါအချက်ကို ပြည်သူ့လွှတ်တော်က နိုဝင်ဘာ ၁ရက်၌ ကျင်းပသောအစည်းအဝေး၌ ထိုဆုံးဖြတ်ချက်ကို ပယ်ဖျက်ပေးရန် အဆိုကိုပြည်သူ့လွှတ်တော်အမတ်အားလုံးက တညီတညွတ်တည်း အတည်ပြုခဲ့သည်။ ယင်းတို့က အဓိက ကန့်ကွက်ရသည့် အကြောင်းရင်းမှာ ဥပဒေပြုခွင့် အာဏာအပြည့်အဝရရှိထားသော ပြည်ထောင်စုလွှတ်တော်၏ ဥပဒေပြုမှုလုပ်ငန်းစဉ်အဆင့်ဆင့်တွင် အခြေခံဥပဒေဆိုင်ရာခုံရုံးထပ်တိုးလာမည်ကိုမလိုလားဘဲ အခြေခံဥပဒေ၌လည်း ထိုသို့မပြဋ္ဌာန်းထားသည့်အတွက် ပုံမှန်ဥပဒေပြုမှုလုပ်ငန်းစဉ်တွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးထပ်ထည့်ခြင်းကို ကန့်ကွက်ကြခြင်းဖြစ်သည်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကလည်း ပုံမှန်ဥပဒေပြုလုပ်ငန်းစဉ်တွင် ဥပဒေကြမ်းတိုင်းကို အခြေခံ ဥပဒေဆိုင်ရာ ခုံရုံးသို့ တင်ပြမည်မဟုတ်ဘဲ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်ညီညွတ်ခြင်းရှိ၊ မရှိ သံသယရှိသော ကိစ္စရပ်များပါဝင်မှသာ တင်ပြမည်ဖြစ်၍ ပြည်သူ့လွှတ်တော်၏ ဆုံးဖြတ်ချက်ကို အမျိုးသားလွှတ်တော်က ကန့်ကွက်ပြန်သည်။

ထိုသို့ သဘောထားကွဲလွဲမှုများဖြစ်စေသော ဆုံးဖြတ်ချက်အား ဦးခင်အောင်မြင့်ကိုယ်တိုင်က နိုဝင်ဘာ ၁၈ ရက်တွင် ပယ်ဖျက်ကြောင်းဆုံးဖြတ်ခဲ့သည်။ ယင်းဆုံးဖြတ်ချက် ပယ်ဖျက်ကြောင်းကို ဦးခင်အောင်မြင့်က အကျယ်တဝင့်ရှင်းပြသွားသည်ကိုလည်း တွေ့ရသည်။

ထိုအချက်ကို ပယ်ဖျက်ပေးခဲ့သဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျေနပ်ဝမ်းမြောက်ရကြောင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက နိုဝင်ဘာ ၁၈ ရက်တွင်ပြောသည်။ပြည်ထောင်လွှတ်တော်နာယကဦးခင်အောင်မြင့်၏ ဆုံးဖြတ်ချက်မှာ မှန်ကန်ကြောင်း လွှတ်တော်ကိုယ်စားလှယ်အချို့က ပြောကြားသည်။

ထပ်မံရရှိသော သတင်းအရ နိုဝင်ဘာ ၁၆ ရက်တွင် ကျင်းပသော ပြည်သူ့လွှတ်တော်၏ ၄၈ ရက်မြောက်နေ့ အစည်းအဝေးတွင် "ဥပဒေရေးရာနှင့် အထူးကိစ္စများလေ့လာ၊ ဆန်းစစ်သုံးသပ်ရေးအဖွဲ့" ကိုဖွဲ့စည်းခဲ့သည်။ အဆိုပါအဖွဲ့ဖွဲ့စည်းခြင်းကို ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်က အလွန်သင့်မြတ်ကြောင်း မှတ်ချက်ပေးခဲ့သည်။



ဓာတ်ပုံ - သီဟ






7 DAY NEWS JOURNAL
Vol.10, No.36 • NOVEMBER 24, 2011

CRIME CORNER

## ရန်ကုန် – မန္တလေး အမြန်လမ်းတွင် ယာဉ်တိမ်းမှောက်မှုထပ်ဖြစ်

ဝတ်ရည်၊ အိဖြူလွင်

ရန်ကုန်၊ နိုဝင်ဘာ–၁၉

ရန်ကုန်-မန္တလေး အမြန်ကားလမ်းပေါ်တွင် ယာဉ်တိမ်းမှောက်မှုတစ်ခု ထပ်မံဖြစ်ပွားခဲ့ပြီး နယူးမန္တလာထွန်းခရီးသည်ယာဉ် တိမ်းမှောက်ခဲ့သည့်နေရာနှင့် ၁၆ မိုင်ခန့်အကွာတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယခုလ၁၇ ရက်တွင် ရန်ကုန်မှ မောင်းနှင်လာသော ဗင်အမျိုးအစား ကိုယ်ပိုင်ယာဉ်သည် မိုင်တိုင်အမှတ် ၃၅၁အရောက်တွင် မီးရထားခုံးကျော်တံတားကို ဝင်တိုက်မိရာမှ တိမ်းမှောက်ခြင်းဖြစ်ပြီး ယာဉ်ပေါ်တွင်ပါရှိသည့် လူလေးဦးအနက် တစ်ဦးမှာ နေရာတွင်ပင် သေဆုံး၍ ကျန်သူများအား မန္တလေးဆေးရုံကြီးသို့ ပို့ဆောင်ထားရကြောင်း တံတားဦးစေတနာရှင် လူမှုကူညီရေးအသင်းမှ တာဝန် ရှိသူတစ်ဦးကပြောသည်။

“ဟိုရက်က ခရီးသည်ယာဉ်တိမ်းမှောက်တဲ့နေရာနဲ့နီးတယ်။ တိုးဂိတ်ရောက်ဖို့လည်း လေးဖာလုံလောက်ပဲလိုတော့တဲ့နေရာမှာဖြစ်တာ။ အမျိုးသားတစ်ဦးသေဆုံးပြီး အမျိုးသမီးနှစ်ဦးနဲ့ အမျိုးသားတစ်ဦး ဒဏ်ရာရတယ်” ဟု တံတားဦးရဲစခန်းမှ တာဝန်ရှိသူတစ်ဦးက အတည်ပြုပြောကြားသည်။

အဆိုပါ ယာဉ်တိမ်းမှောက်မှုကို လေဆိပ်ရဲစခန်း(ပ)၄၈/ ၂၀၁၁၊ ပုဒ်မ ၃၀၄(က)/ ၃၃၈ အရ ယာဉ်မောင်းဦးအုန်းမောင်အား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ယခုလ ၁၃ ရက်ကလည်း ရန်ကုန်မှ မန္တလေးသို့ မောင်းနှင်လာသည့် ခရီးသည်တင်ယာဉ်သည် အမြန်လမ်းမကြီးအတိုင်း မောင်းနှင်လာရာ တံတားဦးတိုးဂိတ်အနီး မိုင်တိုင် ၃၃၅ အရောက် လမ်းဘေးထိုးဆင်းသွားရာမှ တိမ်းမှောက်မှုဖြစ်ပွားပြီး အမျိုးသား ၈ဦး၊ အမျိုးသမီး၃ဦးနှင့် ၆နှစ်အရွယ်ကလေးတစ်ဦးသေဆုံးခဲ့သည်။

## ကမ်းနားလမ်းပေါ်တွင် ကုန်သေတ္တာတင်ယာဉ်တစ်စီး မီးလောင်မှုဖြစ်ပွား

သိမ့်သိမ့်စိုး

ရန်ကုန်၊ နိုဝင်ဘာ–၁၉

ကမ်းနားလမ်းမကြီးပေါ်တွင် ၁၈ ဘီး ကုန်သေတ္တာတင်ယာဉ်တစ်စီး ယခုလ ၁၂ရက် ညက မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း ရန်ကုန်တိုင်း မီးသတ်ဦးစီးဌာနမှ သတင်းရရှိသည်။

၎င်းမီးလောင်မှုမှာ လမ်းမတော်မြို့နယ် ကိုင်းတန်းလမ်းထိပ်နှင့် ၇ လမ်းထိပ်ကြားရှိကမ်းနားလမ်းမကြီးပေါ်တွင် ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

မီးလောင်မှုဖြစ်ပွားရခြင်းမှာ ဆီပိတ်သဖြင့် ပန့်ရိုက်ရာမှ ပန့်ကြပ်နေ၍ ဓာတ်ဆီနှင့်ဆေးကြောပြုပြင်စဉ် ဖယောင်းတိုင်မီးထွန်းကြည့်ရာမှ စတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။

၎င်းကားမီးလောင်ရာသို့ ကျောက်တံတားမီးသတ်တပ်ဖွဲ့မှ မီးသတ်ယာဉ်တစ်စီးနှင့် အုပ်ချုပ်မှုယာဉ်တစ်စီး သွားရောက်ငြိမ်းသတ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကားမီးလောင်မှုမှာ တစ်ပတ်အတွင်း ဒုတိယအကြိမ် ကုန်ကားမီးလောင်မှုဖြစ်ပြီး ၎င်း ကို(ပ)၂၆၂/ ၂၀၁၁ ပုဒ်မ ၂၈၅ ဖြင့် အမှုဖွင့်အရေးယူထားသည်။

ပြီးခဲ့သည့်နိုဝင်ဘာ၅ရက်ည၆နာရီခွဲခန့်ကလည်းမဟာဗန္ဓုလတံတား ဒေါပုံဘက်အဆင်းတွင် ကုန်သေတ္တာယာဉ်တစ်စီး ဝါယာရှော့ခ်ဖြစ်ကာ မီးလောင်မှုဖြစ်ပွားခဲ့သည်။

## ခရီးသွားလုပ်ငန်းလိုင်စင်ရ လုပ်ငန်းရှင်များ ဘဏ်ငွေစာရင်း ကန်ဒေါ်လာငါးသောင်းရှိက ကားသွင်းနိုင်

အောင်သူရ

ရန်ကုန်၊ နိုဝင်ဘာ–၁၆

ဟိုတယ်၊ မိုတယ်၊ တည်းခိုရိပ်သာလိုင်စင်နှင့် ခရီးသွားလာရေးလုပ်ငန်းလိုင်စင်ရရှိထားသောလုပ်ငန်းရှင်များ၏ နိုင်ငံခြားငွေစာရင်းတွင် ဝင်ငွေအမေရိကန်ဒေါ်လာငါးသောင်းရှိပါက ကားတစ်စီး တင်သွင်းခွင့်ပြုမည်ဟု သတင်းရရှိသည်။

“ကိုယ့်ငွေစာရင်းမှာ အခွန်နှစ်ရာခိုင်နှုန်းဆောင်ပြီးသား ဒေါ်လာငါးသောင်းပြနိုင်ရင် ဆိပ်ကမ်းအရောက်တန်ဖိုး ဒေါ်လာ နှစ်သောင်းငါးထောင်ထက် မပိုတဲ့ယာဉ်တစ်စီးတင်သွင်းခွင့်ရမှာပါ” ဟု မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း အတွင်းအရေးမှူး ဦးတင်ထွန်းအောင်က ဆိုသည်။

မိမိတို့၏နိုင်ငံခြား ငွေစာရင်းတွင် ဒေါ်လာငါးသောင်းရှိသူများ အနေဖြင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း(သို့မဟုတ်) ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနသို့တိုက်ရိုက်လျှောက်ထားနိုင်သည်။

နောက်ဆုံးဘဏ္ဍာရေးနှစ်သုံးနှစ်တွင်ပို့ကုန်ရငွေ ဒေါ်လာ တစ်သိန်းအထက်ရှိသော ပို့ကုန်သွင်းကုန်ကုမ္ပဏီများကိုကားအစီး ၆၀၀၀ တင်သွင်းခွင့်ပြုရန် လျာထားပြီးဖြစ်ကြောင်းကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဟိုတယ်နှင့်ခရီးသွား လုပ်ငန်းများ၊ ပြည်ပသို့တရားဝင်သွားရောက်လုပ်ကိုင်နေသူများ၊သင်္ဘောသားများ၊ နိုင်ငံခြားရေး ဌာနတွင် တာဝန်ထမ်းဆောင်နေသူများ စသောကဏ္ဍ ငါးခုအတွက် သတ်မှတ်နိုင်ငံခြားငွေ ရှိသူများကို ကားအစီးရေ စုစုပေါင်း ၂၀,၀၀၀ တင်သွင်းခွင့် ပြုမည်ဟုလည်း သတင်းရရှိသည်။

မြန်မာနိုင်ငံတွင် သက်ဆိုင်ရာက ထုတ်ပြန်သော စာရင်းအရ ၂၀၁၀ပြည့်နှစ်ကုန်အထိ ဟိုတယ်၊ မိုတယ်နှင့်တည်းခိုခန်းပေါင်း၆၉၁ ခုရှိပြီး ခရီးသွားလုပ်ငန်း ကုမ္ပဏီပေါင်း ၆၄၀ ရှိသည်။



ဓာတ်ပုံ – ဇေမောင်မောင်(အမရပူရ)

ဈေးသက်သာသည့် တာတာနာနိုကားများကို စိတ်ကူးယဉ်ခဲ့သော မြန်မာပြည်သူများ အိန္ဒိယကုန်စည်ပြပွဲတွင် ယင်းကားများမပါသည့်အတွက် လက်မှိုင်ချခဲ့ရသည်

## ပြည်တွင်းအခွန်စနစ်ကြောင့် တာတာနာနိုကားများလာရောက်ရောင်းချရန် အခက်တွေ့

ပြည်သိမ်း

ရန်ကုန်၊ နိုဝင်ဘာ– ၁၅

**ပြည်တွင်း၌ လူအများစိတ်ဝင်စားသည့် တာတာနာနိုကားများကို တင်သွင်းရန်အတွက် အခွန်စနစ်က အခက်အခဲဖြစ်နေရကြောင်း မြန်မာနိုင်ငံရှိ အိန္ဒိယလုပ်ငန်းရှင်များအသင်းမှ သတင်းရရှိသည်။**

တာတာနာနိုကားသည်ကမ္ဘာပေါ်တွင် ဈေးအသက်သာဆုံး ကားအမျိုးအစားဖြစ်ပြီး တစ်စီးလျှင်(ဒေါ်လာ ၂,၀၀၀)၊ ရူးပီးတစ်သိန်းဖြင့် ရောင်းချနေခြင်းဖြစ်သည်။ ကားပါမစ်ရရှိပြီး ပြည်တွင်းသို့ ကားတစ်စင်းတင်သွင်းမည်ဆိုပါက ကညနအခွန်၊ Custom Duty, Commercial Tax များအပါအဝင် ကားတန်ဖိုး၏ ၁၆၅ ရာခိုင်နှုန်းနီးပါး အခွန်ဆောင်ရမည်ဖြစ်ရာ ဝယ်သူလက်ထဲအရောက် ဒေါ်လာ ၂,၀၀၀ နှင့် ရောင်းချသည့် တာတာ၏ စနစ်နှင့် အဆင်မပြေသဖြင့်ရောင်းချပေးနိုင်မှုမရှိကြောင်း အထက်ပါလုပ်ငန်းရှင်များကဆိုသည်။

“တာတာနာနိုက ဒေါ်လာ ၂,၀၀၀ နဲ့ အိမ် အရောက်ရောင်းတာ။ သူ့ Brandက ကမ္ဘာပေါ်မှာ ဈေးအသက်အသာဆုံးဆိုတဲ့ဂုဏ်ကို ထိန်းထားတာ” ဟု မြန်မာနိုင်ငံရှိ အိန္ဒိယစီးပွားရေး လုပ်ငန်းရှင်ကြီးတစ်ဦးက ရှင်းပြသည်။

နိုဝင်ဘာ ၁၀ မှ ၁၃ရက်အထိ တပ်မတော်ခန်းမ၌ ကျင်းပသည့် အိန္ဒိယကုန်စည်ပြပွဲတွင် တာတာကားကုမ္ပဏီလည်း ပါဝင်သည်။ ယင်းပြပွဲတွင် တာတာကုမ္ပဏီမှ ထုတ်လုပ်သည့် Vista, Aria, Safari တို့ပါဝင်သော်လည်း နာနိုကားလေးများ မပါဝင်ကြောင်းကိုလည်း ပြပွဲကာလအတွင်း ကိုယ်တိုင်သွားရောက်လေ့လာသူများကသည်။

## ထွက်မည့် စပါးအလားအလာ တွက်ပြီးမှ ပြည်ပပို့မည့်ပမာဏဆုံးဖြတ်ရန် လယ်/ဆည်ဝန်ကြီးပြော

ပြည်သိမ်း၊ အောင်သူရ

ရန်ကုန်၊ နိုဝင်ဘာ–၁၉

မိုးစပါးထွက်ရှိမှုအခြေအနေ၊ နွေစပါးစိုက်ပျိုးနိုင်မည့် အလားအလာ အပေါ်စိစစ်ချက်များ ဆောင်ရွက်ပြီးမှသာ နိုင်ငံခြားသို့တင်ပို့ရောင်းချရန် ပမာဏကို သုံးသပ်၊ ဆုံးဖြတ်ဆောင်ရွက်ရန်သင့်လျော်သည်ဟု လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က မှတ်ချက်ပေးသည်။

ဆန်တန်ချိန်ငါးသောင်းအား ပြည်ပသို့တင်ပို့နိုင်ရေးအတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ သဘောထားတောင်းခံချက်အပေါ် အထက်ပါအတိုင်း မှတ်ချက်ပေးခဲ့ခြင်းဖြစ်သည်။

စပါးပေါ်ချိန်တွင် စပါးဈေးမကျစေရန် ပြည်ပနိုင်ငံသို့ ဆန်တင်ပို့ခြင်းအား ယခုနှစ် အောက်တိုဘာလမှစ၍ ယခင်လများထက်လေး ဆပိုကာ တန်ချိန်ငါးသောင်းခန့်တင်ပို့ရန် မြန်မာနိုင်ငံဆန်စပါးအသင်းက ဆုံးဖြတ်ခဲ့သည်။

မြန်မာဆန်ကို ပြည်ပဈေးကွက်မှ ဝယ်ယူမှုရပ်နားထားသည်မှာ နှစ်လကျော်ပြီဖြစ်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းမှ သတင်းရရှိသည်။

မြန်မာဆန်ကို ပြည်ပဈေးကွက်သို့လစဉ်တန်ချိန်လေးသောင်းကျော် တင်ပို့ရန်စီစဉ်ထားသော်လည်း စက်တင်ဘာနှင့်အောက်တိုဘာလများတွင် တင်ပို့နိုင်ခြင်းမရှိကြောင်း အဆိုပါအသင်းမှ ဥက္ကဋ္ဌဦးချစ်ခိုင်က ဆိုသည်။

ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့ ရေကြီးမှုကြောင့် မြန်မာ့ဆန်သည် ကမ္ဘာ့ဈေးကွက်တွင် အလားအလာကောင်းရန် မျှော်လင့်ခဲ့သော်လည်း အိန္ဒိယမှအရန်ဆန်များ ထုတ်ရောင်းသဖြင့် ယခုကဲ့သို့ ဈေးကွက်ပျောက်နေရခြင်းဖြစ်ကြောင်း ပြည်ပသို့ ဆန်တင်ပို့နေသည့်လုပ်ငန်းရှင်တစ်ဦးကဆိုသည်။

မြန်မာ့ဆန် ၂၅ မှတ်(အကျိုးအကြေ ၂၅ ရာခိုင်နှုန်း) ဈေးကွက်သည် အာဖရိကနိုင်ငံဖြစ်သည်။

စာ(၁၂)သို့

# မြန်မာ့ရုပ်ရှင်ဆင်ဆာနှင့်ပတ်သက်ပြီး ရုပ်ရှင်လောကသားများ စာတမ်းပြု

အေးသူစံ

ရန်ကုန်၊ နိုဝင်ဘာ- ၁၇

မြန်မာ့ရုပ်ရှင်ဆင်ဆာနှင့်ပတ်သက်၍ ရုပ်ရှင်လောကအလွှာလေးလွှာမှ စုစည်းတင်ပြမည့်စာတမ်းပေါင်းချုပ်ကိုပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးထံ တင်ပြရန်ရှိကြောင်း သတင်းရရှိသည်။

"အနုပညာသည်တွေအတွက်ဥပဒေကို အနုပညာသမားတွေ မပါဘဲနဲ့ရေးဆွဲခွင့်မရှိဘူးလို့ဦးမျိုးယူဆပါတယ်။ ဘာဖြစ်လို့လဲဆိုရင် ဒီဟာရဲ့ကောင်းခြင်း၊ ဆိုးခြင်း အကျိုးဆက်ကို အနုပညာသမားတွေပဲ ခံစားရမှာပါ။ အခုရေးဆွဲထားတဲ့ ဆင်ဆာဥပဒေတွေဟာ မပြည့်စုံဘူးလို့ သုံးသပ်ပါတယ်။ ဒါကြောင့် အနုပညာသမားတွေကကိုယ့်ကံကြမ္မာကို ကိုယ်တိုင်ဖန်တီးနိုင်ခွင့်ရှိရပါမယ်။ တစ်သက်လုံးသူများတွေဖန်တီးတာကို ခံလာရတာကြာပါပြီ။ တစ်နည်းအားဖြင့် ဒါဟာအနုပညာသမားတွေရဲ့ အခွင့်အရေးကို လုယူပြီး အနိုင်ကျင့်ရာရောက်သလို ဒီမိုကရေစီလမ်းကြောင်းနဲ့လည်း ဆန့်ကျင်နေပါတယ်။ အနုပညာသည်တွေအတွက် သေချာချမှတ်မယ့်ဥပဒေကအနုပညာသမားတွေပဲပါဝင်သင့်ပါတယ်။ ပါဝင်ခွင့်ရှိရမယ်လို့ထင်ပါတယ်" မြန်မာရုပ်ရှင်ဆင်ဆာမူဝါဒနှင့်ပတ်သက်ပြီး အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သူ ဒါရိုက်မောင်မျိုးမင်း(ရင်တွင်းဖြစ်)က ပြောသည်။



"မြန်မာ့ရုပ်ရှင်လောကမှာ ဆင်ဆာရှိသင့်၊ မရှိသင့်ဆိုတဲ့ကိစ္စကို နံပါတ်တစ်ဦးစားပေးအနေနဲ့ ဆွေးနွေးကြတဲ့အခါ ဘယ်သူကမှတော့ မရှိသင့်ဘူးလို့ မပြောကြပါဘူး။ ဒါကြောင့် သရုပ်ဆောင်၊ ဒါရိုက်တာ၊ ထုတ်လုပ်သူနဲ့စက်မှုပညာသည်များအလွှာလေးလွှာကနေ စာတမ်းတစ်စောင်စီ ပြုစုတင်သွင်းမယ်။ ပြီးရင်စာတမ်းပေါင်းချုပ်လုပ်ပြီး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဆီတင်ပြပါမယ်"ဟု အနုပညာရှင် ဇာဂနာက ပြောသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ ပြေတီဦး၊ ခန့်စည်သူ၊ ဒါရိုက်တာဝိုင်း၊ ဒါရိုက်တာမောင်မျိုးမင်း (ရင်တွင်းဖြစ်)၊ ဒါရိုက်တာရီဇော်စသည့် အနုပညာရှင်များ တက်ရောက်ခဲ့ပြီး သရုပ်ဆောင်အလွှာမှစာတမ်းတစ်စောင်ကို တင်သွင်းပြီးပြီဖြစ်ကြောင်း သိရသည်။ မြန်မာ့ရုပ်ရှင်ဆင်ဆာနှင့်ပတ်သက်၍ အာဆီယံစံချိန်စံနှုန်းနှင့်အညီဆောင်ရွက်ရန် ညွှန်ကြားထားသော်လည်း အမှန်တကယ်တွင် လုပ်ကိုင်ဆောင်ရွက်ခွင့်ရနေသော အတိုင်းအတာမှာ နည်းပါးလွန်းနေသေးခြင်းကို "ဖိလစ်ပိုင်က လွှတ်တော်အမတ် အမျိုးသမီးနဲ့တွေ့တော့ ကျွန်တော်က အာဆီယံစံချိန်စံနှုန်းဆိုတာ ဘာလဲလို့ သူ့ကိုမေးကြည့်တယ်။ သူတို့က သူတို့နိုင်ငံမှာ ဆင်ဆာနဲ့ပတ်သက်ရင် မူဝါဒနှစ်မျိုးပဲရှိတယ်။ တစ်မျိုးကဇာတ်ကားတွေကိုကလေးတွေကြည့်သင့်မကြည့်သင့်၊ ၁၈ နှစ်အောက်ကြည့်သင့်မကြည့်သင့် Rate(အဆင့်)သတ်မှတ်တာ။ နောက်တစ်မျိုးက ပညာသည်တွေလွတ်လွတ်လပ်လပ်ရိုက်ကူးနိုင်အောင် အကူအညီပေးတာ။ ကျွန်တော်တို့ရဲ့ ရုပ်ရှင်ဆင်ဆာအဖွဲ့ကို တကယ် နားလည်ကျွမ်းကျင်သူငါးယောက်လောက်နဲ့ အကျစ်လျစ်ဆုံး ဖွဲ့စည်းပေးဖို့ သက်ဆိုင်ရာကိုအကြံပြုခဲ့ပါတယ်"ဟု ဇာဂနာက ဆက်လက်ပြောသည်။

ယင်းနေ့ အလုပ်ရုံဆွေးနွေးပွဲတွင် သရုပ်ဆောင်အလွှာမှ တင်သွင်းသော စာတမ်းကို သရုပ်ဆောင်ဇင်ဝိုင်းက ဖတ်ကြားတင်သွင်းခဲ့ပြီး စာတမ်းပေါင်းချုပ်ပြုလုပ်မည့်အစီအစဉ်ကိုအမြန်ဆုံး အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း သိရသည်။

# အိန္ဒိယချေးငွေ ဒေါ်လာသန်း ၂၀၀ ဖြင့် ဆည်ရေသောက်စနစ်များ ပြီးစီးအောင် ဆောင်ရွက်မည်

ထူးသန့်

နေပြည်တော်၊ နိုဝင်ဘာ-၁၈

အစိုးရသစ်လက်ထက်တွင် ရင်းနှီး မြှုပ်နှံမှုလုပ်ငန်းများ ပိုမိုပြုလုပ်လာသော အိန္ဒိယသမ္မတနိုင်ငံ၏ ချေးငွေအမေရိကန်ဒေါ်လာသန်း ၂၀၀ဖြင့် မြန်မာနိုင်ငံ၏ ကျန်ရှိနေသေးသော ဆည်ရေသောက်စနစ်အားလုံး ပြီးစီးအောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်ကပြောကြားသည်။

"အိန္ဒိယကနေ ဒေါ်လာသန်း ၂၀၀ချေးငွေရပါမယ်။ အဲဒါနဲ့ ဆည်ရေသောက်စနစ်အားလုံးပြီးအောင်လုပ်ပါမယ်"ဟူ၍ ယနေ့ကျင်းပပြုလုပ်သော ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် ပြောကြားခဲ့ခြင်းဖြစ်ပြီး ယင်းအစီအစဉ်အတွက် အကြိမ်ကြိမ် လေ့လာမှုများ ပြုလုပ်ဆွေးနွေးခဲ့ကြောင်းလည်း ဝန်ကြီးကဆက်လက်ပြောကြားခဲ့သည်။

နေပြည်တော်ရှိ ပေါင်းလောင်းရေလှောင်ဆည်စီမံကိန်းတွင် ပင်ဆည်ရေပေးဝေနိုင်သည့် ဧကသုံးသောင်းခန့်ရှိသော်လည်း လောလောဆယ်တွင် ၁၀ရာခိုင်နှုန်းဖြစ်သည့် ဧက ၃၀၀၀ခန့်ကိုသာ ရေပေးဝေနိုင်သေးကြောင်း ဝန်ကြီး၏ ပြောကြားချက်အရသိရသည်။ ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ အဆိုအရ ဆည်ရေသောက်စနစ်အတွင်းပါဝင်သော ပင်မမြောင်းများ၊ လက်တံမြောင်းများ၊ လယ်ကြားမြောင်းများ ဖော်ဆောင်ရခြင်းသည်လည်း ခက်ခဲကြီးမားသော လုပ်ငန်းဖြစ်ကြောင်း သိရသည်။

ဆည်မြောင်းဦးစီးဌာနမှ ရရှိသော စာရင်းဇယားများအရ မြန်မာနိုင်ငံတွင် ယခုနှစ်အထိ ဆည်၊တာတမံပေါင်း ၃၇၁ ခုအထိ တည်ဆောက်ထားပြီး ယင်းဆည်၊တာတမံများ၏ စိုက်ပျိုးရေးပေးဝေနိုင်စွမ်းမှာ ဧကပေါင်း လေးသန်းကျော်အထိရှိကြောင်း မြန်မာနိုင်ငံစပါးစိုက်ဧကစုစုပေါင်းသန်း ၂၀၏ ၁၂၀ရာခိုင်နှုန်းခန့်ရှိကြောင်း မန္တလေးတိုင်းဒေသကြီးတွင် အများဆုံးဖြစ်ကြောင်းလည်း သိရသည်။

အငြိမ်းစား စိုက်ပျိုးရေးပညာရှင်တစ်ဦးက ယခုကဲ့သို့ ငွေလုံးငွေရင်း ကြီးကြီးမားမားဖြင့် ဆောင်ရွက်လာမည်ဖြစ်၍ အကျိုးရလဒ်လည်း ကြီးမားလာမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။



7 DAY NEWS JOURNAL
Vol.10, No.36 • NOVEMBER 24, 2011

# ရထားလက်မှတ်ခတက်၍အဝေးပြေးယာဉ်လိုင်းများကိုရွေးချယ်လာ

ဝေယံ

**ရန်ကုန်၊ နိုဝင်ဘာ- ၁၇**

ရထားလက်မှတ်ခများ တိုးမြှင့်လိုက်ခြင်းကြောင့် စျေးနှုန်းနှင့် ဝန်ဆောင်မှုချိန်ဆကာ အဝေးပြေးရထားစီးခရီးသည်များ ယာဉ်လိုင်းများကို ပိုမိုရွေးချယ်လာကြောင်း ယာဉ်လိုင်းများနှင့် ခရီးသွားများထံမှ မေးမြန်းသိရှိရသည်။


ဓာတ်ပုံ-ဇော်ဇော်မောင်(ဧရာဝတီ)

အဝေးပြေးယာဉ်လိုင်းများထက်ပင် ဈေးမြင့်သွားသည့် မီးရထားများ၏ဝန်ဆောင်မှုကို တိုးမြှင့်ပေးရန် ခရီးသည်များက လိုလားနေကြသည်

အဝေးပြေးရထားခများတိုးမြှင့်မှုကြောင့် ယခင်ရထားခထက် ၃ ဆခန့်ဈေးပိုမြင့်သော အဝေးပြေးကားခများမှာ ရန်ကုန်ဘူတာကြီးမှ မြန်မာနိုင်ငံဒေသများသို့ ပြေးဆွဲနေသော အမြန်ရထားလက်မှတ်များဖြင့်နှိုင်းယှဉ်တွက်ချက်လျှင် ရိုးရိုးတန်းဆိုပါက ၂,၀၀၀ကျပ်မှ ၅,၀၀၀ ကျပ်ဝန်းကျင်ခန့်၊ ပထမတန်းဖြင့်ဆိုပါက ၂,၀၀၀ကျပ်မှ ၄,၀၀၀ ကျပ်ဝန်းကျင်ခန့်အထက်တန်းဖြင့်ဆိုပါက ၁၀၀ကျပ်မှ ၁,၀၀၀ ကျပ်ဝန်းကျင်ခန့်အထိ ခရီးစဉ်ပေါ်မူတည်ကာ ရထားခက ပိုမြင့်မားသွားသည်။

အထူးအမြန်ရထားဖြင့်တွက်ချက်ပါက ရိုးရိုးတန်းဆိုလျှင် ၄,၀၀၀ ကျပ်ဝန်းကျင် လျော့နည်းပြီးအထက်တန်းဆိုပါက ၁,၅၀၀ ကျပ်ဝန်းကျင်ထိ ရထားခပိုမြင့်တက်သွားကြောင်း လက်ရှိကားခများနှင့်တိုးမြှင့်သည့်ရထားခများအရသိရသည်။

ထိုသို့ ရထားခများတိုးမြှင့်လိုက်ခြင်းကြောင့် အဝေးပြေးကားများမှာ ချက်ချင်း ခရီးသည်သိသိသာသာမြင့်တက်လာမှုမရှိခြင်းမှာ ဝန်ဆောင်မှုအရ အဝေးပြေးကားများမှာ ပိုမိုကောင်းမွန်သော်လည်း ကုန်စည်တင်ဆောင်နိုင်မှုလျော့နည်းခြင်းနှင့်ကားလမ်းနှင့်ရထားလမ်းခရီး ကွာခြားခြင်းတို့ကြောင့်လည်း ဖြစ်ကြောင်း သိရသည်။

အဝေးပြေးရထားနှင့်မြို့ပတ်ရထားလက်မှတ်ခ စျေးနှုန်းများ တိုးမြှင့်ပြောင်းလဲလိုက်သော်လည်း အဝေးပြေးကားခများ ပြောင်းလဲတိုးမြှင့်သွားမည်မဟုတ်ကြောင်း ယာဉ်လိုင်းများမှ ပြောကြားသည်။

"လောလောဆယ် စျေးနှုန်းမြှင့်သတ်မှတ်တာတွေ မရှိသေးပါဘူး။ ဒါပေမဲ့မထသက ကောက်တဲ့အခွန်အခတွေက တအားများလို့ စာတင်ထားတာတော့ ရှိတယ်။ အဲဒီ ကိစ္စအပေါ် ဆုံးဖြတ်ချက်ဘယ် လိုကျမလဲမသိသေးဘူး။ ကားခပဲ စျေးမြှင့်ခိုင်းမလား အခွန်အခပဲ လျှော့ချပေးမလား မသိသေးဘူး" ဟု အောင်မင်္ဂလာအဝေးပြေးမှယာဉ်လိုင်းပိုင်ရှင် တစ်ဦးက ဆိုသည်။

အဝေးပြေးကား ယာဉ်စီးခတိုးမြှင့်ခြင်းမရှိခြင်းကြောင့် ယခင်လက်မှတ်ခစျေးနည်းသော ရထားထက် အချိန်တိုတွင်း ခရီးရောက်နိုင်ပြီး အချိန်မရွေးစီးနင်းနိုင်သည့် အဝေးပြေးကားများမှာ ခရီးသည်ပိုမိုရလာကြောင်း သိရသည်။

ရထားလက်မှတ်ခများကို ၁၀ ဆအထိ တိုးမြှင့်လိုက်ခြင်းကြောင့် အချို့သော မြို့ကြီးများသို့ ပြေးဆွဲသော မီးရထားလက်မှတ်ခမှာ အဝေးပြေးယာဉ်များနှင့်ပင် စျေးနှုန်းတူဖြစ်သွားခဲ့သည်။

လက်ရှိရထားလမ်းများအခြေအနေနှင့် မီးရထားတွဲ ပြင်ဆင်မှု အခြေအနေများကို ကြည့်ပါက ရထားစီးခရီးသည်များအတွက် တိုးမြှင့်လိုက်သည့် စျေးနှုန်းများမှာ မတန်တဆဖြစ်နေကြောင်း ရန်ကုန်-ပြည်လမ်းကြောင်းတွင် မီးရထားဖြင့် ပုံမှန်သွားလာနေသူ တစ်ဦးက ပြောသည်။

"လမ်းတွေရော၊ တွဲတွေပါ အခြေအနေဆိုးနေတာ၊ ဒီအတိုင်းဆို ကားပဲစီးတော့မှာပေါ့။ ရထားကလမ်းချော်တာလည်း ခဏခဏ။ အချိန်ကလည်း အမျိုးမျိုးနဲ့ ဆိုတော့"ဟု အထက်ပါရထားစီးခရီးသည်က ပြောသည်။

# ရတနာဆင်ဖြူတော် နှစ်စီး နေပြည်တော်သို့ ထပ်မံရောက်ရှိ

ထူးသန့်

**နေပြည်တော်၊ နိုဝင်ဘာ- ၂၀**

အစိုးရသစ်လက်ထက်တွင် ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့မှ ဆင်ဖြူတော်နှစ်စီး ထပ်မံပေါ်ထွက်လာရာ အဆိုပါဆင်ဖြူတော်များအား ကြိုဆိုခြင်း မင်္ဂလာအခမ်းအနားကို နိုဝင်ဘာ ၂၀ ရက်ညနေပိုင်းတွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော် ဝတ္တကမြေတွင် ကျင်းပပြုလုပ်ခဲ့သည်။

ဆင်ဖြူတော်၏ ကြန်အင်လက္ခဏာများနှင့် ပြည်စုံသော အဆိုပါဆင်ဖြူတော်နှစ်စီးအနက် အရပ်အမြင့် ၅ ပေ ၁ လက်မရှိပြီး အသက်၅နှစ်ခန့်ရှိသော ဆင်ဖြူတော်(အထီး)ငွေဆဒ္ဒန်ကိုရခိုင်ပြည်နယ်တွင်ပေါ်ထွန်းခဲ့ကြောင်း၊ အရပ်၆ပေ၁၀လက်မရှိပြီးအသက်၁၅နှစ်ခန့်ရှိသော ဆင်ဖြူတော်(အမ)ဟေမဝတီကို ဧရာဝတီတိုင်းဒေသကြီးအတွင်း၌ ပေါ်ထွန်းခဲ့ကြောင်းလည်းသတင်း ရရှိသည်။

"ဆင်မဟေမဝတီကို ၂၀၀၆ ခုနှစ်လောက်ကတည်းက စတွေ့ခဲ့တာ။ လိုက်ဖမ်းလို့လည်းမရ၊ မေ့ဆေးသေနတ်နဲ့ ပစ်တော့လည်း မတိုး၊ နောက်ပြီး တခြားဆင်အုပ်တွေက ရွံ့တွေနဲ့ ကုတ်ပတ်ပြီး ကိုယ်ရောင်ဖျောက်သွားတာမျိုးလည်းရှိတယ်။ မိတဲ့အချိန်မှာတောင် မိုးတွေရွာချလိုက်လို့ သဲသဲကွဲကွဲဖြစ်ခဲ့တာ"ဟု ရတနာဆင်ဖြူတော်ကြိုဆိုရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းပြောကြားသည်။

ဆင်ဖြူတော်များ၏ အရောင်ကြန်အင်လက္ခဏာများနှင့် ပတ်သက်၍လည်း"တချို့ကတော့ ပြောကြတာပေါ့။ ဒါပေမဲ့ ဒီထူးခြားမှုတွေက လုပ်ယူလို့ရတာမှမဟုတ်တာ။ ဒါသဘာဝအတိုင်း ပေါ်ထွန်းခဲ့တာပဲ။ တချို့နိုင်ငံတွေဆိုရင် လိုချင်လျက်နဲ့ မပေါ်ထွန်းတော့မရကြဘူး"ဟု ၎င်းက ဆက်လက်ရှင်းပြသည်။

ယခုအချိန်တွင်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ ဆင်ဖြူတော် ၇စီးပိုင်ဆိုင်ထားပြီးဖြစ်ပြီး ရန်ကုန်မြို့တော်တွင် ရာဇဂဟသီရိပစ္စယဂဇရာဇာ၊ သင်္ဂီမာလာနှင့်ရတီမာလာဆင်ဖြူတော်တို့ရှိပြီး နေပြည်တော်တွင် ဘဒ္ဒဝတီ၊ နန္ဒဝတီ၊ ငွေဆဒ္ဒန်နှင့် ဟေမဝတီဆင်ဖြူတော်တို့ စံပျော်ကြမည်ဖြစ်သည်။

TRADEMARK CAUTION
WORKMAN CO., LTD., a Company incorporated in Japan at 1732, Shibo-machi, Isesaki-shi, Gunma-ken, Japan is the Owner and Sole Proprietor of the following Trademarks:-

HEAT ASSIST
Reg: 4/11035/2011

WORKMAN BEST
Reg: 4/11034/2011

In respect of : Int'l class 9: " Ear plugs, protective helmets, batteries and cells, gloves for protection against accidents, dust masks, gas masks, welding masks, fireproof garments, eyeglasses and goggles."
Int'l class 10: " triangular bandages, finger guards for medical purposes, gloves for medical purposes."
Int'l class 18: " bags and the like, pouches and the like, umbrellas and parts."
Int'l class 21: " industrial brushes, gloves for household purposes, shoe brushes, shoe horns, handy shoe shiners."
Int'l class 24: " woven fabrics, personal articles of woven textile [not for wear], table napkins of textile, dish cloths, banners and flags [not of paper], labels of cloth."
Int'l class 25: " clothing, footwear, clothes for sports."
Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.
U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph : 371990
24 Nov. 2011



7 DAY NEWS JOURNAL
Vol.10, No.36 • NOVEMBER 24, 2011

# မီးသတ်ကားများ မီးလောင်ရာသို့ လွယ်ကူမြန်ဆန်စွာသွားနိုင်ရန် အင်တာနက်စနစ်ဖြင့် ဆက်သွယ်လမ်းညွှန်မည့် စင်တာများထားရှိမည်

ဥက္ကာကိုကို

ရန်ကုန်၊ နိုဝင်ဘာ-၁၆

ရန်ကုန်တိုင်းအတွင်းဖြစ်ပွားသည့် မီးလောင်မှုများကို မီးသတ်ယာဉ်များဖြင့် သွားရောက်ငြိမ်းသတ်ရာတွင် ပိုမိုအဆင်ပြေချောမွေ့ မြန်ဆန်စေရန်အတွက် မြို့နယ်မီးသတ်စခန်းများ အချင်းချင်း အင်တာနက်စနစ်ဖြင့် ဆက်သွယ်မည့် Command and Control Center များကို လာမည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် စတင်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှူး၊ ဒုတိယညွှန်ကြားရေးမှူးဦးကြည်ဝင်းက ပြောသည်။



ရွှေဂုံတိုင်ရှိ မီးလောင်ကျွမ်းနေသော အဆောက်အအုံကို မီးငြိမ်းသတ်နေသည့် မီးသတ်ယာဉ်တစ်စီး ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

အဆိုပါ Command and Control Center များသည် တစ်ခုနှင့်တစ်ခု အင်တာနက်စနစ်ဖြင့် ဆက်သွယ်မည်ဖြစ်ကာ ရန်ကုန်မြို့ရှိမြို့နယ်များအလိုက် နေအိမ်တိုက်တာများ၊ အထပ်မြင့်တိုက်များ၊ ရပ်ကွက်လမ်းအနေအထားအချက်အလက်များကို မြေပုံဖြင့် လမ်းညွှန်နိုင်မည်ဖြစ်ပြီး အချက်အလက်များအား Suntac ကုမ္ပဏီနှင့် ပူးပေါင်း၍ ဆော့ဖ်ဝဲရေးဆွဲနေပြီဖြစ်ကြောင်း သိရသည်။

"မီးလောင်မှုများတာက ဖွံ့ဖြိုးတိုးတက်မှုနဲ့လည်း ဆိုင်ပါတယ်။ မီးသုံးတာများရင် မီးလောင်မှုများနိုင်ပါတယ်။ မြန်မာနိုင်ငံမှာ တစ်နှစ်ကို မီးလောင်မှု ၁၅၀၀ လောက်ဖြစ်ပါတယ်။ စင်ကာပူနိုင်ငံမှာ တစ်နှစ်ကို မီးလောင်မှု ၈၀၀၀လောက်ဖြစ်ပါတယ်။ မီးဘေးအန္တရာယ်ကာကွယ်မှုတွေ လုပ်နေပေမယ့် မီးလောင်မှုက များနေပါတယ်။ ကားဝင်ရခက်တဲ့လမ်းတွေပိတ်ဆို့နေမှုကို ရှင်းလင်းဖို့ကိုလည်း သက်ဆိုင်ရာတွေနဲ့ ညှိနှိုင်းထားတာရှိပါတယ်"ဟုဦးကြည်ဝင်းက ဆိုသည်။

Command and Control Center များကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၂ မြို့နယ်တွင် ပထမဖွင့်လှစ်သွားမည်ဖြစ်ပြီး မီးသတ်ကားများတွင်လည်း GPSစနစ်သဘောပါဝင်သည့်စနစ်များ၊ TTMA (ခေါ်) CDMA စနစ်များ တပ်ဆင်ထားကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်မီးသတ်စခန်းများမှာ အရှေ့ပိုင်းခရိုင်တွင် ၁၅ခု၊ အနောက်ပိုင်းခရိုင်တွင် ၇ ခု၊ တောင်ပိုင်းခရိုင်တွင် ၉ခု၊ မြောက်ပိုင်းခရိုင်တွင် ၁၁ခုရှိပြီး မီးသတ်တပ်ဖွဲ့ဝင်အင်အား ၄၅၆ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင်အင်အား ၂၈,၂၈၂ ဦးနှင့် မီးသတ်ကား အစီးရေ ၈၃ စီးခန့်ရှိကြောင်း သိရသည်။

## မြို့နယ်အချို့တွင် အချိန်ပိုင်း လျှပ်စစ်ဓာတ်အားပြတ်တောက်မည်

ကျော်သီဟ

ရန်ကုန်၊ နိုဝင်ဘာ - ၁၈

ရဲတံခွန်သဘာဝဓာတ်ငွေ့ထုတ်လုပ်ရေးစင်တွင် လိုအပ်သောပြုပြင်မှုလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်၍ ဒီဇင်ဘာ ၂၉မှ ၂၀၁၂ဇန်နဝါရီ၁ရက်အထိ ရဲတံခွန်သဘာဝဓာတ်ငွေ့စက်ရုံများသို့ ဓာတ်ငွေ့ပို့လွှတ်မှုကို ရပ်ဆိုင်းထားမည်ဖြစ်သည်။ ယင်းကြောင့် ရန်ကုန်မြို့ရှိ မြို့နယ်အချို့တွင် အချိန်ပိုင်း လျှပ်စစ်ဓာတ်အားဖြတ်တောက်မည်ဖြစ်ကြောင်းသတင်းရရှိသည်။

ထိုသို့ရပ်ဆိုင်းထားစဉ် ရန်ကုန်မြို့တော်ရှိ အလုံမြို့နယ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တာမွေမြို့နယ်၊ ကြည့်မြင်တိုင်မြို့နယ်၊ ဗိုလ်တထောင်မြို့နယ်၊ ပုဇွန်တောင်မြို့နယ်တို့တွင် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုများရှိနေမည်ဖြစ်၍ သက်ဆိုင်ရာမြို့နယ်နေပြည်သူများသိရှိစေရန်ကြိုတင်ထုတ်ပြန်မှုများပြုလုပ်မည်ဖြစ်ကြောင်းသိရသည်။

လျှပ်စစ်မီးကို လတ်တလောတွင် အချိန်ပြည့်နီးပါး ရရှိနေပြီဖြစ်ပြီး လျှပ်စစ်မီးများ အချိန်အတန်ကြာ ပြတ်တောက်မည်ဆိုပါကပြတ်တောက်ရသည့်အကြောင်းအရင်းနှင့် အချိန်တို့ကို အများပြည်သူသို့ကြိုတင်အသိပေးသည့်အလေ့အထကို အစိုးရသစ်လက်ထက်တွင် စတင်ကျင့်သုံးလာခြင်းဖြစ်သည်။



## ၂၀၁၁ ခုနှစ် နိုဝင်ဘာ ၂၃ရက်မှ ၂၉ ရက်ထိ

## မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော် မုန်တိုင်းအခြေအနေ**

ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းနဲ့ ယင်းနဲ့ဆက်စပ်နေတဲ့ ကပ္ပလီပင်လယ်ပြင်တွေမှာ တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်မှာ သာယာပါ့မယ်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

မွန်-တနင်္သာရီ ကမ်းရိုးတန်းနဲ့ ကမ်းလွန်ပင်လယ်ပြင်တွေမှာ ရံဖန်ရံခါ အရှေ့လေပြင်းများ ကျရောက်နိုင်ပြီး ခေတ္တခဏမျှ လှိုင်းအသင့်အတင့်ရှိနိုင်ပါတယ်။ ရေပြင်မြေပြင် လေဟာ တစ်နာရီ ၂၀ မိုင်မှ ၂၅ မိုင်ခန့် အထိတိုက်ခတ်နိုင်ပါတယ်။ ကျန်မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နဲ့ ကမ်းလွန်ပင်လယ်ပြင်တွေမှာ ရာသီဥတုသာယာနိုင်ပြီး လှိုင်းအနည်းငယ်သာရှိနိုင်ပါတယ်။ ရေပြင်မြေပြင်လေဟာ တစ်နာရီ၁၀ မိုင်မှ ၁၅မိုင်ခန့် အထိတိုက်ခတ်နိုင်ပါတယ်။

**မုန်တိုင်းဖြစ်ပေါ်နိုင်မှုအခြေအနေ**

ပြီးခဲ့တဲ့ရက်သတ္တတစ်ပတ်အတွင်း အနောက်ဘက်က အာရေဗျပင်လယ်မှာ 04A မုန်တိုင်းငယ် ဖြစ်ခဲ့ပြီး အရှေ့ဘက်မှာရှိတဲ့ တောင်တရုတ်ပင်လယ်ပြင်မှာလည်း 24W မုန်တိုင်းဖြစ်ခဲ့ပေမယ့် ဘင်္ဂလားပင်လယ်အော်ထဲမှာတော့ အရှေ့လေပွေလှိုင်းအဆင့်သာဖြစ်ခဲ့ပြီး မုန်တိုင်း မဖြစ်ခဲ့တာကို တွေ့ရပါတယ်။ အောက်တိုဘာ(၁၉)ရက်နေ့မှာ ဘင်္ဂလားပင်လယ်အော်ထဲမှာ ဒုတိယမုန်တိုင်း 02Bဖြစ်ပြီးကတည်းက ဘင်္ဂလားပင်လယ်အော်ထဲမှာ အနောက်တောင် မုတ်သုံလေဦးဟာ တောင်ဖက် 5deg Nအထိ နိမ့်ဆင်းကျသွားခဲ့ပါတယ်။ အဲဒီအချက်ဟာ ဘင်္ဂလားပင်လယ်အော်ထဲမှာ လေထုမငြိမ်သက်မှုကိုရော၊ မိုးရွာသွန်းမှုကိုရော၊ မုန်တိုင်းဖြစ်ပေါ်မှုကိုရော လျော့နည်းသွားစေခဲ့ပါတယ်။ အကျိုးဆက်ကတော့ ပြီးခဲ့တဲ့ ရက်သတ္တတစ်ပတ်အတွင်း မြန်မာတစ်နိုင်ငံလုံးမှာ မိုးရွာသွန်းမှုတွေ လျော့နည်းသွားခဲ့ပါတယ်။

**ဆောင်းမုတ်သုံဝင်လာပြီ**

ပြီးခဲ့တဲ့ ရက်ပိုင်းအတွင်းမှာ အနောက်တောင်မုတ်သုံလေဦးဟာ ဘင်္ဂလားပင်လယ်အော်ထဲမှာတောင်မရှိတော့ဘဲ အီကွေတာတောင်ဖက်အထိ ရွေ့သွားခဲ့တာကြောင့် ၂၀၁၁ ခုနှစ်ရဲ့ နွေမုတ်သုံရာသီကာလရဲ့ နေရာကို ဆောင်းမုတ်သုံဟာ အစားထိုးဝင်ရောက်လာပြီဖြစ်ပါတယ်။

**မိုးရွာသွန်းမှုအခြေအနေ**

ပြီးခဲ့တဲ့ နိုဝင်ဘာလ(၁၂)ရက် မှ (၁၈)ရက်နေ့အထိကာလအတွင်း မွန်ပြည်နယ်တောင်ပိုင်းနဲ့ တနင်္သာရီတိုင်းဒေသကြီးတွေမှာ မိုးအနည်းငယ်ရွာသွန်းခဲ့တဲ့အတွက် မိုးရေချိန် ၀.၂ လက်မ မှ ၀.၈ လက်မအတွင်း ရရှိစေခဲ့ပါတယ်။ ဒါ့အပြင် ဆီးနှင်းမိုးရွာသွန်းတဲ့အတွက် မိုးရေချိန်၀.၂ လက်မမှ ၀.၈ လက်မအထိ တိုင်းတာရရှိသောဒေသများမှာ စစ်ကိုင်းတိုင်းမြောက်ပိုင်းစွန်း၊ ကချင်ပြည်နယ်မြောက်ပိုင်းစွန်းနဲ့ အရှေ့ပိုင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်းနဲ့ အရှေ့ပိုင်း ဒေသအချို့ဖြစ်ကြပါတယ်။ ကျန်ဒေသများ အားလုံး အနေနဲ့တော့ မိုးမရွာတဲ့ဒေသများ ဖြစ်ကြပါတယ်။

**လာမယ့်ရက်သတ္တတစ်ပတ်အတွက်ခန့်မှန်းချက်**

လာမယ့် ခန့်မှန်းကာလရက်သတ္တပတ်အတွင်း မြန်မာနိုင်ငံဘက်ဆီကို အရှေ့ဘက်က ရွေ့လျားလာနိုင်တဲ့ မုန်တိုင်းအကြွင်းအကျန် တိမ်တိုက်များမရှိနိုင်သလို ဘင်္ဂလားပင်လယ်အော်ထဲမှာလည်း လက်ရှိအခြေအနေအရ မုန်တိုင်းဖြစ်နိုင်ဖို့ အခြေအနေတွေ မရှိတာကိုတွေ့ရပါတယ်။ လာမယ့်ရက်သတ္တတစ်ပတ်အတွင်း မြန်မာနိုင်ငံအရှေ့မြောက်ပိုင်းဒေသများဖြစ်ကြတဲ့ စစ်ကိုင်းတိုင်း အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နဲ့ ကရင်ပြည်နယ် အရှေ့ပိုင်းဒေသတွေမှာ အရှေ့မြောက်လေများ တိုးဝင်မှုကြောင့် ဆီးနှင်းမိုးများ (၅)ရက်ခန့် ကျရောက်နိုင်ပြီး ကျန်ဒေသတွေမှာ အများအားဖြင့် သာယာနိုင်ပါတယ်။

**နေ့အပူချိန်များ**

နေ့အပူချိန်များ အနေနဲ့ကတော့ မြန်မာနိုင်ငံမြောက်ပိုင်းနဲ့ အထက်ပိုင်းဒေသများမှာ ဖြစ်မြဲရဲ့အောက်လျော့နည်းနိုင်ပြီး အလယ်ပိုင်းဒေသများမှာ ဖြစ်မြဲခန့်နဲ့ အောက်ပိုင်းဒေသများမှာ ဖြစ်မြဲထက် အနည်းငယ်ကျော်လွန်နိုင်ပါတယ်။

**မြစ်ရေအခြေအနေ**

မြန်မာနိုင်ငံ တစ်ဝန်းရှိမြစ်တို့တွင် လက်ရှိရေအမှတ်များဟာ ဆက်လက်မြင့်တက် မလာနိုင်ဘဲ အများအားဖြင့် လက်ရှိရေအမှတ်များရဲ့အောက်ကို ကျဆင်းသွားဖွယ်ရာရှိတဲ့အတွက် မြန်မာနိုင်ငံတစ်ဝန်းရှိ မြစ်ကြီးများတို့တွင် စိုးရိမ်ရေ အမှတ်များကို ရောက်ရှိနိုင်ဖွယ်မရှိပါ။

**တောင်တရုတ်ပင်လယ်ပြင်အခြေအနေ**

မြောက်ပစိဖိတ်သမုဒ္ဒရာ အနောက်ပိုင်းနဲ့ တောင်တရုတ်ပင်လယ်ပြင်တွင် မုန်တိုင်းများ မြန်မာနိုင်ငံဘက်ဆီကို ရောက်ရှိလာနိုင်ဖွယ်ရာ မရှိပါဘူးလို့ ခန့်မှန်းရပါတယ်။ **ဒေါက်တာထွန်းလွင်**

## အင်တာနက်မှ သိကျွမ်းသူကိုယုံသော မိန်းကလေး လူနှင့်ပစ္စည်းများ လိမ်လည်ခံရ

**မျိုးမင်းဦး**

**မုံရွာ၊ နိုဝင်ဘာ - ၂၁**

အင်တာနက်မှအသိဖြစ်ခဲ့သူ အမျိုးသားတစ်ဦးကို ယုံကြည်မိသော မိန်းကလေးငယ်တစ်ဦးသားမယားအဖြစ် လိမ်လည်ပေါင်းသင်းခံရကာ လက်ဝတ်လက်စားများ လိမ်လည်ယူဆောင်ခံခဲ့ရကြောင်း သတင်းရရှိသည်။

မုံရွာမြို့နေ မ-- (၁၉ နှစ်) သည် နိုဝင်ဘာ ၆ ရက် ညနေ ၄ နာရီက မိဘများအား အင်တာနက်ဆိုင်သို့ သွားရောက်လေ့ကျင့်မည်ဟု ပြောဆိုကာ နေအိမ်ရှိ ၈ယ/---- လော်ဂျာဆိုင်ကယ်နှင့် ထွက်ခွာသွားရာ အချိန်လွန်သည်အထိပြန်လည်ရောက်ရှိခြင်းမရှိဘဲ ပျောက်ဆုံးခဲ့သည်။ မ--၏ ဖခင်ဖြစ်သူက မုံရွာမြို့တွင် လိုက်လံရှာဖွေသော်လည်း မတွေ့ရှိ၍ ရန်ကုန်မြို့ရှိ ဆွေမျိုးများထံ တွေ့ရှိပါက အကြောင်းကြားရန် ဆက်သွယ်မှာကြားခဲ့သည်။

နိုဝင်ဘာ ၁၁ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်မြို့နေ ဆွေမျိုးတော်စပ်သူများက မ-- အား မင်္ဂလာတောင်ညွန့်မြို့နယ်ရှိတည်းခိုခန်းတစ်ခု၌ တွေ့ရှိ၍ နေအိမ်သို့ပြန်လည်ခေါ်ယူထားခဲ့သည်။ မ-- ၏ ပြောပြချက်အရ လွန်ခဲ့သောသုံးလခန့်က အင်တာနက်ဆိုင်တွင် ၁၅ ကြိမ်ခန့် ဆက်သွယ်ပြောဆို သိကျွမ်းခဲ့သူ ရန်ကုန်မြို့နေ ကို -- သည် နိုဝင်ဘာ ၆ ရက်က မုံရွာမြို့သို့ ရောက်ရှိလာပြီး မ--အား ရန်ကုန်မြို့သို့ သွေးဆောင်ဖြားယောင်း ခေါ်ဆောင်သွားကာ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ တည်းခိုခန်းတစ်ခု၌ သားမယားအဖြစ် ပေါင်းသင်းနေထိုင်ပြီး ပါရှိသည့် ဆွဲကြိုး၊ ဆွဲသီး၊ လက်ကောက်၊ နားကပ်နှင့် ဆိုင်ကယ်တို့ကို လိမ်လည်ရယူသွားခဲ့သဖြင့် ဆိုင်ရာသို့တိုင်တန်းခဲ့ရာ မုံရွာမြို့အမှတ် ၁ ရဲစခန်းမှ ကို --အား(ပ) အမှတ်၆၃၇/၂၀၁၁ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၆၆/၄၂၀ အရအမှုဖွင့် စုံစမ်းဖော်ထုတ်လျက်ရှိသည်။

မိန်းကလေးငယ်ထံမှ လိမ်လည်ရယူသွားသော လက်ဝတ်လက်စားနှင့် ဆိုင်ကယ်မှာ စုစုပေါင်းတန်ဖိုး ကျပ် ၁၇ သိန်းခန့်ရှိသည်ဟုဆိုသည်။

"ဒီနေ့ အသက်အရွယ်ငယ်တဲ့ကလေးငယ်တွေလည်း အင်တာနက်သုံးတာ ပိုများလာတယ်။ ငယ်ရွယ်သူတွေအနေနဲ့ အင်တာနက်ကို အသုံးပြုတဲ့အခါ လမ်းမှားမရောက်အောင်တော့ မိဘတွေ စောင့်ကြည့်သင့်တယ်လို့ထင်တယ်။ ကလေးက အင်တာနက်အသုံးပြုတတ်တာ တိုးတက်တဲ့လက္ခဏာဆိုပေမယ့် အခုလိုအဖြစ်ဆိုးတွေ မကြုံရအောင် ကလေးငယ်တွေကို အင်တာနက်အသုံးပြုချိန်မှာ စောင့်ကြည့်သင့်တယ်"ဟုမုံရွာမြို့ ဒေသခံ မိဘအုပ်ထိန်းသူတစ်ဦးကပြောသည်။

## ယူ-၂၃အမျိုးသားဘောလုံးအသင်း ကြေးရ

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ နိုဝင်ဘာ-၂၁**

(၂၆)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအမျိုးသားဘောလုံးပြိုင်ပွဲ တတိယနေရာလုပွဲစဉ်တွင် မြန်မာ ယူ-၂၃ အသင်းက ဗီယက်နမ်အသင်းအား (၄-၁) ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။



မြန်မာ ယူ-၂၃အသင်းနှင့် ဗီယက်နမ်အသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကြစဉ် ဓာတ်ပုံ - Getty Images

မြန်မာအသင်းသည် နောက်ပိုင်းနှစ်များတွင် ဗီယက်နမ်အသင်းနှင့်တွေ့ဆုံတိုင်း ဂိုးပြတ်ရှုံးနိမ့်ခဲ့ပြီး ယခုပြိုင်ပွဲ၏ အုပ်စုပွဲစဉ်တွင်လည်း ဂိုးမရှိသရေကျခဲ့ကာ ယခုတတိယလုပွဲတွင်မူ ဂိုးပြတ် အနိုင်ယူ၍ တတိယ ကြေးတံဆိပ် ရရှိခဲ့ခြင်းဖြစ်သည်။

ယခုနှစ် အင်ဒိုနီးရှားဆီးဂိမ်းပြိုင်ပွဲသို့ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည့် မြန်မာအားကစားအဖွဲ့အနေဖြင့် နိုဝင်ဘာ ၂၁ ရက် ပြိုင်ပွဲများပြီးဆုံးချိန်တွင် ရွှေ ၁၆၊ ငွေ ၂၅၊ ကြေး ၃၂ ဖြင့် နိုင်ငံအလိုက်အဆင့် ၇ ၌ ရပ်တည်လျက်ရှိသည်။

## ဆောင်းရာသီတွင် မုန်တိုင်းတစ်ကြိမ် ဖြစ်ပေါ်နိုင်ပြီး အချိန်အခါမဟုတ် မိုးရွာသွန်းနိုင်

**ထူးသန့်**

**နေပြည်တော်၊ နိုဝင်ဘာ-၁၅**

ဆောင်းရာသီအတွင်း ဘင်္ဂလားပင်လယ်အော်၌ မုန်တိုင်းငယ်တစ်ကြိမ်ဖြစ်ပေါ်နိုင်သည့်အပြင် လေပွေလှိုင်းများကြောင့်လည်း အချိန်အခါမဟုတ် မိုးများရွာသွန်းနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။


အဆိုပါ ဌာန၏ ထုတ်ပြန်ချက်အရ ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း သုံးကြိမ်ဖြစ်ပေါ်နိုင်ပြီး တစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ရောက်ရှိနိုင်ကြောင်း၊ ၎င်းအပြင် အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများနှင့် အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့် အချိန်အခါမဟုတ် မိုးများရွာသွန်းနိုင်ကြောင်းလည်း သိရှိရသည်။

မိုးရွာသွန်းမှုအနေဖြင့် တနင်္သာရီတိုင်းဒေသကြီး၊ ကရင်နှင့်မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုပြီး စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်းဒေသကြီးများနှင့် ရခိုင်ပြည်နယ်၊ ကယားပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့ကျကာ ကျန်ဒေသများတွင် ရွာသွန်းမြဲခန့် ရှိနိုင်ကြောင်းလည်း ခန့်မှန်းချက်ထုတ်ပြန်ထားသည်။

အချိန်အခါမဟုတ် မိုးရွာသွန်းမှုနှင့်ပတ်သက်၍ စိုက်ပျိုးရေးပညာရှင်တစ်ဦးက "အကောင်းဆုံး အကြံပြုရရင်တော့ ဆောင်းသီးနှံဆိုပေမယ့် ရေထုတ်မြောင်းကိုပါ တစ်ခါတည်း ဖောက်လုပ်ထားဖို့ ပြောချင်တယ်။ နောက်ပြီး အပင်တွေ ရေဒဏ်၊ လေဒဏ်ခံနိုင်ဖို့ အာဟာရမျှမျှတတ ကျွေးဖို့လည်း လိုအပ်တယ်။ နောက်ဆုံးကတော့ မိုးလေဝသသတင်းကို မှန်မှန်နားထောင်ဖို့ပေါ့" ဟု အကြံပြုပြောကြားသည်။

ဆောင်းရာသီတွင် ထိုကဲ့သို့သော အချိန်အခါမဟုတ် မိုးများရွာသွန်းပါက ပဲမျိုးစုံ သီးနှံများ အဓိကဆုံးရှုံးနိုင်ကြောင်း သိရှိရသည်။

Life
7 Day News Journal
Vol.10, No.36 • NOVEMBER 24, 2011



ဓာတ်ပုံ - ရဲမောင်မောင်(အမရပူရ)





ဈေးဝယ်ထွက်မယ်

## ကလေးအသုံးအဆောင် ပရိဘောဂလေးတွေစုံတဲ့နေရာ

**ယုဇနကိုကို**

ဒီတစ်ပတ်မှာတော့ ချစ်စရာ ကလေးအသုံးအဆောင်ပရိဘောဂပစ္စည်းလေးတွေရှိတဲ့ နေရာကို လမ်းညွှန်ပေးချင်ပါတယ်။

မိမိတို့ရဲ့ကလေးငယ်တွေကို ချစ်စရာကောင်းလွန်းလှတဲ့ ပရိဘောဂပစ္စည်းကောင်းကောင်းလေးတွေနဲ့မှ အလှဆင်ပေးချင်ပါတယ်ဆိုတဲ့ မိဘတွေအတွက် ရွေးချယ်စရာတွေ များလွန်းလှတဲ့ နေရာတစ်ခုပါ။

တရုတ်(တိုင်ပေ)ကတင်သွင်းလာတဲ့ ဒီ Kids Funiture ဆိုင်မှာ ဝယ်ယူရရှိနိုင်မယ့် ပစ္စည်းတွေက များသောအားဖြင့် အစုံလိုက်တွေများပါတယ်။

မူလတန်းကြို အရွယ် အသက်လေးနှစ်လောက်ကနေစတင် အသုံးပြုနိုင်မယ့် လှလှပပကာတွန်းရုပ်ခုတင်လေးတွေကို အဝတ်ဗီရိုအရှည်၊ အဝတ်ဗီရိုအံဆွဲ၊ စာကြည့်စားပွဲ၊ အင်္ကျီချိတ်တိုင် အစရှိတဲ့ ပရိဘောဂ တစ်စုံကို ကျပ်ဆယ်သိန်း ခုနစ်သောင်းဝန်းကျင်နဲ့ဝယ်ယူနိုင်မှာ ဖြစ်ပါတယ်။

မူလတန်းကြိုအရွယ်ဆိုပေမယ့် ခုတင်လေးတွေနဲ့ ဆက်စပ်ပရိဘောဂပစ္စည်းလေးတွေဟာ အသက်တစ်ဆယ့်ငါးနှစ်ကျော်ကျော်အထိ အသုံးပြုလို့ရနိုင်တဲ့ အရွယ်အစားလေးတွေဖြစ်ပါတယ်။

ပစ္စည်းတွေအားလုံးတစ်ဆက်လိုက် ရောင်းချတာ ဖြစ်ပေမယ့် တချို့ယောက်ျားလေး၊ မိန်းကလေးသုံးတွေဖြစ်တဲ့ ကားပုံစံခုတင်၊ လှည်းပုံစံခုတင်လေးတွေကတော့ ကျပ်နှစ်သိန်းသုံးသောင်းဝန်းကျင်ကနေ လေးသိန်းကိုးသောင်းဝန်းကျင်တွေနဲ့ သီးသန့်ဝယ်ယူနိုင်မှာပါ။

နောက်ထပ် ထူးခြားလှပတဲ့ ဒီဇိုင်းနဲ့ပစ္စည်းတွေကတော့ သုံးယောက်အိပ်နိုင်တဲ့ သုံးထပ်ခုတင်လေးတွေပဲဖြစ်ပါတယ်။ အဲ့ဒီပစ္စည်းလေးတွေကိုတော့ကျပ်ခြောက်သိန်းကနေ ခုနစ်သိန်းဝန်းကျင်နဲ့ ဝယ်ယူနိုင်ပါတယ်။

လှပတဲ့ ချစ်စဖွယ် ပရိဘောဂပစ္စည်းလေးတွေနဲ့ မိမိတို့ရဲ့ကလေးငယ်တွေကို အလှဆင်ပေးချင်တဲ့ မိဘတွေအနေနဲ့ အထက်ဖော်ပြပါပစ္စည်းလေးတွေကို ဝယ်ယူနိုင်မယ့် နေရာတွေကတော့

စာ(၁၁)သို့



# အင်းလျားကန်ပေါင်ပေါ်က ယမကာဝိုင်းများ

လှတင့်ဆွေ (ပိန်းဇလုပ်)

**အင်းလျားကန်...**

အမည်လေးကလှသည်၊ ကဗျာထဲတွင်လည်းလှသည်။ဝတ္ထုထဲတွင်လည်းလှသည်။ ရုပ်ရှင်၊ ဗီဒီယိုထဲတွင်လည်းလှသည်။ နံနက်ပိုင်း ကျွန်တော်တို့လို ကျန်းမာရေးအတွက် လမ်းလျှောက်သူများ၏ အမြင်တွင် ပိုလို့ပင်လှပါသည်။

ရေသည် လူတို့၏ စိတ်ကို ကြည်နူး ရွှင်လန်းချမ်းမြေ့စေပါသည်။ ကမ်းခြေများဖြစ်သော ငပလီ၊ ငွေဆောင်၊ ချောင်းသာ၊ စက်စဲ၊ မောင်းမကန်တို့နှင့် အင်းလေးကန်၊ အင်းတော်ကြီး၊ ကန်တော်ကြီးစသည့် ရေများရှိသော ကန်ကြီးများသည် ကျွန်တော်တို့ ကြည့်လိုက်တိုင်း ကြည်နူးရပါသည်။ ထို့အတူ ကျွန်တော်တို့ရဲ့ အင်းလျားသည်လည်း ကျွန်တော်တို့ ကြည့်လိုက်တိုင်း ကြည်နူးစေပါသည်။

ရေပြင်ကျယ်ကြီးအနီးတွင် ခန့်ညားထည်ဝါသော တက္ကသိုလ်ကြီးနှင့် ပတ်ဝန်းကျင်တွင် လှေလှော်အသင်းများ၊ စိမ်းညို့ညို့နှင့် တောအုပ်ဆန်ဆန် သစ်ပင်ကြီးများ၊ ရေလယ်ကျွန်းဆန်ဆန်တောအုပ်များ၊ ပြည်လမ်းမကြီးနှင့် သပ်ရပ်ခန့်ညားသော တိုက်တာအိမ်ခြေများ။

အင်းလျားကန်ပတ်ဝန်းကျင်တွင်မှ ကျွန်တော်တို့ ကျန်းမာရေးလမ်းလျှောက်နေကျ အနောက်ဘက်အခြမ်းသည်ပို၍လှသည်ဟု ထင်မိပါသည်။ လမ်းလျှောက်နေရာမှ ရွရွပြေးလိုသူများ၊ သီးခြားခေါင်း၊ ခါး၊ ခြေ၊ လက် ကျန်းမာရေးလေ့ကျင့်လိုသူများ၊ ချစ်စရာခွေးပုလေးများနှင့်အတူ လမ်းလျှောက်နေသောသူများအတွက် ကန်ပေါင်ပေါ်တွင် အပေါ်တစ်လမ်း အောက်တစ်လမ်း၊ အမောဖြေစရာ ရောင်စုံထိုင်ခုံငယ်များကလည်း အကွာအဝေးညီညီ၊ ပုံစံညီညီနှင့် ကန်ဘက်ကို ငေးမောလျက်၊ ခုလို ကထိန်ရာသီတန်ဆောင်မုန်းလဆန်း(နိုဝင်ဘာလ) မြောက်ပြန်လေများ သရမ်းလာပြီဆိုမှဖြင့် ရေပေါ်ဖြတ်သန်းလာသည့် ရေက ကျန်းမာရေးနှင့် ပိုမိုညီညွတ်သတဲ့။ အရှေ့မြောက်ဆီလေငှေ့လာတော့ ပြည်လမ်းပေါ်က ကားခါတ်ဆီနံ့၊ ဒီဇယ်နံ့များ ကန်ပေါင်ပေါ် မရောက်တော့ဘူးပေါ့။ သို့သော်ရောက်လာသည့် ရလာသည့် ရနံ့ရှိုင်းနဲ့ မြင်ရသည့် မြင်ကွင်းက။

ကျွန်တော်နေ့စဉ် မနက် ၅ နာရီ၅နာရီခွဲအချိန်ခန့် အင်းလျားကန်အနောက်ဘက် ကန်စောင်းပေါ်ကိုရောက်တိုင်း၊ ဤမြင်ကွင်းကို မြင်ရတိုင်း ဤရနံ့ရှိုင်းကို ရှူမိတိုင်း ဤဆောင်းပါးကို ရေးမည်ဟု ကြံရွယ်မိပါသည်။ ပြီးတော့ အကြံအစည်တွေသည် ပျောက်ပျောက်သွားပြန်ပါသည်။

အမှန်တော့ ရေးသင့်၊ မရေးသင့်ချင့်ချိန်နေရတာ၊ ခေတ်လူငယ်တွေဆိုတော့ ဒီဆောင်းပါးဖတ်ပြီးမှ "ဘာဖြစ်လဲကွာ၊ ကိုယ်ဘာသာကိုယ်ပိုက်ဆံနဲ့ ကိုယ်သောက်တာ၊ ဘယ်အချိန် ဘယ်နားသောက်သောက်ပေါ့။ ဘယ်ကောင့် ဂရုစိုက်ရမှာလဲ၊ ဒီလူကြီးတွေဟာ ဟိုဟာပိတ်ပင်၊ ဒီဟာပိတ်ပင်နဲ့ လာသူငယ်ချင်းတို့ သွားသောက်ကြရအောင်"ဆိုမှဖြင့်ဆေးကြောင့် ပိုလေးသွားမှာကိုစိုးရိမ်မိ၍ ချင့်ချိန်နေရခြင်းပါပေ။

စာ(၁၁)သို့



## ဒီလိုလေး ချက်ကြရအောင်

ဝိုက်ဇီ

## ကြက်သားငါးပိအစပ်ချက်

ကြက်သားငါးပိချက်ဆိုပေမယ့် တို့စရာနဲ့ တို့စားရတဲ့ငါးပိချက်မျိုး မဟုတ်ပါဘူး။ ကြက်သားဆီပြန်ကိုပဲ ပုံစံတစ်မျိုးနဲ့စားလို့ရအောင် ချက်ထားတာပါ။ အမှန်တော့ ရခိုင်တိုင်းရင်းသားတွေစားလေ့ရှိတဲ့ ကြက်သား ငရုတ်သီးဟင်းလိုပါပဲ။



ကြက်သားငါးပိချက်အတွက် ကြက်သားအသား ၁၅ ကျပ်သား၊ ငါးပိလက်ဖက်စားဇွန်းနှစ်ဇွန်းစာ၊ ခရမ်းချဉ်သီးတစ်လုံး၊ ငရုတ်သီးစိမ်းနဲ့ ပင်စိမ်းရွက်နည်းနည်းပဲလိုပါတယ်။

အရင်ဆုံးကြက်သားကိုပြုတ်၊ ပြုတ်ပြီးသားအသားကိုအတုံးသေးသေးလေးတွေလှီးထားပါမယ်။ ကြက်သားကိုမပြုတ်ခင်ထုံးစံအတိုင်း အရသာ၊ နနွင်းတို့နဲ့နယ်ပါ။

ဟင်းချက်ဖို့ ပထမဆုံးကြက်သွန်ဖြူနီဆီသတ်ပြီး ခရမ်းချဉ်သီးတစ်လုံးပါးပါးလှီးထားတာထည့်ပါ။ ခရမ်းချဉ်သီးလိပ်သွားရင် ရေဖျော်ထားတဲ့ ငါးပိထည့်ပါမယ်။ ငါးပိခြောက်သွားပြီး အနံ့မွှေးလာတဲ့အခါ ထောင်းထားတဲ့ ငရုတ်သီးစိမ်းတွေထည့်ပါ။ ဆားနဲ့ကြက်သားမှုန့် နည်းနည်းလည်း ထည့်လိုက်ပါဦး။ ပြီးမှ ကြက်သားပြုတ်အတုံးလေးတွေ ထည့်ပါ။ ကြက်သားပြုတ်လေးတွေနဲ့ ငါးပိဆီသတ်ထားတာလေးတွေ သမအောင် ရေအကြမ်းပန်းကန်လုံး တစ်ဝက်လောက်ထည့်မွှေပြီးချခါနီးရင် ပင်စိမ်းအုပ်လိုက်လို့ရပါတယ်။ ဒီဟင်းက နနွင်းနဲ့ချက်တာမို့လို့ အရောင်တင်မှုန့် မထည့်မိဖို့လိုပါတယ်။ နနွင်းနဲ့ငရုတ်သီးစိမ်းက ဟင်းရဲ့အရောင်ကို တစ်မျိုးလှပစေမှာပါ။

ဒါဆိုရင်တော့ ဝိုက်ဇီပရိသတ်ကြီး ဒီတစ်ပတ်ရခိုင်စတိုင်ဟင်းတစ်မျိုးကို ပုံစံပြောင်းချက်ထားတဲ့ ကြက်သားငါးပိအစပ်ချက်တစ်ပွဲရပါပြီ။

7 DAY NEWS JOURNAL
Vol.10, No.36 • NOVEMBER 24, 2011







# ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အထိမ်းအမှတ်နေ့ ကျင်းပ

မြတ်စုမွန်

**ရန်ကုန်၊ နိုဝင်ဘာ-၁၈**

ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂညီလာခံ သဘောတူစာချုပ်ကို မြန်မာနိုင်ငံက သဘောတူ လက်မှတ်ရေးထိုးခဲ့သည့် ၂၂ နှစ်ပြည့် အကြိုအထိမ်းအမှတ်ပွဲအဖြစ် လှိုင်သာယာမြို့နယ်၊ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ အထိမ်းအမှတ်နေ့ အခမ်းအနားကို မြို့နယ်အားကစားခန်းမတွင် ယနေ့ကျင်းပပြုလုပ်ခဲ့သည်။

လှိုင်သာယာမြို့နယ်တွင် ကျင်းပသည့် အထိမ်းအမှတ်နေ့ ပျော်ပွဲရွှင်ပွဲသို့ World Vision, Save The Children, The Leprosy Mission International, NYWCA, WFWP နှင့် ရတနာ့မေတ္တာစသည့် ပြည်တွင်းပြည်ပ လူမှုရေး အဖွဲ့အစည်းများမှ ပံ့ပိုးမှုပေးနေသည့် ကလေးငယ်များ တက်ရောက်ပါဝင်ကာ ဖျော်ဖြေရေး အစီအစဉ်များ၊ တေးသရုပ်ဖော်များပြုလုပ်ကာ ကျင်းပခဲ့ပြီး ကလေးငယ်များပြုလုပ်ထားသည့် လက်မှုပစ္စည်းများလည်း ရောင်းချခဲ့သည်။

"ရန်ကုန်တိုင်းထဲမှာ မြို့နယ်လူမှုဝန်ထမ်းအရာရှိ ခန့်ထားတဲ့ မြို့နယ်ကလေးသူငယ်များဆိုင်ရာ ကော်မတီက ခြောက်မြို့နယ်ရှိပါတယ်။ ဒီနေ့အခြားမြို့နယ် တချို့မှာလည်း ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အထိမ်းအမှတ်နေ့အခမ်းအနားတွေလုပ်ကြပါတယ်"ဟု လှိုင်သာယာမြို့နယ်၊ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကော်မတီအတွင်းရေးမှူး ဦးကြီးမြင့်က ပြောသည်။ ရပ်ရွာအခြေပြုကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ ထိရောက်စွာ လုပ်ဆောင်နိုင်ရန်၊ ကလေးသူငယ်ဥပဒေတွင် ပါဝင်သည့် ကလေးအခွင့်အရေးများကို ကလေးများ ရရှိနိုင်စေရန်စသည်တို့အတွက် မြို့နယ်ကလေးသူငယ်များဆိုင်ရာ ကော်မတီများ ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ရှင်းပြသည်။

မြန်မာနိုင်ငံအနေဖြင့်အဆိုပါစာချုပ်ကို ၁၉၉၁ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပြီး ယခုလ ၂၀ ရက်သည် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂညီလာခံ သဘောတူစာချုပ်ကို သဘောတူလက်မှတ်ရေးထိုးခဲ့သည့် ၂၂ နှစ်မြောက်နေ့ ဖြစ်သည်။

# သီတဂူသာသနာပြုအဖွဲ့နှင့်ထူးဖောင်ဒေးရှင်းပူးပေါင်းကာ မျက်စိဝေဒနာရှင်များကို အခမဲ့ခွဲစိတ်

သန်းဌေး

**ရန်ကုန်၊ နိုဝင်ဘာ- ၁၅**

သီတဂူအပြည်ပြည်ဆိုင်ရာ သာသနာပြုအဖွဲ့နှင့် ထူးဖောင်ဒေးရှင်းတို့ပူးပေါင်းကာ ကချင်ပြည်နယ် ပူတာအိုမြို့တွင် မျက်စိ ဝေဒနာရှင် ၈၀၀ကျော်အား ယခုလဆန်းပိုင်းက အခမဲ့စမ်းသပ်ကုသခွဲစိတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

နိုဝင်ဘာ ၅ရက်မှ ၇ရက်အထိ ပူတာအိုမြို့ရှိ ခရိုင်ပြည်သူ့ဆေးရုံကြီးတွင် ပြည်တွင်းပြည်ပမှ ဆရာဝန်၊ ဆရာမ၃၉ဦးက ပူတာအိုမြို့ပေါ် နှင့် အနီးအနားရှိကျေးရွာများမှ မျက်စိဝေဒနာရှင်များအား အခမဲ့ဆေးဝါးကုသပေးခဲ့ခြင်းဖြစ်သည်။

သီတဂူဆရာတော်ကြီး ဒေါက်တာရှင်ဉာဏိဿရနှင့် ထူးဖောင်ဒေးရှင်းမှ အဆိုပါဆေးရုံကြီးအတွက် လိုအပ်သော ဆေးဝါးကိရိယာနှင့် အသုံးအဆောင်များကိုလည်း လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။



## စာ-၉၊ အင်းလျားကန်ပေါင်ပေါ်က ယမကာဝိုင်းများ မှ

သို့သော် လူငယ်များအနေဖြင့် မသောက်ရမည့်နေရာများတွင် သောက်ရမည့်အချိန်မဟုတ်ဘဲ အရက်သောက်နေသည်ကို မြင်ရဖန်များတော့ ရေးမိပါချေတော့သည်။

ကျွန်တော်ငယ်ငယ်အသက် ၁၀၊ ၁၁နှစ်အရွယ် ၄-၅ တန်း (၁၉၆၇၊၁၉၆၈)ခုနှစ်လောက်တုန်းက အရက်နှင့် ပတ်သက်သည့် အဖြစ်တစ်ခုကို သတိရမိပါသည်။ အိမ်သို့ ကျွန်တော့်အဖေကို နိုင်သည့် အရက်သောက်တတ်သောညှော့သည်များရောက်လာသောအခါ အဖေက ကျွန်တော့်ကို အရက်ဝယ်ခိုင်းတတ်သည်(အဖေကတော့ အရက်မသောက်တတ်ပါ)

အဖေက "သားနှစ်လုံးလောက်သွားဝယ်ပေးစမ်းပါကွာ ဟိုညှော့သည်တွေရောက်နေလို့" "သားမဝယ်ချင်ပါဘူးဆို အဖေရာ သားရှက်တယ်"ဟု ပြန်ပြောသောအခါ "လုပ်ပါကွာ သားရ၊ မင်းအစ်မမိန်းခလေးတွေ ခိုင်းရင်မကောင်းတတ်လို့ပါ ရော့ရော့မင်းဘို့ မုန့်ဖိုး ငါးမူး"ငါးမူး (ပြား ၅၀)က ထိုအချိန်က တော်တော်တန်ဖိုးရှိသည်။ တရုတ် "အမြောက်" ခေါက်ဆွဲဆိုင်မှာ ခေါက်ဆွဲကြော်တစ်ထုပ်မှ တစ်ကျပ်။

အရက်ရောင်းတဲ့သူဟာ ကိုယ်ရေမကောင်းတဲ့ တရုတ်တင်မြိုင်၊ သူကလည်းကလေးများအရက်လာဝယ်ပါက တမတ်(၂၅ ပြား)ထပ်ပေးလေသည်။ ကျွန်တော်သည် ဘေးဘယ်ညာကို သေချာကြည့်လူရှင်းမှရထားလမ်းကိုကျော် အရက်မြန်မြန်ဝယ်၊ ပုလင်းကို လွယ်အိတ်စုတ်တွင်ထည့်ကာ ခပ်မြန်မြန်ပြန်ခဲ့ပြီး အဖေ့ထံ ပုလင်းအပ်ခဲ့လေသည်။ အရက်ဆိုင်မှ ပေးလိုက်သောတစ်မတ်စေ့ကို မြေကြီးမာမာပေါ်ချ၍ ခေါင်းနှင့်ပန်း တစ်ဖက်ဆီကို ဖနောင့်ဖြင့် ဆယ်ချက်စီလှည့်ပြီး ရေစင်အောင်ဆေးပြီးမှ သုံးလေသည်။

အဲဒီအရက်ဆိုင်ကိုလည်း မနက်၊ နေ့လယ် ဘယ်အရက်သမားမှ အဝင်၊ အထွက်မရှိ၊ ညနေ ၆နာရီခွဲနေဝင်ပိုးတဝါးအချိန်တွင်မှသာ ဟိုကြည့်သည်ကြည့် ကုတ်ချောင်းချောင်း ခပ်ရွှံ့ရွှံ့ပုံစံဖြင့် ဝင်ထွက်နေသည်ကို တွေ့ရ၏။ လူသစ်တိုးလာသည်ကိုကား တော်တော်နှင့် မမြင်ရချေ(ငယ်ငယ်က မှတ်မိသမျှ အတွေ့အကြုံ)

ကျွန်တော်တို့အရွယ်ရောက်ပြီး ၂၀၊ ၂၁ နှစ်များအရွယ်အရာရှိသင်တန်းဆင်းပြီးခါစ၊ စီနီယာအရာရှိများက အရက်သောက်သည်ကို အားမပေး၊ အတင်းအကျပ်တားမြစ်သည်။ ၂၂၊ ၂၃ နှစ်လောက်ရောက်ပြီး နည်းနည်းလေး စီနီယာဝင်လာတော့မှ အရက်သောက်တာကိုစနစ်တကျသင်တန်းပေးသည်။

"အရက်ဆိုတာ တွေ့တဲ့အရက်၊ ပေါက်ကရမသောက်ရဘူးကွ။ နောက်ထပ် အရက်ကို မသောက်ရတော့မယ့်ပုံနဲ့ ဂုဏ်ယူပြီးလည်း မသောက်နဲ့"

"နေ့တိုင်းလည်း မသောက်နဲ့ တပ်ကကားများကို ယာဉ်မမောင်းရနေ့ (Dry Day) သတ်မှတ်ထားသလို အဲဒီနေ့ဆို မသောက်နဲ့၊ ဘာသာရေးနေ့ထူးနေ့မြတ်တွေ မသောက်နဲ့၊ စိတ်ထဲစွဲမထားနဲ့၊ သဘောကတော့ အရက်က လူကို မနိုင်ဖို့Training လုပ်တာပဲ၊နောက်ပြီးတော့အချိန်ကွာ၊ မနက် နေ့လယ်လုံးဝမသောက်နဲ့၊ ညနေ စားခါနီး ၂ပက် ၃ပက်ပဲ သောက်"


ခုခေတ်လူငယ်၊ လူရွယ်များ အရက်ဆိုင်၊ ဘီယာဆိုင်များသို့ အုပ်စုလိုက်၊ ရဲဝံ့ဂုဏ်ယူစွာဖြင့် ဝင်ထွက်နေကြပြီ။ အကြောင်းပြချက်အမျိုးမျိုးနှင့် (နံနက်၊ နေ့လယ်၊ ညနေ၊ ည)အချိန်တိုင်း သောက်နေကြသည်။

ယခုတင်ပြမယ့် အင်းလျားကန်ပေါင်အနောက်ဘက် ကန်ပေါင်ရိုးက အရက်ဝိုင်းများက အပေါ်ကန်ပေါင်အလျားရဲ့ အလယ်တည့်တည့်လောက်မှာရှိတဲ့ အုတ်ခုံစင်ပေါ်မှာ၊ အုတ်ခုံကအပေါ်မှာ ကွန်ကရစ်လောင်းထားသည်။ ၁၀ ပေပတ်လည်လောက် ကျယ်လိမ့်မည်။ ၎င်းအပေါ်တွင် ၅ယောက်၊ ၆ ယောက်အဖွဲ့အလိုက် မနက် ၅ နာရီလောက်မှာ ပင်ဝိုင်းဖွဲ့သောက်စားနေသည်ကို မြင်နေရသည်။ ခု နောက်ပိုင်း ထိုနေရာတွင်သာမက ကန်ပေါင်ရှိ အမောဖြေစရာ ရောင်စုံထိုင်ခုံငယ်များအပေါ်မှာရော၊ ကြားအုတ်ခုံတန်းများပေါ်မှာရောတွေ့နေရသည်။ ၁၀ ပေပတ်လည် အုတ်ခုံကြီးနှင့် ပေ ၂၀ လောက်တွင် အမျိုးသမီး၊ အမျိုးသားများ လူ ၅၀ ခန့်စုဝေး၍နေ့စဉ် ကျန်းမာရေးလေ့ကျင့်နေကြသည်။ ၎င်းအရက်သောက်သောအဖွဲ့များမှာ စီးကရက်၊ ဆေးပေါ့လိပ်များလည်း သောက်သုံးသဖြင့် အပြေးလေ့ကျင့်သူများ၊ လမ်းလျှောက်သူများ၊ ကျန်းမာရေးလေ့ကျင့်ခန်းဆင်းနေသူများ မည်မျှစိတ်အနှောင့်အယှက်ဖြစ်ကြမည်နည်း၊ (ဟန့်တားမည့်တာဝန်ရှိသူလည်း မတွေ့ရပေ၊ စောစောစီးစီးပေကိုး)

စားသောက်ပြီးပါကအိတ်ခွံ၊ ရေသန့်ဘူးခွံ၊ အချို ရည်ဘူးခွံနှင့် စားသောက်ပြီးအစအနများပါ ကျန်ခဲ့သေးသည်။ ဖြတ်သွားဖြတ်လာ အမျိုးသမီးငယ်များကိုလည်း မကြားဝံ့၊ မနာသာ ရန်စအော်ဟစ်သေးသည်။ ထိုသူငယ်များမှာ ရုပ်ရည်ကို ခန့်မှန်းကြည့်ရခြင်းအားဖြင့်လူမျိုးခြား၊ ဘာသာခြား မဖြစ်နိုင်ဘဲ ဗုဒ္ဓဘာသာ မြန်မာလူမျိုး လူငယ်လူရွယ်များပင်တည်း။ နေ့စဉ်တွေ့ပါ၏။ တွေ့တိုင်းရင်မောရပါ၏။

အမှန်တော့ အင်းလျားအလှသည် မြန်မာပြည်ထဲတွင်ပင်ရှိပါသည်။ အင်းလျားအလှသည် ရန်ကုန်တွင်သာရှိပါသည်။ အင်းလျားကန်၏ အလှ ရေရှည်တည်တံ့ရေးအတွက် အမျိုးသားရေးတာဝန်မှာ ကျွန်တော်၊ ကျွန်မတို့တွင်ရှိပါသည်။ ယခုလူငယ်များ လူကြီးဖြစ်လာချိန်တွင် ယခုလူကြီးများကဲ့သို့ အင်းလျားကန်၏ အလှအပကို ခံစားနိုင်ရန် ယခုလူငယ်လူရွယ်များမှာလည်း တာဝန်ရှိပါသည်။

ဥပဒေတစ်ရပ် ထုတ်ပြန်တားမြစ်ကန့်သတ်မှ လိုက်မလုပ်တာ မဖြစ်စေဘဲ လူငယ်များ၊ မိမိအသိဖြင့် လိုက်နာမှသာယဉ်ကျေးသော နိုင်ငံကြီးသားများ (ဒီမိုကရေစီနိုင်ငံသား)ပီသလာပါမည်။ တားမြစ်ချက်ဆိုင်းဘုတ်ကြီးကြောင့် အင်းလျားကန်အလှပျက်သွားပြီး လူမျိုးဂုဏ်သိက္ခာ ထိပါးနိုင်ပါသည်။



ဓမ္မ

အသိတစ်လုံး
အမြတ်ဆုံး
တစ်လုံးသိ
အကျိုးရှိ၏

## တရားနဲ့ဝေးရင် အမှားမမြင်. . .

တရားမမြင်တဲ့သူဟာ ဆရာအမှားကို ကိုးကွယ်မိတတ်ပါတယ်။ မှားမှန်းသိရက်နဲ့ ကိုးကွယ်တာတော့မဟုတ်ပါဘူး။ အမှန်ထင်လို့ကိုးကွယ်တာပါ။ တရားနဲ့ဝေးသူ တရားမမြင်သူဟာ သူ့အားကိုးသင့်တဲ့ဆရာစစ်၊ ဆရာမှန်ဟုတ်၊ မဟုတ်ခွဲခြားဝေဖန်နိုင်တဲ့အသိဉာဏ်နည်းပါတယ်။ သူများပြောတိုင်းလည်း ယုံလွယ်တတ်တဲ့အတွက် တစ်ဦးတစ်ယောက်က ယုံလောက်အောင် သွေးဆောင်ရင် အမှားဘက်ကိုပါသွားတတ်ပါတယ်။ ဆရာအမှားကို ဆရာအမှန်အနေနဲ့ ကိုးကွယ်သူဟာ တရားမမြင်တဲ့သူပါ။ တရားမရှိသေးရင် ကိုယ့်ကိုယ်ကိုယ်စိတ်ချလို့မရနိုင်ပါဘူး။

နှစ်နှစ်ကာကာ တရားမရှိခဲ့ရင် ရတနာသုံးပါးနဲ့တွေ့နေရတဲ့ ဒီဘဝမှာတော့ ရတနာသုံးပါးကိုယုံကြည်တဲ့ သက်ဝင်တဲ့သဒ္ဓါတရားတွေနဲ့ ဒီတစ်သက်မှာဖြင့် ဘုရား၊ တရား၊ သံဃာရတနာမြတ်သုံးပါးမှတစ်ပါး အခြားမကိုးကွယ်တော့ဘူး၊ မဆည်းကပ်တော့ဘူးဆိုပေမယ့် ပုထုဇဉ်တစ်ယောက်ဟာ နောက်နောင်ဘဝတွေမှာ ဘယ်ဘာသာဝင်အဖြစ်နဲ့ ဘယ်အရာကို ကိုးကွယ်ဆည်းကပ်မယ်ဆိုတာမသေချာဘူး။ စိတ်မချဘူး။ သောတာပန်အရိယာအဆင့် မရောက်မချင်း ဒီယုံကြည်မှုဟာ မခိုင်မြဲသေးပါဘူး။ အရင်က မှားချင်မှားလာနိုင်တယ်။ အခုမှန်နေပေမယ့် နောင်ကိုမှားနိုင်ပါသေးတယ်။ ဘယ်တော့မှ မမှားအောင် တရားဓမ္မကျင့်ကြံပြီးတော့ အရိယာအဆင့်ရောက်အောင် အားထုတ်ဖို့လိုအပ်တယ်။ ကိုးကွယ်ဆည်းကပ်တဲ့ဆရာမှားသွားလို့ ဒီဘဝတွင်မက သံသရာ တစ်ခုလုံး ဆင်းရဲဒုက္ခရောက်နိုင်တဲ့ အဖြစ်ဆိုးမျိုး ကြုံနိုင်သေးတာဟာ တရားမမြင်သူရဲ့ဖြစ်စဉ်တစ်ခုသာဖြစ်တယ်။

ရည်ညွှန်း-'ဓမ္မလမ်းပေါ်မှာ' ဓမ္မဒူတဒေါက်တာအရှင်ပညိသာရ

## အမေ့အိမ်ပညာဒါနကျောင်းသို့ ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ ဗြိတိန်ဝန်ကြီးသွားရောက်

**နေလင်းထွန်း**

**ရန်ကုန်၊ နိုဝင်ဘာ-၁၇**

ပညာရေးဆိုင်ရာ ပံ့ပိုးကူညီမှုများ ဆောင်ရွက်ရန် လှိုင်သာယာမြို့နယ်ရှိ အမေ့အိမ်ပညာဒါနကျောင်းသို့ ဗြိတိန်နိုင်ငံ၏ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးဌာနမှ ဝန်ကြီးဖြစ်သူ အယ်န်ဒြူးမစ်ချယ်လ်သွားရောက်လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

ဒေါ်အောင်ဆန်းစုကြည်နှင့် မစ္စတာအယ်န်ဒြူးမစ်ချယ်လ်တို့သည် ယခုလ ၁၇ရက်တွင် အဆိုပါကျောင်းသို့သွားရောက်၍ ကျောင်းသားငယ်လေးများ၊ ဆရာများ၊ ကျောင်းသားမိဘများနှင့် တွေ့ဆုံ၍သိလိုသည်များကို မေးမြန်းခဲ့ကြသည်။

"ဒေါ်စုနဲ့ ယူကေဝန်ကြီးတို့ ခရီးစဉ်ဟာ အမေ့အိမ်ပညာရေးကွန်ရက်ကြိုးပမ်းဆောင်ရွက်မှုရဲ့ သမိုင်းမှတ်တိုင်တစ်ခုစိုက်ထူနိုင်တဲ့ နေ့တစ်နေ့ပါပဲ။ ကလေးတွေရဲ့ အနာဂတ်ပညာရေးပေါ်များစွာအထောက်အကူဖြစ်ပါမယ်" ဟု အမေ့အိမ်ပညာရေးကော်မတီဝင်တစ်ဦးက ဆိုသည်။

ဗြိတိန်နိုင်ငံ၏ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး၏ ခရီးစဉ်တွင် မြန်မာကလေးငယ် ၂၇၇,၀၀၀ဦးအား အခြေခံပညာမူလတန်းကျောင်းတက်ရောက်နိုင်ရေးအတွက် ထောက်ပံ့ပေးမည့် အစီအစဉ်လည်း ပါဝင်ခဲ့ကြောင်း သိရသည်။

## ယာဉ်တိမ်းမှောက် သေဆုံး၊ ဒဏ်ရာရသူများကို မထသအဝေးပြေးက လျော်ကြေးပေး

**ကျော်သီဟ**

**ရန်ကုန်၊ နိုဝင်ဘာ - ၁၈**



**တိမ်းမှောက်မှုဖြစ်ခဲ့သည့် နယူးမန္တလာထွန်း ခရီးသည်တင်ယာဉ်**

ခရီးသည်၁၂ဦးသေဆုံးခဲ့သောရန်ကုန်-မန္တလေးပြေးဆွဲသည့် နယူးမန္တလာထွန်းအဝေးပြေးယာဉ်တိမ်းမှောက်မှု အဓိကအကြောင်းရင်းမှာ မော်တော်ယာဉ်အပိုဘီးပြုတ်ကျမှုကြောင့်ဖြစ်ပွားကြောင်း သက်ဆိုင်ရာက သတင်းထုတ်ပြန်သည်။

နိုဝင်ဘာလ ၁၃ ရက် နံနက်စောစောပိုင်းက တိမ်းမှောက်ခဲ့သော နယူးမန္တလာထွန်းအဝေးပြေးယာဉ်တိမ်းမှောက်မှုဖြစ်စဉ်တွင် ခရီးသည် ၁၂ ဦးသေဆုံးခဲ့ရပြီး အမျိုးသားရှစ်ဦး၊ အမျိုးသမီးသုံးဦး၊ ခြောက်နှစ်အရွယ်မိန်းကလေးတစ်ဦး စုစုပေါင်း ၁၂ဦးသေဆုံးခဲ့ကာ ခရီးသည် ၂၇ဦး ဒဏ်ရာ ရရှိခဲ့သည်။ ခရီးစဉ်တွင် ရန်ကုန်-မန္တလေးအမြန်လမ်းအတိုင်း မောင်းနှင်လာသော နယူးမန္တလာထွန်းအဝေးပြေးယာဉ်မှာ တံတားဦးတိုးဂိတ်အနီး မိုင်တိုင် ၃၃၅ အရောက် လမ်းဘေးထိုးဆင်းကာ တိမ်းမှောက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး အဝေးပြေးမထသမှသေဆုံးသူနှင့် ဒဏ်ရာရသူများအား လူမှုရေးထောက်ပံ့ငွေအဖြစ် ရန်ကုန် ဧရိယာတွင်းမှ ခရီးသည်သေဆုံးနှစ်ဦးအားတစ်ဦးလျှင် ကျပ်သုံးသိန်းပေးအပ်ရန်ရှိပြီး ဒဏ်ရာရရှိသူ ခုနစ်ဦးအားတစ်ဦးလျှင် ကျပ်တစ်သိန်း ပေးအပ်ခဲ့ကြောင်း အဆိုပါဌာနမှ တာဝန်ရှိသူတစ်ဦးကဆိုသည်။

"သေဆုံးတဲ့ ခရီးသည်တွေထဲမှာ ရန်ကုန်က နှစ်ဦးပါတယ်။ ဒီနေ့အထိ တစ်ဦးကို ထောက်ပံ့ငွေပေးပြီးပြီ။ တစ်ဦးကျန်သေးတယ်။ ဒဏ်ရာရသူ ခုနစ်ဦးကတော့ မြောက်ဥက္ကလာပဆေးရုံမှာ ထောက်ပံ့ငွေပေးပြီးပါပြီ" ဟု အဝေးပြေး မထသမှ တာဝန်ရှိသူတစ်ဦးကဆိုသည်။

ထို့အပြင် ထိခိုက်သေဆုံးသူ ခရီးသွားများ၏ ခရီးသွားအာမခံကြေးရရှိရန်လည်း ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။

### စာ-၉၊ ကလေးအသုံးအဆောင် ပရိဘောဂလေးတွေ စုံတဲ့နေရာမှ

အောင်ဆန်းကွင်း၊ မြောက်ဘက်တန်းနဲ့ စော်ဘွားကြီးကုန်းအနီးက ဆယ်မိုင်ကုန်းအဆင်းနားမှာရှိတဲ့ Toe Zan Funiture ဆိုင်တွေမှာပဲ ဖြစ်ပါတယ်။ ဆိုင်ရဲ့ထူးခြားချက်ကတော့ သတ်မှတ်ဈေးနှုန်းများအတိုင်းသာ ဝယ်ယူရရှိနိုင်တာမဟုတ်ဘဲ ဝယ်ယူသူတွေအနေနဲ့ ဈေးနှုန်းများကို ညှိနှိုင်းဝယ်ယူနိုင်မှာဖြစ်ပါတယ်။

Health


7 DAY NEWS JOURNAL

Vol.10, No.36 · NOVEMBER 24, 2011

# ဝလွန်း ပိန်လွန်းသူများ

ဝတ်ရည်

ဘဝတွင် အောင်မြင်မှုများရရှိရန် အောင်မြင်လိုသူတိုင်းက မိမိတို့၏ အချိန်များကို အကျိုးရှိရှိ အသုံးချကြသည်။ ဘဝတွင်အောင်မြင်မှုများ၊ ကြွယ်ဝမှုများသည် အရေးကြီးသည် မှန်သော်လည်း ထိုအရာများကို စံစားနိုင်ရန်ကျန်းမာပျော်ရွှင်နေရန်လည်း အထူးလိုအပ်သည်။



ကျန်းမာရေးကောင်းမွန်ခြင်းဆိုသည်မှာ အနာရောဂါကင်းရှင်းရုံ၊ ကိုယ်လက်အင်္ဂါပြည့်စုံရုံမဟုတ်ဘဲ စိတ်ပိုင်းဆိုင်ရာချမ်းသာမှသာ ပြည့်စုံနိုင်ပြီး ထိုကဲ့သို့ ကျန်းမာခြင်း၊ ကျန်းမာနေသည့်အချိန်တွင် ကျန်းမာခြင်းအကျိုးကို အလေးထားမှုနည်းပါးကြောင်း သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး တွဲဖက်ပါမောက္ခဒေါက်တာစိုးလွင်ကသုံးသပ်သည်။

လူအများစုသည် အလှအပအတွက် အာရုံစိုက်မှုများကြသော်လည်း ကျန်းမာသော အခြေအနေတစ်ခုဖြစ်ပေါ်ရန်ကိုမူ အာရုံစူးစိုက်မှု နည်းပါးနေသေးသည်။

လူတစ်ဦးသည် ရှိသင့်သည့် ကိုယ်အလေးချိန်တစ်ခုအား မဖြစ်မနေ ထိန်းသိမ်းထားသင့်ပြီး ဝလွန်းသော ခန္ဓာကိုယ်အလေးချိန်၊ ပိန်လွန်းသော အစွန်းရောက် အခြေအနေများက နောက်ဆက်တွဲ ကျန်းမာရေးအား ထိခိုက်လာနိုင်စေကြောင်း သိရသည်။ ထိုဝခြင်း၊ ပိန်ခြင်းမှာလည်း နေ့စဉ်စားသုံးသည့် အစားအသောက်များ၏ စားသုံးမှုပုံစံ၊ ပါဝင်သောကယ်လိုရီများ၊ အခြားအခြေအနေများက ဖြစ်ပေါ်စေကြောင်း သိရသည်။

ဝလွန်းခြင်း၊ ပိန်လွန်းခြင်း၏ နောက်တွင် ရောဂါများလည်း ကပ်ပြီးပါလာလေ့ရှိကြသည်။ အလွန်ဝသည့် ခန္ဓာကိုယ်သည် ကင်ဆာရောဂါများအား ဖိတ်ခေါ်နေပြီး ရင်သားကင်ဆာ၊ သားအိမ်ကိုယ်ထည်ကင်ဆာ၊ အူမကြီးကင်ဆာ၊ သည်းခြေအိတ်ကင်ဆာများ ဖြစ်ပွားစေနိုင်သည့် အလားအလာလည်း များပြားကြောင်း သိရသည်။

"သိပ်ဝလာရင် လှုပ်ရှားမှုတွေ နှေးကွေးလာတယ်။ ခြေထောက်က ခန္ဓာကိုယ်အလေးချိန်ကို သယ်ထားရတာ ဖြစ်တဲ့အတွက်ကြာရင်ဒဏ်ရာရလာတယ်။ ဒူးတွေ နာလာကြတယ်။ လှုပ်ရှားမှုနည်းပါးလာတဲ့အတွက် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုတွေလည်း နည်းပါးလာတယ်" ဟု ဒေါက်တာစိုးလွင်က ပြောသည်။

ကိုယ်ဝန်ဆောင်ချိန်တွင်လည်း ပြဿနာများ ရင်ဆိုင်ရနိုင်ပြီး ပေါင်မပြည့်သည့် ကလေးမွေးဖွားနိုင်ခြင်း စသည်များအပြင် ခွဲစိတ်ပြီးသည့်အခါတွင်လည်း အနာကျက်ခြင်းနှေးခြင်း၊ သွေးကြောများ ပိတ်ခြင်းစသည်များ ခံစားရနိုင်သည်။

ပိန်သည့် သူများတွင်လည်း အဆီနည်းပါးသဖြင့် အဆီမှတစ်ဆင့် ဖြစ်ပေါ်လာသည့် မဟော်မုန်းများနည်းပါး၍ ခန္ဓာကိုယ်အလှအပများ မဖြစ်လာခြင်း၊

စာ(၃၀)သို့

# အရေပြားကင်ဆာ

သီဟ



**ခန္ဓာကိုယ်အတွင်းနှင့် အပြင်ရှိ အင်္ဂါအစိတ်အပိုင်းများအား ဆဲလ်ဟုခေါ်သည့် အရာများနှင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ ထိုဆဲလ်များသည် ရှိသင့်သည့်နေရာတွင် ရှိမနေလျှင်သော်လည်းကောင်း၊ ပွားများသင့်သည့် အရေအတွက်ထက် အဆများစွာ ပွားများနေလျှင်သော်လည်းကောင်း အကြောင်းတစ်စုံတစ်ရာကြောင့် ဖောက်ပြန်ပြောင်းလဲသွားလျှင်သော်လည်းကောင်း ကင်ဆာဟူသည့်ရောဂါဖြစ်ပွားတတ်သည်ဟု ပညာရှင်များကဆိုသည်။**

ခန္ဓာကိုယ်၏ အကြီးမားဆုံး အင်္ဂါဟု ခေါ်ဆိုကြသည့် အရေပြားသည်လည်း ဆဲလ်များနှင့် ဖွဲ့စည်းထားသည့် အင်္ဂါဖြစ်သည့်အားလျော်စွာ ကင်ဆာဖြစ်ပွားနိုင်သည့် အခွင့်အလမ်းများလည်းရှိသည်။

အရေပြားတွင်ဖြစ်ပွားတတ်သည့်ကင်ဆာအား အရေပြားကင်ဆာဟု ခေါ်ဆိုကြပြီး ဖြစ်ပွားတတ်သည့် အမျိုးအစားသုံးမျိုးခွဲခြားနိုင်သည်ဟု သိရသည်။

အဆိုပါ သုံးမျိုးမှာ မှဲ့ကင်ဆာ၊ အရေပြားအောက်ခြေရှိ ဆဲလ်များဖြစ်သော Basal Cells Carcinoma BCC များဖောက်ပြန်၍ဖြစ်ပွားသည့် ကင်ဆာနှင့် အရေပြားအပေါ်ယံရှိဆဲလ်များဖြစ်သည့် Squamous Cells Carcinoma SCC များဖောက်ပြန်၍ ဖြစ်ပွားသည့် ကင်ဆာများဟူ၍ ခွဲခြားနိုင်ကြောင်း အရေပြားအထူးကုဆရာဝန်ဒေါက်တာလင်းထက်ကပြောသည်။

အဆိုပါ အရေပြားကင်ဆာသုံးမျိုးတွင် မှဲ့ကင်ဆာသည် သိသာထင်ရှားမှု ပိုရှိပြီး ခွဲခြားရန်လည်းလွယ်ကူကြောင်းသိရသည်။

အရေပြားတွင်ဖြစ်ပွားသည့် ကင်ဆာများသည် လူအများ၏ လူနေမှုစရိုက်များပြောင်းလဲသွားခြင်း၊ အိုဇုန်းလွှာပါးကာ နေရောင်ခြည်တွင်ပါဝင်သည့် ကင်ဆာဖြစ်စေသည့်ဓာတ်ပစ္စည်းများပိုမိုပါဝင်လာခြင်း၊ ဝတ်ဆင်သော အဝတ်အစားပုံစံများပြောင်းလဲလာခြင်းတို့ကြောင့် ကမ္ဘာနှင့်အဝန်းတွင် အရေပြားကင်ဆာ ဖြစ်ပွားမှု ပိုမိုများပြားလာကြောင်း သိရသည်။

အနောက်တိုင်းသားများသည် ယင်းတို့၏ အရေပြားအား နေလောင်ခံသည့် အလေ့အထများကြောင့်လည်း အရေပြားကင်ဆာဖြစ်ပွားမှု ပိုမိုများပြားလာကြောင်း သိရသည်။

BCC, SCC ကြောင့်ဖြစ်ပွားသည့်အရေပြားကင်ဆာများသည် ဓာတုဗေဒပစ္စည်းများထိတွေ့မှုများပြားခြင်း၊ မီးခိုးအမှုန်များ ထိတွေ့မှုများပြားခြင်းတို့ကြောင့်လည်း ဖြစ်ပွားနိုင်ကြောင်း သိရသည်။ အရေပြားကင်ဆာ သုံးမျိုးတွင် မှဲ့ကင်ဆာသည် အရေပြားပေါ်ရှိမှဲ့များ ရုတ်တရက်ပြောင်းလဲသွားခြင်း၊ ယခင်မှဲ့မရှိသည့်နေရာတွင် ရုတ်တရက်မှဲ့ပေါက်လာခြင်း ရက်ပိုင်းလပိုင်းအတွင်းတွင် ရုတ်တရက်မှဲ့ကြီးထွားလာခြင်း၊ မှဲ့ရုတ်တရက် အရောင်ပြောင်းသွားခြင်း၊ မတော်တဆကုတ်ခြစ်မိရာမှမှဲ့နေရာတွင်သွေးထွက်ခြင်း စသည့် အခြင်းအရာများအပေါ်အခြေခံ၍ မှဲ့ကင်ဆာဟုတ်၊မဟုတ်ကို ခွဲခြားသိရှိနိုင်ကြောင်း သိရသည်။

ထို့အပြင် မှဲ့၏ဘေးနှုတ်ခမ်းသားများ မညီမညာထိုးထွက်လာခြင်း၊ မှဲ့ကြီးထွားလာပါကလည်း ကြီးထွားမှုမညီမျှခြင်း အစရှိသည့် အချက်အလက်များဖြင့်လည်း မှဲ့ကင်ဆာကို ခန့်မှန်းနိုင်ကြောင်း သိရသည်။

အခြားကင်ဆာနှစ်မျိုးဖြစ်သည့် SCC နှင့် BCC ကြောင့်ဖြစ်ပွားသည့် ကင်ဆာများမှာ အရေပြားပေါ်ရှိသာမန်အဖုလေးများမှ အနာဖြစ်လာခြင်း၊ အနာကြီးလာခြင်း၊ အချိန်ကြာသည်အထိ အနာမကျက်ခြင်း၊ အနာတွင်တွင်းပေါက်ဖြစ်ခြင်း၊ အနာဘေးတွင် နှုတ်ခမ်းသားများလုံးနေခြင်း စသည့်လက္ခဏာများကိုကြည့်ခြင်းဖြင့် ခွဲခြားနိုင်ကြောင်း သိရသည်။

ထို့အပြင် SCC ကြောင့်ဖြစ်ပွားသည့် အရေပြားကင်ဆာတွင် အရေပြားအပေါ်ယံအလွှာများနီရဲနေခြင်း၊ အရေပြားတွင် အဖတ်လန်နေခြင်း၊ အရေပြားပေါ်တွင် ပွေးကွက်ကဲ့သို့ အကွက်ဖြစ်ပေါ်နေသော်လည်း ယားယံမှုမရှိခြင်း၊ အရေပြားပေါ်တွင်ရှိသည့် လန်နေသည့် အဖတ်လေးများမှ ပွဲ့ထွက်ကာ အနာဖြစ်ပွားခြင်း စသည်တို့ ဖြစ်ပွားလာပါကလည်း သံသယရှိနိုင်ကြောင်း သိရသည်။

SCC ကြောင့်ဖြစ်ပွားသည့် အရေပြားကင်ဆာသည် အရေပြားအပေါ်ယံအလွှာတွင်ဖြစ်ပွားသည့်အတွက် ကင်ဆာဆဲလ်များ ဘေးသို့ပျံ့နှံ့သွားလေ့ရှိပြီး BCC ကြောင့်ဖြစ်သည့် အရေပြားကင်ဆာသည် အရေပြား၏အောက်ခြေတွင်ဖြစ်ပွားသည့် ကင်ဆာဖြစ်သဖြင့် ကင်ဆာဆဲလ်များသည် အရေပြား၏ အတွင်းသို့သာ ထိုးဝင်သွားလေ့ရှိကြောင်း ဒေါက်တာလင်းထက်ကပြောသည်။

စာ(၃၀)သို့



7 DAY NEWS JOURNAL
Vol.10, No.36 • NOVEMBER 24, 2011

# ပခုက္ကူရေဘေးသင့်ဒေသတွင် သက်ကြီးရွယ်အိုအများစု သွေးတိုးရောဂါခံစားနေရ

သန်းဌေး

ဆိပ်ဖြူ၊ နိုဝင်ဘာ - ၁၃

ပခုက္ကူရေဘေးသင့်ဒေသများတွင် နေထိုင်သော ဒေသခံကျေးရွာသူ၊ ကျေးရွာသားများထဲမှ အသက်အရွယ်ကြီးသူအများစု၌ သွေးတိုးရောဂါရှိနေကြောင်း ယင်းဒေသရှိ ကျေးလက်ကျန်းမာရေးမှူးတစ်ဦးကပြောသည်။

"သူတို့တွေအများစုက အစားအသောက်တွေကိုငန်ငန်လေးမှ စားကြတာရယ် ရေရှည်ခံအောင် ဆားနယ်ထားတဲ့ငါးဆားနယ်၊ ငါးခြောက်၊ ငါးခြမ်းတွေကိုလှော်ပြီး စားကြတာရယ်၊ နေပူထဲမှာအလုပ်လုပ်ကြရတာရယ်ကြောင့်ပါ"ဟု ၎င်းက 7Day News သို့ပြောသည်။

ရေဘေးသင့်ဒေသများဖြစ်သော မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်အတွင်းရှိ အသက် ၄၅နှစ်အထက် အမျိုးသားကြီး၊ အမျိုးသမီးကြီး၏ ၅၀ ရာခိုင်နှုန်းကျော်မှာ သွေးတိုးရောဂါဝေဒနာရှင်များဖြစ်နေကြောင်း ၎င်းကဆက်လက်ပြောသည်။

ဒေသခံ ကျေးရွာသူ၊ ကျေးရွာသား အသက်အရွယ်ကြီးသူများ၏ အပေါ်သွေးပေါင်ချိန်မှာ ၁၆၀ မှ ၂၀၀ အထိပင်ရှိနေကြသော်လည်း သာမန်လူများကဲ့သို့ သွားလာနေကြကြောင်း တွေ့ရှိရသည်။

"ကျွန်မတို့တွေဆို အပေါ် သွေးပေါင်ချိန် ၁၄၀ ကျော်ရင် နေလို့မရတော့ဘူး။ သူတို့တွေကျတော့ အေးအေးဆေးဆေးပဲသွားလာနေကြတာ"ဟု ရေဘေးလှူဒါန်းရေးအဖွဲ့ဝင်တစ်ဦးကပြောသည်။

သို့ရာတွင် သွေးတိုးလာ၍ လေဖြတ်ရောဂါခံစားရလာနိုင်သောကြောင့် ကျန်းမာရေးအသိပညာပေးခြင်းများပြုလုပ်နေကြရကြောင်းသတင်းရရှိသည်။

# ရုပ်သံကြည့်ရှုမှုများသော အမျိုးသမီးများ စိတ်ကျရောဂါဖြစ်နိုင်ခြေများ

လန်ဒန်၊ နိုဝင်ဘာ - ၁၅

ရုပ်သံကြည့်ရှုမှုများခြင်း (သို့မဟုတ်) လေ့ကျင့်ခန်း လုံလောက်စွာ မလုပ်ဆောင်ခြင်းတို့သည် အသက်ကြီးသည့် အမျိုးသမီးများအား စိတ်ကျရောဂါဖြစ်စေနိုင်ကြောင်း လေ့လာမှုအသစ်တစ်ခုတွင်ဖော်ပြသည်။

အမေရိကန်နိုင်ငံမှ ဆေးပညာဂျာနယ် Journal of Epidemiology တွင် ဖော်ပြခဲ့သည့် ယင်းသုတေသနအရ လေ့ကျင့်ခန်းလုပ်သောအမျိုးသမီးများသည် မလုပ်သော အမျိုးသမီးများထက်စိတ်ကျရောဂါဖြစ်နိုင်ခြေ ၂၀ ရာခိုင်နှုန်းပိုနည်းကြောင်း သိရသည်။ ထို့အပြင် သုတေသနက အမျိုးသမီးများသည် အပတ်စဉ် ရုပ်သံကြည့်ရှုမှုပိုများလေ စိတ်ကျရောဂါဝင်နိုင်ခြေပိုများလေဖြစ်ကြောင်းဆိုသည်။

သုတေသနစစ်တမ်းကို ရေးသားခဲ့သည့် ပညာရှင် မိုက်ကယ်လူးကပ်စ်က "ကိုယ်ကာယလှုပ်ရှားမှုမြင့်မားတဲ့သူတွေဟာ စိတ်ကျရောဂါဖြစ်နိုင်ခြေပိုနည်းပါးပါတယ်"ဟုပြောသည်။ ၎င်းသည် ဘော်စတွန်မြို့အခြေစိုက် ဟားဗတ်ပြည်သူ့ကျန်းမာရေးကျောင်းမှဖြစ်ပြီး ယခုသုတေသနကို အမေရိကန်သူနာပြုဆရာမများ၏ ကျန်းမာရေးအကြောင်း လေ့လာချက်များ၏ တစ်စိတ်တစ်ပိုင်းအဖြစ် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

သုတေသနတွင် အမျိုးသမီး ၅၀,၀၀၀ နီးပါးကို အသေးစိတ်လေ့လာခဲ့သည်။ ၎င်းတို့၏ ၁၉၉၂ မှ ၂၀၀၀ ပြည့်နှစ်အထိ အပတ်စဉ် ရုပ်သံကြည့်ချိန်နှင့်အတူ လမ်းလျှောက်ပုံ၊ ရေကူးပုံ၊ ပြေးပုံစသည့် ကိုယ်လက်လှုပ်ရှားပုံနှင့် ပတ်သက်သည့်မေးခွန်းများ မေးမြန်းထားခြင်းဖြစ်သည်။

သုတေသနက တစ်နေ့လျှင် မိနစ်၉၀နှင့်အထက် ပို၍လေ့ကျင့်ခန်းလုပ်သူများသည် တစ်နေ့လျှင် ၁၀ မိနစ်နှင့် အောက်သာ လေ့ကျင့်ခန်းလုပ်သော အမျိုးသမီးများထက် စိတ်ကျရောဂါဝင်နိုင်ခြေ ၂၀ ရာခိုင်နှုန်း နည်းပါးကြောင်းဖော်ပြထားသည်။

—Ref: Telegraph

# ရင်ချင်းဆက်အမြွှာခွဲစိတ်ရန် နိုင်ငံတော်နှင့် ကလေးဆေးရုံကြီးတို့က ကျပ်သိန်း၃၅၀ခန့် အကုန်အကျခံ

သီဟ

ရန်ကုန်၊နိုဝင်ဘာ - ၁၆

တစ်လအတွင်း နှစ်ကြိမ်ခွဲစိတ်ခဲ့သည့် ရင်ချင်းဆက်အမြွှာနှစ်တွဲအတွက် နိုင်ငံတော် အစိုးရနှင့် ကလေးဆေးရုံကြီးတို့က ကျပ်သိန်းပေါင်း ၃၅၀ ခန့်အကုန်အကျခံခွဲစိတ်ပေးခဲ့ကြောင်း သိရသည်။

ရန်ကုန်ကလေးဆေးရုံကြီး၌ ယခုလ ၁၆ ရက်က တစ်လအတွင်း ဒုတိယမြောက်ရင်ချင်းဆက်အမြွှာဖြစ်သည့် မောင်ရန်ကင်းနှင့် မောင်ရန်ရှင်းတို့အား ခွဲစိတ်မှုပြုလုပ်ပေးခဲ့ပြီး မြန်မာနိုင်ငံ၏ ရင်ချင်းဆက်အမြွှာများထဲတွင် ပထမဆုံးသော ယောကျ်ားလေးရင်ချင်းဆက်အမြွှာဖြစ်ကြောင်း သိရသည်။

ယနေ့ခွဲစိတ်သည့် ရင်ချင်းဆက်အမြွှာညီအစ်ကိုမှာ ယခင်ရင်ချင်းဆက်အမြွှာများကဲ့သို့ပင် အသည်းနှင့်ရင်ညွန့်ရိုးဆက်နေခြင်းဖြစ်ပြီး ယခုအတွဲသည်ဆက်သည့် အဆက်အနည်းငယ် ပိုများကြောင်း သိရသည်။ သို့သော် ခွဲစိတ်စဉ်တွင် ထူးထူးခြားခြားအခက်အခဲမရှိခဲ့ကြောင်း ဦးဆောင်ခွဲစိတ်ခဲ့သည့် ကလေးခွဲစိတ်အထူးကုဆရာဝန်ကြီး ပါမောက္ခဒေါက်တာထူးဟန်ကပြောသည်။

အဆိုပါ ရင်ချင်းဆက်အတွဲများအား ပြီးခဲ့သည့်နှစ်ကပင် ခွဲစိတ်ရန် အစီအစဉ်ရှိခဲ့သော်လည်း ရွေးကောက်ပွဲကာလနှင့် တိုက်ဆိုင်နေသဖြင့် ယခုနှစ်မှ ခွဲစိတ်ရခြင်းဖြစ်ကြောင်း သိရသည်။

တစ်ရက်သုံးဆောင်လျှင် တစ်ရက်ပို၍ အသက်ရှည်ပါမည်၊ အကြောင်းမှာ -
- အချိုမှုန့်လုံးဝ အသုံးမပြုခြင်း။
- ပဲဆီသန့်သန့်ကို အသုံးပြုခြင်း။
- အသုံးအဆောင်ပစ္စည်းများကို စနစ်တကျ သန့်ရှင်းစွာထားရှိခြင်း။
- ချက်ပြုတ်သူများ ကူးစက်ရောဂါ လုံးဝမရှိခြင်း။
- စားသုံးပြီး ကျန်ရှိသော ဟင်းအနှစ်နှင့်အရည်သောက်များ ပြန်၍အသုံးမပြုခြင်း။
အဓိကအချက်မှာ စားသုံးသူများအပေါ်၌ သစ္စာစောင့်သိခြင်းတို့ ဖြစ်ပါသည်။
နိုင်နိုင်ကျော် မြန်မာထမင်းဆိုင် ချိုင့်ဆွဲပို့ဆောင်ရေး
Gandamar Wholesale

ပြည်ပအလုပ်အကိုင်

နီလာ

# Regional

7 DAY NEWS JOURNAL

Vol.10, No.36 • NOVEMBER 24, 2011


## သီးနှစ်သီး မန္တလေးတွင် ဖျော်ဖြေမည်

ညီညီဇော်

**မန္တလေး၊ နိုဝင်ဘာ - ၁၉**

သီးလေးသီးဆေးရောင်စုံအငြိမ့်မှ အနုပညာရှင်အချို့သည် မြန်မာနိုင်ငံကိုယ်အင်္ဂါမသန်စွမ်းသူများ အသင်း(မန္တလေး) ရန်ပုံငွေအတွက် မန္တလေးမြို့တွင် ကပြဖျော်ဖြေမည်ဖြစ်ကြောင်းသတင်းရရှိသည်။

၎င်းဖျော်ဖြေပွဲကို ၂၀၁၁ ခုနှစ် နိုဝင်ဘာ ၂၆ ရက်(စနေနေ့) ညနေ ၆ နာရီတွင် အမျိုးသားကဇာတ်ရုံ(မန္တလေး)၌ ကျင်းပမည်ဖြစ်ပြီး ခေါင်းဆောင်မင်းသမီး ချောစုမျိုး၊ ရှေ့ထွက် မင်းသမီး သစ်သစ်လွင်၊ လူရွှင်တော် စိန်သီး၊ ဇီးသီး၊ ဂေါ်ဇီလာ၊ ကင်းကောင်၊ ကျော်ထူး တို့ပါဝင်ဖျော်ဖြေမည်ဖြစ်သည်။

လက်မှတ်ခ နှုန်းထားများမှာ ကျပ် ၁၀,၀၀၀၊ ၅,၀၀၀၊ ၃,၀၀၀ တို့ဖြစ်ပြီး အသင်းဝင်များ အခမဲ့ကြည့်ရှုနိုင်ရန် စီစဉ်ထားကြောင်း သတင်းရရှိသည်။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

## ယောက္ခမထံမှ သိန်း ၃၀၀ ကျော်တန်ဖိုးရှိ ရွှေ၊ ငွေများ ခိုးယူသည့်သမက်ကို ဖမ်းမိ

ညီညီဇော်

**မန္တလေး၊ နိုဝင်ဘာ - ၁၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့၊ ၁၂ ရပ်ကွက်တွင် စက်တင်ဘာ ၃၀ ရက်က သမက်ဖြစ်သူက ယောက္ခမပိုင်ငွေကျပ်သိန်း ၃၀၀ ကျော်ကို သူငယ်ချင်းဖြစ်သူနှင့်ပူးပေါင်းခိုးယူမှုဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသည်။

ဖြစ်စဉ်မှာ ဒေါ်အေးဝါနှင့် အိမ်တစ်ဝင်းတည်း အတူနေသမက်ဖြစ်သူ စိုင်းမိန်းဝမ်းလင်းသည် ငွေလိုနေသဖြင့် သူငယ်ချင်း စိုင်းအောင်သိန်းနှင့် ပူးပေါင်းကာ စက်တင်ဘာ ၃၀ ရက် ညနေက ယောက္ခမဖြစ်သူအိမ်နောက်မီးဖိုချောင်ဘက်တွင်ရှိနေစဉ် အလွယ်တကူဝင်၍ ကျပ် ၃၅၈ သိန်းကျော် တန်ဖိုးရှိ ရွှေ၊ ငွေများ ခိုးယူသွားခဲ့ခြင်းဖြစ်သည်။ ထို့နောက် တည်းခိုရာရပ်ကွက် ၄၊ အောင်တံခွန် တည်းခိုခန်း၊ အမှတ် ၁၄ မှနေ၍ စိုင်းမိန်းဝမ်းလင်းနှင့် လက်ကိုင်ဖုန်းချင်း ဆက်သွယ်မှုများကို သဲလွန်စရရှိကာ ည ၉ နာရီခွဲတွင် သက်သေခံပစ္စည်းများနှင့် အတူဖမ်းဆီးရမိခဲ့သည်။

ထိုဖြစ်စဉ်နှင့် ပတ်သက်ပြီး အမှတ် ၂ ရဲစခန်းက (ပ)၁၁၃၊ ၂၀၁၁ ပြစ်မှုပုဒ်မ-၃၈၀ ဖြင့်အမှုဖွင့်ထားကာ တရားခံ စိုင်းအောင်သိန်းနှင့် တရားလိုသမက်ဖြစ်သူ စိုင်းမိန်းဝမ်းလင်းတို့အား အရေးယူစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

## မသန်စွမ်းသူများ မန္တလေး – နေပြည်တော်ခရီးရှည်ကို တွန်းလှည်း၊ စက်ဘီးများဖြင့်သွားမည်

ညီညီဇော်

**မန္တလေး၊ နိုဝင်ဘာ - ၁၉**

မြန်မာနိုင်ငံအထက်ပိုင်းမှ မသန်စွမ်းအားကစားသမားများသည် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဝှီးချဲများ၊ စက်ဘီးများဖြင့် မန္တလေး-နေပြည်တော်ခရီးစဉ်ကို ပထမဆုံးအကြိမ် ခရီးရှည်စွမ်းရည်ပြသွားရောက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

ခရီးစဉ်တွင် ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)ကကြီးမှူး၍ နိုဝင်ဘာ ၂၆ ရက် နံနက် ၆ နာရီတွင် မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ် ၃၃ လမ်းရှိ ရွှေမင်းသားဖောင်ဒေးရှင်း(မန္တလေး)ရုံးခွဲမှ စတင်ထွက်ခွာကာ ၃၅ လမ်းမှတစ်ဆင့် ရန်ကုန်-မန္တလေးလမ်းမကြီးအတိုင်း စီးနင်းကြမည်ဖြစ်ပြီး ကျောက်ဆည်၊ ဝမ်းတွင်း၊ မိတ္ထီလာ၊ ရမည်းသင်း၊ နေပြည်တော်တပ်ကုန်း၊ နေပြည်တော်ပျဉ်းမနားမြို့တို့တွင် တစ်ညစီညအိပ်ရပ် နားမည်ဖြစ်ကာ နေပြည်တော်သို့ ဒီဇင်ဘာ ၂ ရက်တွင် ပန်းဝင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

## ဆိပ်ဖြူရှိကျေးရွာများတွင် ရေလျှံနုန်းတင်မှုကြောင့် ကွမ်းစိုက်ခင်းများ ပျက်စီး



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

သန်းဌေး

**ရန်ကုန်၊ နိုဝင်ဘာ-၁၆**

ချောင်းနံဘေးများတွင် စိုက်ထားသော ကွမ်းရွက်စိုက်ခင်းများ အထွက်ကောင်းပြီး ဈေးနှုန်းကောင်းနေချိန်တွင် ချောင်းရေလျှံကာ နုန်းပို့ချမှုများသွားသောကြောင့် ပျက်စီးဆုံးရှုံးကုန်ကြောင်း ရေဘေးသင့် ဆိပ်ဖြူမြို့နယ်ကွမ်းစိုက်တောင်သူများက ပြောသည်။

"ကြက်သွန်ရောင်းရငွေနဲ့ကွမ်းစိုက်တယ်။ ကွမ်းက ရေမြုပ်သွားတော့ပြန်စိုက်ဖို့ရာလည်း မလွယ်တော့ဘူး" ဟု မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် အရှေ့ကံတွင်းကျေးရွာနေအသက် ၆၀ အရွယ် ကွမ်းစိုက်တောင်သူတစ်ဦးက ပြောသည်။


*စာ(၁၈) သို့*


## လယ်သမားများ၏ဆန္ဒကို ဦးစားပေးပါဟု လယ်/ဆည်ဝန်ကြီးပြော

ထူးသန့်

**နေပြည်တော်၊ နိုဝင်ဘာ-၁၈**

နိုင်ငံတော်၏ ပင်မရိက္ခာ သီးနှံဖြစ်သော စပါးသီးနှံ အထွက်တိုးရေးအဓိက ဆောင်ရွက်လျက်ရှိသော်လည်း ဒေသ၏ အခြေအနေအရ အခြားသီးနှံများ စိုက်ပျိုးနိုင်ရေးအတွက်ကိုပါ စဉ်းစားပေးသည့်အနေဖြင့် လယ်သမားများ၏ ဆန္ဒကို ဦးစားပေးပါဟု လယ်ယာစိုက်ပျိုးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ပြောကြားသည်။

"လယ်သမားတွေရဲ့ ဆန္ဒကို ဦးစားပေးပါ။ ဝင်ငွေတိုးအောင်လုပ်ပေးပါ"ဟူ၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် ဝန်ကြီးက ပြောကြားခဲ့ခြင်းဖြစ်သည်။

ယခုနှစ် မိုးရာသီအတွင်း ဖြစ်ပေါ်ခဲ့သော အခြေအနေအရ ပျက်ဆီးခဲ့သော စပါးစိုက်ခင်းများအတွက် ပြန်လည်ဖြည့်တင်းရန် စီစဉ်ထားကြောင်း၊ ရေလုံလောက်စွာရရှိသော ဒေသများတွင် နွေစပါးကို စိုက်ပျိုးဖို့ တိုက်တွန်းလိုကြောင်း၊ ၎င်းအပြင် အဆင့်ဆင့်ကုန်ကျစရိတ်များလျှော့လည်းမဖြစ်နိုင်သည့်အတွက် ဂရုစိုက်ရန်လိုအပ်ကြောင်း ဆက်လက်ပြောကြားသွားခဲ့သည်။

စိုက်ပျိုးရေးနယ်ပယ်မှ သီးနှံအလိုက် အထူးပြုအဖွဲ့များအပြင် တိုင်းဒေသကြီးများနှင့် ပြည်နယ်များမှ စိုက်ပျိုးရေးဆိုင်ရာ ဝန်ကြီးများပါတက်ရောက်ခဲ့သော ယနေ့အခမ်းအနားတွင် လူပြောများလာသော စားအုန်းဆီကိစ္စနှင့်ပတ်သက်၍လည်း "စားအုန်းဆီကကျန်းမာရေးနဲ့ မညီညွတ်ဘူး။ အဲဒါ မပြတ်စားလို့ ရောဂါတွေ ဖြစ်နေတယ်ဆိုတာ ဆရာဝန်တွေလည်း ပြောနေတယ်။ ထိုင်းနိုင်ငံဘက်ကလည်း ပြန်ကြော်ဆီကို လှည့်ပတ်ပြီးသွင်းနေတယ်။ အဲဒါပိုဆိုးတယ်" ဟူ၍ ပြောကြားခဲ့သည်။

ထိုကဲ့သို့သော စားအုန်းဆီသွင်းကုန်များအစားထိုးရေးအတွက် တစ်ဧကတင်း ၅၀ ကျော်ထွက်ရှိသော နေကြာကို သင့်လျော်ရာဒေသများတွင် ဦးစားပေးစိုက်ပျိုးရန်ရှိပြီး စစ်ကိုင်းတိုင်းဒေသကြီးတွင် အများအပြား စိုက်ပျိုးထားကြောင်း၊ ၎င်းအပြင် အိန္ဒိယနိုင်ငံက စပ်မျိုးကိုလည်း ထုတ်လုပ်ဦးမည်ဖြစ်သည့်အပြင် အသေးစားဆီကြိတ်စက်များ ထူထောင်ပေးသွားရန် စီစဉ်နေကြောင်းလည်း သိရသည်။




7 DAY NEWS JOURNAL
Vol.10, No.36 • NOVEMBER 24, 2011

# ဆီထွက်သီးနှံမှလွဲပြီး ကျန်ပဲများအရောင်းအဝယ်အေး


ဓာတ်ပုံ - စိုင်းသာအောင်

**ညီညီဇော်**

**မန္တလေး၊
နိုဝင်ဘာ - ၁၉**

ယခုတစ်ပတ် မန်းပဲနှမ်းဈေးကွက်တွင် ဆီထွက်သီးနှံ များမှလွဲ၍ ကျန်ပဲမာများ အရောင်းအဝယ်မှာ အနည်းငယ်အေးနေကြောင်း မန္တလေးမြို့ ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန်းကုန်စည်ဒိုင်)မှ သတင်းရရှိသည်။

ထိုင်ဝမ်ကုလားပဲမှာ ၅၇ ပိဿာ ၂၅ ကျပ်သားပါတစ်အိတ်လျှင် ယခင်အပတ်က ၅၈,၀၀၀ နှုန်း ဈေးပေါက်ခဲ့ရာမှ ယနေ့တွင် ၅၂,၀၀၀ နှုန်းထိ ဈေးနှုန်းကျဆင်းလာသည်။ အသစ်ပေါ်ခါနီး အဟောင်းထုတ်ချိန်ဖြစ်ခြင်း၊ အရောင်းအဝယ်ပါးခြင်း၊ အရည်အသွေးမမီသောပဲအချို့ဝင်လာခြင်းတို့ကြောင့် ဈေးကျဆင်းရခြင်းဖြစ်ကြောင်း ပဲကုန်သည်တစ်ဦးက ဆိုသည်။

ပဲတီစိမ်းအသစ်အနည်းငယ်ဝင်လာပြီး တရုတ်ဝယ်လက်ပုံမှန်ဝယ်နေကာ ထိပ်စ ၅၅,၅၀၀ ကျပ် ပုံမှန်စ ၄၈,၀၀၀ ကျပ်နှုန်းပေါက်နေသည်။ ပဲစင်းငုံ ၃၉,၅၀၀ ကျပ်နှုန်းဖြင့် ပုံမှန် အရောင်းအဝယ်ဖြစ်နေသည်။ နှမ်းနက်မှာ တရုတ်ဝယ်လက် အဝယ်သွက်နေပြီး နှမ်းနက်စမုံအောင်လံထိပ်စ ၉၅,၀၀၀ ကျပ်၊ မကွေးထိပ်စ ၉၃,၀၀၀ ကျပ်၊ နှမ်းနက်ပုံမှန်စ ၇၅,၀၀၀ မှ ၇၇,၀၀၀ ကျပ် ဈေးပေါက်နေသည်။ မြေပဲဆန်မှာ ယခင်တစ်ပတ်က ရေနံချောင်း၊ ချောက် (ပင်ပြန့်) တစ်ပိဿာလျှင် ၁,၅၀၀ ကျပ်ဝန်းကျင်မှ ယနေ့တွင် ၁,၆၇၅ မှ ၁,၇၀၀ ကျပ်အတွင်း၊ မကွေးကျောက်ပန်းတောင်း အနီဆန် ၁,၆၇၅ မှ ၁,၇၀၀ ကျပ်အတွင်း၊ မြင်းမူ S1 ၁,၈၀၀ ကျပ်နှုန်း ပေါက်နေကာ အရောင်းအဝယ်သွက်နေသည်။ နှမ်းဖြူဈေးကွက် တစ်လအတွင်း တအိအိနှင့် ကျဆင်းလာကြောင်း ကုန်သည်တစ်ဦးကဆိုသည်။

နှမ်းဖြူ ခြုံကျော် ၇၁,၀၀၀၊ နှမ်းဖြူ ထိပ်စ ၆၉,၀၀၀ကျပ်၊ ပုံမှန်စ ၆၆,၀၀၀ နှုန်း ပေါက်နေသည်။ တရုတ်ဘက်က အဝယ်နှင့် စက်သမားများ အပြိုင်ဝယ်နေသော နှမ်းညိုမှာ သုံးပတ်အတွင်း တစ်အိတ်လျှင် ကျပ် ၃,၀၀၀ ဝန်းကျင်ခန့် ဈေးတက်လာကာ ထိပ်စ ၆၁,၀၀၀ ကျပ်၊ လတ်စ ၆၀,၀၀၀ ကျပ်နှုန်းပေါက်နေသည်။ စားဆီနှင့် ပဲဆီဈေးနှုန်းကွာဟမှုကြောင့် ပဲဆီအရောင်းပါးနေကြောင်း ဆီကုန်သည်တစ်ဦးကဆိုသည်။

ပဲဖတ်မှာ အထွက်နည်းနေပြီး တိရစ္ဆာန်မွေးမြူရေးသမားများ အသုံးများလာမှုကြောင့် ဈေးတက်လာကာ တစ်ပိဿာလျှင် ၇၂၅ ကျပ် ဈေးပေါက်နေကြောင်း သတင်းရရှိသည်။




## ရခိုင်ပြည်နယ်တွင် သတမမြောက် ဘဏ်ခွဲတစ်ခု ထပ်မံဖွင့်လှစ်မည်

**ခိုင်စစ်တွေ**

**စစ်တွေ၊
နိုဝင်ဘာ- ၁၆**

စစ်တွေမြို့ ရှုပတောင်ရပ်ကွက် လမ်းမကြီးတွင် ရခိုင်ပြည်နယ်၏ သတ္တမမြောက်ဘဏ်ဖြစ်သည့် သမဝါယမဘဏ်ဖွင့်လှစ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

ရခိုင်ပြည်နယ်တွင် လက်ရှိဖွင့်လှစ်ထားသော ပုဂ္ဂလိကဘဏ်များမှာ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဘဏ် (သံတွဲ၊ စစ်တွေ၊ မောင်တော၊ တောင်ကုတ်၊ ကျောက်ဖြူ)၊ ရိုးမဘဏ်(စစ်တွေ)၊ ကမ္ဘောဇဘဏ် (မောင်တော၊ စစ်တွေ)၊ အင်းဝဘဏ် (စစ်တွေ)၊ ရောဝတီဘဏ် (စစ်တွေ)၊ မြဝတီဘဏ် (စစ်တွေ-ဖွင့်လှစ်ရန် စီစဉ်ဆဲ) နှင့် ယခုနောက်ဆုံးသမဝါယမဘဏ်ကို ဖွင့်လှစ်ရန်ဆောင်ရွက်နေခြင်းဖြစ်သည်။

စည်ပင်သာယာရေးဘဏ်မှာမူ ရုံးခွဲဖွင့်လှစ်ခြင်း၊ ဘဏ်ခွဲဖွင့်လှစ်ခြင်းမရှိဘဲ သက်ဆိုင်ရာပြည်နယ်စည်ပင် သာယာရေးအဖွဲ့မှ ဈေးလုပ်ငန်းရှင်များသို့ ငွေထုတ်ချေးပေးနေကြောင်း သိရသည်။

သမဝါယမဘဏ်သည် ဒေသတွင်းဆင်းရဲနွမ်းပါးလျော့ချရေးအတွက် လုပ်ငန်းများကို သမဝါယမလုပ်ငန်းအသွင်ဆောင်ရွက်ရာတွင် ငွေကြေး အကူအညီထောက်ပံ့ပေးသွားမည်ဟု ဆိုရာ ဒေသခံများက မျှော်လင့်အားထားနေကြကြောင်း သမဝါယမနှင့်နီးစပ်သူတစ်ဦးက ပြောသည်။

## မင်းပြားဈေး မီးဘေးသင့်ဆိုင်ခန်းများ ရင်းနှီးမတည်ငွေ ထုတ်ချေးရန်စီစဉ်

**ခိုင်စစ်တွေ**

**မင်းပြား၊ နိုဝင်ဘာ- ၁၆**

ရခိုင်ပြည်နယ် မင်းပြားမြို့၊ မြို့မစည်ပင်သာယာဈေးကြီး မီးလောင်ကျွမ်းခဲ့ရာ မီးဘေးသင့်ဆိုင်ခန်းပိုင်ရှင်များ လုပ်ငန်းပြန်လည်လည်ပတ်နိုင်ရန် ဆိုင်ခန်းတစ်ခန်းလျှင် ငွေကျပ်သိန်း ၂၀ နှုန်းဖြင့် စည်ပင်သာယာရေးဘဏ်မှ ထုတ်ချေးပေးရန် စီစဉ်လျက်ရှိကြောင်း သတင်းရရှိသည်။

နိုဝင်ဘာလ ၁၂ ရက်ည ၇ နာရီမိနစ် ၂၀ အချိန်က လောင်ကျွမ်းခဲ့သည့် မီးကြောင့် မင်းပြားမြို့ဈေးအတွင်းဆိုင်ခန်းများ မီး လောင်ကျွမ်းခံရကာ ဆုံးရှုံးမှုတန်ဖိုးမှာ ငွေကျပ်သိန်း ၇,၅၀၀ ခန့်ရှိခဲ့သည်။ မီးလောင်ကျွမ်းခြင်းအတွက် ဈေးအတွင်းရှိ အလှကုန်ပစ္စည်းများ၊ အဝတ်အထည်ပစ္စည်းများ၊ လူသုံးကုန်နှင့် စားသောက်ကုန်ပစ္စည်းများ၊ အိမ်ဆောက်ပစ္စည်းများ၊ စက်ကိရိယာပစ္စည်းများပါဝင်သည်။ မင်းပြားမြို့တွင် မီးသတ်ကားတစ်စီးရှိသော်လည်း မီးလောင်ကျွမ်းစဉ်က စက်ပျက်နေသဖြင့် သုံး၍မရခဲ့ကြောင်း ဒေသခံတစ်ဦးက ပြောသည်။

"မီးလောင်တဲ့အချိန်မှာ လေကငြိမ်နေတယ်။ ဒါကြောင့် ဈေးအတွင်းပိုင်းတစ်ခုလုံးပဲ လောင်ခဲ့တယ်။ ဈေးအနောက်ဘက်ခြမ်းမြို့တွင်းကိုတော့ မီးမကူးခဲ့ဖူး။ လမ်းမကြီးခြားထားတဲ့အတွက် မီးတားသလိုဖြစ်နေတယ်"ဟု ဆိုသည်။ မင်းပြားမြို့ဈေးမှာ တစ်ထပ်မြေတိုင်ဆောင်များဖြစ်ပြီး မီးတားလမ်းမရှိဘဲ ဆိုင်များပြွတ်ကျပ်ကာ တည်ခင်းရောင်းချနေမှုကြောင့်လည်း ဆုံးရှုံးမှုများပြားရခြင်းဖြစ်ကြောင်း ဒေသခံများက ပြောသည်။

7 DAY NEWS JOURNAL
Vol.10, No.36 • NOVEMBER 24, 2011

# ကျပ်သန်းပေါင်း ၆,၀၀၀ ဆုံးရှုံးခဲ့သည့် မင်းပြားမြို့မဈေး မီးလောင်မှု မီးအာမခံ မထားသဖြင့် လျော်ကြေးမရ

မြတ်စုမွန်

ရန်ကုန်၊ နိုဝင်ဘာ-၁၅

မီးအာမခံထားခြင်း မရှိခြင်းကြောင့် ကာလတန်ဖိုးကျပ်သန်း ၆,၀၀၀ ခန့်ဆုံးရှုံးခဲ့သည့် ရခိုင်ပြည်နယ်၊ မင်းပြားမြို့မဈေး မီးလောင်ကျွမ်းမှုအတွက် အာမခံကြေးပေးလျော်ရန် မလိုအပ်ကြောင်း ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ မြန်မာ့အာမခံလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"မင်းပြားမှာက အာမခံထားတဲ့လူမရှိဘူး။ ဒါကြောင့်အာမခံလျော်ကြေးပေးစရာမလိုပါဘူး" ဟုအဆိုပါတာဝန်ရှိပုဂ္ဂိုလ်ကပြောသည်။ ရခိုင်ပြည်နယ်၊ မင်းပြားမြို့တွင် ယခုလ ၁၂ ရက်၌ မြို့မဈေး မီးလောင်ကျွမ်းခဲ့ရာ ဆိုင်ခန်းပေါင်း ၅၇၇ ခန်း ဆုံးရှုံးခဲ့ပြီး ကာလတန်ဖိုးကျပ်သန်း ၆,၀၀၀ ခန့် ဆုံးရှုံးခဲ့သည်။



မီးလောင်ကျွမ်းပြီးတွေ့ရသော မင်းပြားဈေး

"ရခိုင်က မီးအာမခံထားတဲ့ အလေ့အထအင်မတန်နည်းတယ်။ အာမခံလုပ်ငန်းနဲ့ဆိုင်တဲ့ အသိပညာလည်းနည်းပါးတယ်။ များသောအားဖြင့် ရှေးရိုးစွဲတဲ့၊ အယူသီးတဲ့လူတွေက အာမခံထားတာကို မကြိုက်ကြဘူး။ အဓိကအာမခံထားတတ်တဲ့ လူတွေက အိမ်ပေါင်ပြီးငွေချေးတာမျိုးလုပ်တဲ့ နိုင်ငံတော်နဲ့ ဆက်စပ်တဲ့ အလုပ်ကိုလုပ်တဲ့ လူမျိုးတွေလောက်ပဲရှိတယ်"ဟု ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်မှ အာမခံကိုယ်စားလှယ်ဟောင်းတစ်ဦးက ပြောသည်။

ရခိုင်ပြည်နယ်သည်သဘာဝဘေးဒဏ် ပုံမှန်ကျရောက်လေ့ရှိသော ကမ်းရိုးတန်းဒေသဖြစ်သော်လည်း အာမခံထားရှိမှု အလွန်နည်းပါးကြောင်း၊ မြန်မာ့အာမခံလုပ်ငန်းအနေဖြင့် အာမခံထားသူများပြားလာစေရန်အတွက် နယ်မြို့များသို့ဆင်းကာ အသိပညာပေး ဟောပြောပွဲများပြုလုပ်ပေးသင့်ကြောင်း အထက်ပါပုဂ္ဂိုလ်က အကြံပြုပြောကြားသည်။

"လူတွေအာမခံမထားကြတာက လူတွေကိုရှင်းရှင်းလင်းလင်းဖြစ်အောင် မရှင်းပြနိုင်တာကြောင့်လို့ပြောလို့ရတယ်။ ကျွန်တော် အာမခံလုပ်ငန်း သင်တန်းတက်ပြီး ပြန်လာတော့ တချို့လူတွေကို လိုက်ရှင်းပြတဲ့အခါ အိမ်မှာ ဒီစကားမျိုးလာမပြောနဲ့လို့ပြောတဲ့ လူမျိုးကြုံဖူးတယ်။ အာမခံထားတဲ့အတွက်ကိုယ်တိုင်မကြုံရင်တောင် တစ်နိုင်ငံလုံးမှာကြုံနေတဲ့ လူတွေအတွက် လှူရာရောက်တယ်ဆိုတာမျိုးအထိ ရှင်းပြဖူးတယ်"ဟု ၎င်းက ဆက်ပြောသည်။

"ရခိုင်မှာက ငါးဖမ်းလုပ်ငန်းရှင်တွေကလည်းရေလုပ်သားတွေအတွက် အသက်အာမခံထားပေးတာတွေမရှိတော့ ပင်လယ်ထဲမှာ အသက်ဆုံးရှုံးတဲ့ ရေလုပ်သားတွေ မိသားစုတွေမှာ အများကြီးနစ်နာတယ်" ဟု ရခိုင်ပြည်နယ်၊ သံတွဲမြို့တွင် ဒုတိယအကြီးဆုံး ငါးဖမ်းဇုန်တစ်ခုဖြစ်သည့် ဆင်ခေါင်းကျေးရွာမှ ဒေသခံတစ်ဦးက ပြောသည်။

# ရပ်၊ ကျေးအုပ်ချုပ်ရေးမှူးခန့်အပ်ခြင်းအပေါ် တိုင်ကြားချက်များအား စုံစမ်းစစ်ဆေးရေး အဖွဲ့များဖွဲ့ကာ ဆောင်ရွက်နေဟုဆို

ဥက္ကာကိုကို

ရန်ကုန်၊
နိုဝင်ဘာ-၁၆

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများကို ခန့်အပ်တာဝန်ပေးရာတွင် ပြည်သူလူထု၏ တိုင်ကြားချက်များအား တိုင်ကြားစာပါအချက်များ မှန်ကန်မှုရှိ၊ မရှိကို စုံစမ်းစစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းပေးပြီး အပတ်စဉ် ရန်ကုန်တိုင်းဒေသကြီးအစိုးရ အဖွဲ့အစည်းအဝေးများသို့ တင်ပြကာ လိုအပ်သလို အရေးယူဆောင်ရွက်လျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ဆိုသည်။

ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးဥပဒေကို လွှတ်တော်အသီးသီးတွင် တင်ပြဆွေးနွေးလျက်ရှိကာ အတည်ပြုပြီးပါက ရွေးချယ်ခန့်အပ်သည့် လုပ်ထုံးလုပ်နည်းများ၊ တာဝန်မှရုပ်သိမ်း၊ ရပ်စဲခြင်းနည်းလမ်းများလည်း ပါဝင်လာမည်ဖြစ်သောကြောင့် ယင်းဥပဒေပါ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်စေမည်ဖြစ်ကြောင်း တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၏ မေးခွန်းများကို စာဖြင့် ပြန်လည်ဖြေကြားချက်များအရ သိရသည်။

ဗဟန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာညိုညိုသင်း (ဒီမိုကရက်တစ်ပါတီ)က ပြီးခဲ့သည့် ဩဂုတ်လ ၂၄ ရက်စွဲပါစာဖြင့် မေးမြန်းချက်မှာ ဗဟန်းမြို့နယ်၊ ရေတာရှည်ရပ်ကွက်၊ ရွှေနံ့သာရပ်ကွက်၊ ငါးထပ်ကြီးအနောက်ရပ်ကွက်၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်တို့တွင် ရပ်ကွက်အုပ်ချုပ်ရေးမှူးအသစ်များ ပြောင်းလဲခန့်ထားခြင်းမှာ ပြည်ခိုင်ဖြိုးပါတီ၏ ထောက်ခံတင်ပြချက်အရ ခန့်ထားခြင်းသာဖြစ်သည်ဟူသော သတင်းမှာ မှန်ကန်မှုရှိ၊ မရှိနှင့် စုံစမ်းစစ်ဆေးမှုအခြေအနေကို သိလိုပါကြောင်း ဖြစ်သည်။

အဆိုပါ မေးခွန်းကို ယခုလ နိုဝင်ဘာ ၁ ရက် ရက်စွဲပါ စာဖြင့် ပြန်လည်ဖြေကြားရာတွင် ရပ်ကွက် အုပ်ချုပ်ရေးမှူးရွေးချယ်ရာတွင် ပြည်ခိုင်ဖြိုးပါတီ၏ ထောက်ခံချက်အရရွေးချယ်ခြင်းဖြစ်သည်ဆိုခြင်းမှာ မှန်ကန်မှုမရှိကြောင်းနှင့် ရပ်ရွာအကျိုးဆောင်ရွက်မည့်သူများကိုသာ ရပ်ကွက်နေပြည်သူများ၏ သဘောဆန္ဒအလျောက် ရွေးချယ်တာဝန်ပေးခြင်းသာ ဖြစ်ပါကြောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ပြန်လည်ဖြေကြားထားသည်။

တာမွေမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းထိန် (တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ)ကလည်း ရပ်ကွက်ကျေးရွာ အုပ်ချုပ်ရေးမှူးများအား ခန့်အပ်တာဝန်ပေးရာတွင် ပြည်သူလူထု၏ တိုင်ကြားချက်များအား မည်သို့ အရေးယူဆောင်ရွက်မည့်အစီအစဉ်ရှိသည်ကို သိလိုပါကြောင်း မေးမြန်းသည့် မေးခွန်းကို ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်က စုံစမ်းစစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းပေးထားပြီး ၎င်းတို့၏ အစီရင်ခံစာများ အပေါ်မူတည်ကာ လိုအပ်သလို အရေးယူဆောင်ရွက်နေပါကြောင်း စာဖြင့်ပြန်လည်ဖြေကြားပေးခဲ့သည်။

## နိုင်ငံခြားငွေပါအိတ်တစ်လုံးကို ငါးရှာရင်းကောက်ရသူ သက်ဆိုင်ရာသို့လာအပ်

ကျော်သီဟ

ရန်ကုန်၊ နိုဝင်ဘာ - ၁၈

ကွမ်းခြံကုန်းမြို့နယ်အနီး ပင်လယ်ဝရေပြင်တွင် ငါးသလောက်ပိုက်ဖော်ယူစဉ် မြန်မာငွေကျပ်လေးသိန်းခွဲဝန်းကျင်ရှိ ကန်ဒေါ်လာ ၅၆၉ ဒေါ်လာပါ အိတ်တစ်လုံးတွေ့ရှိသူမှာ ပိုင်ရှင်ထံပြန်အပ်နိုင်ရန် သက်ဆိုင်ရာသို့ပေးပို့ခဲ့သည်။

ကွမ်းခြံကုန်းမြို့နယ်၊ သောင်ခုံရွာနေကိုနိုင်ဆိုသူက နိုဝင်ဘာ ၁၃ ရက် နေ့လယ် ၂ နာရီဝန်းကျင်တွင် ပယ်လယ်ဝရေပြင်၌ ငါးသလောက်ပိုက်ဖော်ယူစဉ် ပိုင်ရှင်မဲ့ ကာကီရောင်ခါးပတ်အိတ်တစ်လုံးနှင့် အမေရိကန်ဒေါ်လာ ၅၆၉ ဒေါ်လာနှင့် ပတ်စ်ပို့စာအုပ်တစ်အုပ်တို့အား တွေ့ရှိသဖြင့် ဆိပ်ကမ်းရဲစခန်းသို့ အပ်နှံခဲ့ကြောင်း သက်ဆိုင်ရာမှသိရသည်။

ယင်းငွေကြေးများ ပိုင်ရှင်မှန်ထံ ပြန်လည်ရောက်ရှိရန် အထက်ပါရဲစခန်းမှ စီစဉ်ဆောင်ရွက်လျက်ရှိနေပြီး ပင်လယ်ဝရေအောက်မှ ကောက်ယူရရှိသူ ကိုနိုင်အား ဆုချီးမြှင့်ရန်နှင့် ဂုဏ်ပြုလက်မှတ်ချီးမြှင့်ရန် သက်ဆိုင်ရာအစိုးရအဖွဲ့မှ ညွှန်ကြားထားကြောင်း စုံစမ်းသိရသည်။

## မင်းပြားသံဃာ့ဆေးရုံ မကြာမီ ဖွင့်လှစ်မည်

စိုင်းဒရား

မင်းပြား၊ နိုဝင်ဘာ- ၈

သံဃာ့ဆေးရုံမရှိသေးသည့်မင်းပြားမြို့တွင် သီတဂူဆရာတော်ဒေါက်တာ အရှင်ဉာဏိဿရကမင်းပြားမြို့နယ် သံဃာ့ဆေးရုံဆောက်လုပ်ရေးအတွက် ငွေကျပ်သိန်း ၅၀၀ လှူဒါန်းခဲ့ရာ ယခုအခါ အဆောက်အအုံမှာ ကိုးဆယ်ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သည်။

"သံဃာ့ဆေးရုံသီးသန့်ရှိလာမယ်ဆိုတော့ သံဃာတွေဝမ်းသာရတာပေါ့။ ဆရာတော်ကြီးကျေးဇူးကကြီးမားပေတယ် ဒကာကြီး"ဟုမြို့နယ်သံဃာ့နာယကဆရာတော်တစ်ပါးက မိန့်ကြားသည်။ မင်းပြားမြို့နယ် ပြည်သူ့ဆေးရုံသည် ၂၅ ခုတင်ဆံ့ဆေးရုံဖြစ်ပြီး ဆရာဝန်သုံးဦးသာရှိသည်။ ဒေသတွင်းသွားလာမှု အဆင်ပြေသောကြောင့် မြောက်ဦး၊ မြေပုံ၊ ပေါက်တောမြို့နယ်များမှ လူနာများလည်း လာရောက်ကုသကြသည်။ မင်းပြားမြို့ပေါ်တွင် ဘုန်းတော်ကြီးကျောင်း ၆၂ ကျောင်းရှိပြီး တစ်မြို့နယ်လုံးတွင် ကျောင်းပေါင်း ၂၆၅ ကျောင်းရှိသည်။

# ဝက်ခြံအလုပ်သမားတစ်ဦး ဝက်များကိုက်၍လ သေဆုံးဟုဆို

စိုင်းလူမင်း

ကောလင်း၊နိုဝင်ဘာ- ၁၄

အရက်သောက်ပြီး ဝက်စာကျွေးသူတစ်ဦး အရက်မူးလွန်ကာ မှောက်လဲကျစဉ်ခြံ အတွင်းရှိ ဝက်များ ဝိုင်းဝန်းကိုက်စား၍ နားရွက်နှစ်ဖက်နှင့် နားထင်နောက်စေ့နောက်မှ အသားများမရှိတော့ဘဲ သေဆုံးသည့်ဖြစ်ရပ်တစ်ခု စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမြို့၊ ပြင်ဦးလွင်ရပ်ကွက်တွင် ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၁၃ရက် မွန်းလွဲ ၂နာရီခန့်အချိန်ပြင်ဦးလွင်ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဝမ်းမှပြင်ဦးလွင်ရပ်ကွက်ရှိ ဦးဝင်းသန်းမြင့်(ခ)ကတိုး၏ ဝက်ခြံအတွင်း လူတစ်ဦးသေဆုံးနေကြောင်း ကောလင်းရဲစခန်းသို့ အကြောင်းကြားခဲ့သည်။ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်စန်းယု၊ ရဲအရာခံ ထွန်းဝေနှင့် အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဝမ်း၊ ဦးကျော်ဝင်းတို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ ဦးဝင်းသန်းမြင့်(ခ)ဦးကတိုး၏ ဝက် ၇၂ ကောင် မွေးမြူထားသည့် ဝက်ခြံအတွင်း မှောက်လျက်အနေအထားဖြင့် သေဆုံးနေပြီး ၎င်း၏နားရွက်နှစ်ဖက်နှင့် နားထင်နောက်စေ့မှ အသားများအား ဝက်များစားထား၍ အသားမရှိတော့ဘဲ ဦးခေါင်းပေါ်နေကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။

ထိုဖြစ်စဉ်နှင့်ပတ်သက်၍ ဦးထွန်းအောင်(ခ)ဦးရခိုင်သေဆုံးမှုနှင့်ပတ်သက်၍ ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ်၊ မဟုတ်စစ်ဆေးနိုင်ရန် ကောလင်းရဲစခန်းမှ သေမှုသေခင်းအမှတ် ၂၄/၂၀၁၁ ဖြင့် အမှုရေးဖွင့်၍ စခန်းမှူးရဲအုပ်စိုးသင်းကအမှုစစ်အဖြစ် ဆောင်ရွက်နေကြောင်းသတင်းရရှိသည်။

# တောင်ငူခရိုင်တွင် REDD စီမံကိန်း သုံးနှစ်လုပ်ဆောင်မည်

အိဖြူမွန်

ရန်ကုန်၊ နိုဝင်ဘာ-၁၈

တောင်ငူခရိုင်တွင် သစ်တောပြုန်းတီးမှု ထိန်းသိမ်းကာကွယ်ခြင်းနှင့် သစ်တောအတန်းစား လျော့ချခြင်းဖြင့် ကာဗွန်စုပ်ယူရေး REDD စီမံကိန်းကို အပြည်ပြည်ဆိုင်ရာ အပူပိုင်းသစ်တောကာကွယ်ရေး အဖွဲ့ (ITTO)နှင့် သုံးနှစ်လုပ်ဆောင်မည်ဖြစ်ကြောင်း စီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာသောင်းနိုင်ဦးက ပြောသည်။

ယင်းစီမံကိန်းနှင့် ၂၀၁၂ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ITTO အဖွဲ့နှင့် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်နေပြီးဖြစ်ကြောင်း၊ REDD နည်းလမ်းဖြင့် သစ်တောထိန်းသိမ်းရေးများ လုပ်ဆောင်ရန် ကျေးရွာများကို ပညာပေးခြင်းနှင့် REDD နည်းလမ်းများဖြင့် သစ်တောထိန်းသိမ်းရေးအား သင်ကြားပေးခြင်းတို့ကို အဓိကထားဆောင်ရွက်မည်ဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်က အစိမ်းရောင်စီးပွားရေးနှင့် ဖွံ့ဖြိုးမှုနည်းလမ်းများ ဆွေးနွေးပွဲတွင် ပြောကြားသည်။

"ပြည်သူတွေပါလာအောင် အလုပ်အကိုင် အခွင့်အလမ်းတွေ ဖန်တီးပေးမယ်။ သီးနှံရောနှောစိုက်ပျိုးနည်းတွေ သင်ပေးမယ်။ REDD နည်းလမ်းအတိုင်းထိန်းသိမ်းတတ်အောင် Capacity Building တွေ ဖြည့်ပေးမယ်။ ကိုရီးယားနဲ့ လုပ်တဲ့ပရောဂျက်ထက်ပိုပြီးလည်း အသေးစိတ်ကျမယ်။ နှစ်လည်းကြာမယ်" ဟု ဒေါက်တာသောင်းနိုင်ဦးက ပြောသည်။

ယခုပြုလုပ်မည့်စီမံကိန်းတွင် တောင်ငူခရိုင်တစ်ခုလုံးပါဝင်မည်ဖြစ်ပြီး ယင်းခရိုင်အတွက် ဒုတိယမြောက် စီမံကိန်းတစ်ခုလည်းဖြစ်သည်။ ပထမဆုံး စီမံကိန်းကို တောင်ငူခရိုင်ရေတာရှည်မြို့နယ်တွင် လုပ်ဆောင်ပြီး ယခုလုပ်မည့် စီမံကိန်းမှာ တောင်ငူခရိုင်တစ်ခုလုံးပါဝင်မည်ဟုဆိုသည်။

7 DAY NEWS JOURNAL
Vol.10, No.36 • NOVEMBER 24, 2011

# အောင်မင်္ဂလာအဝေးပြေးရှိစည်းကမ်းဖောက်ဖျက်သည့်အငှားယာဉ်များအား ခရီးသည်များတိုင်ကြားမှုဖြင့်စစ်ဆေး အရေးယူနေ

ဥက္ကာကိုကို
**ရန်ကုန်၊**
**နိုဝင်ဘာ-၁၆**

အောင်မင်္ဂလာအဝေးပြေးကားကြီးဝင်းအတွင်းရှိ ဂိတ်ထိုးပြေးဆွဲနေသော အငှားယာဉ်များအား ကြီးကြပ်ရေး အဖွဲ့သုံးဖွဲ့ဖြင့် ကြီးကြပ်ဆောင်ရွက်လျက်ရှိပြီး စည်းကမ်းဖောက်ဖျက်ကြောင်းစစ်ဆေးတွေ့ရှိမှုများနှင့် ခရီးသည်များ၏ တိုင်ကြားမှုများအရ ယခုနှစ် ၂၀၁၀ဇွန်လမှယခုနှစ်အောက်တိုဘာလအထိ တက္ကစီယာဉ်မောင်း ၇၉ဦးအား အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဝေးပြေးကားကြီးဝင်းအတွင်းရှိ အငှားယာဉ်အသင်းကို ရပ်နားကွင်း နေ့ပိုင်းတွင် အသင်းဝင် ၄၈ ဦး၊ ညပိုင်းတွင် အသင်းဝင် ၇၀ ဦး၊ ရပ်နားကွင်း(၂) တွင် အသင်းဝင် ၁၁၀ ဦးတို့ဖြင့် ဖွဲ့စည်းထားပြီး အငှားယာဉ်တက္ကစီကြီးကြပ်ရေးအဖွဲ့အား ရပ်နားကွင်းနှစ်ခုပေါင်း ၂၄ ဦးဖြင့် ဖွဲ့စည်းထားကြောင်း သိရသည်။

ခရီးသွားပြည်သူများသိရှိနိုင်ရန် အသိပေးကြေညာချက်များကိုလည်း ချိတ်ဆွဲထားရှိပြီး ကျေနပ်မှုမရှိပါက တိုင်ကြားရန် ဖုန်းနံပါတ်ပါသော စတစ်ကာများကိုပါကပ်ထားစေသည့်အပြင် ရပ်နားကွင်း(၂)တွင် တက္ကစီငှားရမ်းစီးနင်းပါက မြို့နယ်အလိုက် ကျသင့်မည့်နှုန်းထားများအား အသံချဲ့စက်ဖြင့် နေ့စဉ်ကြေညာပေးလျက်ရှိသည်ဟု သိရသည်။

အထက်ပါအရေးယူခဲ့သည့် အငှားယာဉ်သမား ၇၉ ဦးကို ခံဝန်ကတိလက်မှတ်ရေးထိုးခြင်း၊ သုံးလေးရက် ပြေးဆွဲခွင့်ပိတ်သိမ်းခြင်း၊ တစ်ပတ်နှစ်ပတ် ပြေးဆွဲခွင့်ပိတ်သိမ်းခြင်း၊ တစ်လပြေးဆွဲခွင့်ပိတ်သိမ်းခြင်း၊ နှစ်လပြေးဆွဲခွင့်ပိတ်သိမ်းခြင်းနှင့် အသင်းမှ ရာသက်ပန် ထုတ်ပယ်ခြင်းဖြင့် အရေးယူလုပ်ဆောင်ရွက်ခဲ့သည်ဟု တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်တစ်ဦး၏ မေးခွန်းအား ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်မှ စာဖြင့်ပြန်လည်ဖြေကြားချက်အရ သိရသည်။


ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

မေးခွန်းကို တာမွေမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းထိန် (တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ) က အောက်တိုဘာလ ၂၁ ရက်၊ ရက်စွဲဖြင့် တင်သွင်းခဲ့ခြင်းဖြစ်ပြီး လွှတ်တော်က နှုတ်ဖြင့် မဖြေကြားဘဲ အောက်တိုဘာလ ၃၁ ရက်၊ ရက်စွဲတပ်ကာ စာဖြင့်ပြန်လည်ဖြေကြားခဲ့ခြင်းဖြစ်သည်။

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ဦးဝင်းထိန်က ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်သို့ မေးမြန်းခဲ့သည့် မေးခွန်းမှာ အောင်မင်္ဂလာ အဝေးပြေးကားကြီးဝင်းအတွင်း၌ဝင်ရောက်ဂိတ်ထိုးပြေးဆွဲနေသော အငှားယာဉ်တက္ကစီများအား မည်သို့ စည်းကမ်းထိန်းသိမ်းနေသည်ကိုလည်းကောင်း၊ အဆိုပါငှားယာဉ်များသည် ပွဲစားများဖြင့် ခရီးသည်များအား စုပေါင်းတင်ခြင်း၊ ယာဉ်ငှားရမ်းခ မတန်တဆ တောင်းဆိုနေခြင်း၊ ပြင်ပမှအငှားယာဉ်များကို ငှားရမ်းစီးနင်းပါက ရန်ပြုချင်သည့် သဘောများ ပြုလုပ်နေသည်ကို မည်ကဲ့သို့ ဆောင်ရွက်ပေးနိုင်မည်ကိုလည်းကောင်း သိလိုပါကြောင်းဟူ၍ ဖြစ်သည်။

ထိုမေးခွန်းအပေါ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်က အပြည့်အစုံဖြေကြားချက်များအား စာဖြင့် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

# စာ - ၁၅၊ ဆိပ်ဖြူရှိကျေးရွာများ ရေလျှံနုန်းတင်မှုကြောင့် ကွမ်းစိုက်ခင်းများ ပျက်စီးမှု

ကွမ်းရွက်တစ်ပိဿာလျှင် ကွမ်းခြံတွင်းအထိုင် လက်ကားဈေးနှုန်းမှာ အနိမ့်ဆုံး ၂၀၀ ကျပ်မှ ၇၀၀၀ ကျပ်အထိ အချိန်ကာလပေါ်မူတည်ကာ ရောင်းကြရသည်။ ယခုကဲ့သို့ ရေကြီးချိန်ဖြစ်သော ဆောင်းဦးကာလ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်က ကွမ်းရွက်တစ်ပိဿာလျှင် ၅၀၀၀ ကျပ်ဈေးနှုန်းရှိကြောင်း ၎င်းကပြောသည်။

"ကွမ်းပင်တွေ အုံလိုက်အကုန်မျောပါသွားပြီး နုန်းတွေဖို့သွားတယ်။ ချောင်းလယ်မှာလည်း သဲသောင်ခုံကြီးဖြစ်သွားတယ်။ နောင်နှစ်ဝါဆိုဝါခေါင်ကျမှ ကွမ်းပြန်စိုက်ဖို့ စီစဉ်ရတော့မယ်။ အခုတော့ ကြက်သွန်ပျိုးရမယ်"ဟု ယောချောင်းနံဘေး အရှေ့ကံတွင်းရွာနေ အသက် ၃၀ အရွယ် ကွမ်းစိုက်တောင်သူအမျိုးသမီးတစ်ဦးကပြောသည်။

အောက်တိုဘာ ၂၀ ရက် နံနက် ၂ နာရီခန့်က ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဝင်ရောက်ခဲ့သော O2B မုန်တိုင်းအရှိန်ကြောင့်မြန်မာနိုင်ငံအတွင်းရှိချင်းပြည်နယ်နှင့်မကွေးတိုင်းဒေသကြီးတို့တွင် မိုးသည်းထန်စွာ ရွာသွန်းပြီးရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့သည်။

အဆိုပါ ရေကြီးရေလျှံမှုကြောင့်ပခုက္ကူခရိုင်အတွင်းရှိယောချောင်း၊ ကျောချောင်း၊ ယမားချောင်း၊ မြိုင်ချောင်းနှင့် ရွှေချောင်းများ ရေလျှံကာ မြစ်ကမ်းနံဘေးရှိ ကျေးရွာများနှင့် ကွမ်းစိုက်ခင်းများ ရေနစ်မြုပ်ကုန်ခြင်းဖြစ်သည်။

"စားရမယ့်အချိန်မှာ ဘာမှမစားလိုက်ရသေးဘူး။ အရှုံးပဲရှိတော့တယ်"ဟု မြောက်ရွာမ ကျေးရွာမှ ကွမ်းစိုက်တောင်သူ အမျိုးသမီးကြီးတစ်ဦးကလည်း ပြောသည်။ ထို့ကြောင့် ချောက်မြို့သို့ ကွမ်းရွက်များ တင်ပို့နေရာမှ ယခုအခါ ချောက်မြို့မှ ပြန်ဝယ်ယူနေရသောကြောင့် ကွမ်းယာသုံးယာလျှင် ကျပ် ၁၀၀ ဖြင့် ဝယ်နေရကြောင်း ၎င်းကပြောသည်။

အဆိုပါ ချောင်းရေများလျှံတက်ခဲ့သောကြောင့် ကွမ်းစိုက်ခင်းများသာမက လယ်မြေများအတွင်းသို့ပါ နုန်းများဖုံးလွှမ်းခံရ၍ ပျက်စီးခဲ့ကြောင်း သတင်းရရှိသည်။ ယမန်နှစ်က ဂျေဝတီမြစ်ရေတိုး၍ ရေကြီးခဲ့ချိန်နှင့် ဂီရိမုန်တိုင်းအရှိန်ကြောင့် မိုးကြီးကာ ရေလျှံခဲ့ချိန်များက ယခုကဲ့သို့ အပျက်အစီးမများခဲ့ကြောင်း ဒေသခံများက ပြောသည်။

ထိုသို့စိုက်ခင်းများနှင့် လယ်မြေများ ပျက်စီးမှုမှာ ပခုက္ကူခရိုင်အတွင်း ၅,၃၇၈ ဧက၊ တိရစ္ဆာန်နှင့် အဆောက်အအုံတံတားများ ပျက်စီးမှုတန်ဖိုးမှာ ကျပ်ငွေ ၁,၅၄၄ ဒသမ ၅၉ သန်းရှိခဲ့ကြောင်း သတင်းရရှိသည်။



7 DAY NEWS JOURNAL
Vol.10, No.36 • NOVEMBER 24, 2011

# ထိုင်းရေကြီးမှုကြောင့် ပြည်တွင်းသို့ပြန်လာသည့် မြန်မာလုပ်သားလေးသောင်းခန့် ရှိ

အောင်သူရ

ရန်ကုန်၊ နိုဝင်ဘာ- ၁၆

ထိုင်းနိုင်ငံရေကြီးမှုကြောင့် မြဝတီစခန်း၌ ၂၃ ရက်အတွင်း ပြည်တော်ပြန် မြန်မာ လုပ်သား ၃၉,၀၀၀ ကျော်ရှိကြောင်း အလုပ်သမားဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အောက်တိုဘာလ ၂၄ရက်မှစ၍ မြန်မာနိုင်ငံသို့ ပြန်လာသူများကို မြဝတီစခန်းမှ လက်ခံဆောင်ရွက်ပေးလျက်ရှိပြီး နိုဝင်ဘာလ ၁၅ ရက်ထိ ၃၉,၂၁၄ ဦး ရှိလာသည်။

ထိုကဲ့သို့ ပြန်လာသူများအတွက် မြဝတီချစ်ကြည်ရေးတံတားအား တစ်နေ့လျှင် နှစ်ကြိမ်ဖွင့်ပေးပြီး မြဝတီစခန်းမှ လက်ခံကာ ဘားအံမြို့သို့ပို့ဆောင်ပေးကြောင်း မြဝတီဒေသခံများထံမှ သိရသည်။

နိုဝင်ဘာလဆန်းမှစ၍ ပြန်ဝင်လာသူများပြားလာသဖြင့်မြဝတီဘားအံ ပြေးဆွဲသော ကားခများမှာ နှစ်ဆနီးပါးမြင့်တက်သွားခဲ့သည်။

ထိုင်းနိုင်ငံတွင်း ရေကြီးနစ်မြုပ်မှုမှာ လေးလခန့်ကြာမြင့်နေပြီး အလုပ်သမားအများဆုံးလုပ်ကိုင်သော စက်ရုံများရေနစ်မြုပ်ခဲ့သဖြင့် ပြန်လာခဲ့ခြင်းဖြစ်သည်။

ထိုင်းနိုင်ငံရေကြီးမှုတွင် ထိုင်းလူမျိုးများပြီးပါက မြန်မာရွှေ့ပြောင်းလုပ်သားများမှာ ဒုတိယအများဆုံးဒုက္ခရောက်သူများဖြစ်ပြီး ကျန်ရှိနေသူများလည်း အလုပ်ချိန်များ လျော့နည်းသွားကြောင်း သတင်းရရှိသည်။



ရေကြီးမှုနှင့် ရင်ဆိုင်နေရသည့် ထိုင်းနိုင်ငံတစ်နေရာ

ဓာတ်ပုံ-အင်တာနက်

## မလေးရှားသံရုံးက လိုင်စင်ရ အေဂျင်စီများကို ခေါ်ယူတွေ့ဆုံ

အောင်သူရ

ရန်ကုန်၊ နိုဝင်ဘာ- ၁၇

မြန်မာနိုင်ငံရှိမလေးရှားသံရုံးက ပြည်ပအလုပ်အကိုင်ရှာဖွေရေး အေဂျင်စီလိုင်စင်ရရှိထားပြီး မလေးရှားနိုင်ငံသို့ အလုပ်သမား စေလွှတ်နေသော အေဂျင်စီများအား နိုဝင်ဘာလ ၁၆ရက် နံနက်က ခေါ်ယူတွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

"အမျိုးသမီးတွေအတွက် အလုပ်ခေါ်စာကျပြီးသားတွေကို စေလွှတ်နိုင်ဖို့ အလုပ်သမားဝန်ကြီးဌာနနဲ့ ညှိပေးဖို့ခေါ်တွေ့တာပါ" ဟု အဆိုပါအစည်းအဝေးသို့ တက်ရောက်ခဲ့သူ အေဂျင်စီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ထို့နောက် မလေးရှားသံရုံးမှ အလုပ်ခေါ်စာကျပြီးသား အမျိုးသမီးအလုပ်သမားစာရင်းကို လိုင်စင်ရအေဂျင်စီများက တောင်းယူခဲ့ကြောင်းလည်း သတင်းရရှိသည်။ မလေးရှားသံရုံးက အလုပ်သမားဗီဇာလျှောက်ထားရာတွင် အောက်တိုဘာ ၂၄ရက်မှစ၍ အလုပ်သမားဝန်ကြီးဌာနမှ ထုတ်ပေးသော အလုပ်သမားမှတ်ပုံတင်ကတ်ပါရှိရမည်ဟု သတ်မှတ်ခဲ့ပြီးနောက် အမျိုးသမီးများ သွားရောက်အလုပ်လုပ်ကိုင်ရန် ခက်ခဲခဲ့သည်။ သို့သော် အလုပ်သမားဝန်ကြီးဌာနက တစ်နေရာတည်း၌လူ ၂၀၀၊ ၃၀၀ ခန့်လုပ်ရမည့် အလုပ်မျိုးတွင် အမျိုးသမီးများ တရားဝင်သွားရောက်အလုပ်လုပ်ကိုင်ခြင်းကို သက်ဆိုင်ရာသို့ တင်ပြပေးမည်ဟု အလုပ်သမားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးချစ်ရှိန်ကပြီးခဲ့သည့်လကပြောကြားခဲ့သည်။

ဗီယက်နမ်နိုင်ငံတွင် စီးပွားရေးဖွံ့ဖြိုးလာပြီး ဗီယက်နမ်နိုင်ငံ ပြည်သူများမှာ မလေးရှားနိုင်ငံတွင် အလုပ်မလုပ်တော့သဖြင့် ထိုနေရာတွင် မြန်မာအမျိုးသမီးလုပ်သားများဖြင့် အစားထိုးခဲ့သည်။ လက်ရှိအခြေအနေတွင် အလုပ်ခေါ်စာကျပြီးသား အမျိုးသမီး အလုပ်သမားများစွာရှိပြီး အချို့မှာ စရန်ပေးထားပြီးဖြစ်ကြောင်း သတင်းရရှိသည်။

## Free Classified

## ဝန်ထမ်းအလိုရှိသည်

## အခမဲ့ကြော်ငြာကဏ္ဍ

**ဝန်ထမ်းအမြန်အလိုရှိသည်**
Tour Operator မ(၁)ဦး၊ Admin Staff မ(၁)ဦး၊ ဘွဲ့ရ၊ အတွေ့အကြုံရှိရမည်။ အင်္ဂလိပ်စာကောင်းရမည်။ **ဖုန်း-၂၀၁၃၃၆ (ရုံးချိန်)**

---

**ဝန်ထမ်းအလိုရှိသည်**
အရောင်းဝန်ထမ်း - မ ၁ ဦး
စာရင်းကိုင် - မ ၁ ဦး
SOLAR RAYS CO., LTD
**ဖုန်း-၅၂၁၈၇၁၊၀၉-၅၀၅၀၁၅၁**

---

**ဝန်ထမ်းအလိုရှိသည်**
(1)။ ရုံးအကူ - 1 F၊ (2) Sale & Marketing - 2 M/F၊ (3) Marketing Executive - 2 M/F၊ (4) Operation - 1 M
Success Glory Shipping Services Co., Ltd
Asia Plaza, #522,5th Fl, 277, Bogyoke Aung San Rd, Kyauktada Tsp, Yangon

---

**အမျိုးသမီးဝန်ထမ်းအလိုရှိသည်**
၁။ Hair Stylist (ကျွမ်းကျင်) ၂ ဦး၊ ၂။ လက်သည်းပန်းချီ (ကျွမ်းကျင်) - ၂ ဦး၊ ၃။ ခေါင်းလျှော်၊ မျက်နှာဆေး၊ စက်ဆွဲ ၂ဦး
**ဖုန်း-၀၉-၅၁၆၈၄၈၆**

---

**ဝန်ထမ်းအလိုရှိသည်**
သန့်ရှင်းရေးနှင့် ဧည့်ကြို -
ကျား ၁ ဦး
တက်နေဝန်းဧည့်ရိပ်သာ
အမှတ်(၄၀)၊မြေညီထပ်၊ ၂၁ လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။

---

**ဝန်ထမ်းအလိုရှိသည်**
၁။ Designer ကျား၊ မ ၁ ဦး။
၂။ Web Design (ကျွမ်းကျင်)
၃။ ငွေကိုင် - မ ၁ ဦး
**ဖုန်း-၃၈၂၇၄၃**

---

**ဝန်ထမ်းအလိုရှိသည်**
၁။ Assistant Supervisor - ကျား ၁ ဦး၊ ၂။ Receptionist - မ ၄ ဦး။
အမှတ်(၁၄)၊ဘုန်းကြီးလမ်းနှင့်ကမ်းနားလမ်းထောင့်၊ လမ်းမတော်မြို့နယ်၊ရန်ကုန်မြို့။

---

**ဝန်ထမ်းအမြန်အလိုရှိသည်**
Sales Promoter - F 5 Posts
**ဖုန်း-၂၉၈၇၉၈၊၀၉-၇၃၂၀၈၅၁၅**

---

**ဝန်ထမ်းအမြန်အလိုရှိသည်**
၁။ စာကြည့်တိုက်မှူး(မန်နေဂျာ၊ စာကြည့်တိုက်)- ၁ ဦး၊
၂။ လ/ထစာကြည့်တိုက်မှူး-၁ ဦး
**ဖုန်း-၅၁၉၆၇၃၊၀၉-၅၁၄၁၃၂၂**

---

**ဝန်ထမ်းအလိုရှိသည်**
သန့်ရှင်းရေးဝန်ထမ်း(ညဆိုင်း) ၂ဦး
**ရွှေပုပ္ပားအထူးကုဆေးခန်း**
**ဖုန်း-၅၅၆၃၁၆၊ ၅၅၆၀၀၁**

---

**ဝန်ထမ်းအလိုရှိသည်**
၁။ စာရင်းစစ် (B.Com, C.P.A)၊ ၂။ စာရင်းကိုင် (B.Com, LCCI Level 3)၊ ၃။ အိပ်ခန်းဆောင်မန်နေဂျာ၊ ၄။ F&B Waiter, Waitress၊ ၅။ အိပ်ခန်းဆောင်ဝန်ထမ်း
Inle Lake View Resort ဟိုတယ်နှင့် ရန်ကုန်ရုံးချုပ်
**ဖုန်း-၂၄၈၉၀၇၊ ၂၄၈၉၀၈**
Email: project@inlelakeview.com

---

**ဝန်ထမ်းအလိုရှိသည်**
1. Clearance Agent - M/F 1 Post၊ 2. Documentation Assistant - M/F 1 Post၊ 3. Sales Representative - M/F 1 Post
Int'l Freight Forwading Company
**ဖုန်း-၆၅၆၃၆၀**

---

**ဝန်ထမ်းအလိုရှိသည်**
ကွန်ပျူတာစာစီစာရိုက် - မ ၂ဦး
Min Thurein Publishing Services. **ဖုန်း-၀၉-၅၁၄၈၅၂၄**

---

GP ထိုင်ရန် - ဆရာဝန် ၁ ဦး အမြန်အလိုရှိသည်။
**ဖုန်း-၂၅၄၂၃၆၊၀၉-၇၃၀၃၆၅၀၆**

---

**ဝန်ထမ်းအမြန်အလိုရှိသည်**
Japanese Language Instructor - 2 Post
Better Life ACTY Co., Ltd
**ဖုန်း-၃၈၂၅၂၉**

---

**ဝန်ထမ်းအလိုရှိသည်**
တရုတ်စကားပြန်(ကျွမ်းကျင်)- မ ၂ ဦး
LIN YAUNG CHI (Jade, Gems Art & Jewellery)
**ဖုန်း-၀၉-၅၁၁၇၁၅၂၊ ၃၈၈၇၄၅**

---

English Teacher (Female)
အလိုရှိသည်
တရုတ်ဆရာမ(Volumteer) အလိုရှိသည်။
**ဖုန်း-၃၈၉၁၇၃**

---

**ဝန်ထမ်းအလိုရှိသည်**
Waiter - ကျား ၄ ဦး
Zawgyi House Cafe
**ဖုန်း-၃၈၀၃၉၈၊ ၂၅၆၃၅၅**
**(လိုင်းခွဲ-၃၀၂၇)**

---

**ဝန်ထမ်းအလိုရှိသည်**
၁။ Furniture Sale & Marketing - မ ၇ ဦး၊ ၂။ လိုက်ကာ Sale & Marketing - မ ၅ ဦး၊ ၃။ အထွေထွေဝန်ထမ်း - ကျား ၃ ဦး၊ ၄။ Store Keeper - မ ၃ ဦး။
Vanda Curtain Shop
**ဖုန်း-၆၆၄၆၇၅**

---

**ဝန်ထမ်းအလိုရှိသည်**
1. Ticketing Reservation (Male or Female)
2. Sales Manager - 2 Female
EXOTIC MYANMAR TRAVELS & TOURS
**ဖုန်း-၃၉၂၈၈၆၊၃၈၁၉၄၅**

---

**ဝန်ထမ်းအလိုရှိသည်**
၁။ Operation Supervisor - ကျား ၃ ဦး၊ ၂။ အထွေထွေဝန်ထမ်း - ကျား ၅ ဦး။
**ဖုန်း-၀၉-၇၃၀၂၇၇၃၃**

---

**ဝန်ထမ်းအလိုရှိသည်**
၁။ အရောင်းဝန်ထမ်း - ကျား ၂ ဦး၊ ၂။ Junior Accountant - မ ၁ ဦး။
**ဖုန်း-၀၉-၅၁၅၇၀၁၂၊ ၃၇၈၂၄၁**

---

**ဝန်ထမ်းအလိုရှိသည်**
1. Marketing
2. Education Counselor
**ဖုန်း-၆၅၂၃၁၁၊၆၅၂၂၉၇**

---

သန့်ရှင်းရေးဝန်ထမ်းအလိုရှိသည်
အမျိုးသမီး - ၂ဦး
အသက်(၃၀)အထက်
ပညာအရည်အချင်း (၄) တန်းအောင်
ကျန်းမာရေးကောင်းရမည်။
သပ်ရပ်သန့်ရှင်းရမည်။
လုပ်ရည်ကိုင်ရည်ပေါ် မူတည်၍ လခညှိနှိုင်းပေးမည်။
လျှောက်ထားရန်-
**လပြည့်ဝန်းပလာဇာ(၁၀)ထပ်။**

---

**ယာဉ်မောင်းထမ်းအလိုရှိသည်**
ကျား - ၂ဦး
အသက်(၃၀)အထက်
ကျန်းမာရေးနှင့် အကျင့်စာရိတ္တကောင်းရမည်။
ယာဉ်မောင်းကျွမ်းကျင်မှုပေါ် မူတည်၍လခညှိပေးမည်။
လျှောက်ထားရန်-
**လပြည့်ဝန်းပလာဇာ(၁၀)ထပ်။**

---

**ဝန်ထမ်းအလိုရှိသည်**
- Sale & Marketing (၁၀)ဦး၊
- Graphic Designer (၁)ဦး၊
- Casher (၅)ဦး
**City Center**
**ရွှေတိဂုံဘုရားလမ်းနှင့် အနော်ရထာလမ်းထောင့်၊ လေဟာပြင်ယာဉ်ရပ်နားကွင်း၊ ပန်းဘဲတန်း။**

---

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ်ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ်ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။


Knorr


candid
27.10.2011 TO 31.12.2011
Candid
Rainbow
glenmark
Buy any of these
(or)
(or)
Candid Gel
Candid-B Cream
Candid Powder
Get One Free Rainbow Detergent Cream (40g)


SHINE CONSTRUCTION CO., LTD.
(Member of Shine Group of Companies)
တပ်မတော်ခန်းမအတွင်း 24-11-2011 မှ 27-11-2011 ထိ ကျင်းပပြုလုပ်မည့်
Yangon Expo' 2011
9% to 23% Discount ရရှိမည်။
30%
30%
Laptop, LCD(40"), Air-con, Electric Oven
Lucky Draw
(Limited)
Head Office : No.29,Ground Floor, Gyo Phyu Street, Mingalar Taung Nyunt Tsp,Yangon.
Contact Us : Pilot No. 01-385344, 385340-4*, (Ext: 203, 204, 205)

Education

7DAY NEWS JOURNAL

Vol.10, No.36 • NOVEMBER 24, 2011

# ကိုယ်ပိုင်ကျောင်းများကို မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းများအဖြစ် သီးသန့်ပိုင်းခြားဖွင့်ခွင့်ပြု

**နေလင်းထွန်း**

**ရန်ကုန်၊ နိုဝင်ဘာ-၁၉**

ကိုယ်ပိုင်ကျောင်းများ တည်ထောင်ရာတွင်မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းများအဖြစ် သီးသန့်ပိုင်းခြားဖွင့်လှစ်သင်ကြားခြင်းကို ပညာရေးဝန်ကြီးဌာနက ခွင့်ပြုမည်ဖြစ်ကြောင်းပြည်ထောင်စုလွှတ်တော်က အတည်ပြုလိုက်သည်။

ယခုလ ၁၆ ရက်တွင် ကျင်းပသော ပြည်ထောင်စုလွှတ်တော်၌ ကိုယ်ပိုင်ကျောင်း မှတ်ပုံတင်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ "ကိုယ်ပိုင်ကျောင်းတည်ထောင်ဖွင့်လှစ်နိုင်ရန် အပိုဒ် ၈၊ အပိုဒ်ခွဲ(က)ပါ လိုအပ်ချက်နှင့်စပ်လျဉ်း၍ ဒေသဆိုင်ရာအခြေအနေပေါ် မူတည်ပြီး မူလတန်းသီးသန့်ဖြစ်စေ၊ အလယ်တန်းသီးသန့်ဖြစ်စေ၊ အထက်တန်း သီးသန့်ဖြစ်စေ ပိုင်းခြားဖွင့်လှစ်ခြင်းကိုပြည်ထောင်စုအစိုးရ ပညာရေးဝန်ကြီးဌာနက ခွင့်ပြုနိုင်သည်" ဟု ဖြည့်စွက်ရန် ဖော်ပြထားသည်။

ဥပဒေကြမ်း ပူးပေါင်းကော်မတီသည် ကိုယ်ပိုင်ကျောင်းမှတ်ပုံတင် ဥပဒေကြမ်းအား ပြင်ဆင်ချက် ၆ ချက် ဖြည့်စွက်ခဲ့ခြင်းဖြစ်ပြီး အထက်ပါအချက်ကို ပြင်ဆင်ဖြည့်စွက်မှုလည်း ပါဝင်ခဲ့ကာ လွှတ်တော်က သဘောမတူသူမရှိသည့်အတွက် အတည်ပြုရန် ဆုံးဖြတ်ခဲ့ကြောင်း နိုင်ငံပိုင်သတင်းစာတွင် ဖော်ပြထားသည်။

"အရမ်းအဆင်ပြေသွားပါတယ်။ အရင်က ငါးတန်းကနေ ဆယ်တန်းထိ ကိုယ်ပိုင်ကျောင်းဖွင့်ခွင့်ရမယ်လို့ သိထားတာပါ။ အခုက ကိုယ်အဆင်ပြေမယ့်အတန်းကို သီးသန့်သင်ကြားခွင့်ရမယ့် သဘောရှိတယ်။ အရင်က သတင်းထွက်ခဲ့တဲ့ဆယ်ကေဆိုတဲ့ ကျောင်းအကျယ်အဝန်းလည်း သတ်မှတ်ထားတာ မတွေ့ရတဲ့အတွက် ဝမ်းသာပါတယ်"ဟု ဆယ်နှစ်ကျော်ကြာ ဘော်ဒါကျောင်း တည်ထောင်ဖွင့်လှစ်ထားသူတစ်ဦးက ဆိုသည်။

ပြင်ဆင်ချက်များတွင် မူလဥပဒေကြမ်း၏ အပိုဒ် ၈ အပိုဒ်ခွဲ(က)ဖြစ်သော "အနည်းဆုံး ပဥ္စမတန်းမှ ဒသမတန်းထိ ဖွင့်လှစ်သင်ကြားရန် စီမံထားရှိခြင်းအစား အခြေခံပညာမူလတန်းကျောင်း၊ အလယ်တန်းကျောင်း၊ (သို့မဟုတ်)အထက်တန်းကျောင်းကို ဖွင့်လှစ်ရန် စီမံထားရှိခြင်း" ဟု ပြင်ဆင်သွားမည်ဖြစ်ကြောင်း သိရသည်။

ဘော်ဒါကျောင်းများအား ကိုယ်ပိုင်ကျောင်း ဖွင့်လှစ်ခွင့်ပြုမည်ဟူသော သတင်းများသည် ၂၀၀၉ ခုနှစ်မှ စတင်ထွက်ပေါ်လာခဲ့ခြင်းဖြစ်ပြီး ယခုအခါ ဥပဒေကြမ်းအား အတည်ပြုပြီးဖြစ်သောကြောင့် လာမည့်နှစ်တွင် ကိုယ်ပိုင်ကျောင်းများ တရားဝင်ဖွင့်လှစ်ခွင့်ရရှိရန် ကျောင်းတည်ထောင်မည့်သူများစောင့်ဆိုင်းလျက်ရှိကြသည်။

**ပညာရေးသတင်းတိုများ**

## ပညာဒါန ဂျပန်ဘာသာစကား သင်တန်းများ ဖွင့်မည်

**ရန်ကုန်၊ နိုဝင်ဘာ-၁၈**

မြန်မာနိုင်ငံ ဂျပန်ပြန်ပညာသင်ဟောင်းများအသင်း(MAJA)မှ ဂျပန်ဘာသာစကားသင်တန်းများကို လာမည့်နှစ် ဇန်နဝါရီလ ၂ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။ သင်တန်းကာလ ၃ လကြာအတွက် ကျပ် ခုနစ်ထောင်ခန့်ပေးသွင်းရမည်ဖြစ်ပြီး ဝင်ခွင့်လျှောက်လွှာများအား ဒီဇင်ဘာလအတွင်း ကမ္ဘာအေးဘုရားလမ်း၊ ပုလဲကွန်ဒိုရှိMAJA ရုံးခန်းတွင် လျှောက်ထားနိုင်ကြောင်းသိရသည်။

## နယူးဇီလန် ပညာသင်ဆု လျှောက်ထားနိုင်

**ရန်ကုန်၊ နိုဝင်ဘာ-၁၈**

ဖွံ့ဖြိုးဆဲနိုင်ငံများအား ပေးအပ်နေသည့် နယူးဇီလန်ပညာဆုအစီအစဉ်အတွက် မြန်မာကျောင်းသားများ လျှောက်ထားနိုင်ကြောင်း သိရသည်။ အစိုးရ၊ ပုဂ္ဂလိကနှင့် လူမှုအဖွဲ့အစည်းများတွင် အလုပ်လုပ်ကိုင်နေသူများအတွက် ဘွဲ့လွန်အဆင့်ပညာရပ်များကိုလေ့လာသင်ယူနိုင်မည်ဖြစ်ပြီး အသေးစိတ်အား www. aid.govt.nz တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

## သူနာပြုလက်ထောက်သင်တန်း ပညာသင်ဆုလျှောက်နိုင်

**ရန်ကုန်၊ နိုဝင်ဘာ-၁၈**

ကမာရွတ်မြို့နယ်ရှိ အရုဏ်သစ်သင်တန်းကျောင်းတွင် သူနာပြုလက်ထောက်သင်တန်းအတွက် နိုဝင်ဘာလ ၂၅ရက် နောက်ဆုံးထား၍ ပညာသင်ဆုလျှောက်ထားနိုင်ကြောင်းသိရသည်။ သင်တန်းကြေးတက်ရောက်ရန် အခက်အခဲရှိသူများကို ရွေးချယ်ပေးအပ်သွားမည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက မိမိကိုယ်စားပြု လျှောက်ထားသောဒေသအတွင်း အနည်းဆုံး ၂နှစ်ကျန်းမာရေးစောင့်ရှောက်မှုပြုလုပ်မည်ဖြစ်ကြောင်း ဝန်ခံချက်လက်မှတ်ထိုးရမည်ဖြစ်သည်။ ပညာသင်ဆုအတွက် အသေးစိတ်အချက်အလက်များအား http:// aryonethit.weebly. com/ တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။



# ကျူးကျော်ရပ်ကွက်ရှိ ပညာဒါနကျောင်း

**နေလင်းထွန်း**

**ကျူးကျော်ရပ်ကွက်ထဲရှိ လမ်းကျဉ်းလေးပေါ်တွင် အရွယ်စုံကလေးငယ်များ ပြေးလွှားဆော့ကစားနေကြသည်။ လမ်းဘေးဝဲယာတွင် တဲသာသာ အိမ်ကျဉ်းလေးများကို ကပ်လျက် ဆောက်လုပ်ထားကြပြီး အမိုးအကာများက မလုံမခြုံဖြစ်နေသည်။ ၎င်းကျူးကျော်ရပ်ကွက်တွင် သူငယ်တန်းမှ အဋ္ဌမတန်းအထိ ဘာသာရပ်များအား ကလေးငယ်များအတွက်သင်ကြားပို့ချနေသော အခမဲ့ ပညာဒါနကျောင်းတစ်ကျောင်း တည်ရှိနေ၏။**

မေတ္တာအိမ်ပညာဒါနကျောင်းသည် မြောက်ဥက္ကလာပမြို့နယ်၊ ၂ရပ်ကွက်၊ ငမိုးရိပ်ချောင်းကမ်းနံဘေးရှိကျူးကျော်ရပ်ကွက်တစ်ခုတွင် ဖွင့်လှစ်ထားခြင်းဖြစ်ပြီး လက်ရှိချိန်တွင် ကျောင်းသားတစ်ရာကျော်အား ပညာသင်ယူစေလျက်ရှိသည်။ ကျောင်းတည်ထောင်ထားသည့် မူလတန်းကျောင်းဆရာဟောင်းတစ်ဦးဖြစ်သူ ဦးအေးမြင့်က ကလေးငယ်များ လမ်းပေါ် လေလွင့်နေသောဘဝရောက်ရှိမသွားစေရန် ပညာသင်ကြားပေးနေခြင်းဖြစ်ပြီး ရပ်ကွက်ထဲရှိ ကလေးငယ်များသည် အိမ်ပေါ်တွင် လူမဆံ့၍ လမ်းပေါ်ထွက်နေကြရကြောင်းရှင်းပြသည်။

"ကလေးတွေကို မြင်နေရတာကိုက ဒီအတိုင်း ပစ်ထားရင် ရှေ့ရေးမကောင်းဘူးလို့ တွေးမိတယ်။ မူလတန်း ကျောင်းဆရာဟောင်းဖြစ်တယ်။ အသက်လည်းကြီးပြီ။ ငါသင်ပေးသင့်တယ်ဆိုတဲ့ အတွေးနဲ့ခေါ်ပြီး သင်ပေးဖြစ်တာပါ"ဟု ၎င်းကဆိုသည်။

ကျူးကျော်ရပ်ကွက်တွင် ကလေးငယ်များအား စာသင်ကြားနေသည်မှာ လေးနှစ်ကျော်ကြာခဲ့ပြီဖြစ်ပြီး စတင် သင်ကြားချိန်တွင် ကလေးငယ်နှစ်ဆယ်ခန့်ရှိခဲ့သော်လည်း နှစ်စဉ် ကျောင်းသားဦးရေ မြင့်တက်ခဲ့သည်။ နာဂစ်မုန်တိုင်းတိုက်ခတ်ချိန်တွင် အိမ်ပြိုသွားခြင်းကြောင့် သားသမီးများနေထိုင်ရာ အိမ်ကျဉ်းထဲတွင် နေရာကျပ်ကျပ်တည်းတည်းဖြင့် ကလေးငယ်များအား စာသင်ကြားခဲ့သည်။

ယခုအခါ စင်ကာပူနိုင်ငံရှိ သုမိတ္တာပါရမီဖြည့်ကုသိုလ်ပြုအဖွဲ့မှ ကျောင်းဆောက်လုပ်လှူဒါန်းထားခြင်းကြောင့် ကလေးများအတွက် နေရာအဆင်ပြေလျက်ရှိပြီး ကျောင်းသားဦးရေ ၁၀၀ ကျော်ထိ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

"ဒီကျောင်းကြီး ဆောက်တဲ့နေရာမှာ အရင်ကအိမ်ဟောင်းလေးရှိတယ်။ အဲ့ဒီမှာသင်တာပါ။ အဲဒီအိမ်က နာဂစ်ကြောင့် ပြိုသွားတယ်။ ဒီကျောင်းအလှူရှင်ပေါ်လာတဲ့အတွက်စာသင်ကြားရတာ တော်တော်လေး အဆင်ချောတယ်။ အရင်က စာသင်ရတာလည်း စိတ်ညစ်ရသလို စာရေးကိရိယာအတွက်လည်းစိတ်ညစ်ရတယ်။ ထစ်ခနဲဆို ပူနေရပြီ။စာသင်တဲ့အခါမှာလည်း အိမ်နေရာကျဉ်းကျဉ်းကြပ်ကြပ်မှာဆိုတော့ ဒုက္ခရောက်တာပေါ့။ အခုကတော့ ပြောစရာကို မလိုတော့ဘူး။ ချောင်ချောင်ချိချိဖြစ်သွားပါပြီ။ ဒီကျောင်းလေးကို ရလိုက်တာ ဘဝမှာ အပြောင်းအလဲအချိုးအဆစ်တစ်ကွေ့ပါပဲ"ဟု ဦးအေးမြင့်ကပြောသည်။

မေတ္တာအိမ်ပညာဒါနကျောင်းသည် ကျောင်းသားဦးရေမြင့်တက်လာမှုနှင့်အတူ စာသင်ကြားမည့်ဆရာအင်အားနှင့် ကျောင်းနေ့စဉ် အသုံးစရိတ်အတွက် အခက်အခဲ ကြုံတွေ့နေရသည်။ စာသင်ကြားမှုအတွက် ဆရာဖြစ်သင်တန်းတက်ရောက်ဖူးခြင်းမရှိသော ဘွဲ့ရပြီးစနှင့် အဝေးသင်တက္ကသိုလ်တက်ရောက်နေသူများကို စေတနာ့ဝန်ထမ်းလူငယ်များအဖြစ် အားကိုးနေရပြီး ကျောင်း သင်ထောက်ကူပစ္စည်းများအတွက်လည်း လိုအပ်ချက်များရှိနေသည်။

"လက်ရှိ ကျောင်းစရိတ်က တစ်လကို (ကျပ်)လေးငါးသောင်းပဲ သုံးနိုင်တယ်။

စာ(၂၂)သို့






7 DAY NEWS JOURNAL
Vol.10, No.36 • NOVEMBER 24, 2011

## စာ-၂၁၊ ကျူးကျော်ရပ်ကွက်ရှိ ပညာဒါနကျောင်း မှ

အလှူရှင်က တစ်ခါတလေ လာတာပဲရှိတယ်။ ပုံမှန်အလှူတော့မရှိဘူး။ အခု အခက်အခဲက နေ့စဉ်အသုံးစရိတ်ပေါ့။ အသုံးစရိတ် မလောက်တဲ့အတွက် စိတ်တော့ညစ်တာပေါ့။ဒါပေမဲ့ စာမသင်ရ လုံးဝမနေနိုင်တော့ဘူး။ အိပ်ရာထဲက မထနိုင်မှသာ မသင်ဖြစ်တော့ဘူး"ဟု အထက်ပါပုဂ္ဂိုလ်ကဆိုသည်။

ပညာဒါနကျောင်းတွင် တက်ရောက်နေကြသော ကလေးငယ်များ၏ ၉၀ရာခိုင်နှုန်းသည် အစိုးရကျောင်း တက်ရောက်နေသော ကလေးငယ်များဖြစ်ကြပြီး ကျောင်းလုံးဝမနေဖူးသောကလေးငယ်များကိုလည်း ပညာသင်ကြားပေးနေကြောင်း ၎င်းကပြောသည်။

"သမီးက (မြောက်ဥက္ကလာ) အ. လ. က(၆)မှာ ငါးတန်းတက်နေတယ်။ ဒီမှာတက်နေတာ သုံးနှစ်လောက်ရှိပြီ။ မောင်နှမခုနစ်ယောက်ရှိတယ်။ သမီးအောက်မှာ မောင်လေးနှစ်ယောက်ရှိတယ်။ဖေကြီးက လက်သမားလုပ်တယ်။မေကြီးကအိမ်မှာပဲ။ သမီးက ပန်းချီဆရာမကြီးဖြစ်ချင်ပါတယ်" ဟု အဆိုပါကျောင်းတွင် ပညာသင်ကြားနေသော ကျောင်းသူတစ်ဦးကဆိုသည်။ မေတ္တာအိမ်ပညာဒါနကျောင်းတွင် ကျောင်းသား ၂၂၃ဦး စာရင်းပေးသွင်းထားသော်လည်း ကလေး၁၀၀ကျော်သာ ပုံမှန်တက်ရောက်လေ့ရှိပြီး အိမ်မှုကိစ္စများဆောင်ရွက်ရခြင်းနှင့် မိသားစုစားဝတ်နေရေးခက်ခဲခြင်းတို့ကြောင့် အတန်းမတက်နိုင်သောကလေးများ ရှိနေကြောင်းသိရသည်။

"ကျောင်း ပုံမှန်မတက်နိုင်ကြတာ ဆင်းရဲတဲ့ပြဿနာပေါ့။စားဝတ်နေရေးကျပ်တည်းတဲ့အတွက် မိဘဝိုင်းကူလုပ်ပေးတယ်။ဈေးဝိုင်းရောင်းရတယ်။ အိမ်မှာ ထမင်းချက်၊ ကလေးထိန်းပေါ့။အဲ့ဒီကိစ္စတွေကြောင့် ကလေးတွေက ကျောင်းပျက်တာများနေတယ်" ဟု ဦးအေးမြင့်ကပြောသည်။ ဒေါ်အောင်ဆန်းစုကြည်၏ လမ်းညွှန်မှုဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)မှ လူငယ်များဖွဲ့စည်းထားသော အမေ့အိမ် ပညာရေးကွန်ရက်တွင် မေတ္တာအိမ်ပညာဒါနကျောင်းပါဝင်လှုပ်ရှားဆောင်ရွက်လျက်ရှိသည်။

မြို့ပြတွင် နေထိုင်မှု များပြားလာချိန်တွင် ကျူးကျော်ရပ်ကွက်များလည်း တိုးပွားလာလျက်ရှိရာ မေတ္တာအိမ်ကဲ့သို့ အခမဲ့ ပညာဒါနကျောင်းများက ချို့တဲ့သော ကလေးငယ်လေးများအတွက် လိုအပ်လျက်ရှိသည်။

# ပညာရေးကွန်ရက်ရန်ပုံငွေပွဲ ဒေါ်အောင်ဆန်းစုကြည် တက်ရောက်ဖွင့်လှစ်မည်

**အေးသူစံ**

**ရန်ကုန်၊ နိုဝင်ဘာ ၁၇**

ဒေါ်အောင်ဆန်းစုကြည် ခေါင်းဆောင်သော ဒီမိုကရေစီကွန်ရက်များတွင် အပါအဝင်တစ်ခုဖြစ်သည့် ပညာရေးကွန်ရက်၏ ရန်ပုံငွေရှာဖွေပွဲအဖြစ်ပြုလုပ်မည့် ဈေးရောင်းပွဲတော်ကို နိုဝင်ဘာ ၂၁ ရက်တွင် ယုဒသန်ကောလိပ်၌ ပြုလုပ်မည်ဖြစ်ပြီး ကွန်ရက်များ၏ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်တက်ရောက်ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်းပွဲစီစဉ်သူ ကိုမျိုးရန်နောင်သိန်း (ဗေဒါအင်စတီကျူ့ဒ်)က ပြောသည်။

"ဒီပွဲလေးက ပညာရေးကွန်ရက်အောက်မှာရှိကြတဲ့ ကျောင်းတွေ၊ စာကြည့်တိုက်တွေ ဥပမာ အမေ့အိမ်၊ အောင်ဆန်းဂျာမွန်း၊ အောင်ဆန်းပင်လုံ၊ ဗေဒါ စတဲ့ ကျောင်းတွေက ဈေးဆိုင်ခန်းတွေ ဖွင့်ပြီးရောင်းမယ်။ ဒါကို ရုပ်ရှင်သရုပ်ဆောင်တွေ၊ အနုပညာရှင်တွေက ဝိုင်းဝန်းကူညီပေးကြမယ်။ ရရှိလာမယ့် ရန်ပုံငွေတွေကို ပညာရေးလုပ်ငန်းမှာ ပြန်ပြီးစီမံခန့်ခွဲဖို့ ဘဘဦးတင်ဦးကို အပ်နှံထားမှာပါ။ လက်မှတ်တစ်စောင်ကို တစ်ထောင်ကျပ်နှုန်းနဲ့ ကျွန်တော်တို့ ရောင်းချသွားမှာပါ" ဟု ၎င်းက ပြောပြသည်။

ဖျော်ဖြေရေးအစီအစဉ်များကို တေးသံရှင်ဆောင်းဦးလှိုင်က စီစဉ်ဆောင်ရွက်နေပြီး "ပွဲက မနက် ၁၀ နာရီကနေ ညနေထိ တောက်လျှောက်ဆိုတော့ တစ်နာရီခွဲစာလောက်ကို ဖျော်ဖြေရေးအတွက် စီစဉ်ထားတယ်။ ပရိသတ်နဲ့ ရင်းရင်းနှီးနှီးစကားလေးဘာလေးပြောမယ်။ ပရိသတ်နားထောင်ချင်တဲ့သီချင်းလေးတွေဆိုပြမယ်။ ကျွန်တော်က အဆိုတော်တွေကို မေတ္တာနဲ့ကူညီကြဖို့ ဖိတ်ကြားထားပါတယ်။ ဒီထဲကမှ ကိုရင်ဂို၊ ကဗျာဘွဲ့မှူး၊ မီးမီးခဲတို့အဖွဲ့ကတော့ သေချာပေါက် လာမယ်။ နောက် ဟစ်ဟော့ပ်အုပ်စုထဲက အနဂ္ဂတို့အဖွဲ့ပါမယ်။ ပညာရေးအတွက် လုပ်တာမို့ မွန်မြတ်ပါတယ်။ အားလုံး လာရောက်ပါဝင်ဆင်နွဲကြပါလို့ ဖိတ်ခေါ်ပါတယ်" ဟု ဆောင်းဦးလှိုင်ကပြောသည်။

ယင်း ရန်ပုံငွေ ဈေးရောင်းပွဲကို ဒေါ်အောင်ဆန်းစုကြည်က ယင်းနေ့ နံနက် ၁၀ နာရီတွင် တက်ရောက်ဖွင့်လှစ်ပေးမည်ဖြစ်ပြီး မိန့်ခွန်းလည်းပြောကြားမည်ဖြစ်ကြောင်း ကိုမျိုးရန်နောင်သိန်းကပြောသည်။ ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သော ဒီမိုကရေစီကွန်ရက်တွင် ရှေ့နေကွန်ရက်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အဖွဲ့များကွန်ရက်၊ ပညာရေးကွန်ရက်၊ ကျန်းမာရေးကွန်ရက်၊ လူမှုအကျိုးပြုအဖွဲ့များ ကွန်ရက်စသဖြင့် ကွန်ရက်များ ပါဝင်ချိတ်ဆက်ထားကြောင်း သိရသည်။

# INTO အဖွဲ့မှ ရာနှုန်းပြည့်ပညာသင်ဆုအတွက် လာရောက်ဆွေးနွေးမည်

**သီဟ**

**ရန်ကုန်၊နိုဝင်ဘာ – ၁၉**

အမေရိကန်နှင့် အင်္ဂလန်နိုင်ငံမှ တက္ကသိုလ်များဖြစ်ကြသည့် University of East Anglia, University of Exeter, Newcastle University, Queen's University of Belfast, Glasgow Caledonian University များမှ မြန်မာနိုင်ငံရှိ ကျောင်းသားများအတွက် ရာနှုန်းပြည့်ပညာသင်ဆုများပေးအပ်ရန် လာရောက်ရွေးချယ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါတက္ကသိုလ်များမှ Business, Social Science, Engineering, Computing, Biological, Biomedical Science ,Pharmacy Program အစရှိ သည့်ဘာသာရပ်များအတွက် ပညာသင်ဆုများပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ ပညာသင်ဆုပေးအပ်ခြင်းနှင့်ပတ်သက်၍ နိုင်ငံတကာပညာရေးဆိုင်ရာ အဖွဲ့အစည်းတစ်ခုဖြစ်သည့် INTO အဖွဲ့မှ လာမည့် ၂၆ ရက်တွင် Regent ရုံးခန်း၌လာရောက်ဆွေးနွေးပြောကြားမည်ဖြစ်သည်။ အဆိုပါပညာရေးဆိုင်ရာအဖွဲ့အစည်းသည် ကမ္ဘာ့ထိပ်တန်း တက္ကသိုလ်များသို့ ဝင်ခွင့်ရရှိနိုင်ရန်အတွက် တက္ကသိုလ်အခြေခံအတန်းများနှင့် ဘွဲ့လွန်ဒီပလိုမာအတန်းများဖွင့်လှစ်သင်ကြားပေးလျက်ရှိသော အဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း သိရသည်။







# Technology

7 DAY NEWS JOURNAL

Vol.10, No.36 • NOVEMBER 24, 2011


## ပိဋကတ်သုံးပုံ မူရင်းကျမ်းများကို Apple ပစ္စည်းများတွင် ဖတ်ရှုနိုင်ပြီ



**ယုဇနကိုကို**

**ရန်ကုန်၊ နိုဝင်ဘာ- ၁၅**

ပိဋကတ်သုံးပုံမူရင်းကျမ်းများကို Apple ပစ္စည်းများဖြစ်သော iPad, iPod နှင့် iPhone အစရှိသည့် ပစ္စည်းများပေါ်တွင်အသုံးပြုဖတ်ရှုနိုင်ပြီဖြစ်ကြောင်း သတင်းရရှိသည်။

ယင်းကဲ့သို့ Apple ပစ္စည်းများပေါ်တွင် ပိဋကတ်သုံးပုံကျမ်းစာများ ထည့်သွင်းဖတ်ရှုနိုင်ရန်အတွက် ယင်း၏အွန်လိုင်းစတိုးဖြစ်သော Apple Store ပေါ်တွင် အခမဲ့ဒေါင်းလော့ဒ်ရယူနိုင်မည်ဖြစ်သည်။

ထိုကဲ့သို့ ဘုရားဟောကျမ်းစာများကို အွန်လိုင်းပေါ်မှတစ်ဆင့် အခမဲ့ရယူသုံးစွဲနိုင်ရန် ရန်ကုန်မြို့၊ ဒဂုံမြို့နယ်ရှိ စိန်ရတနာ ဘုန်းတော်ကြီး ကျောင်းတိုက်မှ ဆရာတော်အရှင် ဣန္ဒြေဘာသက စီစဉ်ဆောင်ရွက်ပေးထားခြင်းဖြစ်သည်ဟုသိရသည်။

iOS Application ဖြစ်သော ထိုပိဋကတ်သုံးပုံကျမ်းများကို http://itunes.apple.com/app/vatthuguide/id478242905?mt=8 ပေါ်တွင် ရယူသုံးစွဲနိုင်မည်ဖြစ်သည်။

ယင်းကျမ်းစာများကို ယခုကဲ့သို့ Apple ထုတ်ကုန်များပေါ်တွင် အသုံးပြုနိုင်ခြင်းအပြင် Android နှင့် Tablet ကဲ့သို့ ပစ္စည်းများပေါ်တွင်ပါ အသုံးပြုနိုင်ရန်ဆက်လက်ဆောင်ရွက်ပေးသွားမည်ဟု သိရသည်။

## တရုတ်က မြန်မာကို McWiLL နည်းပညာပေးအပ်

**ထူးသန့်**

**နေပြည်တော်၊ နိုဝင်ဘာ-၁၂**

တရုတ်နိုင်ငံ၊ ဘေဂျင်း Xinwei ကုမ္ပဏီက ၎င်းတို့၏ McWiLL နည်းပညာကိုမြန်မာနိုင်ငံသားပိုင် Link Global ကုမ္ပဏီသို့ ယနေ့ တရားဝင်လွှဲပြောင်းပေးအပ်လိုက်သည်။

အဆိုပါ နည်းပညာ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို နေပြည်တော်ရှိ မြတ်တော်ဝင်ဟိုတယ်၌ ယနေ့ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး တရုတ်ကုမ္ပဏီက နည်းပညာပိုင်းဆိုင်ရာ သင်တန်းများပို့ချခြင်းနှင့် နည်းပညာပံ့ပိုးခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယင်းနည်းပညာများ လက်ခံရယူသော Link Global ကုမ္ပဏီက ထုတ်လုပ်မှုအပိုင်းနှင့် ချိတ်ဆွင်းမှုများ ပြုပြင်ရေးကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တာဝန်ရှိသူတို့၏ ပြောကြားချက်အရ သိရှိရသည်။

"ဒေသဆိုင်ရာကုမ္ပဏီအား နည်းပညာလွှဲပြောင်း ပေးအပ်တာကြောင့် McWiLL ဆက်သွယ်ရေး Terminal များကို ထုတ်လုပ်နိုင်တဲ့အတွက် မြန်မာ့ဆက်သွယ်ရေးကဏ္ဍမှာ ထုတ်လုပ်မှုအသစ်တစ်ရပ် အောင်မြင်စွာစိုက်ထူနိုင်မှာ ဖြစ်ပါတယ်" ဟု တရုတ်ကုမ္ပဏီမှတာဝန်ရှိသူကပြောကြားသည်။ Link Global ကုမ္ပဏီမှ အမှုဆောင်ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်းကလည်း Terminal ၅၄ လုံးတည်ဆောက်သွားမည်ဖြစ်ကြောင်း McWiLL ဖုန်းများကို ကျပ် ၅၆၀,၀၀၀ (အင်တာနက်ပါ) နှုန်းဖြင့် မြို့ကြီးများ၊ ဝေးလံသော မြို့များတွင် သုံးစွဲလျက်ရှိကြောင်း လာမည့် လအနည်းငယ်အတွင်း အခြားဖုန်းများနည်းတူ McWiLL ဖုန်းများကိုလည်း သက်သာစွာ ဝယ်ယူသုံးစွဲခွင့်ရရှိမည်ဖြစ်ကြောင်း ပြောကြားသည်။

ဘေဂျင်း Xinwei ကုမ္ပဏီသည် တရုတ်နိုင်ငံ၏ မူပိုင်ဖြစ်သော Broadband Wireless Access နည်းပညာကို SCDMA, CDMA၊ ၎င်းမှတစ်ဆင့် McWiLL စသည့် ဆက်သွယ်ရေးနည်းပညာများကို တီထွင်ခဲ့ပြီး ကဏ္ဍအသီးသီးတွင် သုံးစွဲလျက်ရှိကာ အဆိုပါနည်းပညာကိုနိုင်ငံပေါင်း ၂၃ နိုင်ငံတွင် သုံးစွဲလျက်ရှိကြောင်း သိရသည်။

## အာဆီယံဆက်သွယ်ရေးညီလာခံတွင် Broadband စနစ်အကြောင်းထည့်သွင်းစဉ်းစားမည်

**ယုဇနကိုကို**

**ရန်ကုန်၊ နိုဝင်ဘာ-၁၈**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့်အာဆီယံဆက်သွယ်ရေးဝန်ကြီးများ ညီလာခံတွင် Broadband အင်တာနက်စနစ်များကို အဆင့်မြင့်စွာသုံးစွဲလာနိုင်ရေးနှင့်ပတ်သက်သောအကြောင်းအရာများကို ထည့်သွင်းဆွေးနွေးသွားမည်ဟုမြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ သတင်းအချက်အလက်နှင့်နည်းပညာဌာနမှအင်ဂျင်နီယာချုပ်ကပြောသည်။



အာဆီယံနိုင်ငံများ၏ ဆက်သွယ်ရေးဝန်ကြီးများတက်ရောက်မည့် အဆိုပါညီလာခံတွင် ဒေသတွင်းနိုင်ငံများ၏ သတင်းအချက်အလက်စီးဆင်းနိုင်မှုအခြေအနေများကို အဓိကဆွေးနွေးမှုများပြုလုပ်သွားမည်ဖြစ်ပြီး Broadband အင်တာနက်စနစ်ကို မြန်မာနိုင်ငံတွင် ပိုမိုကျယ်ပြန့်စွာအသုံးပြုလာနိုင်ရန်အတွက်ထိုကဲ့သို့ထည့်သွင်းဆွေးနွေးရန်စီစဉ်ထားရခြင်းဖြစ်ကြောင်းသိရသည်။

"ဘရော့ဘန်း အင်တာနက်ဆက်သွယ်မှုစနစ်နဲ့ပတ်သက်ပြီးတော့က အဓိကက မြန်မာနိုင်ငံရဲ့ အင်တာနက်သုံး စွဲနိုင်မှုအခြေအနေကိုပိုပြီးထိထိရောက်ရောက် အဆင့်မြှင့်တင်ပေးနိုင်ဖို့နဲ့ နိုင်ငံအချင်းချင်းမှာ ဒီစနစ်ကိုချိတ်ဆက်အသုံးပြုနိုင်အောင်ပါ"ဟုအထက်ပါတာဝန်ရှိသူက ဆက်လက်ပြောသည်။


ထိုအာဆီယံဆက်သွယ်ရေးဝန်ကြီးများညီလာခံတွင် ဒေသတွင်းနိုင်ငံများအပါအဝင် ဥရောပသမဂ္ဂမှ နိုင်ငံအချို့ ပါဝင်မည်ဖြစ်သည်။

အစည်းအဝေးကို ၂၀၁၂၊ ဒီဇင်ဘာ ၃ ရက်မှ ၉ ရက်အထိ ခုနစ်ရက်တိတိကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ထိုညီလာခံတွင် မြန်မာနိုင်ငံ၏ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးကဏ္ဍနှင့်ပတ်သက်သော နေပြည်တော်ကြေညာစာတမ်းတစ်စောင်ကိုပါ ထုတ်ဝေသွားမည်ဟု အထက်ပါတာဝန်ရှိသူထံမှသိရသည်။

ပြီးခဲ့သည့် ၂၀၁၁ ခုနှစ်၏ ထိုညီလာခံကို မလေးရှားနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့သည်။

ယခုနှစ် နေပြည်တော်ခရိုင်တွင်ကျင်းပမည့် ယင်းအာဆီယံဝန်ကြီးများ ညီလာခံ၌ ပြည်တွင်း၊ ပြည်ပမှ မီဒီယာများကို သတင်းများ တက်ရောက်ရယူခွင့်ပြုသွားမည်ဖြစ်ကြောင်းသိရသည်။







# ဘားကမ့်ရန်ကုန် တတိယအကြိမ် ကျင်းပမည်

ယုဇနကိုကို
ရန်ကုန်၊ နိုဝင်ဘာ-၁၆

နည်းပညာနှင့်ပတ်သက်ဆက်နွယ်နေသည့်မည်သည့် အကြောင်းအရာမျိုးကိုမဆို မည်သူမဆို လွတ်လပ်စွာတက်ရောက် ဆွေးနွေးနိုင်သည့် ဘားကမ့်ရန်ကုန်ကို တတိယအကြိမ်မြောက် ကျင်းပသွားမည်ဖြစ်ကြောင်းသတင်းရရှိသည်။

ဘားကမ့်ဆိုသည်မှာ နည်းပညာနှင့် ပတ်သက်ဆက်နွယ်နေသည့် အကြောင်းအရာကိစ္စတိုင်းကို သတ်မှတ်ထားသော နေရာတစ်ခုတွင် မည်သူမဆို လွတ်လပ်စွာ ဆွေးနွေး၊ ဟောပြော၊ တက်ရောက်နိုင်သည့် တွေ့ဆုံပွဲတစ်ခုဖြစ်သည်။

အသက်အရွယ်၊ အလုပ်အကိုင်ကန့်သတ်ထားခြင်းမရှိသည့် ထိုဘားကမ့်တွေ့ဆုံပွဲကို ၂၀၁၂ဖေဖော်ဝါရီ ၁၁ နှင့် ၁၂ ရက်များတွင် ရန်ကုန်မြို့၊ လှိုင်တက္ကသိုလ်နယ်မြေရှိမြန်မာအင်ဖိုတက်ခ်ဝင်းအတွင်း ကျင်းပေးသွားမည်ဖြစ်ကြောင်း ယင်း Barcamp Yangan 2012 စီစဉ်သူများထံမှသိရသည်။


တတိယအကြိမ်မြောက်ပြုလုပ်မည့် Barcamp Yangon 2012 သို့ နိုင်ငံတကာမှ Barcamper များမှာယခင်နှစ်များထက် ပိုမိုတက်ရောက်မည့် အနေအထားတွင်ရှိနေကြောင်း ယင်းတွေ့ဆုံပွဲကို စီစဉ်သူများထဲမှ တာဝန်ရှိသူတစ်ဦးဖြစ်သော ဦးတင်ထူးခိုင်ကပြောသည်။

ထို့အပြင် ယခုတစ်ခေါက်ကျင်းပမည့် အဆိုပါဘားကမ့်သို့ တက်ရောက်လာသူများ အင်တာနက်အသုံးပြုနိုင်ရန်အတွက် အခမဲ့ဝိုင်ဖိုင်အင်တာနက်ဇုန်များကိုပါ ပေးထားမည်ဖြစ်ပြီး တက်ရောက်လာသူများ ယူဆောင်လာသည့် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ ကို ပါဝါသွင်းယူနိုင်မည့် မီးပလပ်ပေါက်များကိုပါ အများအပြားစီစဉ်ပေးထားမည်ဖြစ်သည်။

ယခင်နှစ်များကဲ့သို့ပင် ဘားကမ့်တွေ့ဆုံပွဲသို့တက်ရောက်လာသူများအနက်မှ အလုပ်အကိုင်လိုအပ်နေသည့် လူငယ်များအတွက် ပြည်တွင်းနည်းပညာကုမ္ပဏီများ အနေဖြင့် အလုပ်အကိုင်ခေါ်ယူခြင်းများကိုပါပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ ကျင်းပမည့် ယင်းဘားကမ့်ရန်ကုန် ၂၀၁၂သည် ရန်ကုန်မြို့တွင် တတိယအကြိမ်မြောက် ပြုလုပ်ခြင်း ဖြစ်သည်။

၂၀၁၀ ပြည့်နှစ်က စတင်ပြုလုပ်ခဲ့သည့် ဘားကမ့်သို့ တက်ရောက်ခဲ့သည့် လူဦးရေအရေအတွက်သည် တစ်ကမ္ဘာလုံးအတိုင်းအတာအားဖြင့် တက်ရောက်သူအများဆုံးစံချိန်တင်နိုင်ခဲ့သည့် ပွဲတစ်ပွဲဖြစ်ခဲ့သည်။







Public Tendering Announcement


တင်ဒါခေါ်ယူခြင်း



# ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တွေ့ဆုံခြင်း

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကဏ္ဍ၌ဖြစ်ပေါ်နေသောလတ်တလောအပြောင်းအလဲဆိုင်ရာ သတင်းအချက်အလက်များအား နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးနှင့် မေးမြန်းခွင့်ရခဲ့သည်။

နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရှင်များသည် ၂၀၁၁ ဇူလိုင်လမှစက်တင်ဘာလအထိ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ နိုင်ငံပေါင်း ၁၁ နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ လာရောက်၍ စီးပွားရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ခြင်းအပေါ် မေးမြန်းထားခြင်းဖြစ်ပါသည်။

အထက်ပါနိုင်ငံများမှာ ကိုရီးယားနိုင်ငံ၊ ဂျပန်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ ဟောင်ကောင်၊ အိန္ဒိယနှင့် ရုရှားနိုင်ငံတို့သည် စုစုပေါင်း ၂၄ ကြိမ်ခန့် လာရောက်ဆွေးနွေးခဲ့ကြသည်။

ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးနှင့် 7Day News က မေးမြန်းထားသည်များကို ကောက်နုတ်ဖော်ပြလိုက်ပါသည်။

**ဇာဇာနီ၊ ကျော်သီဟ**



ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

**■ အခု လာရောက်ခဲ့တဲ့ နိုင်ငံပေါင်း ၁၁ နိုင်ငံကစီးပွားရေးလုပ်ငန်းရှင်တွေဟာ ဘယ်လိုကဏ္ဍမျိုးတွေမှာ ရင်းနှီးမြှုပ်နှံမှုလုပ်ဖို့ ရှိပါသလဲ။**

ဘဏ်ရုံးခွဲတည်ဆောက်ခြင်း၊ ပုဂ္ဂလိကကျောင်းတည်ဆောက်ခြင်း လုပ်ငန်းတွေမှာ လာရောက်ရင်းနှီးမြှုပ်နှံမည့် အခွင့်အလမ်းများ ဆွေးနွေးခဲ့ကြပါတယ်။

**■ မြန်မာနိုင်ငံမှာ လာရောက်ပြီး ရင်းနှီးမြှုပ်နှံတဲ့ နိုင်ငံ အများစုက သဘာဝဓာတ်ငွေ့၊ ရေအားလျှပ်စစ်စတဲ့ကဏ္ဍတွေမှာသာများနေပြီး ပြည်တွင်းရဲ့ကုန်ထုတ်လုပ်အပိုင်းတွေမှာရော ရင်းနှီးမြှုပ်နှံမှုလုပ်ဖို့ အစီအစဉ်မရှိဘူးလား။**

မြန်မာနိုင်ငံမှာ လာရောက်ရင်းနှီးမြှုပ်နှံတဲ့ နိုင်ငံအများစုက ရင်းနှီးမြှုပ်နှံမှုပမာဏအများစုက သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရေအား လျှပ်စစ်လုပ်ငန်းတွေမှာ ရင်းနှီးမြှုပ်နှံမှုများရှိသလို မတည်ငွေရင်း မများပေမယ့် အကျိုးအမြတ် ပြန်ပေါ်နှုန်း မြန်ဆန်တဲ့စီအမ်ပီ(အသေးစားစက်မှု)လုပ်ငန်းများမှာလည်း ရင်းနှီးမြှုပ်နှံမှုတွေ တိုးတက်ဖြစ်ပေါ်ဖို့လာပြီး ညှိနှိုင်းဆောင်ရွက်တာတွေ ပါတယ်။

**■ ယခု လာရောက်ဆွေးနွေးတဲ့အဖွဲ့တွေမှာ ဥရောပနိုင်ငံတွေ မတွေ့သေးဘူးဆိုတော့ ဒီနိုင်ငံတွေကရောလာဖို့ရှိပါသလား။**

မြန်မာနိုင်ငံကို လာရောက်ဆွေးနွေးတဲ့ အထဲမှာ အခုလောလောဆယ်မှာ လာရောက်ဆွေးနွေးမှု မရှိသေးပေမယ့် ခွင့်ပြုပြီးဖြစ်တဲ့ ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းတွေမှာ ဥရောပနိုင်ငံများဖြစ်တဲ့ ဆိုက်ပရစ်၊ ပြင်သစ်၊ ရုရှား၊ ဗြိတိန်စတဲ့ နိုင်ငံများ ရင်းနှီးမြှုပ်နှံမှုများစွာရှိပါတယ်။

**■ လက်ရှိမြန်မာနိုင်ငံမှာ အများဆုံး ရင်းနှီးမြှုပ်နှံတဲ့ နိုင်ငံနဲ့ ရင်းနှီးမြှုပ်နှံမှု ပမာဏတန်ဖိုးတွေဘယ်လောက်ရှိပါသလဲ။ ဘယ်လုပ်ငန်းတွေမှာ ရင်းနှီးမြှုပ်နှံထားပါသလဲ။**

မြန်မာနိုင်ငံ၏ အများဆုံး ရင်းနှီးမြှုပ်နှံမှုပြုလုပ်တဲ့ နိုင်ငံများစာရင်းကတော့ စက်တင်ဘာလကုန်အထိ တရုတ်နိုင်ငံက အမေရိကန်ဒေါ်လာ ၉,၆၀၃ ဒသမ ၁၆၈ မီလီယံ၊ ထိုင်းနိုင်ငံက အမေရိကန်ဒေါ်လာ ၉,၅၆၈ ဒသမ ဝ၉၃ မီလီယံ၊ ဟောင်ကောင်က အမေရိကန် ဒေါ်လာ ၆၃၀၈ ဒသမ ၄၉၅ မီလီယံ၊ ကိုရီးယားနိုင်ငံ အမေရိကန်ဒေါ်လာ ၂,၉၃၈ ဒသမ ၈၅၇ မီလီယံ စတဲ့ပမာဏတွေနဲ့ ရင်းနှီးမြှုပ်နှံထားပါတယ်။

မြန်မာနိုင်ငံမှာ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု အများဆုံး ပြုလုပ်တဲ့ကဏ္ဍတွေကတော့ ရေအား လျှပ်စစ်ကဏ္ဍ၊ ရေနံသဘာဝဓာတ်ငွေ့ကဏ္ဍ၊ သတ္တုကဏ္ဍနဲ့ စက်မှုကဏ္ဍတို့ဖြစ်ပါတယ်။

**■ မြန်မာနိုင်ငံ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုမှာ အကြီးစား၊ အလတ်စား၊ အငယ်စားဟူ၍ ခွဲခြားထားပြီး ရင်းနှီးမြှုပ်နှံနိုင်တဲ့ အချိန်ကာလ အတိုင်းအတာကိုသိချင်ပါတယ်။**

နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့် စပ်လျဉ်း၍ မြေအသုံးပြုခွင့် အမိန့်ကြော်ငြာစာအရ မြေငှားရမ်းခွင့်(သို့မဟုတ်)မြေအသုံးပြုခွင့်ကာလကိုစီးပွားရေးလုပ်ငန်း အမျိုးအစားနဲ့ ရင်းနှီးမြှုပ်နှံမှုပမာဏပေါ်မူတည်ကာ ကနဦး နှစ် ၃၀ နှင့် တစ်ဆက်တည်း သက်တမ်းတိုးခွင့် ၁၅ နှစ်(၂)ကြိမ် စုစုပေါင်းနှစ် ၆၀ ကြာ ငှားရမ်းခွင့်ပေးထားပါတယ်။

**■ အရင်က ရင်းနှီးမြှုပ်နှံမှုဝါဒတွေကို ပြင်ဆင်ခြင်း၊ အသစ်ဖြည့်စွက်ခြင်းများ ရှိပါသလား။**

နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဥပဒေနဲ့ဆောင်ရွက်တဲ့ ရင်းနှီးမြှုပ်နှံသူတွေကို မြေငှားရမ်းဆောင်ရွက်ရာတွင် လွယ်ကူအဆင်ပြေအောင်ပြည်ထောင်စုအစိုးရအဖွဲ့မှ မြေပိုင်ဆိုင်ရာ အမိန့်ကြော်ငြာစာအမှတ် ၃၉/၂၀၁၁ နှင့် နိုင်ငံခြားငွေဆိုင်ရာ အမိန့်ကြော်ငြာစာအမှတ် ၄၀/၂၀၁၁ ကို ထုတ်ပြန်ခဲ့ပါတယ်။

**■ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု မူဝါဒပြောင်းလဲပြင်ဆင်ရခြင်းအကြောင်းကို သိချင်ပါတယ်။**

နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု မူဝါဒများအနက် နိုင်ငံ၏စီးပွားရေးအဆောက်အအုံ တစ်ခုလုံး ပြောင်းလဲတိုးတက်ဖို့နဲ့ ခေတ်လျော်ညီရန်အတွက် မြေပိုင်ဆိုင်ရာ နိုင်ငံခြားငွေပိုင်ဆိုင်ရာ ပြင်ဆင်ခြင်းများ ပြုလုပ်ပါတယ်။

**■ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုနဲ့ပတ်သက်ပြီး အမျိုးသား အကျိုးစီးပွားရေးကဏ္ဍများမှာ ပြည်တွင်းလုပ်ငန်းရှင်များအနေနဲ့ ဘယ်အချက်အလက်တွေကို လိုက်နာရမည်၊ ရှောင်ကြဉ်ရမယ်ဆိုတာကို အသေးစိတ် သိလိုပါတယ်။**

ပြည်တွင်းလုပ်ငန်းရှင်တွေအနေနဲ့ နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှာ အရေးပါတဲ့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေမှာ မသမာတဲ့ နည်းနဲ့ လုပ်ကိုင်ခြင်းမပြုဘဲ နိုင်ငံတော်က ချမှတ်ထားတဲ့ဥပဒေ၊ စည်းမျဉ်း စည်းကမ်းတွေကို လိုက်နာဆောင်ရွက်ရမှာဖြစ်သလို ဒေသဆိုင်ရာမှာလည်း မိမိနိုင်ငံမှ ပါဝင်အကောင်အထည်ဖော်နေသော စီးပွားရေးဆိုင်ရာ သဘောတူစာချုပ်များရဲ့ ဖော်ပြချက်တွေအပေါ် မျက်ခြည်မပြတ်လေ့လာထားဖို့ လိုအပ်ပါတယ်။

**■ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုမှာ နိုင်ငံခြားသားများအတွက် ဘယ်လို အခွင့်အရေးများ ဥပဒေမှာ ပြဋ္ဌာန်းထားပါသလဲ။**

နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုမှာ နိုင်ငံခြားသားများအား အခွန်ဆိုင်ရာ ကင်းလွတ်ခွင့်၊ သက်သာခွင့်များ၊ နိုင်ငံခြားငွေလွှဲပြောင်းခွင့်၊ နိုင်ငံခြားသား အမှုထမ်း ခန့်ထားခွင့်၊ နိုင်ငံပိုင် မပြုလုပ်ရေးအာမခံချက် စတဲ့အခွင့်အရေးတွေများကို ပေးထားပါတယ်။

**■ အများပြည်သူများ သိသင့်၊ သိထိုက်သည့် ရင်းနှီးမြှုပ်နှံမှု မူဝါဒများ ဖြည့်စွက်ဖြေကြားပေးပါ။**

ရင်းနှီးမြှုပ်နှံမှု အဆင်ပြေချောမွေ့စေရေးနှင့် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရာတွင် ဝန်ဆောင်မှုပေးသည့်အနေနဲ့ရင်းနှီးမြှုပ်နှံမှုသတင်းအချက်အလက် စုဆောင်းရှာဖွေမြှင့်တင်ရေးအဖွဲ့ကို ဖွဲ့စည်းထားတယ်။ နေပြည်တော်မှာ အပတ်စဉ် သောကြာနေ့ လယ်၁ နာရီမှာ ညွှန်ကြားရေးမှူးချုပ်ဦးဆောင်ပြီးသက်ဆိုင်ရာဌာနမှတာဝန်ရှိသူများပါဝင်ကာ လက်ခံတွေ့ဆုံညှိနှိုင်းပေးလျက်ရှိပါတယ်။ ။

## စာ-၁၃၊ ဝလွန်း၊ ပိန်လွန်းသူများမှ

ထို့အပြင် ပုံမှန်ရာသီမလာခြင်း၊ ပုံမှန်ရာသီမလာသည့်အတွက် သားဥမကြွေခြင်းဖြစ်၍ ကလေးရနိုင်ရန် မလွယ်ကူခြင်း၊ ကလေးအလွယ်တကူပြတ်ကျနိုင်ခြင်း၊ ပေါင်မပြည့်သည့်ကလေးများ မွေးဖွားနိုင်ခြင်း စသည့်အခြေအနေများလည်း ဖြစ်ပေါ်စေနိုင်သည်။

"အလေးချိန်ကို အမှန်ကန်ဆုံးဖြစ်အောင် တွက်ချက်ထားတာတွေလည်း ရှိတယ်။ အမျိုးသမီးတစ်ယောက်ဆို အရပ် ၅ ပေဆိုရင် ပေါင် ၁၀၀ က ပုံမှန်ပဲ။ ၅ ပေထက် တစ်လက်မကျော်တိုင်း ၅ ပေါင်တက်သွားရမယ်။ ယောကျ်ားလေးဆိုလည်း ၅ ပေမှာ ၁၀၆ ပေါင်ရှိရမယ်။ တစ်လက်မ တက်လာတိုင်း ၆ ပေါင်တက်သွားတဲ့နှုန်းနဲ့ တွက်ချက်နိုင်တယ်။ အဲဒါရလာတဲ့ အလေးချိန်က ရှိသင့်ရှိထိုက်တဲ့ အလေးချိန်ပဲ" ဟု ဒေါက်တာစိုးလွင်က ပြောကြားသည်။

အစာစားသုံးသည့်ပုံစံသည်လည်း ကျန်းမာရေးအားကောင်းမွန်စေသင့်သော်လည်း စားလိုက်သည့်အစာသည် အာဟာရမဖြစ်ဘဲအဆိပ်ဖြစ်သွားစေသည့်အစားအသောက်များလည်း ရှိသဖြင့် ဆင်ခြင်သင့်ကြောင်း သိရသည်။

အစာစားသုံးသည့် အခါတွင် စားလိုက်ပြီးဆိုးကျိုးများဖြစ်စေသည်များလည်း ရှိရာ အစာစားသည့်အခါ မဆာလျှင် မစားခြင်း၊ အလွန်အကျွံပြည့်တင်းစေရန် စားခြင်းမှ ရှောင်ကြဉ်ခြင်း၊ မိမိနှင့် မတည့်သည့် အစားအစာများအား ဆင်ခြင်ခြင်း၊ အားနာ၍ စားခြင်းမှ ရှောင်ကြဉ်ခြင်း၊ နှမြော၍ စားခြင်းအား ဆင်ခြင်ခြင်း၊ အလကားရသည့်အတွက် အများအပြား စားသုံးခြင်းများသည် မိမိအား ဝေဒနာများသာ ဖြစ်စေနိုင်သည်အား သတိပြုသင့်ကြောင်း သိရသည်။

"အစာစားပြီးတဲ့အခါ စားပြီးရင် ကျေနပ်မှုရှိရမယ်။ အစာအစားက လိုအပ်တဲ့ဗီတာမင်ဓာတ်တွေနဲ့လည်း ညီညွတ်မျှတရမယ်။ နည်းနည်းနဲ့ ခဏခဏ စားရမယ်။ ပြီးတော့ ဖြည်းဖြည်းနဲ့ကြေညက်အောင် စားသင့်တယ်" ဟု အဆိုပါ ဆရာဝန်ကပြောသည်။

အစားအစာများအား ဖြည်းဖြည်းစားသင့်သည့်အကြောင်းမှာ ဦးနှောက်အတွင်းရှိ အစားအစာလိုအပ်မှုကို ထိန်းချုပ်သည့် အစိတ်အပိုင်းများသည် အစားအသောက်စားသည့်အခါ ဗိုက်ပြည့်၊ မပြည့် ဆုံးဖြတ်နိုင်ရန် အချိန်မိနစ် ၂၀ လိုအပ်သည့်အတွက် ထမင်းစားသည့်အခါ မိနစ် ၂၀ ခန့်ကြာအောင် စားသင့်ကြောင်း သိရသည်။

"အစားအသောက်စားတယ်ဆိုတာ တစ်ရက်တည်းအတွက် စားတာမဟုတ်ပါဘူး။ တစ်သက်လုံးစားရမှာဖြစ်တဲ့အတွက် သတိထားပြီး အဆိပ်မဖြစ်သွားစေအောင် သတိထားသင့်တယ်" ဟု ဒေါက်တာစိုးလွင်က ပြောကြားသည်။ မိမိတွင် ခံစားနေရသည့် ရောဂါဝေဒနာများမရှိသော်လည်း စိတ်ဓာတ်ကျနေတဲ့သူတစ်ယောက်အား ကျန်းမာသည်ဟု သတ်မှတ်၍ မရနိုင်ဘဲ လူတစ်ယောက်အနေ ပေါင်းသင်းဆက်ဆံရေး၊ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာတွေ ပြည့်စုံနေရန်လည်း လိုအပ်ကြောင်း ဒေါက်တာစိုးလွင်က ဆီဒိုးနားဟိုတယ်တွင်ပြုလုပ်ခဲ့သည့် ကျန်းမာရေးဟောပြောပွဲ၌ ပြောကြားခဲ့သည်။

အမျိုးသမီးများအနေဖြင့်လည်း မိမိ၏ အလှအပတရားတစ်ခုအတွက်သာမဟုတ်ဘဲကျန်းမာသည့် ခန္ဓာကိုယ်တစ်ခုဖြစ်စေရန်အတွက် အစားအသောက်များ ဆင်ခြင်စားသုံးခြင်းအပြင် အသက်အန္တရာယ်ကိုပါ ထိခိုက်နိုင်သည့် ကူးစက်ရောဂါများဖြစ်သော သားအိမ်ခေါင်းကင်ဆာ၊ ရင်သားကင်ဆာကဲ့သို့ ရောဂါများအား ကြိုတင်ကာကွယ်သည့် နည်းလမ်းများနှင့် မိမိကိုယ်အား ကာကွယ်သင့်ကြောင်း သိရသည်။

နောက်ရာစုနှစ် ၂ခုလောက်တွင်လည်း ကူးစက်ရောဂါများ မရှိသည့် အစားအသောက်ကြောင့် ဖြစ်ပွားသည့် သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ ဆီးချိုရောဂါများကြောင့်လည်း အသက်သေဆုံးမှု များပြားလာနိုင်ကြောင်း ကျွမ်းကျင်ဆရာဝန်များက အကြံပြုပြောကြားထားသဖြင့် ဂရုစိုက်၍ စားသောက်သင့်ကြောင်း သိရှိရသည်။

## စာ-၁၃၊ အရေပြားကင်ဆာ မှ

အရေပြားကင်ဆာမဖြစ်စေရန် ကာကွယ်ရမည့်နည်းလမ်းများမှာနေရောင်ခြည်အားတတ်နိုင်သရွေ့ တိုက်ရိုက်ထိတွေ့မှုမရှိစေရန် ဂရုပြုခြင်း၊ ပူအိုက်သည့်ရာသီတွင် အပြင်ထွက်မည်ဆိုပါက နေရောင်ခြည်ထိတွေ့မှုနည်းပါးစေရန် လုံခြုံစွာဝတ်ဆင်စေခြင်း၊ အပြင်ထွက်ပါက နေရောင်ကာ လိမ်းဆေးများလိမ်းခြင်း၊ သနပ်ခါးထူထူလိမ်းခြင်း၊ ထီး(သို့မဟုတ်) ဦးထုပ်အစရှိသည့် အဆောင်းအကာများနှင့် အပြင်ထွက်ခြင်း စသည့်နည်းများဖြင့် ကာကွယ်နိုင်ကြောင်း သိရသည်။

အမျိုးသမီးများတွင် ခေတ်ဆန်သည့် အဝတ်အစားများဖြစ်သည့် စကတ်အတိုများ၊ အကျႌလည်ဟိုက်များဝတ်ဆင်ပါက နေရောင်ခြည်တိုက်ရိုက်ထိနိုင်သည့် ဧရိယာပိုများသဖြင့် အရေပြားကင်ဆာဖြစ်ပွားနိုင်သည့်အခွင့်အလမ်းပိုများကြောင်းသိရသည်။

"ဒီကင်ဆာတွေကကြိုသိရင် လက်ဦးမှုရယူနိုင်တဲ့ ကင်ဆာတွေပါ။ ဒါကြောင့်ကြိုသိနိုင်တဲ့ အခြေအနေတွေကို ဂရုစိုက်ပြီး လက်ဦးမှု ရယူဖို့လိုပါတယ်" ဟု ဒေါက်တာလင်းထက်က ပြောကြားသည်။

7 DAY NEWS JOURNAL
Vol.10, No.36 • NOVEMBER 24, 2011

# အထီးကျန် ဘူတာ (ရသစာတမ်း)

■ ချမ်းငြိမ်း



**တစ်**ရံရောအခါက ရန်ကုန်အရှေ့ပိုင်း သံလျက်စွန်းရပ်ကွက်လေးသည် ကျယ်ပြောသောသစ်ကွင်း၊ ရှည်လျားကွေ့ကောက်သော ရထားသံလမ်း၊ စိမ်းစိုသောသစ်ပင်တို့ဖြင့် အိမ်စုစုလေးများ ဝပ်တွားဖွဲ့တည်နေပုံမှာ အေးချမ်းသော တောမြို့လေးပမာရှိခဲ့သည်။ မိုးလေကင်းစင်၍ ကောင်းကင်ကြည်လင်သော နေ့ရက်များတွင် ရပ်ကွက်လေးထဲမှ လူငယ်၊ လူရွယ်များ စွန်လွှတ်လေ့ရှိကြပါသည်။ ထိုစွန်လွှတ်သူများထဲ ကောင်လေးလည်းပါစမြဲ၊ ကောင်လေး၌ ရပ်ကွက်လေးထဲ စွဲလမ်းနေမိသော ကောင်မလေးတစ်ယောက်ရှိ၏။ ထို့အတူ ကောင်လေးနှင့်အပြိုင် ကောင်မလေးအား ပိုးနေသော လူငယ်လေးတစ်ယောက်လည်း ရှိပါ၏။ မည်သူ့ကို အဖြေပေးရမလဲ ကောင်မလေး ဝေခွဲမရဖြစ်နေစဉ် တစ်ညနေခင်း သစ်ကွင်းထဲမှာ ရည်းစားလုဖက်နှစ်ယောက် မထင်မှတ်ဘဲ စွန်အပြိုင်များဖြစ်ကြသည်။ ထိုအချိန်မှာပဲ ရုတ်တရက်ကောင်မလေး လျှောက်လာစဉ် ဆီတွဲရထားကြီးတစ်စင်း တအိအိခုတ်မောင်းလာသည်။ ဟာခနဲ ကောင်ကလေးဖြစ်သွားသည်။ ကောင်လေးရဲ့ စွန်ပြတ်သွားခြင်း၊ ပြတ်သွားသော စွန်ကလေးသည် ဝေ့ကာဝဲကာ ရထားတစ်ဖက်ခြမ်းမှ လူငယ်လေးနှင့် ကောင်မလေးဘက် ထိုးစိုက်ကျဆင်းနေပါသည်။ ကောင်လေးသည် ရစ်လုံးကို ကိုင်ထားရင်းတဂျုတ်ဂျုတ်ဖြတ်မောင်းသွားသည့် ဆီတွဲရထားကြီးတစ်ဖက်မှ သူ့စွန်လေးကို တွေတွေကြီးကြည့်နေလေသည်။

(၁)

လွန်ခဲ့သော နှစ်ပေါင်း နှစ်ဆယ်ခန့်က ဖတ်ခဲ့ဖူးသည့် **အသည်းကွဲ တစ်ယောက်ရဲ့စွန်** ဆိုသော ဝတ္ထုလေးတစ်ပုဒ်ကို မီးရထားများ၊ ဘူတာရုံများနှင့် ဆက်နွှယ်တိုင်း မကြာခဏ သတိရနေမိသည်။ ထိုဝတ္ထုလေးထဲ ပါဝင်ခဲ့သော ရန်ကုန်သံလျက်စွန်းရထားလမ်းပိုင်းသည် မြန်မာပြည်၌ ပထမဆုံး ဖောက်လုပ်ခဲ့သည့် မီးရထားသံလမ်းများ၏ မူလအစဖြစ်ပါသည်။ လွန်ခဲ့သော နှစ်ပေါင်းတစ်ရာ့သုံးဆယ်ကျော် ၁၈၇၄ ခုနှစ်က ဗြိတိသျှအစိုးရသည် မြန်မာပြည်တွင် ရထားပြေးဆွဲရန် အစီအစဉ် ချမှတ်ဆောင်ရွက်ခဲ့ရာ၌ ပထမဦးစွာ ရန်ကုန်-ပြည် ရထားလမ်းဖောက်လုပ်ရန် ရန်ကုန်အရှေ့သံလျက်စွန်းမှ စတင်ခဲ့ပြီး ထိုမှကမ်းနားလမ်းနှင့် ပုဇွန်တောင်လမ်းဆုံ၊ ရန်ကုန်မြို့တွင်းကိုဖြတ်၍ ဆက်သွားကုန်း၊ သမိုင်း၊ ညောင်ရုံး၊ ဂျို့ချောင်း၊ အင်းစိန်၊ စဉ့်ကူ၊ မင်္ဂလာဒုံ၊ အုတ်ဖို၊ လှော်ကား၊ လိပ်ပေါက်၊ သဲကုန်းအစရှိသည်တို့ကိုဖြတ်ကာ ပြည်မြို့သို့ သွယ်တန်းယူခဲ့ခြင်းဖြစ်သည်။

ရထားလမ်းခင်းရန် ဂဝံကျောက်များကို ဒေသခံတို့က တူးဖော်၍ ဖောက်လုပ်ရာနေရာ၌ စုပုံရောင်းချခဲ့ကြသည်။ တံတားလုပ်ရန် အုတ်ကို မွန်တို့နေထိုင်ရာ ကမာရွတ်ရွာ၌ လုပ်၍ ကမာရွတ်အလွန် အနိမ့်ပိုင်းကို အုတ်ကျင်းဟုခေါ်ခဲ့ကြသည်။ အချို့က တောထဲ၌ ပြိုပျက်နေသော အုတ်ကျိုးအုတ်ပဲ့တို့ကို လှည်းဖြင့်တိုက်ကာ အစိုးရထံရောင်းချကြသည်။

ဇလီဖားတုံးအတွက် လိုအပ်သည့် ပျဉ်းကတိုးသစ်များအား ခုတ်လှဲကာ အစိုးရထံသွင်းကြသည်။ သံလမ်းများကို တတ်နိုင်သလောက် သွယ်ပြီးနောက် မီးရထားရုံ၊ မီးရထားဝင်းတို့ကို သစ်သားဖြင့် ကာရံဆောက်လုပ်ခဲ့ကြသည်။ ထို့ကြောင့် မြန်မာပြည်၏ ပထမဦးဆုံးသော ဘူတာများမှာ သစ်သားဖြင့်သာ ဆောက်လုပ်ခဲ့ပါသည်။

ရန်ကုန်-ပြည် ရထားလမ်းဖောက်လုပ်ရာတွင် ထူးခြားချက်တစ်ရပ်မှာ ပုတီးကုန်းနှင့် သဲကုန်းရွာကြားတည်ရှိသောကြခတ်တောကြီးဖြစ်ပါသည်။ ဗြိတိသျှတို့သည် ရထားလမ်းဖောက်လုပ်ရာ၌ ပုတီးကုန်းရွာအကျော် ကြခတ်တောကြီးခံနေ၍ ရှင်းလင်းရန် အခက်အခဲတွေ့နေရာ ဤသို့အမိန့်ထုတ်ပြန်ခဲ့ရသည်။

"နက်ဖြန်မနက် စောစောကြခတ်တောကို လာကြရမည်။ ဝိတိုရိယဘုရင်မ တံဆိပ်ခေါင်းပါသော ငွေဒင်္ဂါး၊ ငွေငါးမူးစေ့၊ ငွေမတ်စေ့များကို မီးရထားအာဏာပိုင်များက ကြခတ်တောထဲသို့ ပေါက်ပေါက်ကြဲသလို ဆုပ်ကြဲချလိမ့်မည်။ မည်သူမဆို ကြခတ်တောကို ခုတ်ထွင်ရှင်းလင်းပြီး ရသလောက်ယူကြစေ" ဟူ၍ဖြစ်သည်။ အာဂအကြံ၊ နောက်တစ်နေ့နံနက်တွင် ခုတ်ထွင်ရှင်းလင်းစရာဓားမ၊ ပုဆိန်. . စသည့်ထက်မြက်ချွန်တက်သော လက်နက်တို့ဖြင့်ဒေသခံတို့တဖွဲဖွဲရောက်လာပြီး ကြခတ်တောကြီးအား ခုတ်ထွင်ရှင်းလင်းကာ သူ့ထက်ငါ ငွေဒင်္ဂါးများကောက်ယူကြသည်မှာ ရက်ပိုင်းအတွင်း ပြောင်သလင်းခါသွားပြီး ပြည်သို့ရထားလမ်း ဆက်လက်ဖောက်လုပ်နိုင်ခဲ့သည်။ ယင်းဖြစ်ရပ်ကိုအကြောင်းပြု၍ ရှေးလူကြီးတို့က ရန်ကုန်-ပြည်ရထားလမ်းကိုရွှေလမ်း၊ ငွေလမ်းဟု ဆိုစမှတ်ပြုခဲ့သည်။

မီးရထားဘူတာရုံကို ရှေးစာဆိုဦးခြိမ့်က 'ရပ်ရာစခန်းထောက်နှင့် လျှောက်၍ လျှောက်၍ တစ်ရုံ တစ်ရုံ' ရေးသားခဲ့ဖူးသလို ကင်းဝန်မင်းကြီးက မီးရထားရုံဟုခေါ်တွင်ခဲ့ဖူးသည်။ မြန်မာသက္ကရာဇ် ၁၂၄၀ တွင် ဟသ်ာတဆရာမှဲ့ဆိုသူက 'ဘူတာရုံအထက် ဟိုမြောက်ဘက်က' ဟူ၍လည်းကောင်း၊ 'လူမျိုးရယ်စုံ ရုံဘူတာရှေ့' ဟူ၍လည်းကောင်းသုံးစွဲခဲ့သည်။ မြန်မာပညာရှိ ဦးသာမြတ်၏ မှတ်တမ်းတစ်ခုတွင်မူ ဟိန္ဒူဘာသာ (Budha Ke Office)ခေါ်သည်ကိုဟိန္ဒူလိုမတတ်သော မြန်မာများက ဘူတာရုံဟု အနီးစပ်ဆုံးအမည်ပေးခဲ့ကြောင်း သိမှတ်ဖူး၏။ မည်သို့ပင်ဖြစ်စေ ဘူတာရုံဆိုသော ဝေါဟာရကို ရထားလမ်းများ ပေါ်ပေါက်လာပြီးနောက်တွင်ကျယ်စွာအသုံးပြုခဲ့သည်။ ရထားနှင့် ဘူတာမှာ ခွဲခြားမရစကောင်း၊ ရထားတို့မည်သည် ဘူတာဆီသာ ဦးတည်ထွက်ခွာရလေ့ရှိသည် မဟုတ်ပါလား၊ ရန်ကုန်ဘူတာကြီးကိုလည်း ဗြိတိသျှတို့က 'မီးရထားရုံတော်ကြီး' ဟုခေါ်တွင်ခဲ့ရာမှ ထိုနေရာတစ်ဝိုက်ကွမ်းခြံများ အများအပြားရှိခဲ့ခြင်းကြောင့် မြန်မာတို့က ကွမ်းခြံဘူတာကြီးဟုခေါ်တွင်ခဲ့ကြသည်။

မြန်မာပြည်တွင် ရထားလမ်းများ ဖောက်လုပ်ရာမှ အကျိုးအမြတ်ထွက်ခဲ့သည်မှာ ရှေးမြို့ဟောင်းအချို့ ပြန်လည်တွေ့ရှိခြင်းနှင့် ယဉ်ကျေးမှု အနုပညာပစ္စည်းများ တူးဖော်တွေ့ရှိခြင်းဖြစ်ပါသည်။ လောင်ဂျီတွဒ်တစ်တန်းတည်းခန့် ကျရောက်သော ဟန်လင်းကြီး၊ စစ်ကိုင်း၊ အင်းဝ၊ အမရပူရ၊ ဗိဿနိုး၊ သာယာဝတီ၊ မှော်ဗီအစရှိသည့်မြို့ဟောင်းများသည် ရထားလမ်းဖောက်လုပ်ရာ ဖြစ်ခဲ့သည်။ ရန်ကုန်-ပြည်လမ်းဖောက်စဉ် သာဓုကန်အနီး ဘုရားအပြိုအပျက်များမှ အနုလက်ရာအကျိုးအပဲ့များ တွေ့ရှိခဲ့သည်။ မှော်ဇာရွာ၊ သရက်ပျောက်ရွာ၊ လင်းရွာ၊ တောင်လုံးညိုရွာ အစရှိသည့် ရွာဟောင်းများ၏ မူလအစ ခေတ္တရာမြို့ရိုးကြီး မရှုမလှပျက်စီးနေသည်ကိုမြင်ရသောအခါမြို့သူ၊ မြို့သားတို့ဝမ်းနည်းပက်လက် ငိုကြွေးကြသည်ဆို၏။ ရန်ကုန်၊ မန္တလေးလမ်းဖောက်စဉ် ဒါးပိန်၊ ထုံးကြီး၊ ကျောက်တန်း၊ တာဝတို့၌လည်းကောင်း၊ ဇေယျဝတီ၊ တောင်ငူ၊ ဆွာမြို့ဟောင်းဖြတ်စဉ်ကလည်းကောင်း၊ စစ်ကိုင်းတစ်ဝိုက်၊ စစ်ကိုင်း-ရေဦး လမ်းဖောက်စဉ်ကလည်းကောင်း၊ ဝက်လက်၊ မုဆိုးခြုံ၊ ရွှေဘိုနယ် တစ်ဝိုက်ဖောက် လုပ်စဉ်ကလည်းကောင်း၊ ပဲခူး-ရေး လမ်းဖောက်လုပ်စဉ်ကလည်းကောင်း ရှေးဟောင်းသမိုင်းဝင် ယဉ်ကျေးမှု လက်ရာများ တူးဖော်တွေ့ရှိခဲ့ကြသည်။ မြန်မာပြည်အရပ်ရပ်သို့ မီးရထားလမ်းများဥဒဟိုဖောက်လုပ်ခဲ့ရာ၌ အချို့သောမြို့ရွာများမှာ အမည်ဟောင်းပျောက်၍ အမည်သစ်ဖြင့် ထင်ရှားလာသလိုရထားလမ်းနှင့် ဝေးကွာသွားသည့် မြို့ရွာများမှာ တဖြည်းဖြည်း ခြောက်သွေ့လာပါသည်။ မှတ်တမ်းများအရ အမည်ရွှေ့ပြောင်းလာပုံမှာ ထုံးကြီးကို ထူးကြီး၊ ထူးကြီးကို ဖူးကြီး၊ သာဓုကန်ကို မင်္ဂလာဒုံ၊ မင်္ဂလာဒုံကို တညင်းကုန်း၊ ရှမ်းပြည်နယ်တွင်ငုတ်ထိပ်မှ ဂုတ်ထိပ်၊ နန်းကျွန်းမှ နမ့်ချွန်၊ ကြွေရုပ်မှ ခွေးရုပ်အဖြစ် ပြောင်းလဲခေါ်ဝေါ်လာကြသည်။ ထို့အပြင် မလွှပင်များ ပေါက်နေ၍ မလွှကုန်းဘူတာ၊ သက်န်းပင်များ ပေါက်နေ၍ သက်န်းကျွန်းဘူတာ၊ နှင်းဆီခြံများ စိုက်ထား၍ နှင်းဆီကုန်းဘူတာဟုခေါ်ဝေါ်ကြရာမှထို အမည်အတိုင်း တည်ရှိလာခဲ့သည်။

(၂)

ရထားတွဲရှည်များ၊ သံလမ်းများ၊ ဘူတာရုံလေးများနှင့်ပတ်သက်၍ ရေးဖွဲ့ထားသော စာများထဲတွင် မှတ်မှတ်ရရ အရှိဆုံးမှာ ရန်ကုန်ဘဆွေ၏ **ရေကြိုမလေး** ဝတ္ထုဖြစ်ပါသည်။

"ရေချိုးမလား အစ်ကိုကြီး၊ ရေချိုးမလား" ဟု ပျဉ်းမနားဘူတာရောက်တိုင်း တစာစာခေါ်နေတတ်သော ရေကြိုမလေး၊ ရေသည်မလေးများထဲမှ ဆယ့်ခြောက်နှစ်အရွယ် မိန်းကလေးတစ်ဦး၏ ဘဝဖြတ်သန်းမှုကို သရုပ်ဖော်ထားသော ဝတ္ထုတိုလေး၊ ပြည်တွင်းစစ်မီးတောက်လောင်ဆဲကာလ ၁၉၅၈ ခုနှစ်က ရေးခဲ့သော ထိုဝတ္ထုတိုလေး၌ စနစ်၏သားကောင်၊ ခေတ်၏သားကောင်ဖြစ်ခဲ့ရသည့် ရေကြိုမလေးသည် သူပုန်မှုဖြင့် ထောင်ချခံနေရသော ဖခင်ဖြစ်သူ လွတ်မြောက်ရေးအတွက် သူ၏ဘဝစတေးခံကာ စွန့်စားရပုံကို သရုပ်ဖော်ထားသည့် ဝတ္ထုလေးဖြစ်သည်။ 'ရထားကြီးသည် ဝေနေသော နှင်းတွေကြားထဲတွင် ပျဉ်းမနားဘူတာကို စွန့်ခွာ၍လာခဲ့သည်။ ညနေ ရထားဆိုက်ချိန်တွင် ပညာသင်ချိန်အရွယ်မျှသာ ရှိသေးသော ရေကြိုမလေးသည် အပေါ်စားနှုတ်ခမ်းဆိုးဆေးကို သုတ်ခြယ်ကာ ပြုံးသော မျက်နှာဖြင့် ဤဘူတာအတွင်း၌ လူးလာတုံ့ပြန်လျက်ရှိနေပေလိမ့်မည်' ဆိုသော အရေးအဖွဲ့က ပြည်တွင်းစစ်ဒဏ်ကို မီးမောင်းထိုးပြထားသည်။ ရေကြိုမလေးလို ခေတ်နှင့်စနစ်ကိုထင်ဟပ်သောနိုင်ဝင်းဆွေ၏ **နွေတစ်ည** နှင့် **မသိန်းရှင်ဆီပို့ပေးပါ**ဝတ္ထုတို့သည်မကြာခဏသတိရနေတတ်သော စာအုပ်များဖြစ်ပါသည်။ စီးပွားရေး မပြေလည်၍ မှောင်ခိုကုန်ကူးရာမှ အိမ်ထောင်ပျက်ခဲ့ရသည့် သနပ်ခါးတွေမှုန်ဝေနေသောဝေ၊ မြိုင်ကြီး၊ မြို့သစ်ကလေး၊ ဟေမန်ဆိုသော ဘူတာစဉ်များနှင့် မပီပိုးတဝါး မှောင်ရီနွေညများ၊ဝေ့အကြောင်းတွေးမိတော့ ရင်တို့ပူနွေးလိုက်ခုန်သွားပါသည်။ နွေတစ်ညလိုပဲ မသိန်းရှင်သည် ဆိုရှယ်လစ် စီးပွားရေးလက်ထက် မှောင်ခိုလုပ်ငန်းကြီးထွားလာပုံ၊ ညိုညိုဆိုသည့် မှောင်ခိုမလေးနှင့် ကိုရင်မောင်ဆိုသည့် လက်မှတ်စစ်တို့ အကြောင်း၊ မှောင်ခိုလုပ်ငန်းကို မီးမောင်းထိုးပြသထားသည့် ထိုစာအုပ်လေးများက အာရုံထဲစွဲစွဲထင်ထင် ကျန်နေဆဲ ဖြစ်ပါသည်။

ဆရာမြသန်းတင့်သည်မောင်သစ်တည် အမည်ဖြင့် ဘာသာပြန် ကဗျာအချို့နှင့် **စက္ကူမြင်းတောင်တွင်းရထား** ဆိုသည့်ပင်ကိုရေးကဗျာရှည်ကြီးကို ရေးဖွဲ့ခဲ့သည်။ စကားပြောရစ်သမ်ဖြင့် ရေးထားသော ယင်းကဗျာရှည်ကြီးတွင် ဗြိတိသျှလက်ထက်စက်ခေါင်းတွဲအဟောင်းကြီးအား အသုံးပြုကာ တရှူးရှူးတရှဲရှဲ ခုတ်မောင်းသော တောင်တွင်းကြေးနီရထားအား 'သံမဏိမြင်း' အဖြစ်လည်းကောင်း၊ ဘူတာရောက်၍ ထိုးရပ်သွားသည့်အခါ 'စက္ကူမြင်း' အဖြစ်လည်းကောင်း တင်စားရေးဖွဲ့ထားပြီး တစ်နေရာ၌ . . .

ရိုးမတစ်ကြောက
သစ်ခုတ်သမားလည်းပါရဲ့
ယာသမားနဲ့ ကြံတောင်သူ
ဆန်မှောင်ခိုသူလည်းရှိ
အလှူရေစက်ချ
ပစ္စည်းဝယ်သူ
တစ်နယ်က မိဘကိုကန်တော့
ပြန်လာသူ
ရန်ကုန်ကိုသွားပြီး ပင်စင်လျှောက်
သူ၊ ကျောက်ကုန်ကူးသူ
အမှုးသမားက
လျက်ဆားသည်ဆီမှာ
နမူနာ တောင်းလို့ . . .

ဟူ၍ ရထားစီးခရီးသည်များဘဝကို ပေါ်လွင်အောင် ရေးဖွဲ့ထားသည်။

ထိုကဗျာကဲ့သို့ပင် နိုင်ငံရပ်ခြားကဗျာများထဲတွင် ဆိုဗီယက်ကဗျာဆရာ ယက်ဖ်တူရှင်ကို၏ **ဇီမာလမ်းဆုံ** ကဗျာရှည်ကြီးသည် အာဏာရှင်စတာလင် ကွယ်လွန်ပြီးနောက် ဇာတိရပ်မြေဆိုက်ဗေးရီးယားနယ်သို့ ပြန်သွားသော နိုင်ငံသားတစ်ဦး၏ တွေ့မြင်ခံစားမှုကို ရေးဖွဲ့ထားရာ ရထားများ၊ ဘူတာငယ်လေးများ မြင်တွေ့တိုင်း မှတ်မိနေသော ကဗျာတစ်ပုဒ်လည်း ဖြစ်ခဲ့သည်။

တောင်ကုန်းထိပ်ပေါ်မှာ
အတော်ကြာရပ်ရင်း
ဘူတာဝင်းထဲက
အဆောက်အအုံတွေ
ယာတဲတွေစပါးကျီတွေကို
ငါကြည့်နေမိတယ်။
ဒီတုန်းမှာ
ဇီမာလမ်းဆုံ ဘူတာက
ငါ့ကိုစကားပြောတယ်။
သူပြောတဲ့စကားက
ငါကတော့
အေးချမ်းငြိမ်သက်စွာနေပြီး
သစ်သီးတွေကိုဆွဲ
မီးရထားခေါင်းတွဲတွေနဲ့အတူ
ရေနွေးငွေ့တွေကို
အသာမှုတ်ရင်း
ခပ်ကုပ်ကုပ်ပဲနေတယ်
ဒါပေမဲ့ ဒီခေတ်ကြီး
ငါတို့ခေတ်ကြီးရဲ့
အကြောင်းအရာတွေကို
ဘယ်မှာမတွေးဘဲ
နေနိုင်ပါ့မလဲကွာ

ဒါကတော့ ဆိုက်ဗေးရီးယားပြည်နယ် ဇီမာမြို့လေးကို ပြန်လာတော့ သူ့မြို့ကလေးကို မြင်တဲ့အခါ ဘာမှ ထူးထူးခြားခြား ပြောင်းလဲမှု မရှိသေးတဲ့အတွက် အားမလို အားမရအသံပါပဲ။ တစ်ခါတလေတော့လည်း အင်္ဂလိပ်အဖြူ ဘောင်းဘီနက်ပြာဝတ် ရထားဝန်ထမ်းများကို မြင်သည့်အခါ ဇာတိသားမဟုတ်သော်လည်း တာဝန်ကျရာ ရပ်ရွာမှာ တစ်စိုက်မတ်မတ် ပရဟိတ လုပ်ကိုင်တတ်သော **ဂျမ ဒါစိန်ဝင်း**ဆိုသည့် အက်ဆေးဆရာတစ်ဦး၏ ရသစာတမ်းနှင့် ညဉ့်အချိန်မတော် ပြန်လာရ၍ နံနက်ကျောင်းသွားမည့် ဇနီးကျောင်းဆရာမလေး နိုးသွားမည်စိုးကာ အိမ်ထဲမဝင်ဘဲ ခြံတံခါးဝ၌သာ နံနက်လင်းသည်အထိ စောင့်ဆိုင်းနေတတ်သော ရထားလက်မှတ်စစ်လေး၏ အိမ်ထောင်ရေးကို ရက်ရှယ်ထားသည့် **အိပ်စက်ရင်ခုန်**ဝတ္ထုတိုလေးကို သတိတရအောက်မေ့မိလေသည်။ နိုင်ငံခြား ရုပ်ရှင်ကားများထဲတွင် ရထားနှင့်ပတ်သက်၍ မမေ့နိုင်သော ဇာတ်ကားနှစ်ကားရှိပါသေးသည်။ **ဒေါက်တာဇီဗားဂိုး** ဇာတ်ကားထဲ၌ ဆိုက်ဗေးရီးယားဒေသကို ဖြတ်ကျော်စဉ် အလုံပိတ်ရထားထဲမှ ဇာတ်ဝင်ခန်းနှင့် **ရှင်းဒလားလစ်** ဇာတ်ကားထဲမှ ဂျူးလူမျိုးများအား အမြစ်ဖြတ်သုတ်သင်ရန် အော့ဇဝဇ်အကျဉ်းစခန်းသို့ တင်ပို့ခန်းဖြစ်သည်။ ဒုတိယကမ္ဘာစစ်အတွင်းက ဂျာမနီအာဏာရှင်ဟစ်တလာသည် ဥရောပတစ်ဝန်း ဂျူးသက်ကြီးရွယ်အိုများ၊ အမျိုးသမီးများနှင့် ဂျူးကလေးငယ်များကို အတင်းအဓမ္မဖမ်းဆီးကာ အလုံပိတ်ရထားနှင့် အဆိပ်စခန်း တင်ပို့ခဲ့သည်။ ထို့အတူ ယိုးဒယား-မြန်မာ သေမင်းတမန်လမ်းသည် ဖက်ဆစ်ဂျပန်တို့၏ အဓမ္မခိုင်းစေမှုဖြင့် ဖောက်လုပ်ခဲ့ရာ ချွေးတပ်သားရှစ်သောင်းကျော်၊ စစ်သုံ့ပန်းတစ်သိန်းသုံးသောင်းကျော် သေဆုံးခဲ့၍ ကမ္ဘာကျော်ခဲ့သည်။ လူ့သမိုင်းတွင် လူတို့၏ ရုပ်ပိုင်း၊ စိတ်ပိုင်းဖွံ့ဖြိုးတိုးတက်အောင် စွမ်းဆောင်မှုများ ရှိခဲ့သလိုတစ်ဖက်၌လည်း ဆိုးယုတ်မှုများကနေရာအနှံ့ဖြစ်ပွားခဲ့ပါသည်။

(၃)

ကြွေရွက်တို့သည် မြေထက်ဖွေ့ဖွေ့လူးလွင့်ခါသွားကြသည်။ နွေလေပူကြီး တစ်ချက်မှုတ်လိုက်တိုင်း ဘူတာဘေးရှိ သစ်ပင်သစ်ကိုင်းခြောက်တို့မှရော်ရွက်အချို့တဖြုတ်ဖြုတ်ကြွေလွင့်လာပြန်သည်။

စာ(၄၀) သို့

7DAY NEWS JOURNAL
Vol.10, No.36 • NOVEMBER 24, 2011



ဓာတ်ပုံ-ဧရာအောင်(အေအက်ဖ်ပီ)

# ပါတီမှတ်ပုံတင်ရန် ဆုံးဖြတ်ချက်အပေါ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားချက်

အိဖြူလွင်

**ကျွန်မတို့နိုင်ငံမှာ ကျွန်မအမြင်မှာကတော့ နံပါတ်-၁ ထားရမှာ ဥပဒေစိုးမိုးရေးပါ။** ဘာဖြစ်လို့လဲဆိုတော့ ဥပဒေစိုးမိုးရေးမရှိဘဲနဲ့ ကျွန်မတို့ တခြားကိစ္စတွေ မလုပ်နိုင်ပါဘူး။ ဥပမာအားဖြင့် ဥပဒေစိုးမိုးရေး မရှိဘဲနဲ့လည်း ပြည်တွင်းငြိမ်းချမ်းရေးရဖို့ အင်မတန်ခက်ပါတယ်။ ဥပဒေစိုးမိုးရေးရှိမှ ပြည်နယ်တွေမှာ ပြည်သူတွေရဲ့ အခွင့်အရေးတွေ ချိုးဖောက်ခံနေရတာကို ကျွန်မတို့ မီးမောင်းထိုးနိုင်မယ်။ ကာကွယ်နိုင်မယ်။ ပြုပြင်နိုင်မယ်။ ဒါကြောင့် နံပါတ်-၁ က ဥပဒေ စိုးမိုးရေးလို့ ကျွန်မမြင်ပါတယ်။ ဥပဒေစိုးမိုးရေးနဲ့ ဒွန်တွဲနေတာကလည်း ပြည်တွင်းငြိမ်းချမ်းရေးပါ။ ကျွန်မက ဥပဒေစိုးမိုးရေးကို နံပါတ်-၁ လို့ ပြောလို့ ပြည်တွင်းငြိမ်းချမ်းရေးထက် ပိုပြီးအရေးကြီးလို့မဟုတ်ပါဘူး။ ပြည်တွင်းငြိမ်းချမ်းရေးအတွက် လိုအပ်လို့ ဥပဒေစိုးမိုးရေးကို ထည့်တာပါ။

**ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ပြုပြင်ရေးဆိုတာမှာ**

၂၀၁၀မှာ ပါတီမှတ်ပုံမတင်ဖို့ ဆုံးဖြတ်တဲ့နေရာမှ ဖွဲ့စည်းပုံအခြေခံဥပဒေကို မကျေနပ်လို့ ဆိုတာလည်းပါပါတယ်။ တရားဝင်အကြောင်းပြချက် ဆုံးဖြတ်ချက်အနေနဲ့ကတော့ ရွေးကောက်ပွဲဥပဒေတွေဟာ တရားမမျှတလို့ ကျွန်မတို့ လက်မခံနိုင်လို့။ ဒါပေမဲ့ဖွဲ့စည်းပုံကို ပြင်ဆင်သင့်တယ်ဆိုတာ ရွှေဂုံတိုင်ကြေညာချက်မှာလည်းပါပါတယ်။ ပြင်ဆင်သင့်တယ်ဆိုတာ ကျွန်မတို့ပါတီတစ်ခုတည်းအတွက် ပြောတာမဟုတ်ပါဘူး။ တစ်နိုင်ငံလုံးအတွက်၊ ကျွန်မတို့ရဲ့ ပြည်ထောင်စုတိုင်းရင်းသားအားလုံးအတွက်၊ လိုအပ်တဲ့ပြင်ဆင်မှုတွေအတွက် ကျွန်မတို့ ဦးတည်ပြီးတော့ လုပ်သွားရမှာဖြစ်ပါတယ်။ ဒီဟာက ဒီချုပ်ကိုပြန်ပြီးတော့ မှတ်ပုံတင်တဲ့အခါမှာလုပ်ဆောင်ရမယ့် အဓိကလုပ်ငန်းတစ်ရပ်ဖြစ်တယ်လို့ထင်တယ်။

အကျဉ်းကျနေတဲ့ ကျွန်မတို့အဖွဲ့ဝင်တွေကို အဖွဲ့ကနေ ထုတ်ပစ်ဖို့ မလိုဘူးဆိုတာကို အထူးအထွေ ရှင်းပြနေဖို့ မလိုပါဘူး။ ၂၀၁၀ တုန်းက ဒီလိုစည်းမျဉ်း စည်းကမ်းပါနေတဲ့အတွက် ကျွန်မတို့လက်မခံခဲ့ပါဘူး။ ဒါက လွယ်လွယ်လေးပါ၊ ရှင်းရတာ။ ကိုယ့်အတွက်၊ ကိုယ့်နိုင်ငံအတွက်၊ ကိုယ့်ရဲ့ပါတီအတွက်၊ ကိုယ့်အဖွဲ့အစည်းအတွက် ယုံကြည်ပြီးတော့ ယုံကြည်ချက်နဲ့ အနစ်နာခံပြီး အကျဉ်းကျခံနေရတဲ့ ကျွန်မတို့ရဲ့ ရဲဘော်ရဲဘက်တွေကို ထုတ်ပစ်ဖို့ ဆိုတာ အင်မတန်မှ သိက္ခာမဲ့တဲ့ကိစ္စဖြစ်ပါတယ်။ ခုဒီအချက်အလက်လည်း ပြောင်းလဲသွားပြီဆိုတော့ ကျွန်မတို့လက်ခံခဲ့ပါတယ်။

**၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ်ကို အသိအမှတ်ပြုရမယ်ဆိုတဲ့ ကိစ္စ။**

ဒီဟာ နှစ်ခုခွဲပြီး ပြောချင်ပါတယ်။ ဥပဒေအရ ၉၀ ခုနှစ် ရွေးကောက်ပွဲရလဒ်ဟာ တရားဝင်ပါတယ်။ ဘာကြောင့်လဲဆိုရင် ဘားမားဂေဇက်ထဲမှာ ဒီရွေးကောက်ပွဲမှာ အောင်နိုင်ခဲ့တဲ့ ကိုယ်စားလှယ်များစာရင်းက ကြေညာထားပြီးသားဆိုတော့ ဒါဟာ ဘယ်ပုဂ္ဂိုလ်တစ်ဦး၊ ဘယ်အဖွဲ့အစည်းတစ်ခု၊ ဘယ်အစိုးရတစ်ခုရဲ့ အတည်ပြုချက်ကိုမှ မလိုတော့ပါဘူး။ ဒါတရားဝင်ဆိုတာ လက်ခံထားပြီးသားပါ။ အခုဆိုရင် ကြားကြတဲ့အတိုင်းဦးခင်အောင်မြင့်က ဒီချုပ်၉၀ ရွေးကောက်ပွဲမှာ အောင်နိုင်ခဲ့တယ်ဆိုတဲ့ကိစ္စကိုသတင်းမီဒီယာတွေကို ပြောခဲ့ပါတယ်။ ကျွန်မကတော့ဒါကို လက်ခံပါတယ်။ ၂၀၁၀ ရွေးကောက်ပွဲက တက်လာတဲ့ လွှတ်တော်နာယက တစ်ယောက်က ဒီလိုပြောလိုက်တာကို လက်ခံနိုင်တဲ့ အကြောင်း ရှိတယ်လို့ ဒီလိုပဲ ပြောချင်ပါတယ်။ ၁၉၉၀ ရွေးကောက်ပွဲနဲ့ ပတ်သက်လို့လည်း အခုထိ အာဏာပိုင်များရဲ့ လုပ်ကိုင်ချက်များဟာ လက်ခံနိုင်ဖွယ်ရှိတယ်လို့ ကျွန်မသုံးသပ်ပါတယ်။ ဒါကြောင့်မို့ ဒီချုပ်က ပြန်လည်ပြီး မှတ်ပုံတင်ရေးကို ကျွန်မထောက်ခံတာပါ။

**ကြားဖြတ်ရွေးကောက်ပွဲမှာ ဝင်ရေးမဝင်ရေးမှာ**စည်းမျဉ်းစည်းကမ်းအရတော့ကျွန်မတို့နေရာ ၃နေရာမှာယှဉ်ပြိုင်ရမှာဖြစ်ပါတယ်။ ပြောရမယ်ဆိုရမယ်ဆိုရင်တော့ ဒီ ၃ နေရာနဲ့ပဲ အဖွဲ့ရဲ့ ရပ်တည်ရေးအတွက်လုပ်မှာလား၊ လစ်လပ်နေရာအားလုံးမှာ ဝင်ရောက်ယှဉ်ပြိုင်မှာလားဆိုတော့ အများစုကတော့ အားလုံးယှဉ်ပြိုင်ပြီးတော့ ဝင်မယ်ပြောတယ်။ တချို့ကတော့ တိုတိုပြောရရင် ကျွန်မသဘောအတိုင်းလို့ပြောတယ်။ ကျွန်မ သဘောကတော့ ယှဉ်ပြိုင်မှာ ဖြစ်ပါတယ်။ ကျွန်မတို့ နိုင်ငံရေးပါတီ တစ်ခုရဲ့ လှုပ်ရှားမှုတွေကို ပြန်ပြီးတော့ အသက်သွင်းချင်တဲ့ လှုပ်ရှားမှုအနေနဲ့ ကျွန်မတို့ လုပ်ချင်တာ ဖြစ်ပါတယ်။

ကျွန်မဝင်ပြိုင်ရင် ကျွန်မရဲ့ သိက္ခာကိုထိမလားဆိုပြီး တချို့က စိုးရိမ်မိတယ်တဲ့။ ရှင်းရှင်းပြောရမယ်ဆိုရင် နိုင်ငံရေးလုပ်တယ်ဆိုရင် ကိုယ့်ရဲ့သိက္ခာကိုကြည့်ပြီး လုပ်တယ်ဆိုတာ မလုပ်သင့်ပါဘူး။ လုပ်သင့်လုပ်ထိုက်တယ်ဆိုရင် လုပ်ရမှာပါပဲ။ ကျွန်မအနေနဲ့ ဝင်သင့်တယ်ထင်ရင် ဝင်မှာပါပဲ။ ဒီဟာက လူတစ်ဦးတစ်ယောက်ရဲ့ သိက္ခာနဲ့ မဆိုင်ပါဘူး။ လူတစ်ဦး တစ်ယောက်ဟာသူ့ရဲ့သိက္ခာကိုအဓိကထားပြီး လုပ်တယ်ဆိုရင် ဒါဟာ ဆန္ဒစွဲနဲ့ လုပ်တဲ့နိုင်ငံရေး ဖြစ်သွားပါလိမ့်မယ်။ ကျွန်မတို့ခုလုပ်နေတဲ့ နိုင်ငံရေးဟာ အားလုံးကိုရင်းပြီး လုပ်ရတဲ့နိုင်ငံရေးပါ။ ဒီဘဝမှာ ရင်းရတာမှန်သမျှထဲမှာ ဆိုရင် အကြီးမားဆုံးက ကိုယ့်သိက္ခာပေါ့။ ကိုယ့်သိက္ခာကိုတောင် ရင်းပြီးတော့ လုပ်ရမယ့် အခြေအနေမှာဆိုရင်ခုကျွန်မတို့လုပ်နေတဲ့အလုပ်တွေဟာ စွန့်စားချက်ပဲလို့ ကျွန်မဆိုချင်ပါတယ်။ စွန့်စားတယ်ဆိုတဲ့နေရာမှာ မျက်စိစုံမှိတ်ပြီးတော့ စွန့်စားရတာ မဟုတ်ပါဘူး။ အခြေအနေကို သုံးသပ်ပြီးတော့ စွန့်စားသင့်တဲ့ အချိန်ရောက်လို့ စွန့်စားမယ်လို့ ဆုံးဖြတ်ရတာ ဖြစ်ပါတယ်။ စွန့်စားတယ်ဆိုတာ ဘာအဓိပ္ပာယ်လဲဆိုရင် တစ်ရာရာခိုင်နှုန်း အောင်မြင်ခြေရှိတယ်လို့ မပြောနိုင်တဲ့ အဓိပ္ပာယ်ပါ။ တစ်ရာ ရာခိုင်နှုန်း အောင်မြင်ပါမယ်လို့ အာမခံရှိတဲ့ အလုပ်မျိုးမှ လုပ်မယ်ဆိုရင်တော့ နိုင်ငံရေးလုပ်ဖို့ လုံးလုံးကိုမဖြစ်နိုင်ပါဘူး။ နိုင်ငံရေးမှာ ဘယ်တော့မှ တစ်ရာ ရာခိုင်နှုန်းအာမခံချက်ရှိမယ်လို့ မဖြစ်နိုင်ပါဘူး။ တစ်ရာ ရာခိုင်နှုန်းအောင်မယ်လို့ အာမခံချက်ပေးနိုင်တဲ့အလုပ်မှ လုပ်ချင်တယ်ဆိုရင် တခြားအလုပ်ရှာရပါလိမ့်မယ်။ ကျွန်မတို့အလုပ်က ဒီလိုအလုပ်မျိုးမဟုတ်ပါဘူး။ ကျွန်မတို့ယုံကြည်ချက်အရ သုံးသပ်ချက်အရ အောင်နိုင်ဖို့အလားအလာကောင်းတယ်လို့ ကျွန်မယုံကြည်ပါတယ်။ အောင်နိုင်ဖို့အလားအလာကောင်းတယ်လို့လည်းယုံကြည်တယ်။ လုပ်သင့်တယ်လို့လည်းယုံကြည်တယ်။ တစ်ခါတလေ အမှန်ပြောရမယ်ဆိုလို့ရှိရင် လုပ်သင့်လုပ်ထိုက်တယ်ဆိုတဲ့ ကိစ္စတစ်ခုကို လုပ်တဲ့နေရာမှာ အောင်နိုင်ဖို့ အလားအလာနည်းတယ်လို့ ထင်ရင်တောင် လုပ်ရပါမယ်။ ဘာလို့လဲဆိုတော့ လုပ်သင့်လုပ်ထိုက်လို့ လုပ်တဲ့အချိန် သွားမယ့်အခါမှာ မအောင်မြင်ရင်တောင် ကိုယ်က မှန်မှန်ကန်ကန် ဆုံးဖြတ်ချက်ချခဲ့တာကြောင့် နောင်လာမယ့်လူတွေအတွက် လမ်းကပို့ပြီးတော့ ခိုင်မာသွားမယ်။ ရှင်းလင်းသွားမယ်ဆိုတာ ဖြစ်နိုင်ပါတယ်။ အဲဒီတော့ ခုချိန်မှာကျတော့ ကျွန်မတို့က ဒီလိုစွန့်စားပြီးတော့ ဆုံးဖြတ်တဲ့နေရာမှာ ခံယူမယ့်အလားအလာတွေကလည်း ကောင်းတယ်လို့ ကျွန်မမြင်ပါတယ်။ ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ လုပ်သင့်လုပ်ထိုက်တာကိုလုပ်ရမယ်လို့ ကျွန်မမြင်ပါတယ်။

**(နိုဝင်ဘာ ၁၈ ရက်ဆုံးဖြတ်ချက်ချအပြီး ဒေါ်အောင်ဆန်းစုကြည် ပြောကြားသောမိန့်ခွန်းမှ ကောက်နုတ်ဖော်ပြခြင်းဖြစ်ပါသည်)**

**အိဖြူလွင်**

## NLDဆုံးဖြတ်ချက်အပေါ် သုံးသပ်ချက်အမြင်များ

**ငြိမ်းငြိမ်းနိုင်၊ အိဖြူလွင်**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)သည် ပါတီမှတ်ပုံတင်ပြီး လာမည့်ကြားဖြတ်ရွေးကောက်ပွဲတွင်ဝင်ရောက်ယှဉ်ပြိုင်ရန် နိုဝင်ဘာ ၁၈ရက်က ဆုံးဖြတ်လိုက်ပြီဖြစ်သည်။

NLD ၏ ဆုံးဖြတ်ချက် ထုတ်ပြန်ကြေညာပြီးနောက် ပြည်တွင်းနိုင်ငံရေး အသိုင်းဝိုင်းတင်သာမဟုတ်ဘဲ နိုင်ငံတကာအသိုင်းအဝိုင်းတွင်ပါ ထင်မြင်သုံးသပ်ချက်မျိုးစုံထွက်ပေါ်လာရာ 7Day Newsက မတူညီသည့် အမြင်သုံးသပ်ချက်များကို စာဖတ်သူများ ဖတ်ရှုသုံးသပ်နိုင်ရန် စုစည်းဖော်ပြလိုက်ပါသည်။ **(အချပ်ပို- A~Dတွင်ရှု)**



■ ဦးဝင်းတင်
(ဗဟိုအလုပ်အမှုဆောင်)
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် (SNLD)

■ ဦးစိုင်းလိတ်
(ဗဟိုအလုပ်အမှုဆောင်)
ရှမ်းတိုင်းရင်းသားများ
ဒီမိုကရေစီအဖွဲ့ချုပ်



■ ဦးမြင့်လှိုင်
(အမျိုးသားလွှတ်တော်ကိုယ်စားလှယ်)
ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်
ဖွံ့ဖြိုးရေးပါတီ



■ ဦးချစ်ခိုင်
(ဥက္ကဋ္ဌ)
ဇေင်ဂရုကုမ္ပဏီ



■ ဦးသိန်းဆွေ
(ဖျာပုံမြို့နယ်စည်းရုံးရေးအဖွဲ့ဝင်)
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်



■ ဦးရဲထွန်း
(ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)
ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ



■ ဦးသိန်းညွှန့်
(ဥက္ကဋ္ဌ)
အမျိုးသားဒီမိုကရေစီပါတီသစ်

# မြန်မာနိုင်ငံနှင့်စပ်လျဉ်း၍ ကန်သမ္မတ၏ပထမဆုံး မိန့်ခွန်း



**မြန်မာနိုင်ငံအတွင်း ပြုပြင်ပြောင်းလဲရေးအတွက် တစ်ချိန်လုံး ဖိအားပေးတောင်းဆိုခဲ့သည့် အမေရိကန်နိုင်ငံ၏ လက်ရှိ မြန်မာနိုင်ငံအပေါ် သဘောထားကို အမေရိကန်သမ္မတအိုဘားမား၏ မြန်မာ့နိုင်ငံရေးနှင့်စပ်လျဉ်း၍ ပထမဆုံးပြောကြားသော သီးသန့်မိန့်ခွန်းက ထင်ဟပ်ပြသခဲ့သည်။**

**အင်ဒိုနီးရှားနိုင်ငံ၊ ဘာလီရှိ အာဆီယံထိပ်သီးအစည်းအဝေး ကျင်းပရာသို့ရောက်ရှိလာသော သမ္မတအိုဘားမားက မြန်မာနိုင်ငံကို အာဆီယံဥက္ကဋ္ဌအဖြစ် အဖွဲ့ကြီးကဆုံးဖြတ်လိုက်သည်။ နိုဝင်ဘာ ၁၈ ရက် နေ့လယ်ပိုင်းက ပြောကြားခဲ့ခြင်းဖြစ်သည်။**

**သမ္မတမိန့်ခွန်းကို 7Day News ပရိသတ်ဖတ်ရှုနိုင်ရန် မူရင်းအတိုင်း ဘာသာပြန်ဆိုဖော်ပြလိုက်ပါသည်။ (အယ်ဒီတာ)**

အားလုံးပဲ မင်္ဂလာနေ့လယ်ခင်းပါ။ ကျွန်တော့်အစိုးရသက်တမ်းတစ်လျှောက်နဲ့ ဒီခရီးစဉ်တစ်လျှောက်လုံးမှာ အာရှ-ပစိဖိတ်ဒေသအပေါ် အမေရိကန်ရဲ့ ယုံကြည်ချက်ကို အလေးအနက်ထားစဉ်းစားခဲ့ပါတယ်။ ဒါ့အပြင် ဒီဒေသအတွင်း လူ့အခွင့်အရေးကိစ္စတွေရဲ့ အနာဂတ်ကိုရော အမေရိကန်ရဲ့ ယုံကြည်ရပ်တည်မှုအပေါ်ကိုပါ ကျွန်တော် အလေးအနက်ထား စဉ်းစားခဲ့ပါတယ်။


ယနေ့မှာတော့ ကျွန်တော်ဟာ အဲဒီမျက်နှာစာနှစ်ဖက်စလုံးမှာရှေ့ကိုတိုးတက်စေဖို့ကျွန်တော်တို့ရဲ့ ကြိုးပမ်းအားထုတ်မှုတွေထဲက အရေးပါတဲ့ခြေလှမ်းတစ်ရပ်ကို ကြေညာပါတော့မယ်။

ဆယ်စုနှစ်ပေါင်းများစွာကြာအောင်ပဲ အမေရိကန်တွေဟာ မြန်မာပြည်သူတွေအတွက် အခြေခံလူ့အခွင့်အရေးကိစ္စတွေငြင်းပယ်ထားတာအပေါ် နက်ရှိုင်းစွာပူပန်ခဲ့ပါတယ်။ ဒီမိုကရက်တစ်ပြုပြင်ပြောင်းလဲရေးသမားတွေကို ဖိနှိပ်ထားမှု၊ လူနည်းစု တိုင်းရင်းသားမျိုးနွယ်တွေအပေါ် ဦးတည်ပြသခဲ့တဲ့ရက်စက်မှုနဲ့ စစ်ခေါင်းဆောင်အနည်းငယ်ရဲ့လက်ထဲမှာပဲ အာဏာကို ဆုပ်ကိုင်ထားမှုတွေဟာ (မြန်မာနိုင်ငံအပေါ်) ကျွန်တော်တို့ရဲ့ စဉ်းစားပုံကို စိန်ခေါ်ခဲ့ပါတယ်။ ပြီးတော့ မြန်မာနိုင်ငံကိုကမ္ဘာနဲ့အမေရိကန်ရဲ့(အဝေးမှာ)အထီးကျန်စေခဲ့ပါတယ်။

ဒါပေမဲ့ ကျွန်တော်တို့ဟာ အမြဲပဲ မြန်မာပြည်သူတွေအပေါ် လေးစားမှုထားရှိခဲ့ပါတယ်။ ပြီးတော့ သူတို့ တိုင်းပြည်ရဲ့အနာဂတ်ကိုပါ လေးစားမှုထားခဲ့ပါတယ်။ (ဒီတိုင်းပြည်က) အရှေ့နဲ့ အနောက်ဆုံစည်းရာမှာတည်ရှိတဲ့ ကြွယ်ဝတဲ့သမိုင်းနဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ပြည်သူလူထုကလည်း တည်ငြိမ်တဲ့ဂုဏ်သိက္ခာနဲ့ထူးခြားပြီး အလားအလာကောင်းတွေရှိတဲ့ ပြည်သူတစ်ရပ်ဖြစ်ပါတယ်။ နှစ်ပေါင်းများစွာကြာအောင်ကိုပဲ မြန်မာပြည်သူတွေရဲ့ ဖိနှိပ်ခံရမှုနဲ့ကတိစကားကိုအောင်ဆန်းစုကြည်ဆိုတဲ့ (နာမည်နဲ့) သင်္ကေတပြုခဲ့ကြတယ်။ (ခေတ်သစ်)မြန်မာနိုင်ငံကို တည်ထောင်သူရဲ့ သမီးရင်းတစ်ဦးအနေနဲ့ သူ့ပြည်သူတွေအတွက် ခွန်အားကြီးမားစွာ ရပ်တည်ခဲ့သူတစ်ဦးအနေနဲ့ သူမဟာ အခြားသော ဖိနှိပ်ခံရတဲ့ မြန်မာလူမျိုးများလိုပဲ နေအိမ်အကျယ်ချုပ်နဲ့ ထောင်ဒဏ်တွေကို ကြံ့ကြံ့ခံခဲ့ရတယ်။

ဒါပေမဲ့ မှောင်အတိနှစ်များစွာပြီးတဲ့ နောက်မှာတော့ ဟောဒီရက်သတ္တပတ် အနည်းငယ်အတွင်းမှာ ကျွန်တော်တို့ဟာ တိုးတက်မှုအရိပ်အယောင်တွေကို မြင်ခဲ့ရပါတယ်။ သမ္မတဦးသိန်းစိန်နဲ့ မြန်မာလွှတ်တော်ကိုယ်စားလှယ်တွေဟာ ပြုပြင်ပြောင်းလဲရေးကိုဦးတည်တဲ့လမ်းကြောင်းမှာ အရေးပါတဲ့ခြေလှမ်းတွေ စတင်ခဲ့ပါတယ်။ အစိုးရနဲ့ ဒေါ်အောင်ဆန်းစုကြည်အကြား တွေ့ဆုံဆွေးနွေးမှုဖြစ်ခဲ့တယ်။ နိုင်ငံရေးအကျဉ်းသားအချို့ကို အစိုးရကလွှတ်ပေးခဲ့တယ်။ သတင်းမီဒီယာနဲ့ ပတ်သက်ပြီး ဖြေလျှော့လာတယ်။ ပြီးတော့ ဥပဒေပြုရေးကဏ္ဍကလည်း နိုင်ငံရေးပတ်ဝန်းကျင်ကို ပွင့်လင်းဖို့ အတည်ပြုပေးခဲ့တယ်။ ဒါ့ကြောင့် ဒါတွေအားလုံးကို ခြုံကြည့်ရင် ဒါတွေဟာ နှစ်များစွာအတွင်း ကျွန်တော်တို့မြင်ခဲ့ရတဲ့ မြန်မာနိုင်ငံမှာ ပြုပြင်ပြောင်းလဲရေးဆီဦးတည်တဲ့ အရေးကြီးဆုံး ခြေလှမ်းတွေ ဖြစ်ပါတော့တယ်။

စာ(၂၉)သို့




## စာ(၂၈) - မြန်မာနိုင်ငံနှင့်စပ်လျဉ်း ကန်သမတ၏ ပထမဆုံးမိန့်ခွန်း မှ

တကယ်တမ်းတော့လုပ်စရာတွေအများကြီး ရှိပါသေးတယ်။ ကျွန်တော်တို့ဟာ မြန်မာနိုင်ငံရဲ့ ပိတ်ထားတဲ့နိုင်ငံရေးစနစ်၊ ၄င်းရဲ့ လူနည်းစု(တိုင်းရင်းသား)တွေအပေါ် ဆက်ဆံပုံနဲ့ နိုင်ငံရေးအကျဉ်းသားတွေကို ဆက်လက်ထိန်းသိမ်းထားတာတွေ၊ ၄င်းရဲ့ မြောက်ကိုရီးယားနဲ့ ဆက်ဆံရေးတွေအပေါ် စိုးရိမ်ပူပန်ဆဲရှိနေပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ဟာ တိုးတက်မှုအတွက် သမိုင်းဝင်အခွင့်အရေးတစ်ရပ်ဖြစ်လာနိုင်တဲ့ အရာကို ဆုပ်ကိုင်ချင်ပါတယ်။ မြန်မာနိုင်ငံဟာ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလမ်းကြောင်းပေါ် ဆက်လက်လျှောက်သွားမယ်ဆိုရင် ဒီတိုင်းပြည်ဟာ အမေရိကန်ပြည်ထောင်စုနဲ့ ဆက်ဆံရေးအသစ်တစ်ရပ် ပုံသွင်းနိုင်မယ်ဆိုတာလည်း ရှင်းလင်းစွာဖော်ပြချင်ပါတယ်။

မနေ့ညက ကျွန်တော် ဒေါ်အောင်ဆန်းစုကြည်နဲ့ တိုက်ရိုက်စကားပြောခဲ့ပြီး သူမကလည်း ဒီဖြစ်စဉ် ရှေ့ဆက်တိုးတက်ရေးအတွက် အမေရိကန်ရဲ့ ထိတွေ့ဆက်ဆံမှုကို ထောက်ခံကြောင်း အတည်ပြုခဲ့ပါတယ်။ ဒါကြောင့် ဒီနေ့မှာ ကျွန်တော်ဟာ နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်ကိုမြန်မာနိုင်ငံ သွားရောက်ဖို့ပြောခဲ့ပါတယ်။ သူမဟာ ရာစုနှစ်တစ်ဝက်ခန့်ကာလအတွင်း ဒီတိုင်းပြည်ကိုသွားရောက်တဲ့ ပထမဆုံး အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဖြစ်လာပါလိမ့်မယ်။ သူမဟာ အမေရိကန်ပြည်ထောင်စုက မြန်မာပြည်မှာ အပြုသဘောဆောင်တဲ့ အပြောင်းအလဲကာလတစ်ရပ်ဖြစ်ဖို့ လုပ်နိုင်၊ မလုပ်နိုင်ဆိုတာကို နည်းလမ်းရှာဖွေပြီး ကျွန်တော်တို့ နှစ်နိုင်ငံအကြား စာမျက်နှာသစ်စတင် ဖွင့်လှစ်ပါလိမ့်မယ်။

အဲဒီဖြစ်နိုင်ခြေဟာ မြန်မာအစိုးရက ပိုပြီးလက်တွေ့ကျတဲ့ ဆောင်ရွက်မှုတွေ လုပ်တဲ့အပေါ် မူတည်ပါလိမ့်မယ်။ တကယ်လို့ မြန်မာပြည်ဟာ ပြုပြင်ပြောင်းလဲရေးလမ်းကြောင်းကို ဆက်လျှောက်ဖို့ ပျက်ကွက်ခဲ့ရင် ပိတ်ဆို့မှုတွေနဲ့ အထီးကျန်မှုတွေကို ဆက်လက်ရင်ဆိုင်ရပါလိမ့်မယ်။ ဒါပေမဲ့ မြန်မာပြည်ဟာ ဒီအချိန်မှာ (အပြောင်းအလဲကို) ဖမ်းဆုပ်နိုင်ရန်၊ အဲဒီနောက်မှာ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို အားကောင်းစေနိုင်ပြီး ပြည်သူသန်းပေါင်းများစွာဟာလည်း ဂုဏ်သိက္ခာရှိမှု၊ ကြွယ်ဝမှုနဲ့ လွတ်လပ်မှုတွေကို ပိုမိုကြီးမားတဲ့ အတိုင်းအတာနဲ့ရရှိပြီး ရှင်သန်နေထိုင်ဖို့ အခွင့်အရေးရရှိပါလိမ့်မယ်။ ဒါကြောင့် ဒီဖြစ်နိုင်ခြေဟာ မသိကျိုးကျွံပြုလို့ မရအောင် သိပ်အရေးပါလှပါတယ်။

ဒီနေ့ ညနေပိုင်းမှာတော့ ကျွန်တော်ဟာ သမ္မတဦးသိန်းစိန် အပါအဝင် အာဆီယံနဲ့ အမေရိကန်ရဲ့တွေ့ဆုံမှုမှာ ဒီသတင်းစကားတွေကို ထပ်မံပြောကြားသွားပါဦးမယ်။ ဒီအတောအတွင်း မစ္စဟီလာရီကလင်တန်ဟာ နေပြည်တော်နဲ့ ရန်ကုန်ကို ခရီးထွက်ရင် သူမဟာလည်း ဒီသတင်းစကားကိုဒေါ်အောင်ဆန်းစုကြည်လို ဒီမိုကရေစီလှုပ်ရှားသူတွေ၊ အရပ်ဘက်လူ့အဖွဲ့အစည်းနဲ့ (မြန်မာ)အစိုးရကိုပါ ပေးအပ်ဖို့ အခွင့်အရေးရရှိမှာဖြစ်ပါတယ်။

ထပ်ပြောချင်တာကတော့ မြန်မာပြည်သူတွေနဲ့ထိုက်တန်တဲ့ ပြန်လည် စည်းလုံးညီညွတ်ရေးနဲ့ အသစ်တစ်ဖန် ပြန်လည်စတင်ရေးအနာဂတ်ကိုရရှိဖို့ ဆက်လက်လုပ်ဆောင်စရာတွေရှိနေပါသေးတယ်။ ဒါပေမဲ့ ဒီနေ့မှာတော့ ကျွန်တော်တို့ဟာ မြန်မာနိုင်ငံတွင်း အပြုသဘောဆောင်တဲ့ တိုးတက်ဖြစ်ထွန်းမှုများကို တုံ့ပြန်သောအားဖြင့် ဒီခြေလှမ်းကိုစတင်ဖို့ ဆုံးဖြတ်ချက်ချခဲ့ပါတယ်။ ပြီးတော့ အားလုံးလွှမ်းခြုံနိုင်တဲ့ ယူနီဗာဆယ်တန်ဖိုးတွေနဲ့ သတ္တိရှိတဲ့ပြည်သူတစ်ရပ်၊ တစ်မူထူးခြားတဲ့ တိုင်းပြည်တစ်ပြည်ရဲ့ အနာဂတ်အတွက် အမေရိကန်ရဲ့ ယုံကြည်ခံယူချက်ကို ရှင်းလင်းစွာ သရုပ်ဖော်ဖို့ ကျွန်တော်ဆုံးဖြတ်ချက်ချခဲ့ပါတယ်။

ကျေးဇူးအများကြီးတင်ပါတယ်။

Source; Office of the Press Secretary, The White House

## ယုံကြည်ချက်ကြောင့်အကျဉ်းကျနေသူများ အမြန်လွှတ်ပေးရန် ဗြိတိန်ဝန်ကြီး တိုက်တွန်း

**အေးမြကျော်**

**ရန်ကုန်၊ နိုဝင်ဘာ - ၁၇**

မြန်မာနိုင်ငံသို့ သုံးရက်တာ လာရောက်ခဲ့သော ဗြိတိန်ဝန်ကြီး လွှတ်တော်ကိုယ်စားလှယ် အန်(န်)ဒြူးမစ်ချယ်သည် နေပြည်တော်တွင် ဒုတိယသမ္မတအပါအဝင် အစိုးရအဖွဲ့ဝင် အဆင့်မြင့်အရာရှိများနှင့်တွေ့ဆုံစဉ် ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူများကို အမြန်ဆုံးလွှတ်ပေးရန် တိုက်တွန်းခဲ့ကြောင်းဝန်ကြီးက နိုဝင်ဘာ ၁၇ ရက်တွင် ထောက်ကြံ့စစ်သချိုင်း၌ပြုလုပ်ခဲ့သော သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

“မြန်မာနိုင်ငံမှာဖြစ်ပေါ်နေတဲ့ အစမ်းသဘောဆောင်ပေမယ့် စစ်မှန်တဲ့ ပြုပြင်ပြောင်းလဲမှုတွေကြောင့် သမိုင်းတွင်တဲ့ဒီခရီးစဉ်ကို လာဖို့ဆုံးဖြတ်ခဲ့ပါတယ်။ ပြောင်းလဲမှုတွေကိုကြိုဆိုပါတယ်။ ဒါပေမဲ့ ဒီထက်ပိုပြီး အဆောတလျင် ပြုပြင်ပြောင်းလဲမှုတွေလိုအပ်နေပါသေးတယ်။ ကျွန်တော် မြန်မာအစိုးရထိပ်တန်းအရာရှိတွေနဲ့ ဆွေးနွေးတဲ့အထဲမှာ ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူများကို အမြန်ဆုံးလွှတ်ပေးဖို့ ဆွေးနွေးခဲ့ပါတယ်”ဟုဝန်ကြီးက သတင်းထောက်များနှင့်တွေ့ဆုံစဉ် ပြောကြားသွားခဲ့သည်။

ဝန်ကြီးသည် လွန်ခဲ့သော လေးနှစ်ခွဲခန့်က မြန်မာနိုင်ငံသို့လာရောက်စဉ် ကိုမင်းကိုနိုင်နှင့် တွေ့ဆုံဆွေးနွေးခဲ့ဖူးပြီး မကြာမီတွင် ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူများကို အမြန်ဆုံးလွှတ်ပေးလိမ့်မည်ဟု မျှော်လင့်ကြောင်းဝန်ကြီးက သတင်းထောက်များနှင့် တွေ့ဆုံစဉ်ပြောကြားသွားခဲ့သည်။

မြန်မာနိုင်ငံသို့ သမိုင်းဝင် ခရီးစဉ်အဖြစ် လာရောက်ခြင်းဟု ထုတ်ပြန်ချက်များတွင် သုံးနှုန်းထားသော ဗြိတိန်ဝန်ကြီး၏ ခရီးစဉ်အတွင်းတွင် နိုဗယ်ငြိမ်းချမ်းရေးဆုရှင်ဒေါ်အောင်ဆန်းစုကြည်နှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့ပြီး ခရီး စဉ်ရည်ရွယ်ချက်အတိုင်း ယုံကြည်ချက်အကျဉ်းသားများလွှတ်ပေးရေး၊ အဆင့်ဆင့်ပြောင်းလဲလျက်ရှိသော ဥပဒေများကို အတည်ပြုပြဋ္ဌာန်းခြင်း၊ လွတ်လပ်ပြီး တရားမျှတသောကြားဖြတ်ရွေးကောက်ပွဲများအကြောင်း၊ တိုင်းရင်းသားများနေထိုင်ရာဒေသများတွင် လက်နက်ကိုင်ပဋိပက္ခများနှင့်ပတ်သက်ပြီး အမြန်ဆုံး အဆုံးသတ်ရေးနှင့် လူ့အခွင့်အရေးကိစ္စများအပါအဝင် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးအစီအစဉ်များကို ခရီးစဉ်အတွင်း ဆွေးနွေးခဲ့ကြောင်း ဝန်ကြီးက သတင်းထုတ်ပြန်သည်။







7DAY NEWS JOURNAL
Vol.10, No.36 • NOVEMBER 24, 2011



Photo - AFP

# အလှည့်ကျဥက္ကဋ္ဌနေရာ မြန်မာနိုင်ငံကိုပေးအပ်ရန် အာဆီယံ ဆုံးဖြတ်

**နုဆာဒူအာ၊ နိုဝင်ဘာ-၁၈**

၂၀၁၄ ခုနှစ်တွင်မြန်မာနိုင်ငံအား အာဆီယံဥက္ကဋ္ဌခန့်အပ်ရန် အာဆီယံခေါင်းဆောင်များက ဆုံးဖြတ်လိုက်ကြောင်း သိရသည်။ ယင်းဆုံးဖြတ်ချက်အား ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော အတိုက်အခံပါတီကလည်း ကြိုဆိုခဲ့ကြောင်း ဂျကာတာပို့စ် သတင်းကဖော်ပြသည်။

အမေရိကန်သမ္မတ ဘားရက်အိုဘားမားကမူ မြန်မာနိုင်ငံ လူ့အခွင့်အရေးပြဿနာများနှင့် ပတ်သက်၍ စိုးရိမ်မှုကိုထုတ်ဖော်ပြောကြားခဲ့သည်။

"ဆုံးဖြတ်ချက် ချလိုက်ပါပြီ။ ဒါဟာ အခုဆို တရားဝင်ဖြစ်သွားပါပြီ။ တစ်ဆက်တည်းမှာပဲ မြန်မာနိုင်ငံက တာဝန်ယူဆောင်ရွက်မယ့် ဥက္ကဋ္ဌနေရာအတွက် ဘယ်လိုပြင်ဆင်ဆောင်ရွက်မှုတွေ လုပ်မလဲဆိုတာကို ကျွန်တော်တို့အားလုံးက ကြိုတင်မျှော်လင့်စောင့်စားနေပါတယ်" ဟု အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး မာတီနာတာလီဂါဝါက ထိပ်သီးအစည်းအဝေးပွဲအပြီး သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

အာဆီယံဥက္ကဋ္ဌနေရာအတွက် လိုအပ်သောကြိုတင်ပြင်ဆင်မှုများတွင် ရုပ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံများသာမကဘဲ ဥက္ကဋ္ဌတစ်ဦး၏ နိုင်ငံအနေဖြင့် တာဝန်ယူဆောင်ရွက်မည့် ချဉ်းကပ်ပုံလည်း ပါဝင်ကြောင်း အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးက ဆက်လက်ပြောကြားသည်။

အာဆီယံခေါင်းဆောင်များ၏ ထောက်ခံချက်ကိုကြိုတင်မျှော်လင့်ထားသောနိုဗယ်ငြိမ်းချမ်းရေးဆုရှင် ဒေါ်အောင်ဆန်းစုကြည်၏ ပါတီကလည်း ယင်းဆုံးဖြတ်ချက်ကို ကြိုဆိုခဲ့ကြောင်း ရိုက်တာသတင်းဌာနက ရန်ကုန်မြို့မှ သတင်းပေးပို့ထားသည်။ မြန်မာနိုင်ငံအား အာဆီယံဥက္ကဋ္ဌနေရာပေးအပ်ရန် အာဆီယံခေါင်းဆောင်များ၏ ထောက်ခံမှုသည် မြန်မာနိုင်ငံတွင် နိုင်ငံရေးအပြောင်းအလဲဖြစ်ပေါ်လာရန် တွန်းအားဖြစ်လိမ့်မည်ဟု အင်န်အယ်လ်ဒီ ပါတီကပြောကြားသည်။

"သူတို့ (ခေါင်းဆောင်တွေ) ဟာ လက်ရှိ မြန်မာအစိုးရကိုပြုပြင်ပြောင်းလဲရေး အရှိန်ကိုမြှင့်တင်ဖို့ အားပေးအားမြှောက်ပြုလိုက်တာပါပဲ"ဟု အင်န်အယ်ဒီ ပြောရေးဆိုခွင့်ရှိသူ ဦးဉာဏ်ဝင်းကပြောကြားသည်။

အင်ဒိုနီးရှားမီဒီယာများနှင့် ပြုလုပ်သည့် တွေ့ဆုံမေးမြန်းမှုတွင် ထိုင်းဝန်ကြီးချုပ် ယင်လပ်ရှင်နာဝါထရာကလည်း မြန်မာနိုင်ငံအား အာဆီယံဥက္ကဋ္ဌ ပေးအပ်ခြင်းကို ကြိုဆိုခဲ့ပြီး ယင်းမှာ မြန်မာနိုင်ငံ၏ ဒီမိုကရေစီနှင့် အာဆီယံအဖွဲ့ကြီးတစ်ခုလုံးအတွက် ကောင်းမွန်ကြောင်းပြောသည်။

"မြန်မာနိုင်ငံအတွက် အာဆီယံရဲ့ အာရုံစူးစိုက်မှုတွေထဲက တစ်ခုဟာ နိုင်ငံရေးလုံခြုံမှုဖြစ်ပါတယ်။ ကျွန်မရဲ့ မြန်မာနိုင်ငံအလည်အပတ်ခရီးမှာ ဖွံ့ဖြိုးတိုးတက်မှုတွေ အများကြီးကို မြင်တွေ့ခဲ့ရပါတယ်။ ထိုင်းနိုင်ငံရဲ့ ရပ်တည်ချက်ကတော့ ကျွန်မတို့ဟာ မြန်မာနိုင်ငံကို အာဆီယံဥက္ကဋ္ဌနေရာအတွက်လည်း ထောက်ခံပါတယ်။ မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုကိုလည်း အားပေးထောက်ခံပါတယ်"ဟု ထိုင်းဝန်ကြီးချုပ်က ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး မာတီနာတာလီဂါဝါကမူ မြန်မာနိုင်ငံအား အာဆီယံ၏ ဥက္ကဋ္ဌနေရာပေးအပ်ခြင်းဖြင့် အာဆီယံအဖွဲ့ကြီးက မြန်မာနိုင်ငံတွင် ဒီမိုကရေစီအသွင်ကူးပြောင်းရေး အရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်းနိုင်စေရန်အတွက်ဖြစ်ကြောင်း ပြောကြားသည်။

—*Ref: Jakata Post*

# ကုလအတွင်းရေးမှူးချုပ် မြန်မာနိုင်ငံလာမည်

**နူဆာဒူအာ၊ နိုဝင်ဘာ-၁၉**

မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂ၏ ပူးပေါင်းဆောင်ရွက်ရေးအား ပိုမိုအားကောင်းခိုင်မာလာစေရေး ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်ဟု မြန်မာနိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဝဏ္ဏမောင်လွင်ကပြောကြားကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ရန် သမ္မတဦးသိန်းစိန်၏ဖိတ်ကြားချက်ကိုလည်း လက်ခံခဲ့ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက သတင်းထောက်များနှင့် တွေ့ဆုံမှုတစ်ခုတွင် ပြောကြားသည်။ မစ္စတာဘန်ကီမွန်း၏ အလည်အပတ်ခရီးမှာ လပိုင်းအတွင်းဖြစ်ပေါ်လာနိုင်ကြောင်းလည်းမြန်မာနိုင်ငံဆိုင်ရာ ကုလအတွင်းရေးမှူးချုပ်၏ အကြံပေး ဗီဂျေနမ်ဘီယားက ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းတွင် နိုင်ငံပေါင်း ၁၈ နိုင်ငံမှ ခေါင်းဆောင်များ၏ အရှေ့အာရှထိပ်သီးဆွေးနွေးပွဲကာလအတွင်း မစ္စတာဘန်ကီမွန်းနှင့် တွေ့ဆုံဆွေးနွေးခဲ့ခြင်းဖြစ်ကြောင်းမြန်မာနိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။ —*Ref: Reuters*




# အာဆီယံနိုင်ငံများအတွက် ကန်ဒေါ်လာ ၁၀ ဘီလီယံ ချေးငွေပေးရန် တရုတ်နိုင်ငံ ကတိကဝတ်ပြု

**နူဆာဒူအာ(အင်ဒိုနီးရှား)၊ နိုဝင်ဘာ - ၁၉**

တရုတ်နိုင်ငံသည် အိမ်နီးချင်း အရှေ့တောင်အာရှနိုင်ငံများအတွက် အခြေခံအဆောက်အအုံ တည်ဆောက်ရေးချေးငွေကန်ဒေါ်လာ ၁၀ ဘီလီယံပေးအပ်မည်ဖြစ်ကြောင်း တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင်ကပြောသည်။

အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းတွင် အရှေ့တောင်အာရှနိုင်ငံခေါင်းဆောင်များနှင့် တရုတ်နိုင်ငံ၏ အစည်းအဝေးမိန့်ခွန်းတွင် မစ္စတာဝမ်ကြားပေါင်က ယင်းသို့ ကြေညာခဲ့ခြင်းဖြစ်သည်။ ၂၀၀၉ ခုနှစ်တွင် အရှေ့တောင်အာရှဒေသအတွက် အလားတူ ချေးငွေ ကန်ဒေါ်လာ ၁၅ ဘီလီယံထုတ်ချေးခဲ့ကြောင်းသိရသည်။

၂၀၀၉ ခုနှစ် ချေးငွေဖြင့် အာဆီယံနိုင်ငံများ အားလုံးနီးပါးတွင် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ၅၀ ကျော်အား ပံ့ပိုးပေးခဲ့ကြောင်း တရုတ်ဝန်ကြီးချုပ်က ပြောကြားခဲ့သည်ဟု ဆင်ဟွာသတင်းအေဂျင်စီမှ ထုတ်ပြန်သည့် တရုတ်ဝန်ကြီးချုပ်၏ မိန့်ခွန်းတွင်ဖော်ပြသည်။

တရုတ်နိုင်ငံနှင့် အဖွဲ့ဝင် ၁၀ နိုင်ငံပါ အာဆီယံတို့သည် ဘဏ္ဍာရေးပူးပေါင်းဆောင်ရွက်မှုကိုလည်း မြှင့်တင်သင့်ပြီး နှစ်ဖက်အကြား ကုန်သွယ်မှုတွင် တရုတ်ယွမ်ငွေနှင့် အာဆီယံငွေကြေးများဖြင့် ကိုးကားဖော်ပြမှုကို အားပေးပြီးဒေသတွင်းငွေကြေးဖလှယ်မှုအကြောင်းလည်း တရုတ်ဝန်ကြီးချုပ်ကပြောကြားသည်။

—*Ref: AFP*

7DAY NEWS JOURNAL
Vol.10, No.36 • NOVEMBER 24, 2011



# အရိုးဆုံး သူရဲကောင်းဇာတ်

အိန်ဂျယ်လင်း

သင့်မှာရှိတာနဲ့ကျေနပ်ပါ၊ သင့်ပတ်ဝန်းကျင်က အဖြစ်အပျက်တွေ သူ့သဘောသူဆောင်ပြီးဖြစ်ပျက်နေတာကို ပျော်ပျော်ကြီးကြည့်နေလိုက်၊ နောက်ဆုံး သင့်ဆီမှာလစ်ဟာနေတာဘာတစ်ခုမှမရှိဘူးလို့သိလာတဲ့အခါကမ္ဘာလောကကြီး တစ်ခုလုံးဟာ သင်ပိုင်ကမ္ဘာကြီးဖြစ်လာမှာ. . .

*လောင်ရှူး*

လွန်ခဲ့တဲ့ နှစ်ပေါင်းအတန်ကြာက အော်ရီဂွန်မှာရှိတဲ့ ဟုဒ်တောင်ထိပ်ကိုတက်ကြတဲ့တောင်တက်သမားသုံးယောက်ဟာ ခြေချော်ပြီး အောက်ဘက်ပေငါးရာလောက်အထိတလိမ့်ခေါက်ကွေးပြုတ်ကျသွားခဲ့ကြတယ်တဲ့။ အချိန်ကလည်း နှင်းတွေအေးခဲနေတဲ့အချိန်ပေ့ါ။ သူတို့တွေဟာပြုတ်ကျတဲ့နေရာမှာ အေးခဲနေတဲ့ရေခဲနှင်းထုတွေနဲ့ တစ်နာရီမိုင်ခုနစ်ဆယ်လောက် တိုက်ခတ်နေတဲ့ ဆောင်းလေပြင်းတွေကြားမှာ တစ်ညလုံးနေခဲ့ကြရတယ်။ ပတ်ဝန်းကျင်တစ်ခုလုံးကလည်း နှင်းမြူတွေနဲ့ ဝေဝါးပြီး ဘာဆိုဘာမှ မမြင်နိုင်တဲ့ အခြေအနေပေ့ါ။ သူတို့မှာ အရေးပေါ် အကူအညီ တောင်းတဲ့အချက်ပြစက်ကလေးပါတော့ ဒီစက်ကလေးကနေ အကူအညီတောင်းတဲ့အချက်ပြတွေကိုတော့ အဆက်မပြတ် ထုတ်လွှင့်နေခဲ့တယ်။ အဲဒီ အချက်ပြတွေကို တောင်ကြောအောက်ခြေကကယ်ဆယ်ရေးအဖွဲ့တစ်ဖွဲ့က သိသွားခဲ့တယ်။

အလွန်တိကျတဲ့ခေတ်မီတည်နေရာပြနည်းပညာတွေကြောင့် ကယ်ဆယ်ရေးအဖွဲ့ကသူတို့ရောက်နေတဲ့နေရာအတိအကျကိုရှာဖွေဖော်ထုတ်ပြီး သူတို့ကို ကယ်နိုင်ခဲ့တယ်။ သူတို့ကိုကယ်ခဲ့တဲ့အထဲမှာ နည်းပညာရယ်၊ ကယ်ဆယ်ရေးအဖွဲ့ရယ်အပြင် နောက်တစ်ဦးလည်းရှိသေးတယ်လို့ ကယ်ဆယ်ရေးသမားတစ်ယောက်ကပြောပြတယ်။ သူကတော့တောင်တက် သမားတွေနဲ့အတူအဖော်လိုက်လာတဲ့ လာဗရာဒေါခွေးကြီးပါပဲ။ ဒီခွေးကြီးရဲ့နာမည်က ဗဲလ်ဗက်တဲ့။ ဒီခွေးကြီးက တောင်တက်သမားတွေပြုတ်ကျတော့ သူပါလိုက်လျှောဆင်းချလာပြီး ခါးသီးအေးစက်တဲ့ ကြောက်စရာဆောင်းညတစ်ညလုံးသူတို့နဲ့အဖော်လုပ်ပေးခဲ့တယ်လို့ ဆိုတယ်။ 'သူတို့ရဲ့အသက်ကိုတကယ်တမ်းကယ်လိုက်တာက အဲဒီခွေးကြီးတောင်ဖြစ်နိုင်တယ်' လို့ ကယ်ဆယ်ရေးသမားတစ်ယောက်ကပြောတာပဲ။

ဒီဇာတ်လမ်းကလေးက အဲဒီတုန်းက ကျွန်တော်တို့မြို့မှာ နာမည်ကြီးတယ်လေ။ တောင်တက်သမားတွေအားလုံး အထိအခိုက်မရှိဘဲဘေးကင်းလွတ်မြောက်လာကြတာအပြင် ဒီဇာတ်လမ်းမှာ သူရဲကောင်းဖြစ်သွားတဲ့ ဗဲလ်ဗက်ကြောင့်လည်း ကျွန်တော်တို့ ဒီဇာတ်လမ်းကို သဘောကျကြတာဖြစ်မယ်။ တကယ်တော့ သူဟာခွေးတစ်ကောင်ဖြစ်ပြီး သူ့ဗီဇအတိုင်းအတိအကျနေထိုင်သွားခဲ့တဲ့အတွက် သူရဲကောင်းဖြစ်သွားရတာလို့ ကျွန်တော်ထင်တယ်လေ။



တကယ်တော့ ဒီခွေးတွေဟာ မျိုးရိုးအရ ဘယ်လောက်ပဲ သတ္တိရှိတယ်ပြောပြော၊ အသက်ကယ်လေ့ကျင့်ခန်းတွေ ဘယ်လောက်ပဲ ယူထားထား၊ ဘယ်လောက်တောင် အသိဉာဏ်မြင့်မားတယ်ပဲပြောပြော တကယ်တမ်းသူတို့အသက်ကယ်သွားတဲ့အရည်အချင်းက အပွေ့ဖက်ခံခြင်းပါပဲ။ ဒီခွေးကြီးက ပေတစ်သောင်းကျော်တောင်ပေါ်ကို တောက်လျှောက်လိုက်ပါခဲ့ပြီး သူ့သခင်တွေ ချောက်ထဲကျသွားတော့လည်း သူပါလိုက်ခုန်ဆင်းခဲ့တယ်။ ပြီးတော့အေးခဲမှောင်မဲနေတဲ့ ဆောင်းညထဲမှာ သူ့ရဲ့နွေးထွေးတဲ့ ခန္ဓာကိုယ်ကို သူ့သခင်တွေဘေးမှာလဲလျောင်းပေးပြီး အနွေးဓာတ်နဲ့ ချစ်ခြင်းမေတ္တာတရားကို သူတတ်နိုင်သလောက်ပေးခဲ့တယ်လေ။

ကျွန်တော့်မှာလည်း လာဘရာဒေါခွေးမ အနက်ရောင်တစ်ကောင်ရှိတယ်။ သူကတော့ ကျွန်တော့်ကို ပေတစ်သောင်းကျော်ဆီးနှင်းဖုံးနေတဲ့ တောင်ပေါ်ကနေ ကယ်တင်ခွင့်မကြုံခဲ့ပေမယ့် ကျွန်တော့်ဘဝရဲ့ အကျပ်တည်းဆုံးအချိန်တွေမှာ တစ်နည်းတစ်ဖုံလမ်းပြ ကယ်တင်ခဲ့တာပဲလို့ ပြောနိုင်တာပေ့ါ။ သူက သူ့မေးရိုးမှာလာကပ်နေတဲ့ အမှိုက်စတွေကို လျှာနဲ့သပ်ပြီး သန့်ရှင်းနေတဲ့အခါမှာပဲဖြစ်ဖြစ်၊ သူ့ကျောကုန်းမှာ ယားလာလို့တစ်ကိုယ်လုံးတွန့်လိမ်လူးလွန့်ပြီး ကြမ်းပြင်နဲ့ပွတ်ဖို့ကြိုးစားတဲ့အခါမှာပဲဖြစ်ဖြစ် ခွေးတစ်ကောင်ရဲ့ သဘာဝ အဆန်ဆုံးနဲ့ ဗီဇအဆန်ဆုံးပုံစံမျိုးဖြစ်သွားလေ့ရှိတယ်။

တစ်ခါတစ်ရံ ကျွန်တော့်ရဲ့ဘဝဟာ ထုံးစံအတိုင်းအရမ်းကိုရှုပ်ထွေးသွားလေ့ရှိတယ်။ ကျွန်တော့်အပေါ်ကျရောက်လာတဲ့ တောင်းဆိုမှုပေါင်းစုံက ကျွန်တော်ပိုင်တဲ့တစ်နေ့တာ အချိန်နာရီတွေနဲ့ မဆံ့လောက်အောင် များပြားလာတဲ့အခါမှာ ကျွန်တော်ဟာ ထွက်ပေါက်အနေနဲ့ သူ့ရဲ့ နေထိုင်ဖြတ်သန်းပုံကို ပြန်ပြီးလေ့လာရတော့တယ်။ သူက အမြီးကလေးနန့်ပြီး ကျွန်တော့်ဆီပြေးလာမယ်။ ပြီးရင် သွားရည်တွေစိုရွှဲနေတဲ့ ပါးစပ်နဲ့ ကျွန်တော့်ကိုပွတ်သပ်မယ်။ ပြီးတော့ ကျွန်တော့်ဘောင်းဘီစကို ကိုက်ပြီး အိမ်အပြင်ထွက်လမ်းလျှောက်ဖို့ အတင်းခေါ်မယ်လေ။ အပြင်ထွက်ပြီးလမ်းလျှောက်တဲ့အခါမှာလည်းသူဟာဟိုနား၊သည်နား ခဏရပ်ပြီး ဟိုကြည့်၊ သည်ကြည့်နဲ့ လေထုထဲ အနံ့ခံတတ်တယ်။ လူတွေက ပြောလေ့ရှိတယ်လေ။ ဘဝကို ခဏရပ်ပြီး ပတ်ဝန်းကျင်လေထုထဲကိုနမ်းရှုပ်ကြည့်ပါဦးတဲ့။ ခင်ဗျားတို့မေ့လျော့နေတဲ့ နှင်းဆီနံ့ကလေးတွေကို အဲဒီမှာ ရှူရှိုက်မိရနိုင်တယ်တဲ့လေ။ သူကတော့ လေထုထဲကဘာကိုနမ်းရှိုက်တယ်ဆိုတာကျွန်တော်မသိပါဘူး။

သူက ကျွန်တော့်အိမ်တံခါးမှာ တစ်စုံတစ်ဦးရောက်လာပြီး ခေါင်းလောင်းကို နှိပ်တဲ့အခါ ဘယ်လို တုံ့ပြန်ရမယ်ဆိုတာကိုလည်း အမြဲသတိပေးတတ်တယ်။ လူတွေက ကိစ္စရှိလို့ပဲဖြစ်ဖြစ်၊ လမ်းကြုံလို့ပဲဖြစ်ဖြစ်၊ သတိရလို့ပဲ ဖြစ်ဖြစ် ကျွန်တော်တို့ရဲ့ တံခါးရှေ့ကို ရောက်လာတတ်ကြတယ်လေ။ ဒီလိုရောက်လာတဲ့အခါတိုင်းမှာ သူက ဝမ်းသာအားရနဲ့ ထွက်ပြီး ကြိုတော့တာပဲ။ သူ့ရဲ့ တစ်နေ့တာဟာ ဘယ်လောက်ပဲ ပျော်ရွှင်ဝမ်းမြောက်ဖွယ်၊ ပျင်းရိ စိတ်ပျက်ဖွယ်၊ ဝမ်းနည်းကြေကွဲဖွယ်ကောင်းကောင်း အိမ်တံခါးဝကိုရောက်လာတဲ့လူတိုင်းကို သူဝမ်းသာအားရကြိုဆိုပုံကတော့ ဘယ်တော့မှ မပြောင်းလဲသွားဘူး။

သူ့ရဲ့ ကမ္ဘာလောကကြီးမှာ အသေးအဖွဲ့ရှုပ်ထွေးမှုတွေ၊ အသေးစိတ်ကိစ္စတွေအတွက် သုံးစရာအချိန်လုံးဝမရှိဘူးလေ။ သူမှာ လက်တွေ့ကျပြီးရိုးရှင်းတဲ့၊ အင်မတန်မှကျေနပ်စရာကောင်းတဲ့ကိစ္စတွေက အများကြီးရှိနေတာကိုး။ ဥပမာစားတာမျိုးပေ့ါ။ ကျွန်တော် သူ့အတွက်ဝယ်ပေးထားရတဲ့ရောမ ခွေးစာထုပ်ကြီးကိုဖွင့်ပြီး သူတစ်ခါစားစရာ အခဲကလေးတွေကိုရေကလေးနည်းနည်းရောပြီး သူစားနေကျခွက်ထဲကို ထည့်ပေးလိုက်ပြီးရင် ဒါတွေခဏချင်းပျောက်ကွယ်သွားအောင် သူအားရပါးရစားပစ်လိုက်တာ ကျွန်တော်စောင့်ကြည့်နေကြလေ။ ဒီ အစားအစာ၊ ဒီခွက်နဲ့ ဒီစိတ်အားထက်သန်မှုတွေဟာညစဉ်ညတိုင်း မပြောင်းမလဲဘဲ ကျွန်တော်ကြုံတွေ့နေကြ သူ့ရဲ့ကမ္ဘာလောကတစ်ခုပဲဖြစ်ပါတယ်။ ဘာအကြောင်းကြောင့် ကိုယ်ရနေတာကို မကျေမနပ်ဖြစ်စရာများရှိရမှာလဲလို့ သူ ကျွန်တော်တို့ကို ပြောပြနေသလိုပါပဲ။

ကျွန်တော်ထမင်းစားခန်းထဲက စားပွဲကလေးမှာထိုင်ပြီး အကြွေးစာရင်းတွေ၊ ဘီလ်တွေကိုထိုင်တွက်တာပဲဖြစ်ဖြစ်၊ လုပ်စရာအလုပ်ကြွေးကျန်တွေကို ထိုင်ရှင်းတာမျိုးတွေလုပ်နေတတ်တဲ့အချိန်မှာ သူက ကျွန်တော့်ရဲ့အာရုံကို ပြောင်းသွားအောင် လုပ်တတ်တယ်။ သူက အမွေးဖွားဖွားသူ့ကိုယ်လုံးနဲ့ ကျွန်တော့်ရဲ့ခြေရင်းမှာလာထိုင်ပြီး သူ့သွားတွေနဲ့ ကျွန်တော့် ခြေကျင်းဝတ်ကို ခပ်ဖွဖွကလေးကိုက်ပြီး လာကစားတတ်တယ်။ ပြီးရင် ကျွန်တော့်ခြေရင်းမှာပဲသူခဏကလေးအိပ်ပျော်သွားလေ့ရှိတယ်။ သူကကျွန်တော့်ကို 'ဟေ့၊ မင်းဘာတွေလောနေတာလဲ။ ငါ့လိုမျိုး ခဏတဖြုတ်လောက်နားပါဦးလားကွ' ဆိုပြီး ပြောနေသလိုမျိုးပါပဲ။

သူ့ရဲ့နည်းကလည်း ရိုးရှင်းသလောက် အလုပ်ဖြစ်လှတယ်။ ဘယ်ကိုပဲရောက်နေရောက်နေ၊ ဘာတွေပဲလုပ်လုပ်ကြားထဲမှာ ခဏနားပြီးတရေးလောက်အိပ်လိုက်ရင် အားအင်တွေခဏကလေးနဲ့ပြန်ပြီးပြည့်သွားလိမ့်မယ်လေ။ ပြီးရင် ကမ္ဘာလောကကြီးထဲကိုအားအင်အပြည့်နဲ့ ပြန်ဝင်လာခဲ့ပေ့ါ။

ကျွန်တော်တို့ရဲ့ ကမ္ဘာလောကကြီးဟာ ရှုပ်ထွေးမွန်းကျပ်လွန်းလှတဲ့အတွက် တစ်ခါတလေမှာ သူ့လိုမျိုးအရိုးရှင်းဆုံးဖြစ်တည်မှုသက်သက်မှာ ကျေနပ်မှုကိုရှာနိုင်ဖို့ဆိုတာ ကျွန်တော်တို့အတွက် နမူနာယူစရာ သင်ခန်းစာကောင်းတစ်ခုဖြစ်နေပါတယ်။ အော်ရီဂွန်တောင်ကြောပေါ်မှာ ခွေးကြီးဗဲလ်ဗက် သက်သေပြသွားသလိုမျိုးပဲ ကိုယ့်အရှိအတိုင်း အတိအကျနေထိုင်တုံ့ပြန်ရုံနဲ့ သူရဲကောင်းတစ်ယောက်ဖြစ်သွားစေနိုင်တယ်ဆိုတာကိုလည်း ကျွန်တော် အမြဲကိုယ့်ကိုယ်ကိုယ် အမှတ်ရစေပါတယ်။ ကိုယ့်မှာ စားစရာအပြည့်နဲ့ခွက်ကလေးတစ်ခွက်ရယ်၊ ဝင်ခွေစရာနွေးထွေးသန့်ရှင်းတဲ့ အိပ်ရာကလေးတစ်ခုရယ်၊ ကျွန်တော်တို့ခေါင်းတိုးစရာရင်ခွင်တစ်ခုရယ်၊ နောက် အသေးအဖွဲ့ကလေးအနည်းငယ်ရယ်ဆိုရင် ဘဝကြီးကလုံးဝပြည့်စုံသွားပြီလေ။ ဒီလိုကျွန်တော်နားလည်ထားတယ်။

*Ref: 'Life Lessons from the Lab' by Rita Lussier*

## ခရီးသည်တင်ယာဉ် ပေါက်ကွဲမှုကြောင့် နှစ်ဦး ဒဏ်ရာရရှိ

ကျော်သီဟ

**ရန်ကုန်၊ နိုဝင်ဘာ-၁၇**

ခရီးသည်တင်အမှတ်(၈၈)သန်မြန်သူယာဉ်တစ်စီး အင်ဂျင်အပူလွန်ကဲပြီး ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသည်။

တာမွေမြို့နယ်၊ ကျိုက္ကဆံလမ်းနှင့် ၁၅၇ လမ်းဆုံတွင် အင်ဂျင်အပူလွန်ကဲ၍ ပေါက်ကွဲမှုဖြစ်ခဲ့ကာ ပေါက်ကွဲမှုကြောင့် ယာဉ်ပေါ်တွင်လိုက်ပါလာသော ခရီးသည်နှစ်ဦး အတွင်းလူနာအဖြစ် သဃ်န်းကျွန်းဆေးရုံသို့တင်ပို့ခဲ့ရကြောင်း သိရသည်။ အထက်ပါပေါက်ကွဲမှုမှာ နိုဝင်ဘာ ၉ ရက်နေ့လယ် ၁၂နာရီမိနစ် ၂၀ တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အဆိုပါဖြစ်စဉ်တွင် ယာဉ်မောင်းအား တာမွေရဲစခန်းမှ ပ/၆၈၂/၁၁ ပုဒ်မ ၂၈၆/၃၃၈ ဖြင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။


## PSA မြန်မာက ဆိပ်ဖြူမြို့နယ်အတွင်းရှိ ရေဘေးသင့်ရွာများသို့ စောင်များလှူဒါန်း

**ရန်ကုန်၊နိုဝင်ဘာ-၁၃**

စင်ကာပူနိုင်ငံ ဆိပ်ကမ်းအာဏာပိုင်တွင် အလုပ်လုပ်လျက်ရှိကြသည့် PSA မြန်မာမိသားစုက ဆိပ်ဖြူမြို့နယ်အတွင်းရှိ ရေဘေးသင့်ရွာများအား စောင်များပေးအပ်လှူဒန်းခဲ့သည်။

ဆိပ်ဖြူမြို့နယ်အတွင်းရှိ အရှေ့ကံတွင်းကျေးရွာအုပ်စုအတွင်းရှိ အရှေ့ကံတွင်းကျေးရွာ၊ဆင်လမ်းချောင်းကျေးရွာ၊ ကပိုင်အရှေ့၊ ကပိုင်အနောက် ကျေးရွာများရှိ အိမ်ထောင်စုများအား တစ်အိမ်ထောင်လျှင် စောင်တစ်ထည်နှုန်းဖြင့် ဆိပ်ဖြူမြို့နယ်အခြေစိုက်လူမှုရေးကူညီမှုအသင်းတစ်ခုဖြစ်သည့် သင်္ဂဟအသင်း၏ အကူအညီဖြင့် ဆဲဗင်းဒေးဂျာနယ်မှ တစ်ဆင့်ပေးအပ်လှူဒါန်းခဲ့သည်။ သင်္ဂဟ လူမှုကူညီရေးအသင်းသည် ဆိပ်ဖြူမြို့နယ်နှင့် အနီးအနားရွာများမှ နာမကျန်းသူများလူနာတင်ကားအကူအညီပေးရေးနှင့် လက်ရှိရေဘေးတွင်ရေဘေးသင့်ရွာများ၏ လိုအပ်ချက်များ အလှူရှင်များနှင့် ပူးတွဲကူညီပေးလျက်ရှိသော လူမှုရေးအဖွဲ့အစည်းတစ်ခုဖြစ်သည်။

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.10, No.36 • NOVEMBER 24, 2011



# စဉ်းစားပေးကြပါ

သမီးမိုက်(ပြည်ရိပ်မွန်အိမ်ရာ)

ငယ်ငယ်ကတည်းက စာဖတ်ဝါသနာပါလို့စာမှန်သမျှ မလွတ်တမ်းဖတ်ခဲ့သလိုအခုလည်း စာအုပ်ငှားဖတ်၊ဝယ်ဖတ်တဲ့အပြင် ဂျာနယ်မျိုးစုံရှာကြံဖတ်လေ့ရှိပါတယ်။ မှုခင်းသတင်းဂျာနယ်တွေကိုတော့ ကြုံမှပဲ ဖတ်ဖြစ်ပါတယ်။ ဖတ်ပြီးတိုင်း မိန်းမသား တစ်ယောက်အနေနဲ့ စိတ်နှလုံး မချမ်းမသာဖြစ်ရလွန်းလို့ပါ။ သူတစ်ပါးလိမ်တာ၊ ညာတာ မခံကြရအောင် ကြိုတင်ဆင်ချင်ရှောင်ကြဉ်နိုင်ကြအောင် လမ်းပြသတိပေးအကြံဉာဏ် ဗဟုသုတလေးတွေပါတာကြောင့် ကျေးဇူးလည်းတင် ပညာလည်း ရပေမယ့် မှန်တာပြောရရင် ဖတ်ရမှာ ကြောက်နေမိပါတယ်။ ကြုံကြိုက်လို့ မနေနိုင်လို့ ခုလိုဖတ်မိပြန်တော့ ကိုယ်တိုင်တောင် လူသတ်ချင်စိတ်တွေ ပေါက်လာပြီး ဒီဆောင်းပါးလေးကိုရေးလိုက်မိတဲ့အထိပါပဲ။

မှုခင်းသတင်းဂျာနယ်ဖတ်မိမှလည်း အနယ်နယ် အရပ်ရပ်မှာကိုယ်မသိသေးတာတွေမကြားဖူး၊ မကြုံဖူးသေးတာတွေ နေ့စဉ်နဲ့အမျှ အတော်များများ ဖြစ်ပျက်နေကြတာပါလားဆိုပြီး ရင်နာတာနဲ့အမျှသတိသံဝေဂလည်း ရမိပါတယ်။ တောဘက်၊ နယ်ဘက်တွေမှာထမင်းစားရေသောက်လို လွယ်လွယ်ဖြစ်ပျက်နေတဲ့ မုဒိန်းမှုတွေကို ဆိုလိုချင်တာပါ။ အထူးသဖြင့် ကလေးသူငယ်မလေးတွေ ကြုံတွေ့ခံစားနေကြရတဲ့ လောကငရဲဆိုရင် ဆင်ခြင်စရာ၊ ရင်နာစရာ၊ ကြောက်စရာအကောင်းဆုံးပါပဲ။ ကျွန်မလည်း မိန်းမသားဆိုတော့ ကိုယ့်သမီးများ ဖြစ်ခဲ့ရင်ဆိုတဲ့အသိနဲ့ ပိုပြီး ကိုယ်ချင်းစာနာမိပါတယ်။ အိမ်ထောင်ရှင်အမျိုးသမီးတွေတောင် ကျန်းမာရေး အဆင်မပြေရင် ကိုယ်စိတ်နှလုံးမကြည်လင်တဲ့အချိန်မျိုးနဲ့ ကြုံရင် ဒီကိစ္စဟာ သည်းညည်းခံချင်စရာမကောင်းတဲ့ဒုက္ခဆိုးတစ်မျိုးဆိုတာ မိန်းမသားတိုင်း အသိမို့ ကလေးငယ်လေးတွေဘက်က ကိုယ်ချင်းစာကြည့်ရင် သိနိုင်ကြပါတယ်။ ကိုယ်တွေတောင်သည်ကိစ္စကိုဒုက္ခတစ်မျိုးလို လက်ခံထားကြရင် ဘာမှမသိနားမလည်ရှာတဲ့ ဘာစိတ်မှ မရှိရှာကြသေးတဲ့ဖြူဖြူစင်စင်နုနုနယ်နယ် ကလေးငယ်လေးတွေခများ ဘယ်လောက်ကြီးလေးတဲ့ ထိတ်လန့်ကြောက်ရွံ့စရာကောင်းတဲ့ ဒုက္ခဆိုးကြီးမျိုးကို ခံစားခဲ့ကြရမယ်ဆိုတာ တွေးတောင် မတွေးကြည့်ဝံ့စရာပါပဲ။ စာနာတတ်ကြမယ်ဆိုရင် အင်မတန် သနားစရာ ရင်နာစရာ ကောင်းပါတယ်။ လောလောဆယ် လောကငရဲခံရတဲ့အပြင် ကြီးပြင်းလာရင်လည်း သည်အမည်းစက်ကြီးက တစ်သက်လုံး သူတို့လေးတွေရဲ့ ရင်ထဲမှာရော ပတ်ဝန်းကျင်မှာရော ဖျက်ပစ်လို့ရမှာတဲ့လား။ စွန်းထင်းကျန်ရစ်နေဦးမှာလေ။

ဒါကို သည်လိုပဲကြည့်နေကြတော့မှာလား။

ထောင်ဒဏ်အပြစ်လေး ပေးရုံနဲ့တော့ "ရယ်တာပေါ့"လို့တောင် ဆိုကြဦးမှာ။ ဒါကြောင့်လည်း နယ်ဘက်၊ တောဘက်တွေမှာ မကြာခဏ အလွယ်တကူဖြစ်နေကြတာပေါ့။ တချို့က အရက်မူးနေတာကို အကြောင်းပြပြီး အကာအကွယ်ယူချင်ကြသေးတယ်။ မူးရင် ချေးကျွေးကြည့်ပါလားလို့ ပြောချင်ပါတယ်။ ကျွန်မရိုင်းသွားရင် သည်းခံခွင့်လွှတ်ပေးကြပါ။ ဖြစ်နိုင်ရင် ဒီလူယုတ်မာတွေကို ဒီထက်တောင် ရိုင်းသင့်တယ်လို့ ထင်ပါတယ်။ လူကြီးအချင်းချင်းဆိုရင် ကြံဖန်စိတ်ဖြေလို့ ရသေးပေမယ့် ကိုယ့်ညီမ၊ ကိုယ့်သမီးအရွယ်လေးတွေကိုမှ ကြံစည်ကြသူတွေကိုတော့ ဘယ်လိုမှ မညှာတာသင့်ပါဘူး။ အရက်မူးတဲ့လူက တစ်မျိုး၊ မမူးတဲ့လူက တစ်မျိုး၊ အားလုံးကို ထောင်မချဘဲ အရပ်ထဲမှာတင်ဝိုင်းပြီးအသေရိုက်သတ်ပစ်ဖို့ပဲ ကောင်းပါတယ်။

သိကြတဲ့အတိုင်း နယ်ဘက် တောဘက်က လူတွေဟာ အများအားဖြင့် မိုးလင်းကမိုးချုပ် လယ်တောယာတောလုပ်ငန်းခွင်တွေထဲမှာပဲ နေ့စဉ်စားဝတ်နေရေးအတွက် ရုန်းကန်လှုပ်ရှားနေကြရတာဆိုတော့ ကိုယ့်မှာရှိတဲ့ သားသမီးတွေကို ပတ်ဝန်းကျင်အိမ်နီးချင်းတွေကိုပဲ အားကိုးအပ်နှံထားခဲ့ကြရတာလေ။ ကလေးအချင်းချင်းပဲ ထိန်းကြရတာဆိုတာ အိမ်တွေကလည်း တစ်အိမ်နဲ့တစ်အိမ် အလှမ်းဝေး၊ လုံခြုံမှုကလည်း မရှိ၊ ကောက်ရိုးပုံတွေ၊ သစ်ပင်ခြုံပုတ်တွေကတည်း ပေါများ၊ အကြံအဖန်သမားတွေအဖို့ "နတ်တို့ ဖန်၊ ရေကန်အသင့်" ဖြစ်မနေဖူးလား။ ပတ်ဝန်းကျင်ဆိုတာကလည်း ကိုယ့်အလုပ်နဲ့ ကိုယ်ဆိုတော့ အချိန်ပြည့်စောင့်ကြည့်မပေးနိုင်တာ သူတို့ကို အပြစ်တင်ချင်လို့ မရဘူးလေ။ နယ်သူ နယ်သားတွေရဲ့ ရိုးသားလွန်းတဲ့ စိတ်ဓာတ်၊ အချင်းချင်းယုံကြည်အားကိုး လွယ်လွန်းတတ်တဲ့ အစဉ်အလာ စိတ်ဓာတ်တွေဟာ "ကိုယ့်ကြံမှာကိုယ် ဖန်တီးသလို" "ကိုယ့်အန္တရာယ် ကိုယ်ဖိတ်ခေါ်သလို" ဖြစ်နေပါတယ်။ ဒါကြောင့် ဒီအချက်ကို အထူးသတိပြုသင့်ကြပါတယ်။

ကမ္ဘာကြီးဟာ အဘက်ဘက်က ပြောင်းလဲတိုးတက်လာမှုတွေနဲ့အတူ ဆုတ်ယုတ်မှုတွေဟာလည်း မနည်းတာမို့ ခေတ်ကောင်းကြီး ပြောရမလား၊ ခေတ်ဆိုးကြီးလို့ ပြောရမလား၊ ဘာပြောရမှန်း မသိတဲ့ လက်ရှိခေတ်ကြီးထဲမှာ လူအတော်များများရဲ့ စိတ်ဓာတ်တွေဟာလည်း ပြောင်းလဲကုန်ကြပါပြီ။ "ကိုယ်ကကျူးရင် ကိုယ့်ဒူးတောင် ကိုယ်မယုံနဲ့" "လူရိုးဆိုတာ သချိုင်းမှာပဲ ရှိတယ်" ဆိုတဲ့ အသိစိတ်ဓာတ်မျိုးတွေ တချို့လူတွေအပေါ်မှာ ပြောင်းလဲမွေးမြူသင့်နေပါပြီ။

တချို့ လူတွေဟာ တစ်ဦးဦး ဒုက္ခဖြစ်တာမြင်ရင် ကြားရင် "ဟုတ်လား တရားနဲ့သာ ဖြေပါကွယ်" လို့ ကိုယ့်မထိသေးတော့ မစာနာတတ်ဘဲ ခပ်လွယ်လွယ် ပြောပြီး တရားချတတ်ကြပါတယ်။ ကိုယ်တိုင်လည်း ကြုံရောဓားဆွဲ၊ တုတ်ဆွဲနဲ့ လူသတ်မှုတွေအထိ ဖြစ်ကုန်ကြတော့တာပဲ။ အခုကလေးတွေ ပြဿနာရော၊ ဘယ်တရားနဲ့ ဖြေလို့မှရကောင်းတဲ့ အရာ မဟုတ်တာကြောင့် ဘယ်မိဘကရော ဘယ်လိုဖြေနိုင်မှာတဲ့လဲ။ ဒါကြောင့် ကိုယ်နဲ့မဆိုင်သလို၊ ကိုယ်နဲ့ပတ်သက်စရာ ကိစ္စမရှိလေဆိုပြီး ကျန်မိဘတွေက မျက်နှာလွှဲခဲပစ်လုပ်မနေသင့်ကြပါဘူး။ ဝိုင်းဝန်း စာနာသနားကြပါလို့တိုက်တွန်းလိုက်ပါရစေ။ ကျေးရွာတွေမှာရှိနေကြတဲ့ သက်ဆိုင်ရာ လူကြီးမင်းများကလည်း ဒီကိစ္စမျိုးတွေ ကိုယ့်နယ်ကိုယ့်ဒေသမှာ တတ်နိုင်သမျှ ပပျောက် လျော့နည်းသွားအောင် သမီးမိန်းကလေး မရှိရင်တောင်မှ ကိုယ့်သမီးလေးသာ ဖြစ်ခဲ့ရင်ဆိုတဲ့ စာနာစိတ်နဲ့ အလေးထားဆောင်ရွက်ပေးစေချင်ပါတယ်။

ထောင်ဒဏ်ပေးရုံနဲ့တော့ "ရယ်တာပေါ့" လို့ထင်နေတဲ့ ဒုစရိုက်ကောင်တွေကို မှတ်လောက်သားလောက်အောင်ပြင်းပြင်းထန်ထန်အပြစ်ပေးလို့မရတော့ဘူးတဲ့လား။ ကလေးတွေတောင် တချို့ကပါးစပ်နဲ့ ဆုံးမရုံနဲ့တင် ရပေမယ့် တချို့က တုတ်နဲ့ နာနာရိုက်ဆုံးမမှ ရကြ ကြောက်ကြတာလေ။ တစ်ယောက်ကို မှတ်လောက်အောင် စံပြလုပ်ပြလိုက်ရင် ကျန်နောက်လိုက်မယ့်လူတွေ နည်းနည်းတော့ ဖြုံသွားမယ်ထင်ပါတယ်။ (ခရီးသွား ဂျပန်အမျိုးသမီးလေး အမှုကို နမူနာယူပြီး ကျန်ဆိုင်ကယ်ကယ်ရီသမားတွေ လန့်ဖျား ဖျားကုန်ကြသလိုပေါ့။ ဒါတောင် အားလုံးတော့ ဖျားကြဦးမယ်မထင်ပါ။)

ဒီတော့ ဒီကလေးတွေအတွက် ဖောင်ဒေးရှင်းလုပ်ပေးဖို့ ဒီတစ်သက်မှာဘယ်လိုမှမမျှော်မှန်းရဲပါဘူး။ ဒါကြောင့် တကယ်လို့များကျင်းပနေတဲ့ လွှတ်တော်မှာ မေးမြန်းခွင့်ရခဲ့မယ်ဆိုရင် နေရာတိုင်းမှာခေါင်းမဖော်မျက်နှာမပြရဲအောင်ထောင်ဒဏ်ကြိမ်ဒဏ် အပြင်မျက်လုံးတစ်လုံးကို တစ်လုံးချင်း အစားမရနိုင်ရင်တောင် ရှေးတုန်းကနဖူးပြင်ပေါ်မှာ ဖျက်မရတဲ့ တံဆိပ်အမှတ် အမှတ်အသားရိုက်နှိပ်ပေးသလို အပြစ်ဒဏ်မျိုးကိုပါ ပေးနိုင်အောင် ဥပဒေတွေကိုများ ပြောင်းလဲပြင်ဆင်ပေးဖို့ အစီအစဉ်လေးများ ရှိပါသလားလို့။ ။

## JOKE

### ကျွန်တော့်ကို သိလား

ကျောင်းသားတစ်ယောက် ခက်ခဲသော စာမေးပွဲတစ်ခုကိုဖြေနေသည်။ စာမေးပွဲအချိန်ပြည့်သွားသောအခါ ၎င်းတို့၏ အဖြေလွှာများကိုချက်ချင်းလာအပ်ရန်ပါမောက္ခကကျောင်းသားများကိုပြောလိုက်သည်။ ကျောင်းသားကမူ စာမေးပွဲကိုဆက်ဖြေနေသည်။ ဖြေဆိုမှုကိုမရပ်ပါက စည်းကမ်းချိုးဖောက်မှုဖြင့်စာမေးပွဲချပစ်မည်ဟု ပါမောက္ခကြီးက သတိပေးသည်။

၁၀ မိနစ်ခန့်ကြာသောအခါ ကျောင်းသားလည်း အဖြေလွှာကိုကိုင်၍ ပါမောက္ခကြီးအား သွားပေးသည်။ အဖြေလွှာကိုလက်မခံတော့ကြောင်း ဆရာကြီးကပြောသည်။

ထိုအခါ ကျောင်းသားက. .

"ကျွန်တော် ဘယ်သူလဲဆိုတာ ဆရာကြီးသိလား"ဟု မေးပါ၏။

ပါမောက္ခကြီးက"မသိဘူး၊ ဂရုလည်းမစိုက်ဘူး"ဟုဆိုပါ၏။

ဤတွင် ကျောင်းသားက "ကျွန်တော် ဘယ်သူလဲဆိုတာ ပါမောက္ခကြီး တကယ်မသိဘူးလား" ဟု ထပ်မံမေးမြန်း၏။ ပါမောက္ခကြီးကလည်းစိတ်မဝင်စားဟန်ဖြင့် တစ်ဖက်လှည့်သွားရာ ကျောင်းသားက အဖြေလွှာအပုံ၏အလယ်လောက်တွင် သူ့အဖြေလွှာကိုထိုးထည့်သွားသည်။ ထိုကျောင်းသား စာမေးပွဲအောင်လေသည်။

### ရှေးဟောင်းပစ္စည်း

လူတစ်ယောက်က သူ့သူငယ်ချင်းအား ယခုလို ကြွားလုံးထုတ်နေ သည်။

"ငါက ရှေးဟောင်းပစ္စည်း စုတဲ့နေရာမှာတော့ နာမည်ကြီးပဲကွ"

ဤတွင်သူငယ်ချင်းက"ငါသိပါတယ်ကွာ။မင်းမိန်းမကိုတွေ့ပြီးကတည်းက ငါသဘောပေါက်သွားတယ်"ဟုဆိုပါလေ၏။

**အယ်ဒီတာချုပ်-** သောင်းစုငြိမ်း။ **အမှုဆောင်အယ်ဒီတာများ-** အားမာန်၊ ငြိမ်းငြိမ်းနိုင်။ **စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်းအယ်ဒီတာ -** စောစည်သူမိုး။ **သတင်းအယ်ဒီတာများ-** အေးမြကျော်၊ နေလင်းအောင်၊ သီဟ၊ မေဝင်းမွန်။
**အကြီးတန်းသတင်းထောက်-** မြတ်စုမွန်၊ ဇာဇာနီ၊ ယုဇနကိုကို။ **နိုင်ငံတကာသတင်းဘာသာပြန်-** ရဲမင်း၊ ကျော်မျိုးဦး။ **စာပြင်အယ်ဒီတာ-** လှထွဋ်ဦး။ **သတင်းထောက်များ-** သဇင်ထွေး၊ ဝေယံမြတ်ဦး၊ ကျော်သီဟ၊ အိဖြူလွင်၊ အိဖြူမွန်၊ ဝတ်ရည်အောင်၊ သိမ့်သိမ့်စိုး၊ ဥက္ကာကိုကို၊ အောင်သူရ၊ နေလင်းထွန်း၊ ဗိုလ်ဗိုလ်ဝင်း၊ ပြည်သိမ်း၊ သန်းဌေး၊ အေးသူစံ။ **နေပြည်တော်သတင်းထောက်-** ထူးသန့်။ **မန္တလေးသတင်းထောက်များ-** စိုင်းသာအောင်၊ မင်းဒင်၊ ညီညီဇော်။
**နယ်သတင်းထောက်များ-** မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ ။ **စာမျက်နှာဖွဲ့စည်းမှု-** ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက်။ **ကွန်ပျူတာစာစီ-** စန်းစန်း၊ နွယ်မွန်ဖြိုး၊ မေဇင်သိန်းဇော်၊ ဘုန်းမြင့်ဟန်။ **သရုပ်ဖော်-** စိုးသော်တာ။
**ဓာတ်ပုံသတင်းထောက်-** အောင်အောင်၊ ဂျေမောင်မောင်(အမရပူရ)။ **ပြင်ပဆက်သွယ်ရေး-** သက်ပိုင်ဌေး။ **လိုဂိုဒီဇိုင်း-** ကျောက်ဆည်။ **ဘဏ္ဍာရေး-** ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး။ **ကြော်ငြာတာဝန်ခံ-** မိုးပပ၊ လင်းလင်းဦး။
**ထုတ်ဝေသူ-** ဦးမျိုးလှိုင်အောင်။ **ပုံနှိပ်စက်-** သုဝဏ္ဏသီဂီပုံနှိပ်တိုက်။ **ဖလင်-** Sunn Colour Separation. **စောင်ရေ-** ၁,၀၀၀။ **ရောင်းဈေး-** ၄၅၀ကျပ်။

7Day News ဂျာနယ်တိုက် - လပြည့်ဝန်းပလာဇာ(၁၀ ထပ်)၊ အမှတ် ၃၇၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း- ၇၂၁ ၅၇၇၊ ၂၄၃ ၅၄၂၊ ၃၇၆၄၅၉၊ ၀၉ ၅၁၇၃၂၅၅
Fax : 243 542, E-mail : editor@7daynewsjournal.com

7 DAY NEWS JOURNAL

# Business

Vol.10, No.36 · NOVEMBER 24, 2011

# မြို့ပတ်ရထားခမြှင့်လိုက်သော်လည်း ခရီးသည် မလျော့ဟုဆို

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ နိုဝင်ဘာ-၁၇**

ရန်ကုန်မြို့တွင်း ပြေးဆွဲနေသော မြို့ပတ်ရထားလက်မှတ်ခများ၁၀ဆအထိ မြင့်တက်သွားသော်လည်း မြို့ပတ်ရထားစီးနင်းသူ လျော့နည်းသွားခြင်းမရှိသေးကြောင်း မြန်မာ့မီးရထား (ရန်ကုန်)မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

မြို့ပတ်ရထားများ၏ ရထားလက်မှတ်ခများကို အခြားအဝေးပြေးရထားများနှင့်အတူ ယခုလ ၁၅ ရက်မှစ၍ တိုးမြှင့်ခဲ့သည်။

၎င်းရထားလက်မှတ်ခမှာ ယခင်က တစ်ယောက်လျှင် ၁၀ ကျပ်မှ ယခု ၁၀၀ ကျပ်ထိမြင့်တက်ခဲ့ခြင်းဖြစ်သည်။

ကျပ် ၁၀၀ ဖြင့် ဝယ်ယူသော လက်မှတ်ကို အသွား၊ အပြန် နှစ်ကြိမ်စီးနင်းနိုင်ကြောင်းလည်း မြန်မာ့မီးရထားမှ စုံစမ်းသိရသည်။

"ရထားစီးတဲ့သူကတော့ ပုံမှန်ပါပဲ။ အခုထိတော့ သိသိသာသာ လျော့သွားတာမျိုး မရှိသေးပါဘူး" ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။



ဝန်ဆောင်မှုများ ပြောင်းလဲခြင်းမရှိသည့် ရန်ကုန်မြို့တွင်းပြေးဆွဲနေသော မြို့ပတ်ရထားအတွင်းပိုင်း
ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

မြို့ပတ်ရထားစီးနင်းသည့်နှုန်းမှာ တစ်နေ့လျှင် လက်မှတ်စောင်ရေ ၁၀၀,၀၀၀ ကျော်ထိရှိနေသေးကြောင်း သိရသည်။

"ရထားက လက်မှတ်ခတက်ပေမယ့် ကျန်တာဘာမှ မပြောင်းဘူး။ လူတွေလည်း ကျပ်၊ ဈေးသည်တွေရော ပစ္စည်းတွေရော အားလုံး အတူတူပဲ။ ဘာမှ ပြောင်းလဲထားတာ မရှိဘူး။ ပြောင်းတာဆိုလို့ လက်မှတ်ခပဲရှိတယ်။ အဲဒီလို ဈေးတက်ရင် ပြုပြင်မှုတွေတော့ လုပ်ပေးသင့်တယ်" ဟု မြို့ပတ်ရထားစီးနင်း၍ လုပ်ငန်းခွင်ဝင်ရောက်သူတစ်ဦးက ပြောသည်။

ထို့ကြောင့် ၎င်းကိစ္စနှင့်ပတ်သက်၍ မီးရထားမှတာဝန်ရှိသူအားမေးရာတွင် "အခုလောလောဆယ်တော့ ရထားအဆင့်မြှင့်တင်ဖို့ စီစဉ်ဆောင်ရွက်တာတွေ မရှိသေးပါဘူး" ဟု ဆိုသည်။

ရထားလက်မှတ်ခများ မြင့်တက်ရခြင်းမှာ ယခင်က အရှုံးခံပြီး ပြေးဆွဲခဲ့သော်လည်း ဆီဈေးနှုန်းများ မြင့်တက်လာချိန်၌ အရှုံးကာမိရန် ဈေးတက်လိုက်ခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

## ပြည်တွင်းငွေလဲနှုန်း

| | | |
|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၇၈၅ | ကျပ် |
| ၁ အက်ဖ်အီးစီ | ၇၈၅ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၆၀၀ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၂၅ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၁၆ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၀၃၀ | ကျပ် |
| ၁ ယူနစ် (ပို့ကုန်ရငွေ) | ၈၃၀ | ကျပ် |

၂၀၁၁ နိုဝင်ဘာ ၁၉ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။
မှတ်ချက်။ ။ပို့ကုန်ရငွေဈေးနှုန်းသည် နိုဝင်ဘာ ၁၈ ရက်ဈေးဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၃၃ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၃၉၄ | ယူရို ( | ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၇၆. ၈၈ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၃၅၆၅ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၅၁. ၂၃ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၉၈၄ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၁၃၈. ၅၀ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၁၆ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၀. ၉၉ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၉,၀၈၅. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၁,၀၀၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၃. ၃၉ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၀. ၉၉၈၃ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၃၂၀၈ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၁. ၀၂၇၄ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၃၀. ၈၆၄၁ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇၃ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁၇၂၅. ၁၀၀ |
| ရေနံစိမ်း | စည် | ၁၀၇. ၅၆၀ |
| ငွေ | ၁ အောင်စ | ၃၂. ၄၈၉ |
| ကြေးနီ | ပေါင် | ၃၄၂. ၀၅၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၃. ၃၁၆ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။
၂၀၁၁ နိုဝင်ဘာ ၁၉ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။

# အိန္ဒိယချေးငွေဖြင့် ဆောင်ရွက်နေသော မော်တော်ယာဉ် တပ်ဆင်စက်ရုံ လုပ်ငန်းများ ခေတ္တရပ်နားထား

**ပြည်သိမ်း**

**ရန်ကုန်၊ နိုဝင်ဘာ-၁၅**

အိန္ဒိယနိုင်ငံချေးငွေဖြင့် အမှတ်(၂)စက်မှုဝန်ကြီးဌာနမှ လုပ်ကိုင်နေသည့် မကွေးမြို့ရှိ မော်တော်ယာဉ်အစိတ်အပိုင်းများ တင်သွင်းတပ်ဆင်ထုတ်လုပ်သည့် စက်ရုံလုပ်ငန်းလည်ပတ်မှု ခေတ္တရပ်နားထားကြောင်း မြန်မာနိုင်ငံရှိအိန္ဒိယလုပ်ငန်းရှင်များထံမှ သတင်းရရှိသည်။

မြန်မာနိုင်ငံမှ အိန္ဒိယနိုင်ငံသို့ ပေးချေးရန်ရှိသည့် ငွေကြေးအချို့ကိုဆိုင်းငံ့ထားသည့်အတွက် အိန္ဒိယနိုင်ငံမှ ထုတ်လုပ်ရေးအတွက် တင်ပို့မှုကို ခေတ္တရပ်နားထားခြင်းဖြစ်သည်။ အိန္ဒိယနိုင်ငံမှ တင်ပို့သည့် ကုန်ကြမ်းပစ္စည်းများကို ပစ္စည်းအမျိုးအစား အရေအတွက်အလိုက် ထုတ်ပေးရသဖြင့် ပစ္စည်းဝင်ရောက်မှုပေါ်မူတည်ပြီး ထုတ်လုပ်ရေးလုပ်ငန်းများ လုပ်ကိုင်ရကြောင်းလည်း စုံစမ်းသိရသည်။

"လောလောဆယ်တော့ ဟိုက ပစ္စည်းပို့တာ အချိန်နည်းနည်းကြာနေတယ်" ဟု မကွေးစက်ရုံမှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

မကွေးစက်ရုံတွင် ပထမအဆင့်အနေဖြင့် တာတာမော်တာမှ ယာဉ်အစိတ်အပိုင်းများ တင်သွင်း၍ မော်တော်ယာဉ်တပ်ဆင်ထုတ်လုပ်သည့် စက်ရုံကို ၂၀၁၀ ဒီဇင်ဘာက စတင်ဖွင့်လှစ်ခဲ့သည်။ မော်တော်ယာဉ်ခေါင်းခန်းနှင့် အောက်ခံကိုယ်ထည်သံပေါင်များအား တိုးချဲ့ထုတ်လုပ်နိုင်သည့် စီမံကိန်းဒုတိယအဆင့်ကို ယခုနှစ် နိုဝင်ဘာတွင် ပြီးစီးမည်ဟု ခန့်မှန်းကြောင်း သိရသည်။

# ကားသစ်များ ဝင်လာသော်လည်း အောက်ကားများသာ အရောင်းအဝယ်ဖြစ်

**ဇာဇာနီ**

**ရန်ကုန်၊ နိုဝင်ဘာ-၁၆**

ဟံသာဝတီ ယာဉ်ရောင်းဝယ်ရေးဈေးကွက်တွင် ဆိပ်ကမ်းထုတ်ကားများ ဝင်လာသော်လည်း အောက်ကားများသာ အရောင်းအဝယ်အနည်းငယ်ဖြစ်လျက်ရှိကြောင်း အဆိုပါ ယာဉ်ရောင်းဝယ်ရေးဈေးကွက်မှ စုံစမ်းသိရှိရသည်။

"ဆိပ်ကမ်းထုတ်ကားတွေတော့ ဒီမှာရောင်းကြတာပဲ။ ဈေးကတော့ ကားစသွင်းတဲ့အချိန်ကနဲ့စာရင် တစ်ဝက်ကျော်လောက်ချပြီး ဈေးခေါ်ပေမယ့် အဝယ်နည်းတယ်" ဟု ကားပွဲစားကိုကျော်မြင့်က ပြောသည်။

ကားဟောင်းထုတ်၍ ပြည်ပမှ ဝင်ရောက်လာသော ကားများတွင် ရှေ့ငါး ၂၀၀၂ မော်ဒယ်တူးပွိုင့်ဖိုက်ဂျီအမျိုးအစားအား ကျပ်သိန်း ၄၂၀ ဝန်းကျင်ခန့်၊ ဟိုင်းလပ်ဆပ် ၁၇ မော်ဒယ်အား ကျပ်သိန်း ၄၅၀၊ ဟိုင်းလပ်ဆာ့ဖ် ၉၉ မော်ဒယ်အား ကျပ်သိန်း ၅၅၀ ခန့်နှင့် ဈေးခေါ်ထားသော်လည်း ဝယ်သူနည်းကြောင်း သိရှိရသည်။

အောက်ကားဈေးကွက်မှာ ပါမစ်တစ်စောင်လျှင် ကျပ်သိန်း ၁၀၀ ပေါက်ဈေးရှိပြီး (ဈ)နံပါတ်နှင့် (ည)နံပါတ်ကားများအဝယ်ရှိကာ အောက်ကားများမှာ ကျပ်သိန်း ၁၀၀ ခန့် ကားများအရောင်းအဝယ်ဖြစ်နေသည်။ ချယ်ရီဝက်ဂွန်မှာ စက်မှုဇုန်မှ ထုတ်လုပ်ခြင်း ရပ်ထားသောကြောင့် ပြင်ပဈေးကွက်တွင် ကျပ်သိန်း ၁၁၀ ခန့်ရှိကြောင်း သိရသည်။

"ဇုန်ထုတ်ကားတွေကတော့ အရောင်းအဝယ်မရှိဘူး။ တော်တော်လေးကျသွားတယ်" ဟု ကားပွဲစားကိုအောင်က ပြောသည်။

# ဖားကန့်မှ အဝယ်များသဖြင့် ဒီဇယ်ဈေးမြင့်တက်

**ပြည်သိမ်း၊ အောင်သူရ**

**ရန်ကုန်၊ နိုဝင်ဘာ- ၁၆**

ပွင့်လင်းရာသီဝင်လာ၍ ဖားကန့်ဒေသမှ ဒီဇယ်ဝယ်ယူမှုများလာသဖြင့် ပြည်တွင်းရှိ စက်သုံးဆီဈေးနှုန်းများ တဖြည်းဖြည်းမြင့်တက်လာကြောင်း ပုဂ္ဂလိက စက်သုံးဆီ ရောင်းချသူများထံမှ သတင်းရရှိသည်။

ဖားကန့်ဒေသသည် မိုးရာသီတွင် ကျောက်စိမ်းနှင့်ရွှေတူးဖော်မှုများ ရပ်နားထားပြီး ပွင့်လင်းရာသီတွင် လုပ်ငန်းများပြန်လည်စတင်လေ့ရှိသည်။ ယင်းကြောင့် စက်ကြီးများမောင်းနှင်ရန်အတွက် စက်သုံးဆီလိုအပ်မှုသည် တစ်နေ့ ထက် တစ်နေ့များလာခြင်းဖြစ်သည်ဟု သိရသည်။

စာ(၃၄)သို့



ဂျပန်နိုင်ငံမှ ကားများ ဝယ်ယူတင်သွင်းလိုသူများအတွက် သတင်းကောင်း

GOLDEN ASIA CO.,LTD. UCHI GASHIMA-CHO 1204-1, OTA-SHI GUNMA-KEN, JAPAN
Tel:0081 90720 81321 Email: goldenasiacojp@yahoo.com, http://goldenasia.cojp နှင့်
VENUS TRADING CO.,LTD. SUWACHO- 1005-5-12, TATE BAYASHI, GUNMA-KEN-JAPAN
Tel: 0081 80 46120856 Email: venustradingcojp@gmail.com



Venus Auto Co.,Ltd.
No.98, 2nd Floor, 42nd Street, Botahtaung Tsp., Yangon, Myanmar. E-mail: venusautomyanmar@gmail.com
Ph: 376759 , Mobile: 09 51 43229,0949312051, 09 49 320242, 09 49 333319,09 73210300, 09 50 69380

7DAY NEWS JOURNAL
Vol.10, No.36 • NOVEMBER 24, 2011

## ရွှေဈေးမြင့်လာ၍ ပြန်ရောင်းသည့် ဈေးကွက်ကောင်းလာ

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ နိုဝင်ဘာ- ၁၆**

ပြည်တွင်းရွှေဈေးနှုန်း အမြင့်ပိုင်းတွင်ရှိနေ၍ ပြန်သွင်းသည့် ဈေးကွက်အားကောင်းနေကြောင်း အပိုင်းဈေးကွက်တွင် အရောင်းအဝယ်လုပ်နေသော ရွှေလုပ်ငန်းရှင်များကပြောသည်။

ကမ္ဘာ့ရွှေဈေးနှုန်းသည် ယခုလဆန်းပိုင်းမှစ၍ တစ်အောင်စလျှင် ၁၇၇၀ ဒေါ်လာဝန်းကျင်ဖြင့် အမြင့်ပိုင်းတွင်ရှိနေခဲ့သည်။

ထို့ပြင် ယခုတစ်ပတ်တွင်း၌ အမေရိကန်ငွေလဲလှယ်နှုန်း တက်လာခဲ့၍ ပြည်တွင်းရွှေဈေးနှုန်းမှာ ဆက်လက်မြင့်တက်ခဲ့သည်။

ပြည်တွင်းရွှေဈေးသည် ပြီးခဲ့သည့်တစ်ပတ်အတွင်း အခေါက်ရွှေတစ်ကျပ်သားလျှင် ၇၃၀,၀၀၀ ကျပ်အောက်တွင်ရှိနေခဲ့၍ ဒေါ်လာဈေးမြင့်တက်မှုကြောင့် ၇၃၅,၀၀၀ ကျပ်ထိ မြင့်တက်လာခဲ့သည်။

အမေရိကန်ငွေဈေးနှုန်းသည် ယခုလဆန်းပိုင်းမှစ၍ တစ်ယူနစ်လျှင် ၇၇၀ကျပ်ဝန်းကျင်ရှိနေခဲ့ရာ ယခုနိုဝင်ဘာ ၁၆ရက်တွင် ၇၈၄ ကျပ်ထိ မြင့်တက်လာခဲ့သည်။

"ရွှေဈေးက အမြင့်ပိုင်းဖြစ်နေတော့ အပိုင်းဘက်မှာ တစ်ကျပ်သားကို ကျပ် ၇၀၀,၀၀၀ စွန်းစွန်းနဲ့လုပ်ထားတဲ့သူတွေက ပြန်ထုတ်လာကြတယ်။ ပြန်ရောင်းအားကောင်းတဲ့ ဈေးကွက်ဖြစ်လာတယ်"ဟု ရွှေဆိုင်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ရွှေဈေးမှာလတ်တလောပြန်မကျနိုင်သေးကြောင်း ရွှေလုပ်ငန်းရှင်များက ခန့်မှန်းပြောကြားသည်။ ထို့အတူ လက်ရှိဈေးနှုန်းထက်လည်း များစွာမြင့်တက်မှုမရှိနိုင်ကြောင်း ရွှေလုပ်ငန်းရှင်များက သုံးသပ်သည်။

## ဖားကန့်မှ အဝယ်များသဖြင့် ဒီဇယ်ဈေးမြင့်တက် မှ

ထို့အပြင် ဥရောပ၌ လက်ရှိရာသီသည် ဆောင်းဝင်လာသည့်အတွက် ဒီဇယ်ကိုစတင်စုဆောင်းကြသဖြင့် ဒီဇယ်ဈေးတက်လာခြင်းဖြစ်သည်။ ဒီဇယ်ကို မီးထိုးဆီအဖြစ်အသုံးပြုရန် ဝယ်ယူကြကြောင်း ပုဂ္ဂလိကစက်သုံးဆီလုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

"ရှေ့ဆက်ပြီး ဈေးကအတက်ပဲရှိတော့တယ်"ဟု အထက်ပါပုဂ္ဂိုလ်က ဆိုသည်။

ပြည်တွင်းဈေးကွက်တွင် ဒီဇယ်တစ်ပီပါလျှင် ကျပ် ၇,၀၀၀ ဝန်းကျင်၊ အောက်တိန်းတစ်ပီပါကိုကျပ်၁၀,၀၀၀ခန့်မှူလဈေးထက်တက်လာသည်။ လက်ရှိဒီဇယ်ဈေးမှာ တစ်ပီပါကို ၁၇၂,၀၀၀ ကျပ်ဝန်းကျင်၊ အောက်တိန်းမှာ တစ်ပီပါ ၁၉၂,၀၀၀ကျပ်ဝန်းကျင်ဈေးရှိသည်။ ဆိုင်ဈေးမှာ အောက်တိန်းတစ်ဂါလန် ၃၇၀၀ ကျပ်နီးပါး ဒီဇယ်တစ်ဂါလန် ၃,၅၀၀ ကျပ်ဝန်းကျင်ဈေးရှိသည်။

ထိုင်းမြန်မာနယ်စပ်တာချီလိတ်တွင် ဒီဇယ်တစ်လီတာလျှင် ယခုရက်ပိုင်း၌ ၃၀ ဒသမ ၅ ဘတ်ရှိသည်။ ယခင်လက တာချီလိတ်တွင် ဒီဇယ်တစ်လီတာ ၂၆ ဒသမ ၈ ဘတ်သာရှိသဖြင့် တစ်လီတာလျှင် ၄ ဒသမ ၅ ဘတ်ခန့် ဈေးကျလာသည်။






**TRADEMARK CAUTION**

GOOGLE INC, a Company incorporated in U.S.A at 1600 Amphitheatre Parkway, Mountain View, California 94043, United State of America is the Owner and Sole Proprietor of the following Trademark:-

Reg: 4/11033/2011

In respect of : Int'l class 9 : " Electrical apparatus and instruments, namely, mobile telephones, smart card readers, and proximity payment processing devices all using near field communication technology for facilitating commercial transactions through electronic means via wireless network, global computer network and mobile telecommunication device; Near field communication (NFC) technology-enabled devices; Near field communication (NFC) technology-enabled readers; Computer software; computer software for facilitating commercial transactions through electronic means via wireless network, global computer network and mobile telecommunication device; Computer software, namely, electronic financial platform that accommodates multiple types of payment and debt transactions in an integrated mobile phone, PDA, and web based environment; magnetically encoded credit cards; magnetically encoded debit cards."

Int'l class 35 : " Promoting the goods and services of others by means of coupons, discounts, administration of incentive awards programs, rebates, and vouchers, via wireless network, mobile telecommunication devices, global computer network; dissemination of advertising for others via wireless network, mobile telecommunication devices, global computer network."

Int'l class 36 : " financial affairs; financial transaction services; provision of electronic contactless payment services; Financial transaction services, namely, providing secure commercial transactions and payment options using a mobile device at a point of sale; Electronic credit card transaction processing, debit card services, pre-paid purchase card services, namely, processing electronic payments made through prepaid cards and processing electronic payment through pre-paid cards, processing electronic payments made through loyalty cards, electronic payment, namely, electronic processing and transmission of credit card transactions, wireless wallets, mobile wallets, electronic wallets, wireless credit, debit and prepared card transactions, credit card and transaction processing terminal services using near field communication (NFC) technology Credit card and debit card services; Issuing prepaid debit cards; issuing prepaid credit cards."

Int'l class 42 : " Scientific and technological services andresearch and design relating thereto; design and development of computer hardware and software; computer services; troubleshooting."

Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.

U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph: 371990

24 Nov 2011

# 7DAY BOOK REVIEW

နှစ်ပေါင်းနှစ်ဆယ်ကျော်အတွင်း မဂ္ဂဇင်းများတွင်ရေးခဲ့သော ဝတ္ထုတိုများအနက် စိတ်ကြိုက်လက်ရွေးစင် ၁၆ ပုဒ်အား စုစည်းထုတ်ဝေသည့်စာအုပ်ဖြစ်သည်။

မန္တလေးဇာတိဖွား စာရေးဆရာ၊ ဝတ္ထုတိုဆရာဆူးငှက်၏ ယခုဝတ္ထုတိုများတွင် မန္တလေးအညာရနံ့နှင့် မြန်မာ့ယဉ်ကျေးမှုအခေါ်အဝေါ်များ၊ခေတ်ဟောင်းမြန်မာသီချင်းများ လွှမ်းခြုံထားပြီး အချို့သောဝတ္ထုတိုများမှာ ကိုယ်တွေ့ဖြစ်ရပ်ကိုအခြေခံ၍ ဝတ္ထုအသွားဖြင့် ရေးသားထားရာ တစ်မျိုးဆန်းသစ်စွာဖတ်ရှုရမည်ဖြစ်သည်။ 'ကျွန်တော့်ချစ်သူ စက်ဘီးမစီးတတ်ပါ'ဝတ္ထုတွင်မန္တလေးနှင့်စက်ဘီး တစ်သားတည်းရှိခဲ့ပုံ၊တစ်ခေတ်တစ်ခါက မန္တလေးသူများစက်ဘီးစီးခြင်းဓလေ့နှင့် စက်ဘီးမစီးတတ်သောချစ်သူမိန်းကလေး




## ဆူးငှက်
## (လက်ရွေးစင်ဝတ္ထုတိုများ)

ကြား အခြားလူစကားဖြင့် နားလည်မှုလွဲကာ နှစ်အတန်ကြာမှဖြစ်ရပ်မှန်သိပြီး နှမြောတသဖြစ်ရပုံကို ဟာသလေးနှောကာ ရေးသားထားပြီး အဆုံးတွင် လက်တွေ့ရင်ဆိုင်နေရသော အိမ်ထောင်သည်ဘဝအလွမ်းအမောအား စက်ဘီးတစ်စီးဝယ်ယူရန် စုထားသည့်ငွေ လုံးပါးပါးခဲ့ခြင်းဖြင့်တို့ထိရေးသားထားသည်။ 'တိမ်ဝင်ည' ဝတ္ထုတိုမှာကွယ်လွန်သူစာရေးဆရာမမိုးမိုး(အင်းလျား) အမှတ်တရဝတ္ထုတိုတစ်ပုဒ်ဖြစ်ပြီး 'လောကနန္ဒာကမ်းပါးက လှေကလေး'တွင် နိုင်ငံတကာ ဓာတ်ပုံပြိုင်ပွဲဝင်မည့် မြန်မာဓာတ်ပုံဆရာတစ်စု ပုဂံခရီးသွား၍ အလှဓာတ်ပုံများ ရိုက်ရာ၌ လောကနန္ဒာဘုရားအောက် သဲသောင်ပြင်တစ်လျှောက်အစပ် ရပ်နားထားသည့် လှေကလေးကိုရှုထောင့် အမျိုးမျိုးမှ ရိုက်ကြပုံ၊ ထိုသို့ဓာတ်ပုံရိုက်ပြီးအသီးသီးပြန်ကြရာမှ ကျန်ရစ်သူတစ်ဦးက ပါရှိသော ငွေအကြွေကို လှေရှင်အား ကမ်းပေးရာ၌လှေရှင်မှာမထင်မှတ်ဘဲ မသတိစရာ အနာကြီးရောဂါသည်အဖြစ် မြင်တွေ့ရပုံ၊ ယင်းလှေကလေး ဓာတ်ပုံဆုရသွားသည့်အခါထိုဖြစ်ရပ်အား ပြန်မြင်ယောင်မိခြင်းကို ရေးဖွဲ့ထားသည်။ 'တစ်လ. . လပြည့်ပြန်ပါလျှင်' သည်ကိုယ်တွေ့ဖြစ်ရပ်ကို အခြေပြု၍ ချစ်ကံခေသဖြင့်ကြုံချင်ပါလျက်လွဲခဲ့ရသော ရင်ခုန်ဖွယ် ဇာတ်လမ်းကို စာဖတ်သူအား ညှို့ချက်ပြင်းပြင်းဖြင့်ရေးဖွဲ့ထားသည်။ ထိုဝတ္ထုတွင် အဓိကဇာတ်ကောင်အဖြစ် အမျိုးသမီး၊ အမျိုးသား ဖော်ကျူးမထားဘဲ မန္တလေးမြို့မ အပျော်တမ်းတူရိယာအသင်းကြီး နှင့် 'စာဆိုခံလလုံး'ဆိုသည့်သီချင်းဖြင့် ဇာတ်အိမ်တည်ရေးထားရာ ဝတ္ထုရေးသူ၏ အတတ်ပညာကို သတိပြုနိုင်မည်ဖြစ်သည်။

'မတိုင်မီ'ဝတ္ထုသည် ၁၉၉၁ ခုနှစ်က ရေးသားခဲ့ပြီး အဝေးရောက် ဖခင်တစ်ဦးက သားငယ်တစ်ဦးဆီ ပေးစာသဘောဖြင့် ရေးထားသောဝတ္ထုဖြစ်သည်။ မိသားစုနှင့်မည်သို့မျှတွေ့ခွင့်မရဘဲတသီးတခြားတစ်နေရာ ရောက်နေသူတစ်ဦးစိတ်တို့လွင့်ပါးကာ အတိတ်အား ပြန်လည်မျှော်တွေးနေပုံကို အထီးကျန်ခြင်းပေါ်လွင်အောင် ရေးဖွဲ့ထားသည်။ ထို့အတူ ၁၉၉၄ ခုနှစ်က ရင်ခုန်ပွင့်မဂ္ဂဇင်း တွင် ဖော်ပြခဲ့သော 'ပွင့်ဦးကြွေလု' ဝတ္ထုလေးသည် နယ်မှ မြို့ကြီးဆီရောက်၍ ဘဝတစ်ခုတည်ထောင်ရန်ကြိုးစားနေသော ဇနီးမောင်နှံနှစ်ဦး သားလေးတစ်ဦးရရှိပြီး စီးပွားရေးအခက်အခဲကြောင့် အကူအညီရလိုငြား ဇာတိရွာလေးသို့ အပြန် ရွာမှလူများစိတ်ဓာတ်များ ပြောင်းလဲနေခြင်းနှင့် ငွေကြေးသာ ပဓာနဟူသော အသိနှံချာမှုတွေကြားထဲ ကြာကြာမနေနိုင်၍ မြို့သို့အပြန်ခရီး၌ ခရီးစရိတ်လေးသာ ကျန်နေစဉ် စပယ်ယာက ကလေးအတွက် ကားခတောင်းသည့်အခါ ငါးနှစ်မပြည့်သေးဟု ပြောသော်လည်း ဉာဏ်ရည်ထူးချွန်သည့် သားငယ်က စာတွေ ဒေါင်းဒေါင်းပြေးရွတ်ပြလိုက်ရာ အကျပ်ရိုက်ပြီး ကလေးငယ်အား ရိုက်မိပုံကို ဖတ်ရှုရမည်ဖြစ်ပါသည်။

လင်းလွန်းခင် စာပေက တန်ဖိုး ၂,၀၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

# Knowledge ပဟုသုတ

## သွားပွတ်ကြိုးတွေ ဘယ်အချိန်ကတည်းက ရှိခဲ့တာလဲ

နယူးအော်လင်းမှသွားဆရာဝန်တစ်ဦးဖြစ်သူ လက်ဗီစပီးယားပါမ်လီသည် ပထမဆုံးသွားပွတ်ကြိုးကိုပြုလုပ်ခဲ့ပြီး ၁၈၁၅ ခုနှစ်တွင် ပိုးသွားပွတ်ကြိုးဖြင့် သွားသန့်ရှင်းရေးလုပ်သင့်ကြောင်း အကြံပြုပြောကြားခဲ့သည်။ သွားအကြိုအကြားတွင် ကပ်ငြိနေသည့် စားကြွင်းစားကျန်အညစ်အကြေးများကို ဖယ်ရှားသန့်စင်ရန်အတွက် ပလတ်စတစ် (သို့မဟုတ်) နိုင်လွန်နန်းကြိုးမျှင်လေးများကိုသုံးစွဲခဲ့ကြသည်။

သွားပွတ်ကြိုးများကို အရသာနှင့်ဖယောင်းပါသည့်ပုံစံမျိုးဖြင့်လည်း ထုတ်လုပ်ပြီး ၁၈၈၂ ခုနှစ်က Codman and Shurtleft ကုမ္ပဏီက ဖယောင်းမပါသည့်သွားပွတ်ကြိုးစတင်ထုတ်လုပ်ရောင်းချခဲ့သော်လည်း သုံးစွဲသူနည်းပါးခဲ့သည်။ ၁၈၉၈ ခုနှစ်က Johnson & Johnson ကော်ပိုရေးရှင်းက သွားပွတ်ကြိုးမူပိုင်ခွင့်ကိုပထမဆုံးရရှိခဲ့ပြီး Red Cross၊ Salter Sill Co.နှင့်Brunswick ဟူသည့်အမှတ်တံဆိပ်များလည်း ပေါ်ထွက်ခဲ့သည်။ ဈေးကွက်အတွင်း သွားပွတ်ကြိုးအမျိုးအစားပေါင်းများစွာရှိသည့်အနက် အသုံးပြုမည့်သွားပေါ်မူတည်၍ သင့်လျော်သည့်ကြိုးအထူအပါးကိုရွေးချယ်သုံးစွဲရမည်ဖြစ်သည်။ သွားပွတ်တံဖြင့်သွားတိုက်ခြင်း အပြင် သွားပွတ်ကြိုးသုံးစွဲပေးခြင်းဖြင့်သွားဖုံးဆိုင်ရာရောဂါများ၊ ခံတွင်းနံ့နံခြင်းနှင့် သွားပိုးစားခြင်းကိုကာကွယ်ပေးနိုင်သည်ဟုဆိုသည်။

—*Source:Wikipedia*




## ARIES — မိဿရာသီဖွား (မတ်၂၁-ဧပြီ၂၀)

ဘဝရည်မှန်းချက် အောင်မြင်မည်။ အလိုရှိရာပြည့်စုံမည်။ အခက်အခဲများ ကျော်လွှားနိုင်မည်။ ပညာအတတ်အတွက် ဆောင်ရွက်နေသောသူများ၊ လုပ်ငန်းတစ်ဖက်၊ ပညာတစ်ဖက်တွဲဖက်လုပ်ကိုင်နေသော သူများ၊ ထူးထူးခြားခြားအောင်မြင်မည်။ ပညာကို အကြောင်းပြု၍ ပြည်ပတိုင်းတစ်ပါးသို့ သွားရောက်ရခြင်းရှိမည်။ ပျက်ယွင်းနေသော စက်ပစ္စည်းများပြုပြင် ရောင်းချခြင်းများ ပြုနိုင်မည်။

## TAURUS — ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

မတော်တဆ ထိရှမှုများ ဖြစ်တတ်သည်။ ယာဉ်အန္တရာယ်သတိရှိပါ။ ပစ္စည်းအပျောက်အရှများတတ်သည်။ သော့ချောင်း၊ သော့ခလောက် အသစ်များ အဝင်မတော်။ သူတစ်ပါးကြောင့်စိတ်အနှောင့်အယှက်ဖြစ်ရမည်။ အိမ်တွင် အသက်အရွယ်ကြီးရင့်သော သူများတွင် ဆီး၊ မျက်စိဒုက္ခ ပေးတတ်သည်။ လုပ်ငန်းခွင်အတွင်း စနေနံ့၊ ဗုဒ္ဓဟူးနံ့မွေးသောသူများနှင့် တွဲဖက်လုပ်ကိုင်သော လုပ်ငန်းများအား သတိရှိပါ။

## GEMINI — မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

လူလွတ်များအဖို့ မင်္ဂလာကိစ္စများ ကြုံတွေ့ရမည်။ အခြားအသက်ရောက်သူများအဖို့ ၅၂၈ မေတ္တာရာရေးတွင်ပို၍ အဆင်ပြေမည်။ မိသားစုပိုင်တစ်စစီ ပြန့်ကျဲနေသော ပစ္စည်းများ ပြန်လည်စုစည်းနိုင်မည်။ လုပ်ငန်းခွင်မှသူများအဖို့ အထက်အကြီးအကဲများ၏ နှစ်သက်မှုခံရမည်။ အရပ်ဝေး၊ နိုင်ငံခြားနှင့်ပတ်သက်ဆက်နွှယ်သော ကိစ္စမှန်သမျှကောင်းသော အကျိုးဆက်ရမည်။ အင်္ဂါပစ္စည်းများမှ အကျိုးအမြတ်ရမည်။

## CANCER — ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

မထင်မှတ်ဘဲ ငွေဝင်မည်။ စိတ်ချမ်းမြေ့စရာများ ရှိမည်။ အလုပ်ကိစ္စ၊ စီးပွားရေးကိစ္စများတွင် တိုးတက်မည်။ ကောင်းသော ဂုဏ်သတင်းနှင့် ကျော်ကြားခြင်းရှိမည်။ အိုးအိမ်တည်ဆောက်ခြင်း၊ ပြုပြင်ခြင်းများ နေရာထိုင်ခင်းအသစ်အတွက် ချဲ့ထွင်ဆောင်ရွက်ခြင်းများအတွက် အထူးကောင်းသည်။ ငွေအလုံးအရင်းနှင့် ဝင်မည်။ မရောက်ဖူးသော နေရာ၊ အရပ်ဒေသများသို့ ခရီးသွားရမည်။ အလှူမင်္ဂလာကိစ္စများ ဆောင်ရွက်ရမည်။

## LEO — သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

နေအိမ်တွင်ရှိသော အိုးကွဲ၊ အုတ်ခဲကျိုးများ စွန့်ပစ်ပါ။ ငွေဝင်စရာများ ကြန့်ကြာနေကလည်းကောင်း၊ လုပ်သမျှ အလွဲလွဲ အချော်ချော် ဖြစ်နေပါကလည်းကောင်း အိမ်ဘုရားစင်ရှိ ပန်းအိုးများအား အသစ်လဲလှယ်ပစ်ပါ။ ဘာသာရေးနှင့်ပတ်သက်သည့် အလှူအတန်းများ ထူးထူးခြားခြား ကြုံမည်။ လူငယ်များအဖို့ အကြီးအကဲများ၏ နှစ်သက်လေးစားမှုခံရမည်။ မျက်စိနှင့်ပတ်သက်သော ဝေဒနာများ ဂရုစိုက်ရမည်။

## VIRGO — ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

ဆောင်ရွက်သမျှ ကိစ္စအားလုံးသည် အနာဂတ်အတွက် ဦးတည်မည်။ မထင်မှတ်ဘဲ ငွေဝင်မည်။ မိသားစုတွင် ခြံ၊ ကား၊ အခန်းနှင့်ပတ်သက်၍ ပြောဆိုဆောင်ရွက်အဆင်ပြေမည်။ မည်သည့်ပြဿနာအခက်အခဲမျိုးနှင့် ရင်ဆိုင်ရသည်ဖြစ်စေ ချက်ချင်းဖြေရှင်းပါ။ အလုံးစုံအဆင်ပြေမည်။ သူတစ်ပါးအပေါ် အားကိုးယုံကြည်၍ လုပ်ကိုင်ခြင်းထက် အရာရာကိုကိုယ်တိုင်လုပ်ကိုင်အကျိုးပေးမည်။

## LIBRA — တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

အရာရာ အဆင်ပြေမည်။ အလုပ်အကြံများ အောင်မြင်မည်။ ကြန့်ကြာနေသောရပိုင်ခွင့်များ ပြန်လည်ရရှိမည်။ လုပ်ငန်းခွင်မှသူများ အလုပ်နေရာ အပြောင်းအရွှေ့ရှိမည်။ လက်ရှိနေရာ၏ မြောက်အရပ်သို့ပြောင်းရွှေ့ရမည်။ ကောင်းသောအပြောင်းအလဲဖြစ်မည်။ မြုပ်နေသော ငွေများပြန်ပေါ်မည်။ မိသာစုပိုင် ငွေကြေးများပြန်လည်စုစည်းမိမည်။ ဝေးကွာနေသော မိတ်ဟောင်းများနှင့် ပြန်လည်စုစည်းမိမည်။

## SCORPIO — ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

ကိုယ်လုပ်နေသည့် အလုပ်ကတစ်မျိုး စိတ်ကူးရောက်နေသည်က တစ်နေရာဖြစ်နေသဖြင့် နှောင့်နှေးပြီး အမှားအယွင်းများ ကြုံတတ်သည်။ လုပ်ကိုင်နေသည့် အလုပ်များကိုလည်း စိတ်တိုင်းမကျ၊ အားမလို အားမရ ဖြစ်ရပ်များကြုံမည်။ သူတစ်ပါး၏ အနိုင်ကျင့်မှုများကိုလည်း ခံရမည်။ မိမိအပေါ် ဒုက္ခပေးသော သူများနှင့် ထိပ်တိုက်ကြုံရမည်။ ရွှေ၊ လက်ဝတ်ရတနာများ ထွက်ကိန်းရှိသည်။ ငွေအလျော်အစားကိစ္စရှုပ်ထွေးမည်။

## SAGITTARUS — ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

ငွေကြေးကိစ္စပြောဆိုမှု အောင်မြင်မည်။ အပြိုင်အဆိုင်ကြားမှ တက်လမ်းကြုံမည်။ လူမျိုးခြားများနှင့်ပတ်သက်၍ အကူအညီကောင်းများရရှိမည်။ မိတ်ဆွေကောင်းတွေ့မည်။ မြုပ်နေသော ငွေများပြန်ပေါ်မည်။ ရသင့်လျက် ကြန့်ကြာနေသော ငွေကြေးများလက်ဝယ်ပြန်ရမည်။ ရန်အပေါင်းအား အောင်နိုင်မည်။ အချိန်ပေးဆောင်ရွက်ထားသည်များမှ အကျိုးကောင်းရရှိမည်။ ခရီးယာယီသွား၍ အကျိုးရှိမည်။

## CAPRICORN — မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

အခက်အခဲများ အဆင်ပြေမည်။ အရေးကြီးသည့် ဆုံးဖြတ်ချက်များ ချမှတ်နိုင်သည်။ အလုပ်သစ်၊ စီးပွားသစ်များ လုပ်ကိုင်နိုင်မည်။ မိမိကြိုးစားမှုကြောင့် ကောင်းကျိုးရမည်။ အခက်အခဲများကို တနင်္လာနံ့၊ စနေနံ့မွေးသောသူများနှင့် ညှိနှိုင်းဆွေးနွေး၍ အဆင်ပြေမည်။ ပျိုရွယ်သူများအဖို့ အလွန်စန်းပွင့်မည်။ အိမ်ထောင်ရေးကိစ္စများ ပြတ်သားစွာဆုံးဖြတ်နိုင်သည်။ အဖြူရောင်ပစ္စည်းလက်ဆောင်ရက အထူးကောင်းသည်။

## AQUARIUS — ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)

အခက်အခဲများ ဖြေရှင်းနိုင်မည်။ အလုပ်စီးပွားရေးတက်လမ်းရှိမည်။ ငွေကြေးကိစ္စပြောဆိုသမျှ အဆင်ပြေမည်။ လူမျိုးကွဲအကျိုးပေးမည်။ ပေါ်ပေါက်လာသော အခြေအနေများကို စနစ်တကျအသုံးချပါ။ ကောင်းကျိုးပေးမည်။ ငွေကြေးကံ အထူးကောင်းသည်။ နေရာအပြောင်းအရွှေ့များရှိက လက်ခံနိုင်သည်။ အင်္ဂါနံ့၊ သောကြာနံ့မွေးသူများနှင့် တွဲဖက်လုပ်ကိုင်၍ အဆင်ပြေမည်။

## PISCES — မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)

စီးပွားကိစ္စများ ဆောင်ရွက်အဆင်ပြေမည်။ အခက်အခဲများ ဖြေရှင်းနိုင်မည်။ ဆုံးဖြတ်ထားသည့်ကိစ္စများမှ ကောင်းသော အကျိုးဆက်ရရှိမည်။ ရုတ်တရက်ပေါ်ပေါက်လာသော အခြေအနေများကို အသုံးချ၍ တက်လမ်းအဆင့်ဆင့်ရရှိမည်။ ပြောရေး ဆိုရေးအောင်မြင်မည်။ ရန်အားလုံးကို ဖြေရှင်းနိုင်မည်။ အတတ်ပညာနှင့် ပတ်သက်သော ကံကောင်းသည်။ နေရာထိုင်ခင်းကိစ္စများ ပြောဆိုအဆင်ပြေမည်။

7 DAY NEWS JOURNAL
Vol.10, No.36 • NOVEMBER 24, 2011

# နိုင်ငံတကာဖိအားများကြားမှ အီရန်နျူကလီးယားအစီအစဉ်

**ကြည်နေဝင်းမင်း**



နျူကလီးယားနည်းပညာအားအီရန်နိုင်ငံက ရယူပိုင်ခွင့်ရှိကြောင်းကြွေးကြော်ထားသည့် ပိတ်စကြီးများအား တီဟီရန်အဆောက်အအုံများအပေါ် လွှမ်းခြုံထားသည်။ နိုင်ငံတော်မီဒီယာကလည်း အဏုမြူစောင့်ကြည့်ရေးအဖွဲ့အကြီးအကဲအား အမေရိကန်ရုပ်သေးရုပ်ဟု ပြောကြားပြီး နျူကလီးယားလက်နက်ထုတ်လုပ်ရန်တိုးတက်မှုရှိလာပြီဟူသော ပြောဆိုမှုများကို အမေရိကန်နိုင်ငံတွင် ထုတ်လုပ်သည့်အလိမ်အညာများဟူ၍ပယ်ချခဲ့သည်။

တီဟီရန် တက္ကသိုလ်တွင် သဘောထား တင်းမာသည့်ကျောင်းသားအုပ်စုတစ်စုက အီရန်နိုင်ငံအနေဖြင့် နျူကလီးယားဖွံ့ဖြိုးတိုးတက်မှုများကို ထိန်းချုပ်ကွပ်ကဲသည့်နိုင်ငံတကာသဘောတူညီချက်မှ နုတ်ထွက်ရေးအဆိုတင်သွင်းမှုတစ်ရပ်ကို စတင်ပြင်ဆင်နေသည်။

အနောက်နိုင်ငံများ၏ဖိအားပေးမှုများအပေါ် တန်ပြန်မှုအများအပြားကို အီရန်နိုင်ငံက ဇာတ်တိုက်ထားသည်ဆိုခြင်းမှာ သံသယရှိစရာမလိုပါ။ သို့သော် အားလုံးကိုတော့ ဇာတ်တိုက်ထားခြင်းမဟုတ်ပါ။

အတိုက်အခံအုပ်စုများနှင့် ရှေးရိုးစွဲသဘောထားတင်းမာသူများ၊ အုပ်ချုပ်ရေးအကြီးအကဲများနှင့်သမ္မတအာမက်ဒီနီဂျက်တို့အကြား အငြင်းပွားမှုနှင့် ပါလီမန်ဂိုဏ်းဂဏများ၏ အတွင်းတိုက်ပွဲများ စသည့်သဘောထားကွဲလွဲမှုအများအပြားရှိနေသည့်နိုင်ငံတွင် (နျူကလီးယားနှင့်ပတ်သက်၍) အီရန်နိုင်ငံ၏ အာခံမှုမှာ ရပ်တည်ချက်တူညီသောနေရာတစ်ခုဖြစ်ပါသည်။

"ဒီနောက်ပိုင်း အီရန်နိုင်ငံသားတွေဟာ အကြောင်းအရာတော်တော်များများမှာ သဘောထားမတိုက်ဆိုင်ကြပါဘူး။ ဒါပေမဲ့လည်း နျူကလီးယားကိစ္စမှာတော့ သူတို့ဟာ တစ်လေသံတည်းပြောလာတယ်လို့ ဆိုနိုင်ပါတယ်"ဟု အီရန်ရေးရာများကို တောက်လျှောက် လေ့လာခဲ့သူ မင်နီဆိုတာတက္ကသိုလ်မှ ပါမောက္ခ ဝီလီယမ်၊အို၊ဘီးမင်းကပြောပါသည်။ ထို့အတွက်အီရန်အုပ်ချုပ်ရေးစနစ်တွင် အသက်ရှုချောင်နေကြောင်း ၎င်းကဆိုသည်။

"ဒါဟာ ကြီးမားတဲ့အားသာချက်ပါပဲ။ သူတို့ဟာ အမေရိကန်နဲ့အခြားသူတွေနဲ့ တိုက်ပွဲဝင်နေတာကိုအာရုံစိုက်နိုင်တယ်။ အနည်းဆုံး ဒီကိစ္စမှာ ပြည်တွင်းတင်းမာမှုတွေကို ကိုင်တွယ်ဖြေရှင်းစရာမလိုဘူး"ဟု အီရန်ကျွမ်းကျင်သူက ဆက်ပြောသည်။

အနောက်နိုင်ငံခေါင်းဆောင်များနှင့် ၎င်းတို့၏မဟာမိတ်များအတွက်မူ အီရန်နိုင်ငံနှင့်ရင်ဆိုင်မှုမှာ ရှင်းသည်။ နျူကလီးယားလက်နက်ဆီသို့မသက်ာဖွယ်ရာခြေလှမ်းများကိုရပ်တန့်ရေး ဆွေးနွေးညှိနှိုင်း၍မရနိုင်သော တွန်းအားပေးမှုဖြစ်သည်။ အီရန်နိုင်ငံအတွက်မူ နျူကလီးယားကိစ္စမှာ စွမ်းအားကြီးမားသောအကြောင်းအရာများနှင့် ရောယှက်နေသည်။ အမျိုးသားရေးဇာတိပုညဂုဏ်မာနနှင့် သိပ္ပံဖွံ့ဖြိုးတိုးတက်မှုတွင် အစ္စလာမ်မစ်ခေါင်းဆောင်ဖြစ်ရေး စသည်တို့အတွက် အနောက်နိုင်ငံများ၏ ဖိအားပေးမှုများကို အလျှော့ပေးရန် နေရာမရှိသလောက်ဖြစ်နေသည်။

"သဘောထားကွဲလွဲမှုကြီးကြီးမားမားရှိနေတယ်"ဟု ဒူဘိုင်းအခြေစိုက် စစ်ဘက်အင်စတီကျူဒ်မှ လုံခြုံရေးကျွမ်းကျင်သူ သီယိုဒိုကာရာဆစ်ကပြောသည်။ "အနောက်က ဖြစ်နိုင်ခြေခြိမ်းခြောက်မှုလို့မြင်နေတာကို အီရန်က သူ့ရဲ့အခွင့်အရေး(ရပိုင်ခွင့်)လို့မြင်တယ်"ဟု ၎င်းကဆိုပါသည်။

နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီ၏ အစီရင်ခံစာထွက်ပေါ်လာချိန်တွင် အီရန်နိုင်ငံ၏ တုံ့ပြန်မှုမှာ နောက်တစ်ဆင့်ဂီယာမြင့်လာသည်။ အိုင်အေအီးအေ၏ အစီရင်ခံစာကလည်း အီရန်သည် လက်နက်နှင့်ပတ်သက်သည့် စမ်းသပ်မှုများပြုလုပ်ခဲ့ပြီး နျူကလီးယားထိပ်ဖူးတစ်ခုထုတ်လုပ်ရန်နီးစပ်နေပြီဟုဆိုထားရာ အစိုးရရုပ်သံနှင့် အခြားသတင်းထုတ်ပြန်ရေးအဖွဲ့များက အစီရင်ခံစာမှာ အမေရိကန်နှင့် အစ္စရေးဖိအားများ၏ အသုံးချခံပစ္စည်းအဖြစ် ရှုတ်ချကြသည်။ နိုင်ငံအလယ်ပိုင်း အစ်ဖာဟန်မြို့တွင် တက္ကသိုလ်ကျောင်းသား နှစ်ထောင်ကျော်က ယူရေနီယံထုတ်လုပ်သည့်စက်ရုံအား လက်ချင်းချိတ်ပတ်လည်ဝိုင်း၍ 'အမေရိကန်ကျရှုံးပါစေ'ဟူသောကြွေးကြော်သံများအော်ဟစ်ခဲ့ကြသည်။

ကန့်ကွက်ဆန္ဒပြသူများက အီရန်နျူကလီးယားစက်ရုံများသို့ အိုင်အေအီးအေစစ်ဆေးရေးမှူးများ လာရောက်စစ်ဆေးခြင်းကို အီရန်အစိုးရက ပိတ်ပင်ရန် တိုက်တွန်းပြီး နိုင်ငံ၏ နျူကလီးယားအခွင့်အရေးအတွက် စတေးခံရန်အသင့်ရှိကြောင်းပြောကြားကြသည်ဟု နိုင်ငံပိုင်သတင်းမီဒီယာများက သတင်းပေးပို့ကြသည်။

၂၀၀၉ ခုနှစ် သမ္မတရွေးကောက်ပွဲတွင် သမ္မတအာမက်ဒီနီဂျက်ပြန်လည်ရွေးချယ်ခံရချိန်တွင် တက်ကြွလှုပ်ရှားခဲ့ကြသည့် အီရန်အတိုက်အခံအုပ်စုများကလည်း ယခု နျူကလီးယားရင်ဆိုင်မှုတွင် အများအားဖြင့် အသံတိတ်နေကြရာ လက်ရှိအုပ်ချုပ်ရေးစနစ်ကို ထူးထူးခြားခြား ခေါင်းညိတ်ထောက်ခံနေခြင်း ဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုကြသည်။ အီရန်နျူကလီးယားကိစ္စအပေါ် ဆန့်ကျင်ပြောဆိုမှုများကိုပြည်ပရောက်အုပ်စုများထံမှသာ ကြားကြရသည်။

"နောက်ထပ် လိုက်လျောမှုတွေ ထပ်လုပ်ပေးစရာအကြောင်းမရှိတော့ဘူးလို့ထင်တယ်"ဟု ဂျာမန်အပတ်စဉ်သတင်းစာ စပိုင်းဂဲလ်နှင့်ပြုလုပ်ခဲ့သည့်အင်တာဗျူးတွင် အီရန်နိုင်ငံခြားရေးဝန်ကြီး အလီအက္ကဘာဆလာဟီကပြောကြားခဲ့သည်။ "နျူကလီးယားကိစ္စဆိုတာ ကျွန်တော်တို့ကို နည်းအမျိုးမျိုးနဲ့ အားနည်းအောင်လုပ်ဖို့အကြောင်းပြချက်တစ်ခုပါပဲ"ဟု မစ္စတာဆာလာဟီကဆိုပါသည်။

အနောက်အင်အားကြီးနိုင်ငံများနှင့် မဟာမိတ်များသည် အီရန်နိုင်ငံ၏ တိုးတက်မှုများကို ကြောက်ရွံ့နေကြကြောင်း အီရန်အရာရှိများက ပြောကြားကြသည်။ အီရန်၏ တိုးတက်မှုများတွင် ကမ္ဘာ့လေထုအပြင်ဘက်သို့ ဂြိုဟ်တုများလွှတ်တင်ရေး အာကာသအစီအစဉ်နှင့် အစ္စရေးနှင့် ပင်လယ်ကွေ့ရှိ အမေရိကန်၏ အာရပ်မိတ်ဆွေနိုင်ငံများဆီသို့ ရောက်ရှိနိုင်သည့် ဒုံးကျည်များထုတ်လုပ်ရေးကဲ့သို့ကာကွယ်ရေးနည်းပညာများလည်းပါဝင်သည်။

ဒေါသပေါက်ကွဲမှုများအပြင် အိုင်အေအီးအေ၏ အစီရင်ခံစာသည် ၎င်းအား ကာလကြာရှည်ထောက်ခံခဲ့သည့် ရုရှားနှင့်တရုတ်နိုင်ငံတို့အားလှုပ်ခတ်သွားစေမည်ကိုလည်း အီရန်က စိုးရိမ်မကင်းဖြစ်နေပါသည်။ ယင်းနိုင်ငံကြီးနှစ်နိုင်ငံမှာ ၎င်းတို့နိုင်ငံအပေါ် ပိုမိုပြင်းထန်သော ပိတ်ဆို့တားဆီးမှုများချမှတ်ရေးကို တားဆီးရန် လုံခြုံရေးကောင်စီတွင် ဗီတိုအာဏာရရှိထားသည့်နိုင်ငံများဖြစ်သည်။

တရုတ်နိုင်ငံက အီရန်နိုင်ငံအပေါ် ဝက်အူတင်းရန် အရိပ်အယောင်များ ပြသခဲ့သော်လည်း ရုရှားနိုင်ငံကမူ အီရန်အား အခိုင်အမာထောက်ခံနေဆဲဖြစ်ပုံရသည်။ အိုင်အေအီးအေ၏ အစီရင်ခံစာတွင် 'အသစ်အဆန်းဘာမှမပါ'ဟု ရုရှားနိုင်ငံဝန်ကြီး ဆာဂျီလက်ဗ်ရော့က ပြောကြားသည်ဟုဆိုသည်။

နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီ၏ အစီရင်ခံစာကိုဝေဖန်သူများကလည်း ရုရှားသိပ္ပံပညာရှင်ဗက်ချီစလက်ဒါနီလင်ကို၏ကိစ္စကိုထောက်ပြကြသည်။ နိုင်ငံခြားကျွမ်းကျင်သူဟု အိုင်အေအီးအေ၏ အစီရင်ခံစာကိုဖော်ပြခဲ့သူ မစ္စတာဒါနီလင်ကိုက ၎င်းမှာ နျူကလီးယားသိပ္ပံပညာရှင် တစ်ဦးမဟုတ်သလို အီရန်နျူကလီးယားအစီအစဉ်ကိုစတင်ထူထောင်ပေးခဲ့သူလည်း မဟုတ်ကြောင်း ပြောဆိုခဲ့သည်။

နိုင်ငံတကာဖိအားများကြားမှ အီရန်၏ နျူကလီးယားအစီအစဉ် မည်သို့ဆက်လက်စခန်းသွားမည်ဆိုသည်မှာ ပိတ်ကားထက်မှ ဇာတ်လမ်းတစ်ခုပမာ။ ။

*—Ref: Iran's Stance on nuclear technology tied to national pride By : AP*

## ဥရောပဗဟိုဘဏ် အခန်းကဏ္ဍနှင့်ပတ်သက် ပြင်သစ်နှင့် ဂျာမနီအငြင်းပွား

**ပါရီ/ရောမ၊ နိုဝင်ဘာ - ၁၇**

ယူရိုငွေကြေးသုံးစွဲသော ယူရိုဇုန်၏ ကြွေးမြီအကျပ်အတည်း ပိုမိုဆိုးရွားလာစဉ်မှာပင် အကျပ်အတည်းရပ်တန့်သွားစေရန်ဥရောပဗဟိုဘဏ်(ECB)က အင်တိုက်အားတိုက်ကြားဝင်ကိုင်တွယ်သင့်သလားဆိုသည်နှင့်ပတ်သက်၍ ပြင်သစ်နှင့် ဂျာမနီနှစ်နိုင်ငံကြား အငြင်းပွားမှုဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ငွေချေးငှားစရိတ်ကုန်ကျမှု မြင့်တက်လာခြင်းနှင့် ရင်ဆိုင်နေရပြီး ငွေကြေးစိတ်ချရမှုအကောင်းဆုံးသတ်မှတ်ချက်'AAA'မှာလည်း ခြိမ်းခြောက်မှုခံနေရသည့် ပြင်သစ်နိုင်ငံက ဥရောပဗဟိုဘဏ်၏ ခိုင်ခိုင်မာမာကိုင်တွယ်ရေးအတွက် တိုက်တွန်းပြောကြားသည်။

ငွေတိုက်စာချုပ်ဈေးကွက်မတည်ငြိမ်မှုမှာလည်းဥရောပတစ်ဝန်းပျံ့နှံ့လာပြီးအီတလီနိုင်ငံ၏ ၁၀ နှစ်သက်တမ်း ငွေတိုက်စာချုပ်အတွက် အတိုးနှုန်းမှာ ၇ ရာခိုင်နှုန်းသို့ရောက်ရှိလာသည်။ ယင်းမှာ ရေရှည်တွင် အီတလီနိုင်ငံက မပံ့ပိုးနိုင်သည့်နှုန်းထားဖြစ်သည်။

ယူရိုဇုန်၏ အဓိက စီးပွားရေးနိုင်ငံများဖြစ်သည့် ဂျာမနီ၊ပြင်သစ်၊နယ်သာလန်နှင့် ဩစတြီးယားနိုင်ငံများ၏ ငွေတိုက်စာချုပ်အတိုးနှုန်းများလည်းမြင့်တက်လာသည်။

ဥရောပဗဟိုဘဏ်၏ အခန်းကဏ္ဍမှာ ယူရိုငွေကြေးတည်ငြိမ်ရေးအတွက်သာမကဘဲ ဥရောပဘဏ္ဍာရေးတည်ငြိမ်ရေးအတွက်ပါပါဝင်ကြောင်း ဥရောပတွင် ဘဏ္ဍာရေးတည်ငြိမ်မှုရှိရေးအတွက် ဗဟိုဘဏ်က လိုအပ်သလိုကိုင်တွယ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြင်သစ်အစိုးရပြောရေးဆိုခွင့်ရှိသူ ဗီလာရီပီကရက်စီက ပါရီမြို့ ဝန်ကြီးအဖွဲ့အစည်းအဝေးတွင်ပြောကြားသည်။

ဂျာမန်အဓိပတိ အန်ဂျလာမာကယ်လ်ကမူ ဥရောပဘဏ္ဍာရေးအကျပ်အတည်းအားဖြေရှင်းရာတွင်ဥရောပဗဟိုဘဏ်အနေဖြင့် ပိုမို၍အရေးပါသောအခန်းကမှ ပါဝင်ရေးကို ဂျာမနီနိုင်ငံက ဆန့်ကျင်မည်ဖြစ်ကြောင်း ရှင်းလင်းစွာပြောကြားထားပြီးဖြစ်သည်။ ဗဟိုဘဏ်က ယင်းသို့လုပ်ဆောင်ခြင်းအပေါ် ဥရောပသမဂ္ဂ၏ စည်းမျဉ်းစည်းကမ်းများက တားမြစ်ထားကြောင်း မစ္စမာကယ်လ်က ပြောသည်။

*—Ref: Reuters*



www.alexandrechristie.com
Alexandre Christie
Available At: CHERRY OO
Inquiry Ph: 09- 73022249, 01-373997, 01-381751,
02-72992
AC
collection




Stallion
Lubricants
စတေလီယံ
နေကာမျက်မှန်တပ်ပါ
ကံ့ဝင်းမဲ နှင့် လက်ဆောင် ပေးနေသော
စတေလီယံ နေကာမျက်မှန်များ
အမြန်ရယူလိုက်ပါ...
Sunglasses
Lucky Draw
25
Litres
Sunglasses
FreeGift
Quality You Can Trust

# Commodity Watch

7 DAY NEWS JOURNAL
Vol.10, No.36 • NOVEMBER 24, 2011

## Computer

| CPU | Kyats |
|---|---|
| Intel P4 Dual Core 3.2 (E 6700) (775) Processor | 60,225 |
| Intel P4 DualCore 3.0 (E5700) (775) Processor | 53,625 |
| Intel P4 Core i3 3.1 GHz (1155,2100) Processor | 95,700 |
| Intel P4 Core i5 3.1 GHz (1155,2400) Processor | 152,625 |
| Intel P4 Core i7 3.4 Ghz (1155,2600) Processor | 240,075 |
| **Motherboard** | |
| MSI G4 1M-P28 (775) | 50,325 |
| MSI PH51A-P35 (B3) | 84,150 |
| ASUS P5G41T-MLX (775) | 51,150 |
| ASUS P8H61-MLX Plus (1155) | 71,775 |
| ASUS P8H67MLE (1155) | 94,050 |
| Gigabyte P67A-UD3 (B3) (1155) | 144,375 |
| Gigabyte G41MT-S2 (775) | 51,150 |
| Gigabyte H55M- S2V (1156) | 82,500 |
| **PC Memory** | |
| 1 GB DDR (400) Kingston | 39,600 |
| 1 GB DDR2 (800) Kingston | 14,850 |
| 2 GB DDR2 (800) Kingston | 22,275 |
| 4 GB DDR3 (1333) Kingston | 22,275 |
| **Harddisk** | |
| 500 GB Seagate SATA | 39,600 |
| 1.5 TB Seagate SATA | 66,000 |
| 2 TB Seagate SATA | 80,850 |
| **PCI Express Card** | |
| MSI EAH 5450 1GB DDR3 PCI Express Card | 43,725 |
| MSI N430GT 1GB PCI Express Card | 68,475 |
| MSI N430GT 2GB PCI Express Card | 72,600 |
| ASUS ENGTX520 1GB PCI Express Card | 54,450 |
| ASUS ENGT 430 1GB DDR3 PCI Express Card | 67,650 |
| ASUS EHA 5750 Formula 1GB DDR5 PCI Express Card | 117,975 |
| Gigabyte Geforce 210 TC 1GI 1GB PCI Express Card | 41,250 |
| Gigabyte Geforce 220TC 1GB PCI Express Card | 57,750 |
| **Memory Stick** | |
| Memory Stick Apacer 4 GB | 7,500 |
| Memory Stick Sony 8 GB | 13,000 |
| Memory Stick Sony 16 GB | 23,500 |
| Memory Stick Verbatim 16 GB | 16,000 |
| **UPS** | |
| Power Tree (650 VA) UPS | 36,000 |
| Power Tree (1250 VA) UPS | 61,000 |
| Power Pro (650 VA) UPS | 33,000 |
| Power Pro (1200 VA) UPS | 62,000 |
| Star (650 VA) UPS LED | 30,525 |
| Star (650 VA) UPS LCD Display | 32,174 |
| East (650 VA) UPS LED | 34,650 |
| East (650 VA) UPS LCD Display | 42,900 |
| East (1200 VA) UPS | 63,525 |
| **DVD Writer** | |
| HP DVD Writer (SATA) | 22,500 |
| ASUS DVD Writer (SATA) | 23,925 |
| Liteon DVD Writer (SATA) | 25,575 |
| **အိတ်ဆောင်တီပီငှကအဘိတန်** | 160,000 |

Technoland ဆိုင်မှ နိုဝင်ဘာ(၁၈)ရက်က ကောက်ယူထားသောဈေးနှုန်းဖြစ်သည်။

## Note Book

| | |
|---|---|
| **Acer** | |
| Intel Core i7 2.70Ghz 4GB DDR3, 750GB HDD,14.0" | 966,000 |
| Intel Atom 1.66 Ghz 1GB DDR3, 320GB HDD,10.1" | 229,425 |
| **Asus** | |
| Intel Atom 1.66 Ghz 1GB DDR2, 160GB HDD,10.2" | 225,000 |
| **Apple** | |
| Intel Core i5 2.3 Ghz 4GB DDR3, 320GB HDD,13.3" | 1,086,000 |
| **Hp** | |
| Intel Core i3 2.10 Ghz 4GB DDR3,500GB HDD,15.6" | 515,000 |
| **Sony** | |
| Intel Core i5 2.30 Ghz 4GB DDR3,500GB HDD,14.0" | 1,038,000 |
| **MSI** | |
| Intel Core i3 2.4 Ghz 2GB DDR3, 500GB HDD,14.0" | 478,000 |

## အီလက်ထရွန်နစ်ပစ္စည်းဈေးနှုန်းများ

| TV | | |
|---|---|---|
| **အမျိုးအစား** | **မော်ဒယ်** | **ဈေးနှုန်း(ကျပ်)** |
| SamSung(LCD) | 22-350 | 195,000 |
| LG(LCD) | 22LH15R | 195,000 |
| Sony (LCD) | 22BH300 | 250,000 |
| Toshiba | LZE 21-28 | 120,000 |
| Daewoo | DTU2131NZF | 145,000 |
| | DTU2132NZF | 145,000 |
| **DVD** | | |
| EVD (coeco) | 8082 | 26,000 |
| EVD(sukura) | DVK75 | 30,000 |
| LG | DV276 | 35,000 |
| Toshiba | DV380 | 30,000 |
| Daewoo | 1400S | 49,000 |
| HQ | HDMI999 | 59,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 185,000 |
| Sanyo | SR811 | 499,000 |
| Hitachi | 19AGV7 | 280,000 |
| Panasonic | NR.BT222 | 285,000 |
| **Washing** | | |
| Daewoo | DW900C | 179,000 |
| | DW172C | 199,000 |
| Daewoo | DWF200KR | 320,000 |

မှတ်ချက်– အထက်ပါဈေးနှုန်းများမှာ နိုဝင်ဘာ(၁၈) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၄,၇၀၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၄,၇၀၀ |
| ဘိလပ်မြေ (မြင်းခေါင်းတံဆိပ်) | တစ်အိတ် | ၄,၀၀၀ |
| ဘိလပ်မြေ (ကျောက်ဆူးတံဆိပ်) | တစ်အိတ် | ၄,၅၀၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၉၈ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၈၅ |
| အုတ် (၈ ပေါက်အုတ်) | တစ်လုံး | ၉၈ |
| အုတ် (၁၀ ပေါက်အုတ်) | တစ်လုံး | ၁၃၅ |
| သဲ (အကြမ်း) | တစ်ကျင်း | ၆,၅၀၀ |
| သဲ (အနု) | တစ်ကျင်း | ၅,၀၀၀ |
| ကျောက် | တစ်ကျင်း | ၄၀,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၇၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၈၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.34mm) | ၁ ပေ | ၉၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၁,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.42mm) | ၁ ပေ | ၁,၁၆၀ |
| Posco ကြယ်စိမ်း(6/7/8 ပေ) | ၁ ပေနှုန်း | ၅၀၀ |
| Posco ကြယ်စိမ်း(9/10 ပေ) | ၁ ပေနှုန်း | ၅၀၅ |
| Posco ကြယ်စိမ်း(11/12 ပေ) | ၁ ပေနှုန်း | ၅၁၀ |
| ရိုးရိုးသွပ်မိုးပြား(ဆင်နီ 6/7/8/9/10/11/12) | ၁ ပေ | ၅၃၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင် 6/7/8) | ၁ ပေနှုန်း | ၃၁၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၀၀၀ |

အထက်ပါဈေးနှုန်းများမှာ နိုဝင်ဘာ (၁၉) ရက်တွင် ကောက်ယူထားသောဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားဖိုဆောင်သုံးသီးနှံဈေးနှုန်းများ

| အမည် | အရေအတွက် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ခရမ်းချဉ်သီး(အင်းသီး) | ၁ သေတ္တာ | ၁၂,၀၀၀-၁၃,၀၀၀ |
| ပန်းဂေါ်ဖီ | ၁ ထုပ် | ၅၀၀-၇၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၄၀၀-၅၀၀ |
| မုန်လာဥနီ | ၁ ပိဿာ | ၁,၀၀၀-၁,၂၀၀ |
| ဘိုစားပဲသီး | ၁ ပိဿာ | ၁,၀၀၀ |
| ခရမ်းသီး | ၁ လုံး | ၄၀-၁၀၀ |
| ရွှေပဲသီး | ၁ ပိဿာ | ၂,၅၀၀-၃,၀၀၀ |
| မုန်ညင်းဖြူထုပ် | ၁ ပိဿာ | ၁,၂၀၀ |
| ငရုတ်သီး(ပီနံ) | ၁ ပိဿာ | ၂,၀၀၀-၂,၅၀၀ |
| ငရုတ်ရှည် | ၁ ပိဿာ | ၄,၈၀၀ |
| ငရုတ်ပွ | ၁ ပိဿာ | ၃,၅၀၀ |

ဈေးနှုန်းများမှာ သီရိမင်္ဂလာဈေးမှ နိုဝင်ဘာ (၁၉)ရက်က ကောက်ယူထားသော လက်ကား ဈေးနှုန်းများဖြစ်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁,၀၀၀-၁,၈၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၄၀၀ |
| ဆန်(ဇီယာ) | တစ်ပြည် | ၆၀၀-၁,၀၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၃၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၇၅၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၄,၀၀၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၉၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၂,၈၀၀ |
| သကြား | တစ်ပိဿာ | ၁,၄၀၀-၁,၅၀၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၃,၅၀၀ |
| အာလူး | တစ်ပိဿာ | ၉၀၀-၁,၀၀၀ |
| နို့ဆီ | တစ်ဘူး | ၅၅၀-၆၅၀ |
| နို့စိမ်း | တစ်ဘူး | ၅၇၀-၆၀၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၉၀-၁၁၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၄၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၆,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၅,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန် ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးရံ့ | ၁ ပိဿာ | ၂,၀၀၀-၃၂၀၀ |
| ငါးခူ | ၁ ပိဿာ | ၁၈၀၀- ၂,၀၀၀ |
| ငါးကျည်း | ၁ ပိဿာ | ၂,၀၀၀-၃,၂၀၀ |
| ငါးပြေမ | ၁ ပိဿာ | ၁၅၀၀-၄၀၀၀ |
| ငါးပနော် | ၁ ပိဿာ | ၁၀၀၀-၁၇၀၀ |
| ငါးရှဉ့် | ၁ ပိဿာ | ၁၇၀၀- ၂၃၀၀ |
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁၀၀၀-၁၆၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၁၈၀၀-၃၂၀၀ |
| ငါးခေါင်းပွ | ၁ ပိဿာ | ၁၀၀၀-၁၈၀၀ |
| ငါးသလောက် | ၁ ပိဿာ၁ | ၂,၂၀၀- ၂၀,၀၀၀ |
| ငါးတန် | ၁ ပိဿာ | ၁၄၀၀-၁၉၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၁၅၀၀-၃၀၀၀ |
| ကကတစ် | ၁ ပိဿာ | ၂,၀၀၀-၄,၀၀၀ |
| ကသဘောင်း | ၁ ပိဿာ | ၂,၀၀၀-၄,၅၀၀ |
| ငါးဘတ်၊ ငါးကြောင်း | ၁ ပိဿာ | ၂,၀၀၀-၇,၅၀၀ |
| ငါးပုဏ္ဏား | ၁ ပိဿာ | ၂,၀၀၀-၃,၈၀၀ |
| ပုစွန်ကြော့ | ၁ ပိဿာ | ၁,၄၀၀- ၂၀၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၂၈၀၀-၅၀၀၀ |
| ပုစွန်(ဆတ်သေး) | ၁ ပိဿာ | ၆,၅၀၀-၉,၀၀၀ |
| ပုစွန်(ဆတ်ကြီး) | ၁ ပိဿာ | ၇၀၀၀-၁၀,၀၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၁၅,၀၀၀- ၂၆,၀၀၀ |
| ငါးမျိုးစုံ | ၁ ပိဿာ | ၁,၀၀၀- ၂၅၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၉၀၀-၁,၄၀၀ |

နိုဝင်ဘာ(၁၈)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## ကားမျိုးစုံဈေးနှုန်းများ


| ယာဉ်အမျိုးအစား | မော်ဒယ် | အကွာရာ | ဈေးနှုန်း(ကျပ်သိန်း) |
|---|---|---|---|
| စူပါဆလွန်း | ၈၆/၈၇ | လ/သ/အ | ၁၀၀ |
| စူဇူကီး ဝက်ဂွန် R+ | - | ၁၈ | ၁၆၅ |
| ဟိုင်းလပ်ဆပ်ဖ် | ၉၉ | ၆၈ | ၅၅၀ |
| တိုယိုတာဗင် (CE96) | ၉၀ | ၈က/၉က | ၁၈၀ |
| တိုယိုတာဆလွန်း | ၈၈ | ၃က | ၁၄၀ |
| မတ်တူး | ၉၉ | ၆၈ | ၃၂၀ |
| ရွှေငါး(2.5g) | ၂၀၀၂ | ၆၈ | ၄၂၀ |
| ပါဂျဲရို | ၉၇ | ၄၈ | ၄၅၀၀ |

နိုဝင်ဘာ (၁၉)ရက်က ရန်ကုန်မြို့ရှိ ကားပွဲစားတန်းများတွင်ဖြစ်ပေါ်နေသော မော်တော်ယာဉ်ခေါ်ဈေးနှုန်းများဖြစ်ပါသည်။ယခုရက်ပိုင်းဈေးနှုန်းများ အပြောင်းအလဲရှိနိုင်သည်။

## ပုဂ္ဂလိက စက်သုံးဆီ ဆိုင်များမှ ဈေးနှုန်းများ

| | Nov (12) | Nov (13) | Nov (14) | Nov (15) | Nov (16) | Nov (17) | Nov (18) |
|---|---|---|---|---|---|---|---|
| ဓာတ်ဆီ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ |
| ဒီဇယ် | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ |
| Octane ဒီဇယ် | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ |
| Premier ဒီဇယ် | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ |


# 7DAY PUZZLE



**အလျားလိုက်**

**ဒေါင်လိုက်**

Smart Dictionary




အမည်

နေရပ်လိပ်စာ

Electronic Dictionary

## Free Classified

**အခမဲ့ ကြော်ငြာကဏ္ဍ**

**ခရုအိမ်**

အဆင့်မြင့်ခန်းဆီးလိုက်ကာနှင့် ကူရှင်အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်း။ တိုက်-A, G-5, Pearl Condo, ကမ္ဘာအေးဘုရားလမ်းနှင့် ဆရာစံလမ်းထောင့်။

**PH:09-73037776, 09-73204374**

**သင်ကြားပေးသည်**

CompTIA Network+ မှ System & Hardware များကို အိမ်အရောက်သင်ကြားပေးပါသည်။

**ဖုန်း-၀၉ ၇၃၁၉၁၁၅၇**

**ဝန်ဆောင်မှု**

ကိုသူရစိုး B.Sc (Chem:), $O_2$-$C_2$-$H_2$-$N_2$.

**ဖုန်း-၀၉ ၅၁၁ ၂၇၈၂**

**အင်္ဂလိပ်စကားပြောသင်တန်း**

နိုင်ငံခြားသွားအမြန်နှင့်UFL & TUTOR ဝင်ခွင့်၊ အိမ်ဝိုင်းသီးသန့်၊ တစ်ဦးချင်း(သို့)၃ ဦးဝိုင်းသင်ကြားသည်။

**ဖုန်း-၀၉ ၇၃၀၉၀၉၇၂**

**ဆက်သွယ်နိုင်သည်**

လူငယ်Hip Hop, Rap and R & B အဖွဲ့ ဖွဲ့စည်းလိုသည်။

**ဖုန်း-၀၉ ၄၃၀ ၂၆၈ ၂၉**

**ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်**

ဗဟန်း(ရွှေဂုံတိုင်)၊ ကိုယ်မင်းကိုယ်ချင်းရိပ်သာလမ်း၊ 2BN ,6100 sqft၊ အမည်ပေါက်၊ ဘိုးဘွားပိုင်မြေ၊ လမ်းမတန်းနှင့် ကိုက် ၁၀၀ ကျော်ကွာ။

**ဖုန်း-၀၉ ၅၁၉၁၃၈၀(ရုံးချိန်ပြင်ပ)**

**အိမ်လိုက်သင်သည်**

ဂျပန်နိုင်ငံတွင် ပညာသင်ခြင်း၊ သင်တန်းတက်ခြင်း၊ အလုပ်လုပ်ခြင်းနှင့် အခြေခံဂျပန်စကားပြောအတွက်

**ဖုန်း-၃၈၁၃၇၅**

**အကျိုးတူပူးပေါင်းနိုင်သည်**

ကျောက်တံတား၊ လသာ၊ ပန်းပဲတန်း၊ ဒဂုံမြို့နယ်များတွင် စာသင်၊ စာကျက်ဝိုင်း၊ နေ့တက်ဘော်ဒါအကျိုးတူပူးပေါင်းဖွင့်လှစ်လိုသည်။

**ဖုန်း-၀၉ ၄၃၀ ၂၆၈ ၂၉**

**အိမ်အရောက်သင်ကြားသည်**

၁၀တန်း၊ဘောဂဗေဒသီးသန့်၊တစ်ဦးချင်း၊ အိမ်ဝိုင်းများ သင်ကြားပေးပါသည်။

**ဖုန်း-၀၉ ၅၁၇၃၁၉၁**

**ရောင်းမည်**

ဒဂုံ-၁ အနီး၊ ပေ(၁၈×၅၅)၊ နဝဒေးလမ်း၊ ဒု-ထပ်၊ ပြင်ဆင်ပြီး၊ ကိုယ်ပိုင်မီတာ၊ ရေ ၂၄ နာရီ။

**ဖုန်း-၀၉ ၄၉၂၄၄၂၃၇**

**ရောင်းမည်**

ဗိုလ်တထောင်၊ ၅၂လမ်း(အောက်)၊ ပေ(၁၂ခွဲ×၆၀)၊ မြေညီ၊ တိုက်သစ်။

**ဖုန်း-၀၉ ၅၀၀၃၉၆၄**

**Eagle မှ ဝန်ဆောင်မှု**

ကွန်ပျူတာအရောင်းဆိုင်ဖွင့်ပွဲ အထိမ်းအမှတ်အနေဖြင့် ကွန်ပျူတာ service ပြုလုပ်ခြင်းအား ၃၀. ၁၁. ၂၀၁၁ အထိ အခမဲ့ ဝန်ဆောင်မှုပေးနေပါသည်။

**ဖုန်း-၂၁၅၉၂၆**

**ဝန်ဆောင်မှု**

HYDRA မှ ကွန်ပျူတာပြဿနာများကို ဖုန်းဆက်ရုံဖြင့် အိမ်အရောက်ဝန်ဆောင်မှုပေးပါသည်။

**ဖုန်း-၀၉ ၅၄၀ ၂၅၂၉**

**သင်ကြားသည်**

ဆရာဦးစိုးခိုင်(BE. Mech)၊ Ideal Maths (ဂုဏ်ထူးသချာ်)၊ ဘာသာစုံ၊ ၉၊ ၁၀ တန်းနှင့် မေးခွန်းဟောင်းများ သီးသန့်လိုက်သင်ပေးသည်။

**ဖုန်း-၀၉ ၇၃၁၁၄၉၄၃**

**ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်**

ကြည့်မြင်တိုင်၊ ဌာနလမ်း၊ ပေ(၂၅×၅၀)၊တိုက်သစ်၊ မြေညီ၊ ဒု-ထပ်၊ ရေမီးကိုယ်ပိုင်၊ ကြွေပြားခင်း။

**ဖုန်း-၂၁၀၉၉၂၊ ၂၁၇၀၃၀**

**ရောင်းလိုသည်**

Honma LB 280 4 Star, Iron 10 Set, Japan Golf Set, IBM Laptop U.S.A

**ဖုန်း-၀၉ ၈၅၇၀၆၀၀/ကိုလေးနိုင်**

**သင်ကြားပေးသည်**

၉၊ ၁၀ ကျောင်းသား/သူများ အတွက် Special Guide လုပ်ပေးသည်။ Eng, Maths, Chem, Phy ဘာသာများ အချိန်ယူသင်ကြားပေးပါသည်။

**ဖုန်း-၆၆၄၃၂၀**

**Practical Course**

Hardware, OS ပိုင်းများကို စနစ်တကျသင်ကြားပေးသည်။ မိမိအိမ်တွင် သင်ချင်သူများအတွက် အိမ်လိုက်သင်ကြားပေးပါသည်။

**ဖုန်း-၀၉ ၄၉၂၂၇၃၆၅**

**အိမ်အရောက်သင်သည်**

သူငယ်တန်းမှ ၁၀ တန်းထိ ဘာသာစုံ၊ ကျက်စာသီးသန့်၊ အထူးဝိုင်း၊ တစ်ဦးချင်း သင်ကြားပေးသည်။

**ဖုန်း-၀၉ ၄၃၀၈၅၅၀၇**

**ဆိုင်ခန်းငှားမည်**

သုဇိတာလမ်းမကြီး၊ ပေ(၂၅×၂၀)၊ ထပ်ခိုးပါ၊ ကိုယ်ပိုင်ရေမီတာစုံ။ တစ်လ ၁၃၀,၀၀၀ ကျပ်။

**ဖုန်း- ၂၄၃၄၂၀**

**တရုတ်စကားပြော**

ထိုင်ဝမ်ပြန်ဘွဲ့ရ အတွေ့အကြုံရှိဆရာမလင်းကိုယ်တိုင် International အသံထွက်နည်းဖြင့် သင်ကြားပေးသည်။ အိမ်အရောက်။

**ဖုန်း-၀၉ ၇၃၀၄၉၅၄၃**

**ဝန်ဆောင်မှု**

KO Myo Naing, Air-con & Electronic Service

**ဖုန်း- ၂၀၀ ၂၀၁(တစ်ဆင့်)**

**တိရစ္ဆာန်ဆေးကုခန်း**

ခွေး၊ ကြောင်၊ အရေပြားရောဂါနှင့် ပြင်းထန်သော ကူးစက်ရောဂါများအတွက် ဆေးကုသက်(၂၅)နှစ်ရှိ ဆရာဝန်ကိုယ်တိုင် အိမ်အရောက်ကုသပေးပါသည်။

**ဖုန်း-၀၉ ၇၃၀၃၄၀၈၁**

**သီးသန့်သင်သည်**

၁၀ တန်း၊ ဘာသာစုံ Guide၊ တစ်ဘာသာချင်း၊ တစ်ဦးချင်း သင်ကြားပေးသည်။ Grade 1 to 10

**ယုမွန်ကျော်၊ ဖုန်း-၀၉ ၅၀၀၁ ၂၈၇**

**စာပေဖြန့်ချိရေး**

ညွှန်းစာပေမှလုပ်ငန်းခွင်ဆိုင်ရာ အထောက်အကူပြုစာအုပ်များကို ရရှိနိုင်သည်။ အိမ်အရောက်စနစ်ဖြင့်လည်း မှာယူနိုင်ပါသည်။

**ဖုန်း-၀၉ ၅၀၄၆၇၆၉**

**ဝန်ဆောင်မှု**

အင်္ဂလိပ်စာသင်ကြားရေးနှင့် ဘာသာပြန်ဝန်ဆောင်မှု၊ ဆရာဦးကျော်မင်းအောင်၊ ဆရာမဒေါ်အေးသဇ္ဇာ၊

**ဖုန်း-၀၉ ၄၃၁ ၂၀၀၉၂**

**သင်ကြားပေးသည်**

အင်္ဂလိပ်စာအားနည်းသူများ အတွက်Speaking, Reading, Vocabulary & Grammar ကိုအခြေခံမှစ၍ သင်ကြားပေးပါသည်။

**ဖုန်း-၀၉ ၇၃၀၅၇၂၁၀**

**အိမ်ရောင်းမည်**

ကမ္ဘာအေး၊ ဂမုန်းပွင့်အနီး၊ ပေ(၂၇×၅၀)၊ ၂ထပ်တိုက်။

**ဖုန်း-၆၆၀၅၀၈**

**ဝန်ဆောင်မှု**

Software Installation, System, Virus clean, Network Installation & Service များတပ်ဆင်ပြုပြင်ပေးပါသည်။

**ဖုန်း-၀၉ ၇၃၀ ၂၈၁၉၀**

**တရုတ်စကားပြောသင်တန်း**

YBB မှ တရုတ်စကားပြောအခြေခံသင်ကြားသည်။ စနေ၊ တနင်္ဂနွေ၊ နံနက် ၇ နာရီမှ ၈ ခွဲအထိ။

**ဖုန်း- ၂၄၃၄၂၀**

**အောင်ကောင်းဆက်**

Air-con မျိုးစုံ ပြုပြင်တပ်ဆင်ပေးသည်၊ အဲကွန်းဟောင်းများ ဈေးကောင်းပေးဝယ်သည်။

**ဖုန်း-၀၉ ၅၄၁၈၁၄၄**

**သင်ကြားပေးသည်**

အင်္ဂလိပ်စာအခြေခံလိုချင်သူများကို သင်ကြားမည့်သူ၏ အရည်အချင်းလိုက်၍ တစ်ဦးချင်း သင်ကြားပေးပါသည်။

**ဖုန်း-၀၉ ၅၁၃၁၅၅၄**

**ဝန်ဆောင်မှု**

သင်တို့၏စားသောက်ဆိုင်များကို အင်တာနက်ပေါ်တွင် webpage လေးမျက်နှာနှင့်တကွ အခမဲ့ကြော်ငြာနိုင်ပါပြီ။

**ဖုန်း-၄၀၁ ၂၆၁**

**ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်**

အမှတ်(၈၄၄/ဃ)၊ ၀. ၆ ကော၊ ကန်ကြီးဘုရားအနီး၊ မုဒုံမြို့၊ ညှိနှိုင်းဈေးဖြင့်၊ ပွဲစားမလိုပါ။

**ဖုန်း-၀၉ ၇၃၀၈၃၄၄၇**

**ရောင်းရန်ရှိသည်**

စားသောက်ဆိုင်လုပ်ငန်းသုံး ပစ္စည်းစုံရောင်းရန်ရှိသည်။

**ဖုန်း-၀၉ ၇၃၁၃၉၅၂၉**

**အင်တာနက်ဆိုင်ရောင်းမည်**

ကွန်ပျူတာ ၁၃ လုံး၊ LCD -၁၀ လုံး၊ Printer -၁ လုံး၊ ကုလားထိုင်၊ ADSL - ၁လိုင်း၊ မီးစက် ၁လုံး၊ မီးအားမြှင့်စက် -၁လုံး(10 KVA)

**ဖုန်း-၈၅၅၀၇၉၄**

**ဆက်သွယ်နိုင်သည်**

နယ်စာကြည့်တိုက်များအတွက်သင့်လျော်သောစာအုပ်များကို အုပ် ၄၀၀ လျှင်တစ်သိန်းကျပ်နှုန်းဖြင့် ပို့ဆောင်ပေးနေပါသည်။

**မိုးမြင့်စာပေ၊ ဖုန်း-၅၄၃၁၄၃**

**ဗုဒ္ဓဘာသာယဉ်ကျေးမှု**

ဆရာဖြစ်သင်တန်း(၂၆. ၁၂. ၁၁ မှ ၃၀. ၁၂. ၁၁)အထိ။ ဓမ္မဒါနသင်ကြားပို့ချပေးပါသည်။

**ဖုန်း- ၀၁-၃၇၀၉၅၈၊ ၃၇၅၇၅၉**

7 DAY NEWS JOURNAL
Vol.10, No.36 • NOVEMBER 24, 2011

# ရန်ကုန်တိုင်းဒေသကြီးအစိုးရသည် စီးပွားရေးကိုသာ အလေးပေးသည့် အစိုးရဖြစ်နေကြောင်း လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဝေဖန်

**ဥက္ကာကိုကို၊ အိဖြူလွင်**

**ရန်ကုန်၊ နိုဝင်ဘာ-၁၆**

ရန်ကုန်တိုင်းဒေသကြီးအစိုးရသည် စီးပွားရေးဆိုင်ရာ ကိစ္စရပ်များ ဖြင့်သာလုံးပန်းနေသည့်အစိုးရတစ်ရပ်ဖြစ်နေကြောင်း ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ဝေဖန်သုံးသပ်သည်။

"ရန်ကုန်အစိုးရဟာ စီးပွားရေးကိုပဲလုံးပန်းနေတဲ့ အစိုးရဖြစ်နေတယ်။ လွှတ်တော်မှာလည်း တင်သွင်းတဲ့ မေးခွန်းနှစ်ခု၊ သုံးခုလောက်သာ လူမှုရေးနဲ့ဆိုင်တာတွေပါတယ်"ဟု ဗဟန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာညိုညိုသင်းက ယခုလ ၁၆ ရက်တွင် ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သိမ်ဖြူလမ်းရှိ ဒီမိုကရက်တစ်ပါတီ(မြန်မာ)ရုံးခန်း၌ ပြုလုပ်ခဲ့သော လွှတ်တော်အတွေ့အကြုံများ ရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ထို့နောက် ဒေါက်တာညိုညိုသင်းက ရန်ကုန်တိုင်းဒေသကြီးအစိုးရတွင် ကတိကဝတ်စောင့်ကြည့်ရေးအဖွဲ့နှင့် ပြည်သူလူထု၏ တိုင်ကြားစာများ လက်ခံရေးကော်မတီ ထားရှိသင့်ကြောင်း ဆက်လက်သုံးသပ်ခဲ့သည်။

"လွှတ်တော်အသစ်နဲ့ လွှတ်တော်ကိုယ်စားလှယ်တွေကလည်း အသစ်တွေဖြစ်နေတော့ အားလုံးက နေသားမကျသေးဘူး"ဟု ဒီမိုကရက်တစ်ပါတီ(မြန်မာ)မှ ဥက္ကဋ္ဌ ဦးသုဝေက ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးသည် တစ်နိုင်ငံလုံး၏ စုစုပေါင်း အမျိုးသားထုတ်ကုန်(GDP)၏ ၂၀ ရာခိုင်နှုန်းကျော်ကို ရှာဖွေပေးရသောတိုင်းတစ်ခုဖြစ်သည့်အတွက် စီးပွားရေးသည် အရေးကြီးသော်လည်း လူမှုရေးကိစ္စများဖြစ်သည့် ကျန်းမာရေး၊ ပညာရေး စသည့် အရာများသည်လည်း ဦးစားပေးဆောင်ရွက်သင့်သောကိစ္စများဖြစ်ကြောင်း ဒေါက်တာညိုညိုသင်းက ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်၏ ဒုတိယပုံမှန်အစည်းအဝေးကို ၄ ရက်ကြာ ကျင်းပခဲ့ပြီး မေးခွန်းစုစုပေါင်း ၃၄ ခုနှင့် အဆို ၃ ခု၊ ဥပဒေကြမ်း တစ်ခုကို ဆွေးနွေးခဲ့ကြသည်။

တောင်ချမ်းမြေ့

# ပြည်ခိုင်ဖြိုးပါတီထောက်ခံချက်ဖြင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ခန့်အပ်ခြင်းမဟုတ်ဟုဆို

**အိဖြူလွင်**

**ရန်ကုန်၊ နိုဝင်ဘာ- ၁၇**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဗဟန်းမြို့နယ် မဲဆန္ဒနယ်အတွင်းမှ ရပ်ကွက်အုပ်ချုပ်ရေးမှူးများရွေးချယ်ခန့်ထားခြင်းသည်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၏ ထောက်ခံချက်ဖြင့် ရွေးချယ်ခန့်ထားခြင်းမဟုတ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ပြောကြားသည်။

တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်ဒေါက်တာညိုညိုသင်း၏ မေးခွန်းကိုဝန်ကြီးက စာဖြင့်ပြန်လည်ဖြေကြားခဲ့ခြင်းဖြစ်သည်။

ဒေါက်တာညိုညိုသင်းက ဗဟန်းမြို့နယ်အတွင်းရှိ ရွှေနံ့သာရပ်ကွက်၊ ရေတာရှည်ရပ်ကွက်၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်တို့မှ ရပ်ကွက်နေသူများ၏ တိုင်ကြားချက်များအရ မည်ကဲ့သို့ဆောင်ရွက်နေသည်ကို သိရှိလို၍ မေးမြန်းခဲ့ခြင်းဖြစ်ကြောင်း ပြောသည်။

ဝန်ကြီး၏ဖြေကြားချက်တွင် ရပ်ရွာအကျိုးဆောင်ရွက်မည့်သူများကိုသာ ရပ်ကွက်နေပြည်သူတို့၏ သဘောဆန္ဒအတိုင်း ရွေးချယ်တာဝန်ပေးခြင်းဖြစ်ကြောင်း ပါရှိသည်။ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေး ဥပဒေကြမ်းကို အတည်ပြုပြီးပါကလည်း ဥပဒေအရရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးများကို ရွေးချယ်ခြင်း၊ ခန့်အပ်ခြင်းနည်းလမ်းများနှင့် ထုတ်ပယ်ခြင်း၊ တာဝန်မှရပ်စဲခြင်းများပြုလုပ်နိုင်မည်ဖြစ်သည်ဟု ပြန်လည်ဖြေကြားထားကြောင်း တွေ့ရသည်။

သို့ရာတွင် နောက်ကြောင်းပြန်ဥပဒေမရှိသဖြင့် လက်ရှိကျူးလွန်ထားသော ပြစ်မှုများရှိပါက ဥပဒေအရ အရေးယူနိုင်ခြင်းမရှိကြောင်း ဒေါ် ညိုညိုသင်းက ပြောကြားသည်။

# စာ(၂၆)၊ အထီးကျန်ဘူတာ (ရသစာတမ်း) မှ

ပူလောင်ကြွပ်မြိုက်သော နေရောင်သည် ဘူတာဝန်းကျင်တစ်ခုလုံး လွှမ်းခြုံထားရာ ရထားသံလမ်းတို့မှာလက်လက်ထအောင် စူးရှနေတော့သည်။ လူတစ်ဦးနှစ်ဦးစနှင့် တောဘူတာလေး ခြွေရက်၌ အထီးကျန်နေပုံမှာ သက်ပြင်ပန်းချီကား တစ်ချပ်နှယ် တူတော့သည်။

ဤသည်မှာ ခွေရောက်တိုင်းရထားခရီးသွားပါက မြန်မာပြည်အနှံ့အပြား မြင်နေကျ မြင်ကွင်း ဖြစ်ပါသည်။ မြန်မာပြည်အနှံ့အပြားတွင် ဘယ်ဘူတာမှ မရောက်ဘဲလမ်းခုလတ်၌ပျက်နေသော၊ ဘူတာငယ်လေးများကိုသာ နေ့စဉ်ဖြတ်သန်းရင်း ဘူတာရုံကြီးဆီ တစ်ကြိမ်တစ်ခါမှဝင်ခွင့်မရပေမယ့် သူ့တာဝန်သူ ကျေအောင် ခုတ်မောင်းနေသော ရထားတွေ အများကြီးရှိပါသည်။ သည်လိုပဲ အမြန်ရထားကြီးတွေ၊ အထူးရထားကြီးတွေ တစ်ကြိမ်တစ်ခါမျှ ရပ်နားခြင်းမရှိသော၊ တစ်နေ့လုံးနေမှ ရထားတစ်စီးမလာသော ဘူတာငယ်လေးများ မြန်မာပြည်နေရာအတော်များများ၌ ရှိပါသည်။ သို့သော် ထိုဘူတာရုံလေးများသည် နေ့စဉ် ဆောင်ရွက်နေမြဲ လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နေဆဲဖြစ်ပါသည်။ ထိုရထားများနှင့် ဘူတာရုံလေးများသည် မည်သူအသိအမှတ်ပြုပြု၊ မပြုပြု ဆောင်ရွက်ရမည့် တာဝန်များကို နေ့စဉ်ထမ်းရွက်နေမြဲဖြစ်ပါ၏။

"ကျွန်တော့် အဖေက သေတော့ဘူတာမှာ သွားသေတာဗျ" ဆွေးဆွေးမြည့်မြည့် ပြောဖူးသော မိတ်ဆွေတစ်ဦးရဲ့စကားပြန်လည်ကြားယောင်တိုင်း ကမ္ဘာကျော် ရုရှားစာဆိုကြီး လီယိုတော်စတွိုင်းကို သတိရမိလေသည်။ လီယိုတော်စတွိုင်းလည်း သည်လို မထင်မရှားဘူတာငယ်လေးတစ်ခုမှာသေဆုံးခဲ့ခြင်း ဖြစ်လေသည်။

(၄)

အလှကို ရှာ
ဘယ်မှာ မတွေ့
တစ်နေ့ အချိန်တန်တော့
ဆူညံညံ ငိုသံကြားရတယ်
ရထားရွေ့ရွေ့

(ဒေါင်းနွယ်ဆွေ)

နှင်းတွေ ဖွေးလွှပိန်းပိတ်အောင်တဖွဲဖွဲ ကျနေသော အေးစက်စက် မှောင်မည်းသည့် ညထဲသို့ အဘိုးအိုတစ်ဦး ဖြတ်ပြေးလာသည်။ အဘိုးအိုသည် အိမ်မှ ထွက်ပြေးလာခြင်းဟုလည်း ဆိုနိုင်သည်။ ခြေကျင်းဝတ်ခန့် နှင်းထုထဲမှာ ဖြတ်ပြေးနေ၍ မကြာမကြာ ဟပ်ထိုးလဲကျ၊ ပြန်ထလိုက်နှင့် ရထားဘူတာငယ်လေးတစ်ခုဆီ ရောက်လာသည်။ ဘူတာမှာ မည်သည့် ရထားမှ မရှိသလို လူလည်းကျဲပါးနေလေသည်။ ကတုန်ကယင်ဖြစ်နေသော အဘိုးအိုသည်ဘူတာခရီးသည်များ နားခိုရာ ခုံတန်းလေးပေါ် ထိုင်လိုက်ရင်း ပါးစပ်က တစ်စုံတစ်ရာကို တတွတ်တွတ်ရေရွတ်နေပါသည်။ ကယောင်ကတမ်းဖြင့် တစ်စုံတစ်ရာကို ဗလုံးဗထွေး အော်လိုက်သော်လည်းသူ့ကို မည်သူမျှသတိမထားမိကြ။ အတန်ကြာတော့ အဘိုးအိုသည် ရင်ဘတ်ကိုလက်ဖြင့်ဖိကာ အမှောင်ထုထဲငေးစိုက်ကြည့်နေလေသည်။

မနက်မိုးလင်းတော့ လီယိုတော်စတွိုင်း သေဆုံးခြင်းသတင်း ရုရှားနိုင်ငံတစ်ဝန်း တောမီးပမာပျံ့လွင့်သွားသည်။ ထိုမှ ကမ္ဘာသို့တိုင် ပျံ့နှံ့သွားပြီး သူ့စာပေလက်ရာတို့အား ဖတ်ရှုထားသူများ စုတ်တသပ်သပ် ဝမ်းနည်းကြေကွဲကြရှာသည်။

တော်စတွိုင်းဆုံးခါနီး
ဤစာကို ရေးခဲ့သည်။

**ကျန်းမာပျော်ရွှင်နေသော်လည်း ကျွန်ုပ်သည် သည်ဘဝကို ဆက်၍ မနေလိုတော့ပေ။ တစ်စုံတစ်ရာက ကျွန်ုပ်အား ဆက်လက်အသက်ရှင်မနေဖို့ လှုံ့ဆော်နေသည့်အလား ခံစားနေရပေသည်။ ဤသို့ဖြင့် ပျော်ရွှင်နေသော်လည်း အခန်းထဲမှ ရက်မအပေါ် ကြိုးပစ်တင်ပြီး ဆွဲကြိုးချမိမည်စိုးသဖြင့် ကြိုးနှင့်တူတာ မှန်သမျှ ဝှက်ထားရသည်။ တစ်ယောက်တည်း သေနတ်တစ်လက်နှင့် တောလည်သည့် အလုပ်ကိုလည်း မလုပ်ရဲတော့၊ ကိုယ့်ကိုယ်ကိုယ် ပစ်သတ်နိုင်သည်မဟုတ်လား။**

တစ်ခါတလေ ဘဝသည် နေဖို့ထက် သေဖို့က ပိုခက်ခဲတတ်ပါသည်။ ကျွန်တော်သည် ရထားဇလီဖားတုံးသံလမ်းများ၊ တိတ်ဆိတ်ခြောက်ကပ်သော ဘူတာရုံငယ်လေးများနှင့် "ကျွန်တော့်အဖေက သေတော့ဘူတာမှာ သွားသေတာဗျ" ပြောဖူးသောမိတ်ဆွေကို သတိရလေတိုင်း လီယိုတော်စတွိုင်းကိုသာ အမှတ်ရနေတော့သည်။ နောက်ဆုံးတော့ ဘဝဆိုသည်မှာ အထီးကျန်ဘူတာရုံလေးပဲဖြစ်မည်ထင်ပါသည်။ ။

စေတနာတိုင်းရင်းဆေးကုခန်း

Environment

7 DAY NEWS JOURNAL

Vol.10, No.36 • NOVEMBER 24, 2011

# ရေဘေးသင့် ဆိပ်ဖြူတွင် WFP နှင့် Ecodev တို့ ပူးပေါင်းကူညီမည်

**အိဖြူမွန်**

**ရန်ကုန်၊ နိုဝင်ဘာ- ၁၄**



မြန်မာနိုင်ငံအလယ်ပိုင်း ဆိပ်ဖြူမြို့နယ်ရှိ ရေဘေးသင့် ကျေးရွာများတွင် အလုပ်အကိုင်အတွက်ငွေပေးခြင်း Cash For Work အစီအစဉ်ကို ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ (WFP) နှင့် Ecodev တို့ပူးပေါင်းလုပ်ကိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

"အရေးပေါ် ကယ်ဆယ်ရေးတော့လုပ်ပြီးပြီ။ သဲဖို့နေတဲ့လယ်ယာမြေတွေကိုပြန်ရှင်းပေးဖို့ (Cash For Work) အစီအစဉ်စဖို့လုပ်နေပြီ။ ဒီလကုန်လောက်တော့စဖြစ်မယ်။ အဲဒါပြီးရင် ဆောင်းကြက်သွန်စိုက်ဖို့ မျိုးစေ့တွေဝေပေးမယ်" ဟု Ecodev မန်နေဂျင်းဒါရိုက်တာ ဦးဝင်းမျိုးသူက ပြောသည်။

သဲနုန်းများ ရှင်းလင်းပေးသောအခါ ငွေကြေးထောက်ပံ့ခြင်းနှင့် မျိုးစေ့အကူညီပေးခြင်းကို နိုဝင်ဘာလကုန်တွင်စတင်လုပ်ဆောင်မည်ဖြစ်ပြီး နှစ်လအကြာ ကူညီပေးမည်ဖြစ်ကြောင်း၊ မည်သည့်ကျေးရွာများကို အဓိကထားကူညီရန် စာရင်းကောက်ယူခြင်းများ ပြုလုပ်နေပြီဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောသည်။ အရေးပေါ် ကယ်ဆယ်ရေးအစီအစဉ်ကို WFP ၏ ကူညီမှုဖြင့် ဆိပ်ဖြူမြို့နယ်ရှိ ကျေးရွာများကို ဆန်တန်ချိန် ၂၃၀ ဖြန့်ဝေပေးပြီးဖြစ်ကြောင်း သိရသည်။

# နယူးဒေလီတွင်ကျင်းပမည့် ရေချိုစနစ်တကျ သုံးစွဲရေးဆွေးနွေးပွဲ မြန်မာနိုင်ငံမှ တက်ရောက်မည်

**အိဖြူမွန်**

**ရန်ကုန်၊ နိုဝင်ဘာ-၁၄**

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင်ကျင်းပမည့် မြစ်များမှ ရေချိုစနစ်တကျ သုံးစွဲမှုဆွေးနွေးပွဲကို မြန်မာနိုင်ငံမှ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားတစ်ဦးတက်ရောက်၍ မြန်မာနိုင်ငံရှိမြစ်များအကြောင်းကို ဆွေးနွေးမည်ဖြစ်သည်။

ယင်းဆွေးနွေးပွဲကို ယခုလ ၁၈ ရက်မှ ၂၁ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အိန္ဒိယနိုင်ငံနှင့် တရုတ်နိုင်ငံမှ ပညာရှင်များတက်ရောက်မည်ဖြစ်ကြောင်း၊ မြစ်များမှ ရေချိုသုံးစွဲမှု ရေရှည်တည်တံ့စေရေးအတွက် ယူနက်စကိုမှ ချမှတ်ထားသော နည်းလမ်းများကို ဆွေးနွေးကြမည်ဖြစ်ကြောင်း ဆွေးနွေးပွဲတက်ရောက်မည့် Ecodev မှ မန်နေဂျင်းဒါရိုက်တာ ဦးဝင်းမျိုးသူက ပြောသည်။

မြန်မာနိုင်ငံမြစ်များရှိ ရေချိုသုံးစွဲမှုကို ယူနက်စကိုမှ ချမှတ်ထားသော Water Vision အတိုင်း အသေအချာအကောင်အထည်ဖော်ရန်အတွက် စီးပွားရေးနှင့်ပတ်ဝန်းကျင်ရေးရာအကြောင်းများကို အဓိကဆွေးနွေးမည်ဖြစ်ကြောင်း ဦးဝင်းမျိုးသူက ပြောသည်။

# UN REDD အဖွဲ့ဝင်နိုင်ငံဖြစ်လာပါက နည်းပညာနှင့်ငွေကြေးထောက်ပံ့မှုရနိုင်

**အိဖြူမွန်**

**ရန်ကုန်၊ နိုဝင်ဘာ-၁၄**

မြန်မာနိုင်ငံသည် ကုလသမဂ္ဂသစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစား လျော့ချခြင်းမှ ကာဗွန်ထုတ်လွှင့်မှု လျော့ချရေးအသိအမှတ်ပြု အဖွဲ့ဝင် (UNREDD) နိုင်ငံဖြစ်လာပါက နည်းပညာနှင့် ငွေကြေးဆိုင်ရာ ကူညီထောက်ပံ့မှုများ အခွင့်အလမ်းများ ရရှိနိုင်ကြောင်း ပြည်တွင်းရှိသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသမား အချို့က သုံးသပ်ပြောကြားသည်။

UN REDD အဖွဲ့ဝင်အဖြစ် ယခုလပိုင်းတွင် ကုလသမဂ္ဂမှ ဝင်ခွင့်ပြုလိုက်ပြီဟူသော သတင်းများ ထွက်ပေါ်လာသည့် နောက်တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင်များက ယခုကဲ့သို့ သုံးသပ်ခြင်းဖြစ်သည်။


"UN REDD ရဲ့ Member အဖွဲ့ဝင်အဖြစ် လက်ခံလိုက်ပြီလို့ကြားတယ်။ အဖွဲ့ဝင်ဖြစ်ရင်တော့ မြန်မာနိုင်ငံအတွက်၊ သစ်တောတွေအတွက် အရမ်းကောင်းလာနိုင်တယ်။ အာဆီယံနိုင်ငံတွေမှာ တော်တော့်များများက အဖွဲ့ဝင်ဖြစ်လို့ REDD ကို စနေပြီ။ သစ်ပင်သစ်တောတွေလည်းကျန်သေးတယ်။ CF တွေလည်းရှိနေသေးတော့ UN က နည်းပညာတွေ ငွေကြေးဆိုင်ရာအကူအညီတွေရနိုင်တယ်" ဟု Ecodev မန်နေဂျင်းဒါရိုက်တာ ဦးဝင်းမျိုးသူက ပြောကြားသည်။

UN REDD အဖွဲ့ဝင်အဖြစ် တရားဝင်အသိပြုသည့် အဖြေကို နိုဝင်ဘာလကုန်ပိုင်းတွင်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနသို့ UN ရုံးက အကြောင်းကြားမည်ဖြစ်ကြောင်း စီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"အဖွဲ့ဝင်ဖြစ်သွားရင် ကာဗွန်ဒိုင်အောက်ဆိုက် စုပ်ပေးတဲ့ သစ်တောတွေ ထိန်းသိမ်းတဲ့အတွက် ငွေကြေးထောက်ပံ့မှုတွေ ရနိုင်တယ်။ ကာဗွန်ကိုလည်း ရောင်းလို့ရတယ်။ ရလာတဲ့ပိုက်ဆံနဲ့ ဆင်းရဲတဲ့လူတွေကို ကူညီရမယ်။ ဒေသဖွံ့ဖြိုးရေးတွေ လုပ်လို့ရတယ်။ REDD-Plus တွေက အများကြီးလုပ်လို့ရတယ်" ဟုဖရီဒါအသင်းမှဒုတိယဉက္ကဋ္ဌဦးအုန်းက ပြောသည်။

REDD အဖွဲ့ဝင်ဖြစ်လာနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနနှင့် UNDP တို့ပူးပေါင်း၍ ၂၀၁၀ ပြည့်နှစ်တွင် စတင်လုပ်ဆောင်ခဲ့ကြသည်။ ၂၀၁၁ ခုနှစ်တွင် REDD ပြင်ဆင်ရေးနှင့် REDD- Plus များကို အာဆီယံနိုင်ငံများမှ သဘာဝပတ်ဝန်းကျင်ပညာရှင်များ၊ ကိုရီးယားနိုင်ငံမှ ပညာရှင်များ ဖိတ်ခေါ်၍ နိုင်ငံတော်အဆင့် ဆွေးနွေးပွဲပြုလုပ်ခဲ့သည်။

## Environment Cartoon




# တောင်အာဖရိကတွင် ပြုလုပ်မည့် ရာသီဥတုညီလာခံသို့ ဒေါက်တာထွန်းလွင်တက်မည်

**အိဖြူမွန်**


**ရန်ကုန်၊ နိုဝင်ဘာ-၁၈**


(၁၇)ကြိမ်မြောက် နိုင်ငံတကာ ရာသီဥတုပြောင်းလဲခြင်း ညီလာခံ (Cop 17)ကို တောင်အာဖရိကနိုင်ငံ ဒါဘန်မြို့ (Darban)မြို့တွင် ၁၂ ရက်အကြာ ပြုလုပ်မည်ဖြစ်ကြောင်း ယင်းဆွေးနွေးပွဲသို့ လေ့လာသူအဖြစ်တက်ရောက်မည့်မိုးလေဝသနှင့်ဇလဗေဒပညာရှင်ဒေါက်တာထွန်းလွင်က ပြောကြားသည်။

ယင်းဆွေးနွေးပွဲကိုယခုလ ၂၈ ရက်မှ ဒီဇင်ဘာ ၉ ရက်အထိ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း၊ နိုင်ငံပေါင်း ၂၀၀ ဝန်းကျင်တက်ရောက်နိုင်မည်ဖြစ်ကြောင်း ရာသီဥတုပြောင်းလဲခြင်းအခမ်းအနားများတွင် (၁၂)ကြိမ်ခန့်တက်ရောက်ခဲ့သူ ဒေါက်တာထွန်းလွင်က ပြောကြားသည်။

"တစ်နှစ်နဲ့ တစ်နှစ် တိုးတက်မှုရှိလာတယ်။ ၁၅ ကြိမ်မြောက်မှာတော့ နိုင်ငံတကာအားလုံးနီးပါး ပါဝင်လာကြတယ်။ အခုဆွေးနွေးမယ့်ပွဲမှာ ကာဗွန်လျော့ချမှုပိုပြီးကိုင်တွယ်မယ်ထင်တယ်။ မလျော့ရင်ဘာဖြစ်မလဲဆိုတာတွေ ပါလာမယ်။ ပြောရရင် ဥပဒေရေးရာအကြောင်းတွေ ပါလာမယ်ထင်တယ်။ ဒီနှစ်က ကာဗွန်ထုတ်လွှတ်မှုလည်း များတယ်။ ဘာလို့လဲဆိုတော့ ဒီနှစ်က စီးပွားရေးကျတယ်။ စီးပွားရေးလုပ်ငန်းရှင်တွေက ကုန်ထုတ်မှုသက်သာအောင် ကျောက်မီးသွေးကထုတ်တဲ့ လျှပ်စစ်တွေသုံးလာကြတယ်" ဟု ဒေါက်တာထွန်းလွင်ကပြောသည်။

ရာသီဥတုပြောင်းလဲခြင်းကို လူအများလက်ခံလာအောင်ပြုလုပ်သောနိုင်ငံများ၏ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာအစီရင်ခံစာသည် အဆင့် ၄ အထိ ရောက်နေပြီးဖြစ်ပြီး ကာဗွန်ထုတ်လွှတ်မှုများသော နိုင်ငံများကို လျော့ချရန် တောင်းဆိုကြသော နိုင်ငံငယ်များစာရင်းပြည့်ပြီးဖြစ်ကြောင်း ပြီးခဲ့သည့် Cop 16 အစည်းအဝေးမှ ထုတ်ပြန်ချက်များအရ ဒေါက်တာထွန်းလွင်က ပြောပြသည်။



Tourism

7DAY NEWS JOURNAL

Vol.10, No.36 • NOVEMBER 24, 2011

# ရထားနှင့် ထိခိုက်ဒဏ်ရာရ သေဆုံးသူ လျော့နည်းလာ

သိမ့်သိမ့်စိုး

**ရန်ကုန်၊ နိုဝင်ဘာ - ၁၉**

ရထားနှင့် ထိခိုက်ဒဏ်ရာရသေဆုံးသူစာရင်းမှာ ပြီးခဲ့သည့်နှစ်နှင့်စာလျှင် လျော့နည်းလာကြောင်း မြန်မာ့မီးရထား(ရန်ကုန်)မှ ပြုလုပ်ထားသည့် တရားဝင်စာရင်းများအရ သိရသည်။

ယခု ၂၀၁၁ ခုနှစ် ဇန်နဝါရီမှ အောက်တိုဘာအထိ ပြုလုပ်ထားသောစာရင်းများအရ သေဆုံးသူနှင့် ဒဏ်ရာရသူ ဦးရေနှစ်မျိုးလုံးမှာ ပြီးခဲ့သည့်နှစ်အောက်တိုဘာလအထိပြုလုပ်သောစာရင်းများထက် လျော့နည်းခဲ့သည်။

ယခုနှစ် ဇန်နဝါရီမှ အောက်တိုဘာလအထိ ရထားနှင့် ထိခိုက်ဒဏ်ရာရသူဦးရေမှာ ၂၀ ဦးနှင့်သေဆုံးသူ ၁၈ ဦးရှိခဲ့သည်။

ပြီးခဲ့သည့်နှစ်ထိုကာလအတွင်း ရထားနှင့် ထိခိုက်ဒဏ်ရာရသူဦးရေမှာ ၂၅ ဦးနှင့် သေဆုံးသူ ၂၁ ဦးရှိခဲ့သည်။

ထို့ကြောင့် ၁၀ လတာကာလအတွင်း စာရင်းဇယားများအရ ဒဏ်ရာရသူငါးဦးနှင့် သေဆုံးသူသုံးဦးလျော့နည်းခဲ့သည်။

ပြီးခဲ့သည့်နှစ် တစ်နှစ်လုံးတွင် ရထားနှင့်ထိခိုက်ဒဏ်ရာရသူ ၃၁ ဦးနှင့် သေဆုံးသူ ၂၇ ဦးရှိခဲ့သည်။

ယင်းကဲ့သို့ ရထားနှင့် ထိခိုက်ဒဏ်ရာရမှုများသည် သတ်မှတ်ထားသောစည်းကမ်းချက်များကိုမလိုက်နာဘဲ ရထားထွက်နေချိန် အတက်အဆင်းပြုလုပ်ခြင်း၊ ရထားအတက်အဆင်းနှင့်တွဲကြားများပေါ်တွင် တွဲခိုစီးနင်းခြင်းကလည်း အဓိကဖြစ်စေကြောင်း ရထားဝန်ထမ်းတစ်ဦးက သုံးသပ်ပြောကြားသည်။

# ဟိုတယ်အုပ်စုတစ်ခုမှ ငပလီနှင့် အင်းလေးတွင် ဟိုတယ်တစ်လုံးစီဖွင့်မည်

အောင်သူရ

**ရန်ကုန်၊ နိုဝင်ဘာ-၁၆**

ငပလီအပန်းဖြေကမ်းခြေနှင့် အင်းလေးဒေသတို့တွင် ဒီဇင်ဘာလဆန်းမှစ၍ နိုင်ငံခြားသားများ တည်းခိုနိုင်သော အဆင့်မြင့်ဟိုတယ်တစ်လုံးစီ ဖွင့်လှစ်မည်ဟု အဆိုပါ ဟိုတယ်အုပ်စုမှ ဈေးကွက်မန်နေဂျာ ဒေါ်တင်ဇာမောင်က ပြောသည်။



ငပလီကမ်းခြေတွင် ဖွင့်လှစ်မည့်ဟိုတယ်မှာ အခန်းပေါင်း ၃၂ ခန်းရှိသော Ngapali Bay ဟိုတယ်ဖြစ်ပြီး အခန်းအားလုံးမှာ Seaview အခန်းများ ဖြစ်သည်။

အင်းလေးဒေသမိုင်းသောက်တွင် ဖွင့်လှစ်မည့် ဟိုတယ်မှာ Villa Inle Resort and Spa ဟိုတယ်ဖြစ်ပြီး အခန်းပေါင်း ၁၆ ခန်းရှိကာ လာမည့်နှစ်တွင် အခန်း ၄၀ ထိတိုးချဲ့သွားမည်ဟု ဒေါ်တင်ဇာမောင်က ဆိုသည်။

အဆိုပါဟိုတယ်နှစ်လုံးအား သရပါ ဟိုတယ်အုပ်စု အဖွဲ့ဝင်များမှ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

ငပလီတွင် ဖွင့်လှစ်သော ဟိုတယ်၏ အခန်းခမှာ အနည်းဆုံး ဒေါ်လာ ၂၈၀ မှ အမြင့်ဆုံးဒေါ်လာ ၄၅၀ ဖြစ်ပြီး အင်းလေးတွင် ဖွင့်လှစ်သော ဟိုတယ်အခန်းခမှာ အနိမ့်ဆုံးဒေါ်လာ ၃၅၀ မှ အမြင့်ဆုံးဒေါ်လာ ၃၈၀ ဖြစ်သည်ဟု သိရသည်။

# ပွဲတော်များက ဖော်ကျူးသော မြန်မာ့ယဉ်ကျေးမှု ဓာတ်ပုံပြပွဲ ကျင်းပမည်

နေလင်းထွန်း

**ရန်ကုန်၊ နိုဝင်ဘာ-၁၆**

"ပွဲတော်များက ဖော်ကျူးသော မြန်မာ့ယဉ်ကျေးမှု" ဓာတ်ပုံပြပွဲအား နိုဝင်ဘာလ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် နေ့လယ် ၁၂ နာရီမှ ညနေ ၆ နာရီထိ စထရင်းဟိုတယ်၌ ကျင်းပသွားဖြစ်သည်။

မြန်မာလူမျိုးတို့၏ ယဉ်ကျေးမှုဆိုင်ရာပွဲတော်များ၊ ဘာသာရေးပွဲတော်များနှင့် တိုင်းရင်းသားရိုးရာပွဲတော်များ ထင်ဟပ်ပေါ်လွင်သော နှစ်လိုဖွယ်ရာ ဓလေ့စရိုက်နှင့် ထုံးတမ်းစဉ်လာတို့ကို ဓာတ်ပုံပညာ၏ ဖန်တီးတင်ဆက်မှုတို့မှတစ်ဆင့် ထင်ရှားပေါ်လွင်အောင် တင်ဆက်ပြသလိုသော ရည်ရွယ်ချက်ဖြင့် "ပွဲတော်များက ဖော်ကျူးသော မြန်မာ့ယဉ်ကျေးမှု" ဟု အမည်ပေးထားသည့် ဓာတ်ပုံပြိုင်ပွဲတစ်ရပ်ကို ကျင်းပခဲ့ရာ အနယ်နယ်အရပ်ရပ်မှ ဓာတ်ပုံပညာရှင် ၁၅၄ ဦးက ဓာတ်ပုံပေါင်း ၇၁၈ ပုံ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ဓာတ်ပုံပြပွဲ၌ အထက်ပါ ဓာတ်ပုံပြိုင်ပွဲမှ ဆုရဓာတ်ပုံများ အပါအဝင် ဓာတ်ပုံပညာရှင် ၈၂ ဦးတို့၏ ဓာတ်ပုံပေါင်း ၁၅၇ ပုံကို ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း ဗြိတိသျှကောင်စီမှသိရသည်။

ပြပွဲကာလအတွင်း ဓာတ်ပုံပညာရှင်များဖြစ်သော ဦးလှမြင့်ဆွေ၊ ဦးမြင့်သိန်းဖေ၊ ပန်းချီစိုးမိုး၊ ဦးဆန်နီညိမ်း၊ ဦးစိန်မျိုးမြင့်နှင့် ဗြိတိန်နိုင်ငံမှ ဓာတ်ပုံပညာရှင် Yemisi Blake တို့က ဓာတ်ပုံပညာအကြောင်း ဟောပြောပွဲများပြုလုပ်သွားမည်ဖြစ်သည်။









7 DAY NEWS JOURNAL
Vol.10, No.36 • NOVEMBER 24, 2011


# The Cartoon Logo












7 DAY NEWS JOURNAL
Vol.10, No.36 • NOVEMBER 24, 2011

# စင်ကာပူမိသားစုတစ်စုက အာကာသခရီးစဉ်အတွက် ကန်ဒေါ်လာတစ်သန်းဖြင့် ကြိုတင်မှာကြားထား

**စင်ကာပူ၊ နိုဝင်ဘာ - ၁၅**

စင်ကာပူစီးပွားရေးလုပ်ငန်းရှင်တစ်ဦးနှင့် ၎င်း၏ဇနီး၊ ကလေးနှစ်ဦးတို့သည် ကန်ဒေါ်လာတစ်သန်းပေးချေ၍ အာကာသခရီးသွားလေယာဉ် Virgin Galactic နှင့် အာကာသသို့ခရီးသွားမည့် ပထမဦးဆုံး အာရှမိသားစုဖြစ်လာကြောင်း Virgin ကုမ္ပဏီတာဝန်ရှိသူက ပြောကြားသည်။



Photo - AFP

"စင်ကာပူကနေ ကျွန်တော်တို့ကို အမြဲဆက်သွယ်နေတဲ့လူတစ်ယောက်နဲ့ မနေ့က ကျွန်တော်နေ့လယ်စာစားခဲ့ပါတယ်။ နေ့လယ်စာစားရင်းနဲ့ပဲ သူကနေရာတစ်နေရာတည်းအတွက် မဟုတ်ဘဲ ခရီးစဉ်တစ်ခုလုံးအတွက် ကန်ထရိုက်လက်မှတ်ထိုးခဲ့ပါတယ်"ဟု Virgin ကုမ္ပဏီ စီးပွားရေးဒါရိုက်တာ စတီဖင်အတင်ဘိုရိုးက ပြောသည်။

စင်ကာပူနိုင်ငံတွင် ပြုလုပ်သည့် နိုင်ငံတကာမီဒီယာနှင့် ဈေးကွက်ရှာဖွေရေးညီလာခံ၌ စကားပြောကြားရာတွင် မစ္စတာအတန်ဘိုရိုးက ၎င်းတို့၏ဖောက်သည်က ကန်ဒေါ်လာတစ်သန်းချက်လက်မှတ်ထုတ်ပေးပြီး ၎င်း၏အမည်အား ထုတ်ဖော်မပြောရန်တောင်းဆိုခဲ့ကြောင်း၊ အကြောင်းမှာ ဇနီးသည်အား အသိမပေးရသေးဟု ဆိုကြောင်းပြောကြားသည်။

"သူနဲ့ သူ့မိသားစုဟာ အာကာသယာဉ်မှူးတွေ အတူတကွဖြစ်လာကြမယ့် အာရှတိုက်က ပထမဆုံး မိသားစုပါပဲ"ဟု မစ္စတာအတန်ဘိုရိုးကပြောသည်။

အမေရိကန်နိုင်ငံ နယူးမက္ကစီကိုပြည်နယ်မှ အာကာသယာဉ်များပျံသန်းရန်စီစဉ်ထားသည့် Virgin Galactic သည် ခရီးစဉ်များစတင်မည့် အချိန်ဇယားမသတ်မှတ်ရသေးသော်လည်း ခရီးစဉ်အတွက် လူတစ်ဦးလျှင် ကန်ဒေါ်လာနှစ်သိန်းဖြင့် ၂၀၀၅ ခုနှစ်ကတည်းက ကြိုတင်အမှာများလက်ခံရောင်းချခဲ့သည်။

—*Ref: AFP*






Photo - Getty Images

# သက်ဆင် လွတ်ငြိမ်းချမ်းသာခွင့်အစီအစဉ်ကို ထိုင်းဝန်ကြီးအဖွဲ့က အတည်ပြုခဲ့ဟုဆို

**ဘန်ကောက်၊ နိုဝင်ဘာ - ၁၆**

နိုင်ငံမှ ထွက်ပြေးတိမ်းရှောင်နေသောဝန်ကြီးချုပ်ဟောင်းသက်ဆင်ရှင်နာဝါထရာ နိုင်ငံသို့ပြန်လာရေးလမ်းခင်းပေးနိုင်သည့် အငြင်းပွားဖွယ်ရာ လွတ်ငြိမ်းချမ်းသာခွင့်အမိန့်ကြေညာစာအား ထိုင်းအစိုးရအဖွဲ့က ထောက်ခံအတည်ပြုပေးလိုက်ကြောင်း ထိုင်းမီဒီယာများကဖော်ပြသည်။

ယင်းကိစ္စနှင့်ပတ်သက်၍ အတိုက်အခံများဘက်မှ ပြင်းပြင်းထန်ထန်ဝေဖန်မှုကို ရရှိနေပြီဖြစ်သော သက်ဆင်၏ညီမဖြစ်သူ ထိုင်းဝန်ကြီးချုပ် ယင်လပ်ခ်ရှင်နာဝါထရာကမူ အတည်ပြုခြင်း (သို့မဟုတ်) မှတ်ချက်ပေးခြင်းမရှိသေးကြောင်းသိရသည်။

ဘုရင်ဘူမိဘောက အတည်ပြုပေးရဦးမည့် ကြေညာချက်တွင် အနည်းဆုံး အသက် ၆၀ ကျော်အသက်အရွယ်ရှိပြီး ထောင်သုံးနှစ်ချခံရသူ ပြစ်မှုထင်ရှားသူများအား လွတ်ငြိမ်းချမ်းသာခွင့်ပေးထားကြောင်း ဘန်ကောက်ပို့စ်သတင်းစာကဖော်ပြသည်။

ထိုင်းဘုရင်ကြီး၏ မွေးနေ့ဖြစ်သော ဒီဇင်ဘာ ၅ ရက်တွင် လွတ်ငြိမ်းချမ်းသာခွင့်များ ပေးလေ့ရှိခဲ့သည်။

၂၀၀၆ ခုနှစ် စစ်ဘက်အာဏာသိမ်းမှုတွင် ရာထူးမှဖြုတ်ချခံခဲ့ရသည့်သက်ဆင်သည်အသက် ၆၂ နှစ်ရှိပြီဖြစ်ပြီး လာဘ်စားမှုအတွက် ထောင်ဒဏ် ၂နှစ်ချမှတ်ခံရခြင်းကို ရှောင်ရှားနိုင်ရန် မိမိဘာသာပေးထားသည့် ပြည်နှင်ဒဏ်ဖြင့် ဒူဘိုင်းတွင် နေထိုင်လျက်ရှိသည်။

မစ္စယင်လပ်ခ်မှာ ရေကြီးရာဒေသများသို့ သွားရောက်နေခဲ့၍ ယင်းကိစ္စကို ထောက်ခံခဲ့သည့် နိုဝင်ဘာ ၁၅ ရက်တွင် ကျင်းပသော ဝန်ကြီးအဖွဲ့အစည်းအဝေးသို့တက်ရောက်နိုင်ခြင်းမရှိကြောင်း သိရသည်။

—*Ref: AFP*

# အိန္ဒိယသို့ ယူရေနီယံရောင်းချရန်စဉ်းစားနေကြောင်း ဩစတြေးလျပြောကြား

**ကင်ဘာရာ၊ နိုဝင်ဘာ - ၁၅**

ဩစတြေးလျအစိုးရသည် အိန္ဒိယနိုင်ငံသို့ နျူကလီးယားစွမ်းအင်ထုတ်လုပ်ရေးအတွက် ယူရေနီယံဒြပ်စင်များ ရောင်းချရန် စဉ်းစားနေကြောင်း ဝန်ကြီးချုပ်ဂျူလီယာဂီးလ်လတ်က ပြောကြားသည်။

ထိုသို့ရောင်းချရန်အဆိုကို မကြာမီကျင်းပမည့် လေဘာပါတီညီလာခံတွင် တင်ပြသွားမည်ဟု သိရသည်။ ဩစတြေးလျဖဲယားဖက်စ်သတင်းစာ၏ ဖော်ပြချက်အရလည်း အိန္ဒိယနိုင်ငံသို့ ယူရေနီယံများရောင်းချခြင်းသည် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုအားကောင်းလာစေပြီး ဩစတြေးလျဈေးကွက်များနှင့် အလုပ်အကိုင်များ တိုးချဲ့ရေးအတွက် အရေးပါကြောင်း မစ္စဂီးလ်လတ်က ယုံကြည်နေသည်ဟုသိရသည်။

အိန္ဒိယနိုင်ငံသည် နျူကလီးယားမပြန့်ပွားရေးစာချုပ်ကို လက်မှတ်ရေးထိုးထားခြင်းမရှိသော်လည်း ဩစတြေးလျနိုင်ငံသည် အိန္ဒိယသို့ ယူရေနီယံများရောင်းချရာတွင် လက်နက်ထုတ်လုပ်ရေးအတွက် မသုံးစွဲပါဟူသော ကတိပြုချက်များပေးအပ်နိုင်ကြောင်း ဆိုသည်။

ဩစတြေးလျ သတ္တုတွင်းဝန်ကြီး မာတင်ဖာဂူဆန်ကလည်း အိန္ဒိယနိုင်ငံသည် ထွန်းသစ်စ စီးပွားရေးနိုင်ငံဖြစ်လာပြီး စွမ်းအင်ဝယ်ယူသုံးစွဲမှုအများဆုံးကမ္ဘာ့နိုင်ငံများတွင်ပါဝင်လာနေကြောင်း၊ ထို့ကြောင့် အိန္ဒိယနိုင်ငံသို့ ယူရေနီယံတင်ပို့ရောင်းချခြင်းသည် ပြည်သူများ ဆင်းရဲတွင်းမှ လွတ်အောင်အကူအညီပေးနိုင်မည်ဖြစ်ကြောင်းပြောကြားထားသည်။ ဩစတြေးလျလေဘာပါတီညီလာခံကို ဒီဇင်ဘာလတွင်ပြုလုပ်မည်ဟု သိရသည်။

—*Ref: AFP*

## Leader's Profile

# ကုလသမဂ္ဂကလေးသူငယ်များရန်ပုံငွေအဖွဲ့အကြီးအကဲ အန်သိုနီလိတ်

ရဲမင်း



မစ္စတာ ဝီလီယမ် အန်သိုနီကာ ဆော့ပ်လိတ်သည် ကုလ သမဂ္ဂကလေးသူငယ်များရန်ပုံငွေအဖွဲ့ (UNICEF) ၏ အမှုဆောင်ဒါရိုက်တာဖြစ်ပြီး အမေရိကန်သံတမန်ဟောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန အရာရှိဟောင်း၊ နိုင်ငံရေးအကြံပေး တတ်သိပညာရှင်နှင့် စာရေးဆရာတစ်ဦးလည်းဖြစ်သည်။ အမေရိကန်ဒီမိုကရက်တစ်သမ္မတများနှင့်သမ္မတလောင်းများ၏ နိုင်ငံခြားရေးမူဝါဒအကြံပေးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သမ္မတဘီလ်ကလင်တန်လက်ထက် ၁၉၉၃ မှ ၁၉၉၇ ခုနှစ်အထိ အမျိုးသားလုံခြုံရေးအကြံပေးအဖြစ် တာဝန်ယူခဲ့သည်။

ဒီမိုကရက် ဖခင်နှင့် ရီပက်ဘလေကန် မိခင်တို့မှ လိတ်အား နယူးယောက်မြို့တွင် ၁၉၃၉ ခုနှစ် ဧပြီလ ၂ ရက်၌ မွေးဖွားခဲ့သည်။ မစ်ဒယ်ဆက်ကျောင်းတွင် အခြေခံပညာရေးသင်ယူခဲ့ပြီး ဟားဗတ်ကောလိပ်သို့ ဆက်လက်တက်ရောက်ကာ ၁၉၆၁ ခုနှစ်တွင် ဘီအေဘွဲ့ရရှိခဲ့သည်။ ကန်းဘရစ်ချ်တက္ကသိုလ်တွင် နိုင်ငံတကာစီးပွားရေးဘာသာရပ်ကိုဆက်လက်လေ့လာခဲ့ပြီး ၁၉၇၄ ခုနှစ်တွင် ပရင့်စတန်တက္ကသိုလ်မှ ဒေါက်တာဘွဲ့ရရှိခဲ့သည်။

လိတ်သည် ၁၉၆၂ ခုနှစ်မှစ၍ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနတွင် ဝင်ရောက်တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၇၀ ပြည့်နှစ်တွင် ထိုစဉ်က အမျိုးသားလုံခြုံရေးအကြံပေးဟင်နရီကစ်ဆင်ဂျာနှင့် သဘောထားမတိုက်ဆိုင်၍ နိုင်ငံခြားရေးဝန်ကြီးဌာနမှ နုတ်ထွက်ခဲ့သည်။ နောက်ပိုင်းတွင် ကစ်ဆင်ဂျာ၏ အာဖရိကချဉ်းကပ်ပုံကိုဝေဖန်ထားသည့်စာအုပ်တစ်အုပ်ရေးသားခဲ့သည်။

လိတ်သည်၁၉၇၂ခုနှစ်တွင် ဒီမိုကရက်တစ်လွှတ်တော်အမတ်အက်မန်မက်စကီ၏သမ္မတမဲဆွယ်ပွဲတွင်ပါဝင်လုပ်ကိုင်ခဲ့သည်။ သမ္မတဂျင်မီကာတာလက်ထက် ၁၉၇၇-၁၉၈၁ အထိ မူဝါဒရေးဆွဲရေးဌာန ဒါရိုက်တာအဖြစ်လုပ်ကိုင်ခဲ့သည်။ ၁၉၈၀ ပြည့်နှစ်သမ္မတရွေးကောက်ပွဲတွင် သမ္မတရေဂင်အနိုင်ရရှိပြီး ဂျင်မီကာတာ ရှုံးနိမ့်ခဲ့ရာ မစ္စတာလိတ်လည်း မက်ဆာချူးဆက်တက္ကသိုလ်တွင် နိုင်ငံတကာဆက်ဆံရေးပါမောက္ခအဖြစ် ၁၉၉၂ ခုနှစ်အထိ လုပ်ကိုင်ခဲ့သည်။

၁၉၉၂သမ္မတမဲဆွယ်ပွဲတွင် မစ္စတာအန်သိုနီလိတ်မှာ သမ္မတလောင်း ကလင်တန်၏ နိုင်ငံခြားရေးမူဝါဒအကြံပေးခေါင်းဆောင်တစ်ဦးအဖြစ် ပါဝင်ခဲ့ပြီးနောက်ပိုင်းတွင် ၁၉၉၃ မှ ၁၉၉၇ ခုနှစ်အထိ အမျိုးသားလုံခြုံရေးအကြံပေးတာဝန်များကို ထမ်းဆောင်ခဲ့သည်။ ၁၉၉၆ ခုနှစ်တွင် သမ္မတကလင်တန်ပြန်လည်ရွေးကောက်ခံရချိန်တွင် မစ္စတာလိတ်အား အမေရိကန်ဗဟိုထောက်လှမ်းရေးအေဂျင်စီ(CIA)၏ ညွှန်ကြားရေးမှူးနေရာအတွက် အမည်စာရင်းတင်သွင်းမှုရရှိခဲ့သည်။ သို့သော် ရီပက်ဘလေကန်များ၏ ကန့်ကွက်မှုကြောင့် ၎င်း၏အမည်စာရင်းတင်သွင်းမှုကို ပြန်လည်ရုပ်သိမ်းခဲ့ရသည်။ နောက်ပိုင်းတွင် အိမ်ဖြူတော်အထူးကိုယ်စားလှယ်တာဝန်များကို ၁၉၉၈ မှ ၂၀၀၀ ပြည့်နှစ်အထိ ထမ်းဆောင်ခဲ့သည်။

အိုဘားမား၏သမ္မတမဲဆွယ်ပွဲတွင်လည်း နိုင်ငံခြားရေးမူဝါဒအကြံပေးအဖြစ် ပါဝင်ခဲ့သော မစ္စတာအန်သိုနီလိတ်အား ယူနီဆက်၏ ဆဌမမြောက် အမှုဆောင်ဒါရိုက်တာနေရာအတွက် သမ္မတအိုဘားမားက အမည်စာရင်းတင်သွင်းခဲ့ပြီး ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းက ၂၀၁၀ ပြည့်နှစ် မတ်လ ၁၆ ရက်တွင် မစ္စတာလိတ်အား ကုလသမဂ္ဂကလေးသူငယ်များရန်ပုံငွေအဖွဲ့(UNICEF)၏ အကြီးအကဲအဖြစ်ခန့်အပ်ခဲ့သည်။

အိမ်ထောင်နှစ်ဆက်ကျခဲ့သည့် မစ္စတာအန်သိုနီလိတ်တွင် ပထမဇနီး အန်တိုနီယာနှင့် ကလေးသုံးဦး ထွန်းကားခဲ့သည်။

—*Ref: Wikipedia*

# တောက်တဲ့များ တရားမဝင်ရောင်းဝယ်ခြင်းကို ကာကွယ်ရန် နိုင်ငံတကာ တောရိုင်းတိရစ္ဆာန်စောင့်ကြည့်ရေးအဖွဲ့ တိုက်တွန်း

**ကွာလာလမ်ပူ၊ နိုဝင်ဘာ-၁၆**

နိုင်ငံတကာတောရိုင်းတိရစ္ဆာန်ရောင်းဝယ်မှုစောင့်ကြည့်ရေးအဖွဲ့ (ထရက်ဖစ်)က အရှေ့တောင်အာရှတွင် တွေ့မြင်ရလေ့ရှိသော တောက်တဲ့များအား တရားမဝင်ရောင်းဝယ်ဖောက်ကားနေခြင်းကို နိုင်ငံတကာဥပဒေများဖြင့် ကာကွယ်စောင့်ရှောက်သွားကြရန် ကမ္ဘာ့နိုင်ငံများသို့ တိုက်တွန်းပြောကြားသည်။

Tokay Gecko ဟုခေါ်သည့် လိမ္မော်ရောင်အစက်အပြောက်ပါဝင်သော ယင်းတောက်တဲ့များကို အဓိကအားဖြင့် တရုတ်နိုင်ငံတွင် ဆေးဖက်ဝင်သည်ဟု ယူဆကြပြီး အသုံးပြုမှုများပြားနေသည်။ ထရက်ဖစ်အဖွဲ့၏ ကြေညာချက်ထဲ၌ မျိုးသုဉ်းလုနီးပါးတောက်တဲ့သတ္တဝါများကို ရောင်းဝယ်ခြင်းဆိုင်ရာ နိုင်ငံတကာသဘောတူညီချက်ဖြင့် ကာကွယ်စောင့်ရှောက်ရန်လိုကြောင်း၊ ယခုကာလမှာ အာရှဒေသမှ တောက်တဲ့များအတွက် အန္တရာယ်အကြီးဆုံးအချိန်ဖြစ်ကြောင်း ဆိုထားသည်။

တောက်တဲ့များကို အရှေ့တောင်အာရှဒေသတစ်လျှောက်တွင် အတွေ့ရများလေ့ရှိပြီး ဖိလစ်ပိုင်နှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် အတွေ့ရများသည်။ ၎င်းတို့ကို ဖမ်းဆီးသတ်ဖြတ်ပြီးနောက် အခြောက်လှန်းကာ တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချကြသည်။

တောက်တဲ့သည် အိတ်ချ်အိုင်ဗီနှင့် ကင်ဆာအပါအဝင် ရောဂါမျိုးစုံပျောက်ကင်းစေသည့် အစွမ်းရှိသည်ဟု ယုံကြည်ကြပြီး တောက်တဲ့အသားစိမ်ထားသော ဝိုင် (သို့မဟုတ်) ဝီစကီကို အားဖြည့်အရည်အဖြစ် ရောင်းချကြသည်။ တိုကေးတောက်တဲ့များသည် အရွယ်အစားအရှည် ၄၀ စင်တီမီတာ(၁၅ ဒသမ ၇ လက်မ) အထိ ကြီးထွားနိုင်ကြောင်းသိရသည်။

—*Ref: AP*

### နောက်ကျောဖုံး - စပိန်ရွေးကောက်ပွဲတွင် ကွန်ဆာဗေးတစ်များအောင်ပွဲခံ မှ

ပြည်သူ့ပါတီရုံးချုပ်ရှေ့တွင် ပါတီထောက်ခံသူများက စပိန်နိုင်ငံအလံများဝှေ့ယမ်း၍ အားပေးနေစဉ်မှာပင် ပါတီခေါင်းဆောင်နှင့် နောက်တက်မည့် စပိန်ဝန်ကြီးချုပ် မာရီယာနိုရာဟွိုင်က ပါတီထောက်ခံသူများအား ကျေးဇူးတင်စကားပြောကြားခဲ့ပြီး တစ်ဆက်တည်းမှာပင် သတိပေးစကားပြောကြားခဲ့သည်။

“နှစ်ပေါင်း ၃၀ အတွင်း စပိန်နိုင်ငံရင်ဆိုင်နေရတဲ့ အသိမ်မွေ့ဆုံးအခြေအနေမှာ ကျွန်တော်တို့ အုပ်ချုပ်ရမှာဆိုတာကတော့ လျှို့ဝှက်ချက်မဟုတ်ပါဘူး”ဟု ၎င်းကပြောကြားပြီး အလုပ်လက်မဲ့မြင့်မားမှု၊ နိုင်ငံဘတ်ဂျက်လိုငွေ၊ နိုင်ငံ့ကြွေးမြီမြင့်မားမှု၊ စီးပွားရေးရပ်တန့်မှုနှင့် နိုင်ငံအား ယခုအခြေအနေသို့ ဆိုက်ရောက်စေသည့် အကြောင်းအရာများမှလွဲ၍ ၎င်းတွင် ရန်သူမရှိကြောင်း မစ္စတာရာဟွိုင်ကပြောကြားသည်။

စပိန်နိုင်ငံသည် အိမ်ရာလုပ်ငန်းစန်းပွင့်မှု ပူဖောင်းပေါက်၍ ဖြစ်ပေါ်ခဲ့သည့် စီးပွားရေးကျကပ်မှ ပြီးခဲ့သည့်နှစ်က ရုန်းထွက်နိုင်ခဲ့သော်လည်း ဥရောပကြွေးမြီအကျပ်အတည်းကြောင့် နောက်တစ်ကြိမ် စီးပွားရေးဆုတ်ယုတ်မှုမဖြစ်ပေါ်စေရန် ရုန်းကန်နေရသည်။

—*Ref: UKPA*

### နောက်ကျောဖုံး - အီဂျစ်နိုင်ငံ ဆန္ဒပြမှုများတွင် သေဆုံးသူဦးရေ မြင့်တက်လာ မှ

နိုဝင်ဘာ ၂၀ ရက်တွင် လူပေါင်း ၁၁ ဦး သေဆုံးခဲ့ပြီး ယင်းမတိုင်မီတစ်ရက်က နှစ်ဦး သေဆုံးခဲ့သည်ဟု သတင်းများက ဖော်ပြပြီး လုံခြုံရေးတပ်ဖွဲ့ဝင် ၄၀ အပါအဝင် လူပေါင်း ၉၀၀ ခန့် ထိခိုက်ဒဏ်ရာရခဲ့ကြောင်း ကျန်းမာရေးတာဝန်ရှိသူများက ပြောကြားသည်။

သမ္မတဟိုစနီမူဘာရက်ပြုတ်ကျပြီးနောက်ပိုင်းပထမဆုံးအကြိမ်ပြုလုပ်မည့် ရွေးကောက်ပွဲမတိုင်မီ တစ်ပတ်အလိုတွင် ယခုလို အကြမ်းဖက်ရုန်းရင်းဆန်ခတ်မှုများ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

—*Ref: BBC*

### နောက်ကျောဖုံး - ကဒါဖီ၏ ထောက်လှမ်းရေး အကြီးအကဲအား ဖမ်းမိ မှ

ကဒါဖီနှင့်လည်း ယောက်ဖတော်စပ်သူ မစ္စတာဆာနူဆီအား နိုင်ငံတောင်ပိုင်း ဆာဘားမြို့ရှိ ၎င်း၏ညီမအိမ်တွင် နိုဝင်ဘာ ၂၀ ရက်ကဖမ်းဆီးရမိခြင်းဖြစ်သည်။ ၎င်းအား ကဒါဖီ၏ ညာလက်ရုံးဟုယူဆကြပြီး ကဒါဖီအစိုးရထဲ၌ အကြောက်ရွံ့ရဆုံး ခေါင်းဆောင်တစ်ဦးဖြစ်သည်။

မစ္စတာဆာနူဆီသည် လူ့အခွင့်အရေးချိုးဖောက်မှုကျူးလွန်ခဲ့သည်ဟုလည်း စွပ်စွဲခံရပြီး ၁၉၉၆ ခုနှစ်တွင်ထရီပိုလီမြို့ အဘူဆာလင်းအကျဉ်းထောင်၌ အကျဉ်းသား ၁,၀၀၀ ကျော်အား အစုလိုက်သတ်ဖြတ်မှုတွင် ပါဝင်ပတ်သက်ခဲ့သည်ဟု စွပ်စွဲခံထားရသူလည်းဖြစ်သည်။

—Ref: BBC

### နောက်ကျောဖုံး - ကူဝိတ်ဝန်ကြီးချုပ် နုတ်ထွက်မည်မဟုတ်ကြောင်း နိုင်ငံအကြီးအကဲပြောကြား မှ



Photo - Reuters

ပြီးခဲ့သည့် သီတင်းပတ်အတွင်း ကူဝိတ်နိုင်ငံသားရာပေါင်းများစွာသည် ဝန်ကြီးချုပ်ရှိတ်နာဆာ အယ်လ်မိုဟာမက်အယ်လ်ဆာဘားကိုကန့်ကွက်သည့်အနေဖြင့် ပါလီမန်အဆောက်အအုံအတွင်းသို့ ချိုးဖျက်ဝင်ရောက်ခဲ့ကြသည်။ ဝန်ကြီးချုပ်လာဘ်စားသည်ဟု ၎င်းတို့က စွပ်စွဲခဲ့ကြသည်။

ကူဝိတ်အကြီးအကဲကမူ ဝန်ကြီးချုပ်အား ထုတ်ပယ်ရန်ဆုံးဖြတ်ပိုင်ခွင့်မှာ ဆန္ဒပြသူများ၏ အခွင့်အရေးမဟုတ်ကြောင်းပြောကြားသည်။

အခြေခံဥပဒေအရ ဝန်ကြီးချုပ်အား ခန့်အပ်ခြင်း၊ ထုတ်ပယ်ခြင်းများမှာ ၎င်း၏ အခွင့်အာဏာများဖြစ်ကြောင်း ကူဝိတ်အကြီးအကဲကပြောကြားပြီး ဝန်ကြီးချုပ်က နုတ်ထွက်စာတင်လျှင်ပင် လက်ခံမည်မဟုတ်ကြောင်းပြောကြားသည်ဟု အယ်လ်ဝါဆတ်သတင်းစာတွင်ဖော်ပြသည်။

ကူဝိတ်နိုင်ငံအကြီးအကဲသည် ကူဝိတ်အစိုးရအဖွဲ့နှင့် ဝန်ကြီးချုပ်အား ခန့်အပ်ပြီး ဝန်ကြီးချုပ်မှာ ထုံးစံအားဖြင့် နိုင်ငံအားအုပ်ချုပ်နေသည့် အယ်လ်ဆာဘားမိသားစုဝင်တစ်ဦးဖြစ်သည်။ ကူဝိတ်နိုင်ငံတွင် အဖွဲ့ဝင် ၅၀ ဦးရှိသော ပါလီမန်ကိုမူ ရွေးကောက်တင်မြှောက်လေ့ရှိသည်။

—*Ref: Reuters*

7 DAY NEWS JOURNAL
Vol.10, No.36 • NOVEMBER 24, 2011



# "အရာရာအားလုံးအတွက် ကျွန်တော်တို့ ပြင်ဆင်ထားပါတယ်"

## အီရန်နိုင်ငံခြားရေးဝန်ကြီး အလီအကဘာဆလာဟီနှင့်တွေ့ဆုံခြင်း

ကျော်မျိုး

ယခုရက်ပိုင်းအတွင်းအရှေ့အလယ်ပိုင်းဒေသမှာအစ္စရေးနဲ့အီရန်တို့ရဲ့ စစ်ရေးအရ ပြင်ဆင်မှုနဲ့ အပြန်အလှန် ခြိမ်းခြောက်နေမှုတွေဟာ အာရုံစိုက်စရာဖြစ်လာနေပါတယ်။ မကြာသေးမီကကုလသမဂ္ဂရဲ့ နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီ(IAEA)ရဲ့ထုတ်ပြန်ချက်မှာလည်း အီရန်ဟာ သိပ်မကြာခင်မှာပဲ နျူလက်နက်တစ်မျိုး ထုတ်လုပ်နိုင်တော့မှာဖြစ်တယ်လို့ဖော်ပြခဲ့တဲ့အတွက် အီရန်ရဲ့အနေအထားဟာ ပိုမို အငြင်းပွားဖွယ်ဖြစ်လာနေပါတယ်။ ဒီအတောအတွင်း လုံခြုံရေးကောင်စီရဲ့ ဗီတိုအာဏာကိုင်စွဲခွင့်ရ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံငါးနိုင်ငံမှ တစ်နိုင်ငံဖြစ်တဲ့ ရုရှားကလည်း အီရန်အပေါ် ကုလအရေးယူပိတ်ဆို့မှုအသစ်တွေကို ထောက်ခံမှာမဟုတ်ဘူးလို့ ပြောထားတဲ့အတွက် ရှုပ်ထွေးမှုတွေ ပိုများလာနေပါတယ်။ ဒါကြောင့် ဒီလိုအချိန်မျိုးမှာ ဂျာမန်စပိုင်းဂဲလ်မီဒီယာက အီရန်နိုင်ငံခြားရေးဝန်ကြီး အလီအက္ကဘာဆလာဟီ(၆၂ နှစ်)နဲ့ တွေ့ဆုံမေးမြန်းထားပါတယ်။ ဝန်ကြီးဆလာဟီကတော့ အီရန်ဟာ နျူဗုံးထုတ်နေတယ်ဆိုတဲ့အပြောတွေဟာ အနောက်တိုင်းရဲ့ ဝါဒဖြန့်ချိမှုသာဖြစ်ပြီး တီဟီရန်ရဲ့ ရန်သူတွေကိုလည်း အီရန်အပေါ် လျှို့ဝှက်စစ်ပွဲဆင်နွှဲဖို့ ကြိုးစားနေတာကို ရှုတ်ချလိုက်ပါတယ်။

**IAEA ရဲ့ အစီရင်ခံစာကိုဖတ်ထားတဲ့ဘယ်သူကမှ ကူညီနိုင်မှာမဟုတ်ပေမယ့် သိတော့သိချင်နေကြတာရှိတယ်။ အဲဒါက အီရန်ဟာ သူ့ရဲ့ ပထမဆုံးနျူဗုံးကိုအပြီးသတ်ထုတ်လုပ်နိုင်ဖို့ အချိန်ဘယ်လောက်ကြာမလဲဆိုတာပါ။**

ကျွန်တော်တို့ရဲ့ တော်လှန်ရေးခေါင်းဆောင်ကြီး အယာတိုလာအလီခါမေနီက ဘာသာရေးဥပဒေအရ အမိန့်၊ ဖတ္တဝါတစ်ခုထုတ်ပြန်ထားတယ်။ နျူလက်နက်တွေဟာ အစ္စလာမ်မစ်မဆန်တဲ့ အရာတွေသာဖြစ်တယ်လို့ဆိုထားတယ်။ ဒီလက်နက်တွေဟာ ဟာရမ်(Haram)ဖြစ်တယ်။ ဆိုလိုတာက ခွင့်မပြုဘူး။ ဒီလိုမျိုး အစုလိုက်အပြုံလိုက် ဖျက်ဆီးနိုင်တဲ့လက်နက်တွေကကျွန်တော်တို့ကာကွယ်ရေးမဟာဗျူဟာမှာ မပါပါဘူး။ ဒါအမှန်ပါ။ ကျန်တာတွေကတော့ ဝါဒဖြန့်ချိမှုတွေပါ။

**လျှို့ဝှက်နျူကလီးယားစီမံကိန်းတစ်ခုကတော့ ရှိနေပြီဆိုတာ အထောက်အထားတွေက ပြနေပါတယ်။ IAEAရဲ့ အစီရင်ခံစာမှာလည်း စာမျက်နှာ ၁၂ မျက်နှာပါတဲ့ အထောက်အထား နောက်ဆက်တွဲစာရင်းပါတယ်။ ဒီအထောက်အထားတွေက 'အီရန်ဟာ ဗုံးကိုလိုချင်နေပြီ' လို့ နိဂုံးချုပ်ကောက်ချက်ချဖို့ကလွဲပြီး တခြားမဖြစ်နိုင်တော့တာ ပြနေပါတယ်။**

အဲဒီစွပ်စွဲချက်က မမှန်တာပါဘူး။ မညီမျှပါဘူး။ အဲဒီအစီရင်ခံစာက အန္တရာယ်ကြီးတဲ့ကိစ္စရပ်အများကြီးကို အနက်ကောက်ယူနေပုံပေါ်နေတယ်။ IAEA အဖွဲ့ဟာ အဲဒီလို အနက် ကောက်ယူမှုတွေလုပ်ပြီး သူတို့ရဲ့ဂုဏ်သိက္ခာကို အန္တရာယ်ဖြစ်စေနေပါတယ်။

**IAEA ရဲ့အကြီးအကဲ ယူကီယာအာမာနိုကတော့ အစီရင်ခံစာထဲမှာ အီရန်ရဲ့ နျူအစီအစဉ်မှာဖြစ်နိုင်ခြေရှိတဲ့ စစ်ရေးဆိုင်ရာအလားအလာတွေကို စိုးရိမ်ကြောင်း ဖော်ပြထားပါတယ်။**

IAEA ဟာ နိုင်ငံတချို့ဆီကလာတဲ့ ဖိအားပေးမှုနဲ့ လုပ်ဆောင်နေတာပါ။

**ဝန်ကြီးဆိုလိုချင်တာ အစ္စရေးနဲ့ သူ့ရဲ့မဟာမိတ် အမေရိကန်များလား။**

ဒါ့ကြောင့် အရာရာအားလုံးအတွက် ကျွန်တော်တို့ ပြင်ဆင်ထားတာပါ။ ဒါပေမဲ့ ကျွန်တော်တို့မှာ အဲဒီအထောက်အထားနဲ့ ပတ်သက်လို့ IAEA မှာ ဆွေးနွေးရမှာ လုံးဝကြောက်စိတ်မရှိပါဘူး။ မစ္စတာအာမာနိုဟာ အခက်ခဲဆုံးအချိန်တွေကို ရင်ဆိုင်နေရပါတယ်။ ကျွန်တော်တို့ သူ့ကိုရော IAEA ကိုပါ သူတို့ရဲ့ နိဂုံးချုပ်ကောက်ချက်တွေအတွက် တာဝန်ခံနိုင်အောင် ကြိုးစားသွားမှာပါ။

**အစီရင်ခံစာက ဆိုတာကတော့ အဲဒီမှာပါတဲ့အချက်အလက်တွေကို အဖွဲ့ဝင် ၁၀ နိုင်ငံကျော်အပါအဝင်လွတ်လပ်တဲ့သတင်းရင်းမြစ်တွေ၊ အခြားရင်းမြစ်မျိုးစုံဆီကရယူထားသလို IAEA ကိုယ်တိုင်ရှာဖွေထားတဲ့ သတင်းအချက်အလက်တွေလည်း ပါတယ်လို့ဆိုပါတယ်။**

အဲဒီအချက်အလက်မည်ကာမတ္တတွေဆိုတာ အသစ်အဆန်းမဟုတ်ပါဘူး။ အာမာနိုရဲ့အရင် IAEA အကြီးအကဲ မိုဟာမက်အယ်လ်ဘာရာဒိုင်းကလည်း အခြေခံအချက်တွေကိုသိခဲ့ပါတယ်။ ကျွန်တော်တို့ အရင်ကလည်း ၁၁၇ မျက်နှာပါတဲ့ကြေညာချက်နဲ့ တုံ့ပြန်ပြီးဖြစ်တယ်။ ဒါပေမဲ့ အယ်လ်ဘာရာဒိုင်းဟာ အခု အာမာနိုလုပ်သလိုမျိုး တူညီတဲ့နိဂုံးချုပ်ကောက်ချက်တွေ မလုပ်ခဲ့ပါဘူး။

**နိုင်ငံတကာအသိုင်းအဝိုင်းဟာ အီရန်ကို မယုံဘဲနေဖို့အကြောင်းပြချက်ကောင်းရှိထားပါတယ်။ ဝန်ကြီးတို့အစိုးရဟာ မကြာခဏဆိုသလိုပဲ ကိုယ့်ရဲ့ နျူအစီအစဉ်နဲ့ပတ်သက်လို့ သတင်းမှားတွေ ပေးခဲ့တာကို စဉ်းစားရင်ပေါ့လေ။**

ကျွန်တော်တို့ သတင်းမှားတွေ တစ်ခါမှမပေးဖူးပါဘူး။ ကျွန်တော်တို့ အမြဲပဲ နျူမပြန့်ပွားရေးစာချုပ်နဲ့ IAEA စာချုပ်တွေပါ အချက်တွေအတိုင်း ပူးပေါင်းဆောင်ရွက်ပါတယ်။ ဒါပေမဲ့ နိုင်ငံတကာစာချုပ်သတ်မှတ်ချက်တွေထက် ကျော်လွန်ပြီး ကျွန်တော်တို့ဆီက ပိုတောင်းဆိုရင်တော့ ငြင်းပယ်ပါတယ်။

**အစ္စရေးအစိုးရဟာ အီရန်အစိုးရလက်ထဲ နျူဗုံးရောက်သွားမှာထက်ပိုပြီးကြောက်တာ တခြားဘာမှမရှိပါဘူး။ သူတို့ဟာ ဝန်ကြီးတို့ရဲ့ နျူစက်ရုံတွေကို တိုက်ခိုက်ဖို့ပြင်ဆင်နေတဲ့ပုံပေါ်နေပါတယ်။**

ကျွန်တော်တို့က တိုက်ခိုက်မှုမှာ မပါဝင်ပါဘူး။ အစ္စရေးဟာ အခြေအနေက ဘယ်လောက်ရှုပ်ထွေးသလဲ ဆိုတာသိပါတယ်။ ကျွန်တော်တို့ရဲ့ နျူအစီအစဉ်ဟာ ငြိမ်းချမ်းစွာသုံးစွဲရေးဖြစ်တယ်ဆိုတာ သက်သေပြထားပြီး IAEA ရဲ့ စောင့်ကြပ်စစ်ဆေးမှုအတွက်လည်း လိုအပ်တဲ့အခြေအနေတွေ တည်ထောင်ထားပါတယ်။ ပြီးတော့ ကျွန်တော်ထောက်ပြချင်တာကလည်း ဒီနယ်ပယ်အတွင်းမှာ အီရန်အစ္စလာမ်မစ် သမ္မတနိုင်ငံလို တခြားဘယ်နိုင်ငံကမှ IAEA နဲ့ နီးနီးကပ်ကပ် အလုပ်အတူလုပ်ခဲ့တာမရှိပါဘူး။

**အီရန်မှာ နိုင်ငံတော်အစိုးရကထောက်ပံ့ကူညီတဲ့ အကြမ်းဖက်ဝါဒ(State-sponsored Terrorism) ရှိတယ်လို့ စွပ်စွဲတာတွေဟာ အသစ်အဆန်းမဟုတ်တော့ပါဘူး။ ဝန်ကြီးတို့ရဲ့ ထောက်လှမ်းရေးအဖွဲ့အစည်းတွေဟာလည်း နိုင်ငံပြင်ပ လုပ်ကြံမှုတွေအတော်များများမှာပါဝင်ခဲ့တယ်နော်။**

အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံဟာ ကိုယ်တိုင်ကလည်း ပြီးခဲ့တဲ့ ဆယ်စုနှစ်သုံးခုကာလအတွင်း အကြမ်းဖက်ဝါဒရဲ့သားကောင်ဖြစ်ခဲ့ဖူးပြီး အဆုံးအရှုံးတွေအများကြီး ခံစားခဲ့ရပါတယ်။ ကျွန်တော်တို့ မကြာသေးမီကပဲ တီဟီရန်မှာ အကြမ်းဖက်ဝါဒတိုက်ဖျက်ရေး ညီလာခံတစ်ခု ကျင်းပခဲ့တယ်။ အဲဒီစွပ်စွဲချက်တွေအားလုံးဟာ ယုတ္တိမရှိတာတွေပါ။

**အမေရိကန်သမ္မတဟာ (ဝါရှင်တန်က ဆော်ဒီသံအမတ်အဒယ်လ်အယ်ဂျူဘီရာကို တိုက်ခိုက်ရာမှာ ပါဝင်တယ်လို့ယူဆရတဲ့) အီရန်ကဒ်တပ်ဖွဲ့ (Quds Force) က ဂိုလမ်ရှာကူရီဆိုသူရယ်၊ နောက်ကွယ်ကပါတယ်လို့သံသယရှိထားသူတစ်ယောက်ရယ်၊ ပြီးတော့ အီရန်မှာနေထိုင်နေတဲ့ နောက်ထပ် သံသယရှိသူ တရားခံတစ်ဦးတို့ကို အမေရိကကိုလွှဲပြောင်းပေးဖို့တောင်းဆိုတဲ့စာကို အီရန်ခေါင်းဆောင်တွေဆီ ပေးပို့ခဲ့တယ်နော်။**

အဲဒီစွပ်စွဲခံရတဲ့ သံသယရှိသူနဲ့ပတ်သက်လို့ တကယ့်အထောက်အထားတိတိကျကျကို အမေရိကန်က ကျွန်တော်တို့ကို ပေးတာမျိုး လက်ခံရရှိခြင်းမရှိသေးပါဘူး။ ဘာကြောင့် သူ့ကို အီရန်မှာရှိတယ်ယူဆရသလဲ။ အီရန်မှာ ရှာကူရီဆိုတဲ့ နာမည်နဲ့လူတွေထောင်ချီပြီးရှိတယ်။ ဒါ့အပြင် အီရန်နဲ့ အမေရိကန်ကြားမှာ တရားခံလွှဲပြောင်းပေးရေးစာချုပ်တစ်ခုမှမရှိပါဘူး။ အဲဒီလိုစာချုပ်တွေဆိုတာက မိတ်ဆွေဖြစ်နေတဲ့နိုင်ငံတွေကြားမှာပဲ ရှိနိုင်တာပါ။

*—Ref: "We are Prepared For Everything", interview with Iranian Foreign Minister. Speigel: 14th, Nov.*

168 ကရဏာတိုင်းရင်းဆေးကုခန်း

J&J Co.,Ltd. & Food House Product Co.,Ltd

အောင်ချမ်းမြေ

7DAY NEWS JOURNAL

# Entertainment

Vol.10, No.34 · NOVEMBER 10, 2011



ပရိုဂျက်တာဖြင့်ပြသရာတွင် တစ်ခုံလျှင် ငါးထောင်ကျပ်ဖြင့် ဝယ်ယူကြည့်ရှုသူများ
ဓာတ်ပုံ - ဂျေမောင်မောင် (အမရပူရ)



## မြန်မာပြည်သိန်းတန်ရှိုးပွဲ မှောင်ခိုလက်မှတ် ကျပ်ငါးသောင်းကျော်အထိဖြစ်

ဝေယံ

ရန်ကုန်၊ နိုဝင်ဘာ- ၁၇

မြန်မာပြည်သိန်းတန်၏ တတိယမြောက်နှင့် နောက်ဆုံးနှုတ်ဆက်ပွဲ လက်မှတ်များမှောင်ခိုဈေးကွက်တွင် ကျပ်ငါးသောင်းကျော်မှ ခြောက်သောင်းခန့်အထိ ဈေးရှိခဲ့သည်။

"၂၀၀၀၀ တန်လက်မှတ်ကို ၅၅၀၀၀ ရောင်းတယ်၊ ကျွန်တော် ဈေးဆစ်နေတုန်း အချိန်မှာပဲ ဘေးကနေ ခြောက်သောင်း ပေးဝယ်သွားတယ်။ ဈေးက တအားမြောက်နေလို့ အဒေါ်အတွက် တစ်စောင်ပဲဝယ်ပြီး တစ်ယောက်တည်းပဲ ကြည့်ခိုင်းလိုက်ရတယ်။ ဈေး အဲလောက်မြင့်နေတော့ မခံစားနိုင်ဘူး" ဟု မှောင်ခိုလက်မှတ်ဝယ်ယူခဲ့သူ တစ်ဦးက ဆိုသည်။ အဆိုပါပွဲမှာ Forever Blosoon မှစီစဉ်ပြုလုပ်ခြင်းဖြစ်ပြီး ကြိုတင်လက်မှတ်များ ရောင်းချခဲ့သော်လည်း ပွဲမကျင်းပမီ နှစ်ရက်ခန့်အလိုမှာပင် လက်မှတ်များ ရောင်းကုန်ခဲ့ကြောင်း သိရသည်။ လက်မှတ်မရရှိသည့် ပရိသတ်များအတွက် ပွဲစီစဉ်သူမှ ကဇာတ်ရုံအတွင်း တစ်နေရာတွင် ပရိုဂျက်တာဖြင့်ပြသကာ ပလတ်စတစ်ခုံများအား တစ်ခုံလျှင် ၅,၀၀၀ ကျပ်ဖြင့် ရောင်းချရာတွင် နေရာလပ်မရှိအောင် ရောင်းချခဲ့ရကြောင်း သိရသည်။

MRTV4 မှယင်းရှိုးပွဲအစီအစဉ်များအား တိုက်ရိုက်ထုတ်လွှင့်ပြသခဲ့သော်လည်း အသံစနစ်နှင့် ရုပ်ပိုင်းဆိုင်ရာတို့မှာ အားနည်းမှုရှိခဲ့ကြောင်း ရုပ်သံမှ စောင့်ကြည့်နေသူများကဆိုသည်။



## အက်ရှ်ဝါရာရိုင်း မီးဖွားတော့မည်

မွမ်ဘိုင်း၊ နိုဝင်ဘာ - ၁၅

ဘောလိဝုဒ်စူပါစတားမင်းသမီး အက်ရှ်ဝါရာရိုင်းသည် သူမ၏ ပထမဆုံးကလေးကို မီးဖွားရန် ဆေးရုံသို့တက်ရောက်နေပြီဖြစ်ကြောင်း တိုင်းမ်အော့ဖ်အိန္ဒိယ သတင်းစာတွင်ဖော်ပြသည်။

ယခင် မယ်ကမ္ဘာဟောင်းဖြစ်သည့် အဆိုပါမင်းသမီးသည် ပြီးခဲ့သည့် နိုဝင်ဘာ၁၅ရက် ညနေပိုင်းကပင် ဆဲဗင်းဟေးလ် ဆေးရုံသို့တက်ရောက်ခဲ့ကြောင်း ဆေးရုံတွင် မီးဖွားရန်ကြိုတင်ပြင်ဆင်နေကြောင်းသိရသည်။

သို့သော်မင်းသမီး၏ခင်ပွန်း အဘီရှက်ဘာချန်းနှင့် ဆေးရုံဘက်ကမူ ယခုသတင်းကိုအတည်ပြုချက်မပေးသေးကြောင်း သတင်းစာတွင်ဖော်ပြသည်။ အက်ရှ်ဝါရာ ရိုင်း၏ခင်ပွန်း အဘီရှက်ဘာချန်းသည် မင်းသားတစ်ဦးဖြစ်ကာ ၎င်းသည် အိန္ဒိယ၏ အအောင်မြင်ဆုံးမင်းသားကြီး အမိတာဘချန်း၏ သားလည်းဖြစ်သည်။

—Ref: UPI



ဓာတ်ပုံ
ဂျေမောင်မောင်
(အမရပူရ)

## အဲလက်စ် ပြောတဲ့ မွေးနေ့တစ်ကိုယ်တော်ဖျော်ဖြေပွဲ

ချမ်းခိုက်ခိုက်

ဒီနှစ်မှာ 'နောက်ကျနေတဲ့ ငါ' တစ်ကိုယ်တော်ခွေထွက်တယ်။ အဲဒီတုန်းကတည်းက တစ်ကိုယ်တော်ဖျော်ဖြေပွဲလုပ်ဖို့စိတ်ကူးရှိ ခဲ့တယ်။ ဒါပေမဲ့ အခွေထွက်တဲ့အချိန်က မိုးတွင်းဖြစ်နေတော့ နောက်ပြီး ပရိသတ်တွေနဲ့လည်း တိုင်ပင်ကြည့်တော့ သူတို့က Indoor မလုပ်စေချင်ကြဘူး။ Outdoor လုပ်စေချင်တယ်။ ဒါနဲ့ပဲ မိုးအကုန်ကို စောင့်ရင်းနဲ့ နိုဝင်ဘာလထဲရောက်သွားတယ်။ နိုဝင်ဘာလကျတော့ ကျွန်တော့မွေးနေ့ ရှိတော့ မွေးနေ့ကို ဘယ်လိုဖြတ်သန်းရင်ကောင်းမလဲစဉ်းစားတယ်။ မွေးနေ့မှာ အပျော်ဆုံးဖြစ်မယ့် အလုပ်တစ်ခုလုပ်မယ်လို့စဉ်းစားလိုက်တော့ အပျော်ဆုံးအလုပ်က ပရိသတ်တွေနဲ့အတူ သီချင်းဆိုနေ ရရင် အပျော်ဆုံးဖြစ်မှာပဲ စဉ်းစား မိပြီး မွေးနေ့မှာ တစ်ကိုယ်တော်ဖျော်ဖြေပွဲကိုလုပ်ဖြစ်ခဲ့တာပါ။

ဒီပွဲမှာ 'နောက်ကျနေတဲ့ငါ'ထဲက ပရိသတ်ကြိုက်တဲ့ သီချင်းခုနစ်ပုဒ်လောက်ဆိုဖြစ်မယ်။ ကျန်တာကတော့ ကျွန်တော့် ဂီတသက်တမ်းဆယ့်ငါးနှစ်အတွင်း ထွက်ခဲ့သမျှခွေတွေထဲက ကောင်းတာလေးတွေဆိုမယ်။ နောက် ပရိသတ်တွေ တောင်းဆိုတဲ့သီချင်းတွေကို ဦးစားပေးပြီးဆိုမယ်။ အားလုံးပေါင်း ၄၃ ပုဒ်လောက် သီ ဆိုပါမယ်။ တီးဝိုင်းကတော့ ဟီးရိုးတီးဝိုင်းနဲ့ပါ။ ဒီ ၄၃ပုဒ်ထဲက မဟုတ်ပေမယ့်လည်း ပရိသတ်တွေတောင်းသမျှ သီချင်းတွေစင်ပေါ်မှာတီးနိုင်ဆိုနိုင်အောင် စီစဉ်ထားတယ်။ တီးဝိုင်းကိုလည်း သီချင်းတော်တော်များများ ပေးနားထောင်ထားတယ်။ အရင်ကတော့ လေးဇီးကလပ်တီးဝိုင်းနဲ့ ဆိုခဲ့တယ်။ အခုတော့ တောက်လျှောက် ဟီးရိုးနဲ့ပဲဆိုဖြစ်တာ လေးငါးနှစ်လောက်ရှိပါပြီ။ သီချင်းအပုဒ်လေးဆယ်ကျော် ထဲမှာ ပရိသတ်အကြိုက်ကိုပဲ ဦးစားပေးပြီးရွေးထားတယ်။ အဓိကက စင်ပေါ်ကိုရောက်သွားတဲ့အခါ ကိုယ့်ကိုယ်ကိုယ် မပိုင်တာက ပြဿနာပေါ့။ ပရိသတ်က ကိုယ့်ကို ပိုင်သွားတဲ့အတွက် သူတို့ဆိုစေချင်တာကိုဆိုပေးဖို့ကတော့ နံပါတ်တစ်ပေါ့။ တစ်ကိုယ်တော်ဖျော်ဖြေပွဲ လုပ်တာလေးကြိမ်ရှိပြီ။ ၂၀၀၆ အင်လျားလိတ်မှာ ပထမဆုံးတစ်ကိုယ်တော်ခွေလုပ်ခဲ့တယ်။ ၂၀၀၇မှာကျတော့ မန္တလေးမှာလုပ်ခဲ့တယ်။ ၂၀၀၇ မှာပဲ ရန်ကုန်ချက်ထရီယမ်ဟိုတယ်မှာလုပ်ခဲ့တယ်။ ပထမဆုံးတစ်ကိုယ်တော်ဖျော်ဖြေပွဲတုန်းက ငါ သီချင်းတွေတစ်ယောက်တည်း အများကြီးဆိုနိုင်ပါ့မလားလို့ စိတ်ပူတယ်။ အစစအရာရာ အသေးစိတ်လိုက်တွေးပြီး ပွဲနီးရင် ညဘက်ဆို အိပ်မပျော်တော့ဘူး။ ခုကတော့ နည်းနည်းပါးပါး တည်တည်ငြိမ်ငြိမ်လေးနဲ့ ပူပန်တတ်လာတာပေါ့။

ပွဲစင်မြင့်ဒီဇိုင်းကိုအရင်ပွဲတွေ နဲ့ မတူအောင်လုပ်မယ်။ အသံစနစ်ကိုလည်းပုဂံအန်တာတိန်းမန့် က ပံ့ပိုးမယ်ဆိုတော့ အသံထွက်လည်းကောင်းမယ်။ အမှတ်တရဖြစ်အောင် ပထမဆုံးလာတဲ့ ပရိသတ်အယောက် တစ်ရာကို တီရှပ်တွေပေးမယ်။ နောက်ထပ် တစ်ရာကို သော့ချိတ်တွေပေးမယ်။ နောက်တစ်ရာကို 'နောက်ကျနေတဲ့ငါ' အခွေတွေလက်ဆောင်ပေးမယ်။ အမှန်တော့ ကိုယ့်မွေးနေ့မှာ ပရိသတ်အားလုံးကို တစ်ခု ခုတော့ ကျွေးသင့်တာပေါ့။ ဒါပေမဲ့ အများကြီးကျတော့လည်းမတတ်နိုင်တော့ ပရိသတ်တွေအားလုံးရဲ့ ကိုယ်စား ၁၅ယောက်လောက်ကို ကံစမ်းမဲနှိုက်စေပြီးပွဲအပြီး နောက်တစ်ရက်မှာ ညစာအတူစားမယ်။ ရင်းရင်းနှီးနှီးစကားတွေ ပြောကြမယ်။ သူငယ်ချင်းအဆိုတော်တွေကလည်း မွေးနေ့လက်ဆောင်အဖြစ် သူတို့သီချင်းလေးတွေကို ကျွန်တော့်ပွဲမှာလာဆိုကြမယ်။ ဘယ်အဆိုတော်တွေလဲဆိုတာတော့ ကျွန်တော်လျှို့ဝှက်ထားချင်သေးတယ်။ လာကြည့်တဲ့နေ့မှ ပရိသတ်တွေပျော်သွားအောင်လို့ပါ။ ထူးခြားတာ တစ်ခုက ပွဲမှာ ကျွန် တော့်သမီးနဲ့ကျွန်တော် အတူတွဲဆိုမယ့်အစီအစဉ်ပါ။ သမီးက သီချင်းဆိုချင်တယ်လို့ ပြောနေတာကြာပြီ။

စာ(၄၉)သို့

7DAY NEWS JOURNAL
Vol.10, No.36 • NOVEMBER 24, 2011

## ဂျွန်လင်နွန်ရေးဆွဲခဲ့သော ဆိုင်းဘုတ်ပြား ပေါင်တစ်သိန်းခန့်ဖြင့် လေလံအောင်

**လန်ဒန်၊ နိုဝင်ဘာ - ၁၆**

ယခင် ဘီတဲလ်အဖွဲ့ အဆိုတော် ဂျွန်လင်နွန်က ၎င်း၏ဇနီးသည်နှင့် အတူ ရေးဆွဲပြုလုပ်ခဲ့သော Bed Peace ဟုရေးသားထားသည့် ဆိုင်းဘုတ်ပြားကို လန်ဒန်မြို့တွင် ပေါင်တစ်သိန်းနီးပါး (ဒေါ်လာ ၁၅၀,၀၀၀)ခန့်ဖြင့် လေလံတင်ရောင်းချခဲ့ရကြောင်းသိရသည်။

လန်ဒန်မြို့ရှိ ခရစ္စတီးလေလံ ကုမ္ပဏီတွင် ရောင်းချခဲ့ သည့် ယင်းဆိုင်းဘုတ်ပြားကို အမည်မဖော်လိုသောပုဂ္ဂိုလ်တစ်ဦးက တယ်လီဖုန်းမှတစ်ဆင့် လေလံဆွဲကာ ပေါင် ၉၇,၂၅၀ (ဒေါ်လာ ၁၅၃,၈၃၅) ပေး၍ ဝယ်ခဲ့ခြင်းဖြစ်သည်။

ဂျွန်လင်နွန်သည် ယင်းဆိုင်းဘုတ်ပြားကို ၁၉၆၉ ခုနှစ်က ဗီယက်နမ်စစ်ပွဲကို ဆန့်ကျင်သည့်အနေဖြင့် အိပ်ရာထဲတွင် တစ်ပတ်ကြာ လဲလျောင်းဆန္ဒပြစဉ် ရေးဆွဲခဲ့ခြင်းဖြစ်သည်။ ယခု လေလံပွဲတွင် ဘီတဲလ်၏ ဒရမ်တီး ခတ်သူ ပေါလ်မက္ကာတနေး ရေးခဲ့သောပေးစာတစ်စောင်ကိုလည်း ပေါင်သုံးသောင်းခွဲနီးပါးဖြင့် လေလံတင်ရောင်းချခဲ့ရသည်။ —Ref: AFP



## ကိတ်မစ်ဒယ်တန် ကိုယ်ဝန်လွယ်ထားရပြီဟု သတင်းများကဆို

**လန်ဒန်၊ နိုဝင်ဘာ - ၁၈**

ဗြိတိန်တော်ဝင်မင်းသား ဝီလီယံ၏ ကြင်ယာတော် ကိတ်မစ်ဒယ်တန်သည် ယခုအခါ ၎င်းတို့စုံတွဲ ၏ ပထမဆုံးကိုယ်ဝန်ကိုလွယ်ထားရပြီဖြစ်ကြောင်း ဗြိတိန်သတင်းများကဖော်ပြသည်။

ယခုနှစ်အစောပိုင်းက လက်ထပ်ခဲ့သည့် ဝီလီယံနှင့် ကိတ်တို့သည် ပထမဆုံးကလေးကိုရဖွယ်ရှိနေပြီး မင်းသမီးကိတ်၏ကိုယ်ဝန်မှာ ခြောက်ပတ်ခန့်ရှိနေပြီဟု သတင်းကဆိုသည်။

နီးစပ်သူတစ်ဦးက “သူတို့ စတင်လက်ထပ်ကတည်းက ဝီလီယံနဲ့ကိတ်တို့ဟာ မိသားစုမှာ ကလေးတွေရှိရေးဟာ ပထမဦးစားပေးအချက်ပဲလို့ ရှင်းရှင်းလင်းလင်းပြောခဲ့တာပါ။ အယ်လိဇဘက်ဘုရင်မကြီးလည်း တော်ဝင်မျိုးဆက်မြေးကိုလိုချင်တဲ့အကြောင်း ပြောခဲ့တာတွေရှိပါတယ်”ဟုဆိုသည်။

အဆိုပါနီးစပ်သူ၏ အဆိုအရမူ တော်ဝင်စုံတွဲသည် ယခုအခါ ကလေးအတွက် အမည်ကိုပင် ရွေးချယ်ထားပြီးဖြစ်ကြောင်း People မဂ္ဂဇင်းသို့ပြောသည်။ —Ref: People

## Rဇာနည် တစ်ကိုယ်တော်ဖျော်ဖြေပွဲ ကျင်းပမည်

**အေးသူစံ**

**ရန်ကုန်၊ နိုဝင်ဘာ- ၁၆**

ဂီတသက်တမ်း ၁၀ နှစ်ကျော်ကာလတွင်း ရောက်ရှိလာပြီဖြစ်သော အဆိုတော် Rဇာနည်၏ တစ်ကိုယ်တော်ဖျော်ဖြေပွဲကို လာမည့်ဒီဇင်ဘာလဆန်းတွင် ပြုလုပ်မည်ဖြစ်ကြောင်း အဆိုတော် Rဇာနည်ကပြောသည်။

ယခုဖျော်ဖြေပွဲသည် R ဇာနည်၏ ပထမဆုံးတစ်ကိုယ်တော် ဖျော်ဖြေပွဲဖြစ်လာမည်ဖြစ်ပြီး ၎င်းနှင့်လက်တွဲခဲ့သော The Tree တီးဝိုင်းနှင့်ပင် တွဲဖက်သီဆိုဖျော်ဖြေ မည်ဖြစ်ကာ ဖျော်ဖြေပွဲကို Iron Cross တေးထုတ်လုပ်ရေးမှ ဦးစီးကျင်းပခြင်းဖြစ်သည်။ ဖျော်ဖြေပွဲတွင် R ဇာနည်တစ်ဦးတည်း သီဆိုမည့်သီချင်းများအပြင် စုံတွဲသီချင်းများလည်း ထည့်သွင်းသွားမည်ဖြစ်ပြီး စုံတွဲသီဆိုမည့်အဆိုတော်များကိုမူ မသေချာသေးသောကြောင့်မပြောနိုင်သေးကြောင်း R ဇာနည်ကပြောသည်။

ယင်းအပြင်ပွဲတွင် Rဇာနည်၏ ဓာတ်ပုံဖြင့် တီရှပ်များ၊ ခွက်များကို ရောင်းချသွားမည်ဖြစ်ပြီး ၎င်းမှ ရရှိလာသည့်ငွေကြေးများကို မိဘမဲ့ကလေးများ ထံ ပြန်လည်လှူဒါန်းသွားမည်ဟု သိရသည်။

R ဇာနည်၏ တစ်ကိုယ် တော်ဖျော်ဖြေပွဲကို ဒီဇင်ဘာလ ၂ ရက်တွင် သုဝဏ္ဏမိုးလုံလေလုံအားကစားခန်းမ၌ ညနေ ငါးနာရီတွင် စတင်မည်ဖြစ်ပြီးသီချင်း အပုဒ် ၃၀ ကျော်ခန့် သီဆိုရန် စီစဉ်ထားကြောင်း သိရသည်။ ယခုအချိန်တွင် တစ်ကိုယ်တော်ဖျော်ဖြေပွဲအတွက် သီချင်းများ စတင်တိုက်နေပြီဖြစ်ပြီး အခွေပြန်လည်ထုတ်ဖြစ်၊ မထုတ်ဖြစ် မသေချာသေးကြောင်းနှင့် ပြည်တွင်း ရုပ်သံလိုင်းတစ်ခုခုနှင့်ချိတ်ဆက် ထုတ်လွှင့်ရန်လည်း မသေချာသေးကြောင်း ပွဲစီစဉ်ကျင်းပမည့် Iron Cross Music Entertainment ထံမှ သိရသည်။

ယခုနှစ်အတွင်း အမျိုးသား အဆိုတော်များ၏ တစ်ကိုယ်တော်ဖျော်ဖြေပွဲ များပြားခဲ့ပြီး ဧပြီ ၁၀ ရက်တွင် စိုင်းစိုင်းခမ်းလှိုင်၏ မွေးနေ့ရှိုးဖျော်ဖြေပွဲ၊ စက်တင်ဘာ ၄ ရက်နေ့တွင် ရဲလေး၏ တစ်ကိုယ်တော်ဖျော်ဖြေပွဲကို ကျင်းပခဲ့ပြီး နိုဝင်ဘာ ၂၇ ရက်တွင် အဲလက်စ်မွေးနေ့တစ်ကိုယ်တော်ဖျော်ဖြေပွဲကျင်းပမည်ဖြစ်သည်။








7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.10, No.36 • NOVEMBER 24, 2011



# အမေရိကန်ဂီတဆုပေးပွဲညကို သိမ်းပိုက်ခဲ့တဲ့ တေလာဆွစ်

**လော့စ်အိန်ဂျလိစ်၊ နိုဝင်ဘာ-၂၁**

လော့စ်အိန်ဂျလိစ်မြို့၌ နိုဝင်ဘာ ၂၁ရက်နေ့က ကျင်းပပြီးစီးသွားခဲ့သော ဂီတရပ်ဝန်းတွင်အမြင့်ဆုံးဆုပေးပွဲတစ်ခုဖြစ်သည့် အမေရိကန်ဂီတဆုပေးပွဲညကို အမျိုးသမီးအဆိုတော်များက သိမ်းပိုက်သွားခဲ့ကြသည်။ ကျေးလက်အဆိုတော်မလေး တေလာဆွစ်က တစ်နှစ်တာ အကောင်းဆုံးအနုပညာရှင်ဆု၊ လူကြိုက်အများဆုံး ကျေးလက်အမျိုးသမီးဆုနဲ့ အကောင်းဆုံးတေးအယ်လ်ဘမ်ဆု သုံးဆုရခဲ့ပြီး ဆုအများဆုံးရသူအဖြစ် ထိုည၏ မင်းသမီးလေးဖြစ်ခဲ့သည်။ ပေါ့ပ်နှင့် ရော့ခ်အကောင်းဆုံးအမျိုးသားအဆိုရှင်ဆုကို ဘရူနိုမားစ်၊ အမျိုးသမီးအဆိုရှင်ဆုကို အဒါလီ၊ အကောင်းဆုံးဂီတအဖွဲ့ဆုကို Maroon 5 နှင့် အကောင်းဆုံးအယ်လ်ဘမ်ဆုကို အဒါလီ၏ Adele's 21 က ရရှိခဲ့သည်။ လက်တင်ဂီတအကောင်းဆုံး အနုပညာရှင်ဆုကို ဂျနီဖာလို ပက်ဇ်က ဆွတ်ခူးခဲ့ပြီး ကေတီပယ်ရီက အထူးဆုကိုဆွတ်ခူးနိုင်ခဲ့သည်။ စိတ်ခံစားမှုအကောင်းဆုံးနှင့် ဘလူးလ်ဂီတတို့အတွက် အကောင်းဆုံးဆုတို့ကို အာရှာနှင့် ဘီယွန်းစေးတို့က ရရှိခဲ့ကြသည်။





Ref; Dailymail

# နိုင်ငံတကာ ဂျပ်ဇ်ဂီတပွဲတော် ကျင်းပမည်

**နေလင်းထွန်း**

**ရန်ကုန်၊ နိုဝင်ဘာ-၁၄**

ဂျာမနီသံရုံး၊ ပြင်သစ်သံရုံးနှင့် အစ္စရေးသံရုံးတို့ ပူးပေါင်း၍ နိုင်ငံတကာ ဂျပ်ဇ်ဂီတပွဲတော်ကို နိုဝင်ဘာလ ၂၉ ရက် မှ ဒီဇင်ဘာလ ၃ရက်ထိ ရန်ကုန်မြို့ရှိ နေရာ ၄နေရာတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း ဂျာမနီသံရုံးမှ သတင်းထုတ်ပြန်ထားသည်။

အစ္စရေး၊ ပြင်သစ်လူမျိုး ဂျပ်ဇ်ဂီတသမားများ ပါဝင်ဖျော်ဖြေကြမည့် ဂျပ်ဇ်ဂီတပွဲတော်အား ဒုတိယအကြိမ်ကျင်းပခြင်းဖြစ်ပြီး ဂီတမိတ်သင်တန်းကျောင်းမှ စီစဉ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ JAZZ BLISS ဟု အမည်ပေးထားသော ဂျပ်ဇ်ဂီတပွဲတော်အား ယခုလ ၂၉ရက်နှင့် ၃၀ ရက်တွင် House of Memories၊ ဒီဇင်ဘာလ ၁ရက်တွင် ချက်ထရီယမ်ဟိုတယ်၊ ဒီဇင်ဘာလ ၂ရက်တွင် ပြင်သစ်ယဉ်ကျေးမှုဌာနတို့၌ ညနေ ၆နာရီခွဲမှ စတင်ကျင်းပမည်ဖြစ်သည် နောက်ဆုံးပွဲတော်အား ဒီဇင်ဘာလ ၃ တွင် စိမ်းလန်းစိုပြည်ဥယျာဉ်၌ ညနေ ၄ နာရီတွင် စတင်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

## စာ – ၄၇၊ အဲလက်စ်ပြောတဲ့ မွေးနေ့တစ်ကိုယ်တော်ဖျော်ဖြေပွဲအကြောင်း မှ

ဒီမွေးနေ့ပွဲမှာ အဖေနဲ့သမီးအမှတ်တရဖြစ်အောင် ဆိုကြမယ်လို့လုပ်ထားတာ။ သူ့ကို သီချင်းတော့ရွေးခိုင်းထားတယ်။ အဖေသီချင်းတွေ နားထောင်ပြီး ခုကြေးများနေတယ်။ သားကျတော့ ဆိုဖို့စိတ်ဝင်စားပေမယ့် လူတွေများရင်သူ ဒူးတုန်မယ်ထင်တယ် ဆိုပြီး မဆိုဘူး။

တစ်ကိုယ်တော်ပွဲတိုင်းကို ကိုယ်တိုင်စီစဉ်နေတာပဲ။ ဒါပေမဲ့ ဒီပွဲမှာတော့ အားလုံးကြိုလုပ်ရဲ့သားနဲ့ဘေလ်ဘုတ်တွေထောင်ဖို့နေရာ တွေမရဘူးဖြစ်နေတယ်။ တခြား ကုန်ပစ္စည်းကြော်ငြာတွေ၊ ရှိုးကြော်ငြာတွေနဲ့ နေရာတော်တော်များများမှာ ဘုတ်တွေကျပ်နေတော့ ကျွန်တော့်ပွဲဘုတ်ထောင်ဖို့ အဆင်မပြေဘူး။

နောက်ကျွန်တော့်ပရိသတ်တွေက ကျွန်တော့်ဂီတသက်တမ်းအလိုက် လိုက်ပါအားပေးနေကြတော့ အခုချိန်မှာကျွန်တော်ပြောင်းလဲလုပ်လိုက်တဲ့ ဂီတပုံစံကို တချို့က လက်ခံပေမယ့် တချို့ကျတော့လည်း အရင်ကပုံစံလေးပဲဆိုဖို့ပြောကြတယ်။ **‘စိတ်ကူးသက်သက်များ’** အထိ ကြိုက်ကြသေးတယ်။ ခုနောက်ပိုင်းလုပ်တဲ့ ပုံစံကို သိပ်မကြိုက်ကြတဲ့သူများနေတယ်။

ဒီပွဲအတွက်သက်လုံကောင်းဖို့ လေ့ကျင့်ခန်းတော့ မှန်မှန်ပြန်လုပ်ဖြစ်နေတယ်။ အရင်ကတော့ ပျက်နေတာပေါ့။ အခုရက်ပိုင်းတော့ နှစ်မိုင်ခွဲသုံးမိုင်လောက်ပြေးတယ်။ စက်ဘီးနင်းတယ်။ မဟုတ်ရင် သီချင်းဆိုနိုင်မှာမဟုတ်ဘူး။

ဒီပွဲကိုအခွေအဖြစ်တော့ပြန်ထုတ်ဖို့အစီအစဉ်မရှိဘူး။ MRTV-4 ကတော့ ရိုက်ပြီးပြန်လွှင့်မယ်။

တကယ်တော့ မွေးနေ့ရှိုးကို ဖရီးရှိုးလုပ်ချင်တာ။ ဒါပေမဲ့ လုံခြုံရေးမပေးနိုင်မှာ၊ ပြဿနာဖြစ်မှာစိုးလို့ သင့်တင့်တဲ့နှုန်းထားလေး တစ်ခုသတ်မှတ်ပြီး လက်မှတ်တစ်စောင် ငါးထောင်နဲ့ ရောင်းလိုက်ရတာပါ။

ဒီရှိုးကတော့ အရင်ရှိုးတွေနဲ့တော့ သူ့အလိုလိုအသက်ကပြောင်းလာတယ်။ အချိန်တွေလည်းကြာလာတယ်ဆိုတော့ တူမှာတော့မဟုတ်တော့ဘူး။ တမင်သက်သက်ကြီးလုပ်ယူတာတော့လည်းမဟုတ်ဘူး။

ဒီဖျော်ဖြေပွဲကို လာကြည့်ပြီးတဲ့အခါ ပရိသတ်တွေအားလုံး ပျော်ရွှင်ကျေနပ်ကြလိမ့်မယ်လို့ ယုံကြည်ပါတယ်။ ကျွန်တော်နဲ့အတူတူ လာပြီး ပျော်ရွှင်ကြဖို့လည်း ဖိတ်ခေါ်ပါတယ်။ လက်မှတ်တွေကို ၁၄ ရက်ကစပြီး စီးတီးမတ်၊ တော်ဝင်စင်တာ၊ မန်းသီရိတေးသံသွင်းတွေမှာဝယ်လို့ရပါတယ်။ အချိန်က ညနေ ၆ နာရီခွဲ၊ နေရာက မျှော်စင်ကျွန်းပါ။

## အနုပညာသတင်းတိုများ

**အေးသူစံ**

■ နာရေးကူညီမှုအသင်း(ရန်ကုန်)၏ ဥက္ကဋ္ဌ ဦးကျော်သူနှင့် အတွင်းရေးမှူး ဒေါ်မြင့်မြင့်ခင်ဖေတို့ကို မောနွေလန့်စ်ခြင်းအသင်းတော်မှ ဒေါက်တာဘွဲ့များ နိုဝင်ဘာလ ၁၃ ရက်နေ့ ညနေက ပေးအပ်ချီးမြှင့်ခဲ့သည်။ ကျော်သူအား လူမှုရေးလုပ်ငန်းများ လုပ်ကိုင်ခြင်း၊ လူမျိုးမရွေး၊ ဘာသာမရွေးကို လူမှုရေးဆိုင်ရာလုပ်ငန်းများတွင် ကူညီပေးမှုကြောင့် Doctor of Human Social Services (MHSS) ချီးမြှင့်ခဲ့ခြင်းဖြစ်ပြီး ဒေါ်မြင့်မြင့်ခင်ဖေမှာခင်ပွန်းဖြစ်သူ ဦးကျော်သူနှင့်အတူ လူမှုရေးလုပ်ငန်းများကို မောင်တစ်ထမ်းမယ်တစ်ရွက် ဆောင်ရွက်ခဲ့ခြင်းကြောင့် Master of Humane Social Services ဘွဲ့ကို ချီးမြှင့်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

■ ချမ်းချမ်း၏ ဒုတိယမြောက်တစ်ကိုယ်တော်စီးရီး ‘သိပ်ချစ်တယ် အရမ်းမုန်းတယ်’ မိတ်ဆက်ပွဲကို နိုဝင်ဘာလ ၅ ရက်က ရန်ကုန်မြို့၊ ပေါ့ခ်ရှိုင်ရယ်ဟိုတယ်တွင် ကျင်းပခဲ့သည်။ ချမ်းချမ်း၏ ဒုတိယမြောက်တစ်ကိုယ်တော်စီးရီးသည် နိုဝင်ဘာလ ၂၀ ရက်တွင် ဖြန့်ချိမည်ဖြစ်ပြီး ခွေထွက်ရှိသည့်နေ့တွင် ကန်တော်ကြီး မျှော်စင်ကျွန်း၌ စီးရီးဝယ်ယူသည့်ပရိသတ်များနှင့် အမှတ်တရ လက်မှတ်ရေးထိုးတွေ့ဆုံကာ တစ်ကိုယ်တော်ဖျော်ဖြေပွဲလေးကိုလည်း ပြုလုပ်ခဲ့သည်။ ယခုစီးရီးတွင် တေးရေး ရွှေဂျော်ဂျော်၊ မြင့်မိုးအောင်၊ ဂျမန်းနှင့် ချမ်းချမ်းတို့ကိုယ်တိုင်ရေးသားထားသော သီချင်းများပါဝင်ပြီး JM Family မှ မူပိုင်ထုတ်လုပ်ခြင်းဖြစ်သည်ဟု သိရသည်။

■ ပြေတီဦး၏ ယခုနှစ်နိုဝင်ဘာလ ၃၀ ရက်တွင်ကျရောက်မည့် အသက် ၃၃ နှစ်မြောက်မွေးနေ့တွင် ၄င်းတည်ထောင်ထားသော ဖောင်ဒေးရှင်းမှ ထောက်ပံ့ထားသည့် ဆေးကျောင်းသား၊ ဆေးကျောင်းသူများနှင့် ရန်ကုန်မြို့၊ ကရဝိက်နန်းတော်တွင် တွေ့ဆုံသွားရန်ရှိသည်ဟုသိရသည်။ ပြေတီ ဦးဖောင်ဒေးရှင်းရန်ပုံငွေအဖြစ် ဒီဇင်ဘာလ ၄ရက်တွင် အငြိမ့်နှင့်ပြဇာတ်တို့ ကပြဖျော်ဖြေသွားရန်လည်းရှိပြီး ပြဇာတ်ကို ဒါရိုက်တာကျော်ဇောလင်း(အတွေးပုံရိပ်)က တင်ဆက်မည်ဖြစ်ကာ အငြိမ့်ကို ဒါရိုက်တာ မောင်မျိုးမင်း(ရင်တွင်းဖြစ်)က တင်ဆက်ရန်စီစဉ်ထားကြောင်း သိရသည်။

## TOP 10 MOVIES IN AMERICA

**ယခုတစ်ပတ်အတွင်း အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားများ**

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | Immortals | Relativity Media | ၇၅,၅၂၇,၆၈၂ | ၁ |
| ၂။ | Jack and Jill | Sony Pictures | ၂၄,၀၂၅,၁၉၀ | ၁ |
| ၃။ | Puss in Boots | N\A | ၇၅,၅၂၇,၆၈၂ | ၃ |
| ၄။ | Tower Heist | N\A | ၂၄,၀၂၅,၁၉၀ | ၂ |
| ၅။ | J.Edgar | Warner Bros. | ၂၃,၉၉၀,၂၃၇ | ၁ |
| ၆။ | A Very Harold & Kumar 3D Christmas | Warner Bros. Pic. | ၁၂,၉၅၄,၁၄၂ | ၂ |
| ၇။ | In Time | 20th Century Fox | ၂၃,၉၉၀,၂၃၇ | ၃ |
| ၈။ | Paranormal Activity 3 | Paramount Pic. | ၉၅,၁၁၆,၇၄၅ | ၄ |
| ၉။ | Footloose | Paramount Pic. | ၄၄,၇၁၉,၇၅၅ | ၅ |
| ၁၀။ | Real Steel | Dream Works Pictures | ၇၈,၇၇၉,၃၂၈ | ၆ |

## Movie Review

### Arthur Christmas



ခရစ္စမတ်ရောက်ချိန်တိုင်း ဆန်တာကလော့စ်က လက်ဆောင်တွေ အမြောက်အမြားကို ဘယ်လိုများ လိုက်ပေးနိုင်ပါသလဲ။ အဖြေကတော့ မြောက်ဝင်ရိုးစွန်းအောက်မှာ ဝှက်ထားတဲ့ အလွန်ခေတ်မီဆန်းပြားတဲ့ စနစ်တွေကြောင့် ဆန်တာက လက်ဆောင်တွေကို ဝေပေးနိုင်တာပါ။ ဒါပေမဲ့ ဒီနှစ်မှာတော့ ဆန်တာရဲ့သား အာသာက ထူးထူးခြားခြား အစီအစဉ်တစ်ခုဆွဲထားပြီး အဲဒီအစီအစဉ်ကိုလည်း ခရစ္စမတ်နေ့မနက် မိုးမလင်းခင် အပြီးလုပ်ရမှာဆိုတော့ အာသာက ဘာတွေများစီစဉ်မလဲဆိုတာ. . .။

အားလပ်ရက်တွေမှာ ကလေးတွေ၊ မိသားစုတွေ အတူတကွ ကြည့်ရှုနိုင်မယ့် Arthur Christmas 3D ကာတွန်းကားကို Barry Cook က ရိုက်ကူးထားပြီး McAvoy၊ Hugh Laurie၊ Bill Nighy Imelda Stantson တို့က အသံဖြင့် ပါဝင်ထားသည်။ နိုဝင်ဘာလ ၂၃ ရက်နေ့တွင် Sony Pictures က ဖြန့်ချိမည်ဖြစ်သည်။

Sports
7 DAY NEWS JOURNAL
Vol.10, No.36 · NOVEMBER 24, 2011

# ယူ – ၂၃ အမျိုးသား ဘောလုံးအသင်း ရှုံးကြေးထပ်တင်


Photo - AFP

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ နိုဝင်ဘာ- ၁၉

(၂၆)ကြိမ်မြောက် အင်ဒိုနီးရှား ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲအဆင့်တွင်မြန်မာ ယူ-၂၃ ဘောလုံးအသင်းသည် မလေးရှားအသင်းအား ၂၀၀၁ ဆီးဂိမ်းအကြိုဗိုလ်လုပွဲရလဒ်အတိုင်း တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ကာ ရှုံးကြေးထပ်တင်ခဲ့ရသည်။

၂၀၀၁ ခုနှစ်၊ မလေးရှား ဆီးဂိမ်းဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲအဆင့်တွင် မြန်မယူ-၂၃ အသင်း အနေဖြင့် မလေးရှား ယူ-၂၃ အသင်းအား တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ဖူးပြီး ၎င်းနောက်ပိုင်းတွေ့ဆုံမှုများတွင်လည်း မလေးရှားအသင်းကသာ အသာရရှိခဲ့သည်။

အနီးစပ်ဆုံး ယခုနှစ် ဆီးဂိမ်းပြိုင်ပွဲမတိုင်ခင် ဗီယက်နမ်နိုင်ငံတွင် ပြုလုပ်ခဲ့သည့် VFF Cup ပြိုင်ပွဲတွင်လည်း မလေးရှားအသင်းက မြန်မာအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ဖူးပြီး အဆိုပါ အရှုံးများအတွက် ရှုံးကြေးဆပ်ဖို့ အခွင့်အရေး ရရှိခဲ့သော်လည်း လက်လွှတ်ခဲ့ရသည်။

မြန်မာအသင်းနှင့်မလေးရှားအသင်းတို့သည် ခြေစွမ်းကွာခြားမှု သိသိသာသာမရှိသော်လည်း အခွင့်အရေးကို အသုံးချနိုင်သည့် အသင်းက အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ပြိုက်ဘက်အသင်းထက် နားရက်ပိုရထားသော မြန်မာအသင်းသည်ယခုပွဲစဉ်တွင်အုပ်စုပွဲစဉ်များထက် လှုပ်ရှားမှုနှေးကွေးခဲ့ပြီး ဘောလုံးအပေးအယူများ အပျက်များခဲ့သည်။

ထို့ပြင် ပွဲချိန်အတွင်း မြန်မာအသင်းသည် မလေးရှားအသင်းထက် အလွတ်တည်ကန်ဘော၊ ထောင့်ကန်ဘောများ ပိုရခဲ့သော်လည်း အသုံးမချနိုင်ခဲ့ပေ။ ထို့ပြင် မြန်မာအသင်း၏ အဓိကတစ်ဦးတည်းသော တိုက်စစ်မှူး ကျော်ကိုကိုအား မလေးရှားနောက်တန်းမှ ထိန်းချုပ်ထားနိုင်မှုကြောင့်လည်း မြန်မာတိုက်စစ်ပျောက်ခဲ့ရသည်။

မလေးရှားအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးအား ပွဲချိန် ၈၅ မိနစ်အရောက်တွင် ဘယ်ခြမ်း ဖြတ်တင်ဘောမှတစ်ဆင့် ဆာရာနီအာမက်က ကန်သွင်းယူသွားခဲ့သည်။

အဆိုပါဂိုးမှာမြန်မာနောက်တန်းကစားသမားများ ဘောလုံးဖျက်ထုတ်မှုမသေသပ်၊မရှင်းလင်းမှုကြောင့်ဖြစ်ပြီး မလေးရှားအသင်းက ရရှိသည့် အခွင့်အရေးကို အပိုင်အသုံးချသွားခဲ့ခြင်းဖြစ်သည်။

ယခုနှစ်ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေဆုမျှော်မှန်းခဲ့သည့် အခြားအားကစားနည်းအများစုမှာ ရွှေတံဆိပ်နှင့် လွဲချော်ခဲ့ရသည့်အတွက် မြန်မာအားကစားပရိသတ်များ၏ မျှော်လင့်ချက်မှာ အကြိုဗိုလ်လုပွဲအဆင့်ရောက် မြန်မာဘောလုံးအသင်းပေါ်တွင် ပိုမိုအားပေးခဲ့ကြသော်လည်း ဗိုလ်လုပွဲနှင့် လွဲချော်ခဲ့ရပြန်သည်။

သို့သော် ယခုနှစ် ဆီးဂိမ်းပြိုင်ပွဲဝင် မြန်မာယူ-၂၃ အသင်းသည်မြန်မာ့ဘောလုံးအားကစားအား ဆုကြေးစားစနစ်ပြောင်းလဲလိုက်သည့် ၂၀၀၉ ခုနှစ်နောက်ပိုင်း ခြေစွမ်းပိုင်းနှင့် စိတ်ဓာတ်ပိုင်းအကောင်းဆုံးအသင်းဖြစ်ခဲ့သည်။

အကြိုဗိုလ်လုပွဲရောက် အသင်းလေးသင်းတွင် ပြင်ဆင်လေ့ကျင့်မှု အားအနည်းဆုံး ဖြစ်ခဲ့သော်လည်း အုပ်စုပွဲစဉ်များ၌ နိုင်သင့်သည့်အသင်းများကို အနိုင်ရခဲ့ခြင်း၊ ယခင်ဂိုးပြတ်ရှုံးနိမ့်သည့် အသင်းများကို ခြေရည်တူ ယှဉ်ပြိုင်ကစားနိုင်ခဲ့ခြင်းက ပရိသတ်များအတွက် ကျေနပ်စရာဖြစ်ခဲ့သည်။

မြန်မာယူ-၂၃ အသင်းအား အကြိုဗိုလ်လုပွဲအဆင့်မရောက်မီအထိ တာဝန်ရှိသူများက ဆုကြေးငွေအမေရိကန်ဒေါ်လာတစ်သိန်းချီးမြှင့်ထားကြောင်းသိရပြီး လာမည့် ၂၀၁၃ ခုနှစ်၊ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင်အောင်မြင်မှုရရှိရန်အတွက်မူ ယခုထက် အဆပေါင်းများစွာကြိုးစားရန်လိုအပ်မည်ဖြစ်သည်။

## ဆီးဂိမ်းတွင် မြားပစ်အားကစားဖြင့် မြန်မာ ရွှေစတင်ရ

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ နိုဝင်ဘာ- ၁၆

(၂၆)ကြိမ်မြောက် ဆီးဂိမ်း ပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့ ၏ ပထမဆုံးရွှေတံဆိပ်ဆုကို ပြိုင်ပွဲကျင်းပရက် ဆဋ္ဌမမြောက်နေ့တွင် အမျိုးသမီးမြားပစ်ကစား သမားအောင်ငိုမ်းက ရယူပေးနိုင်ခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံ၌ နိုဝင်ဘာ ၁၁ ရက်တွင် စတင်ကျင်းပခဲ့သည့် ဆီးဂိမ်းပြိုင်ပွဲ၌ နိုဝင်ဘာ ၁၅ရက် အားကစားပြိုင်ပွဲများပြီးဆုံးသည်အထိ မြန်မာအားကစားအဖွဲ့ အနေဖြင့် ရွှေတံဆိပ်ဆွတ်ခူးနိုင်ခြင်းမရှိခဲ့ဘဲ ငွေတံဆိပ်နှင့်ကြေးတံဆိပ်များသာ ရရှိခဲ့သည်။

နိုဝင်ဘာ ၁၆ ရက်ကကျင်းပသည့် မြားပစ်ပြိုင်ပွဲ၏ အမျိုးသမီးတစ်ဦးချင်း Compound ပြိုင်ပွဲနောက်ဆုံးအဆင့်တွင် မြန်မာအားကစားသမား အောင်ငိုမ်းက ဖိလစ်ပိုင်ကစားသမားတစ်ဦးအား အနိုင်ရရှိကာ မြန်မာအားကစားအဖွဲ့ အတွက် ပထမဦးဆုံး ရွှေတံဆိပ်ဆုကို ဈေးဦးဖောက်ပေးခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် ဖိလစ်ပိုင်ကစားသမားက ဒုတိယငွေတံဆိပ်နှင့် အိမ်ရှင်အင်ဒိုနီးရှားကစားသမားက တတိယကြေးတံဆိပ်ရရှိခဲ့သည်။



# ုရှားအဖွဲ့တစ်ဖွဲ့ သိုင်းပညာသင်ကြားရန် ထပ်မံလာရောက်မည်

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ နိုဝင်ဘာ- ၁၆**

မြန်မာ့ရိုးရာသိုင်းပညာကိုစိတ်ဝင်စားပြီး ၂၀၀၆ခုနှစ်မှစတင်ကာ နှစ်စဉ်လာရောက်သင်ယူနေသည့် ရုရှားနိုင်ငံမှအဖွဲ့တစ်ဖွဲ့သည်ယခုနှစ်တွင်လည်း ငွေဆောင်ကမ်းခြေ၌လာရောက်သင်ကြားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါအဖွဲ့သည် ရုရှားနိုင်ငံ၊စီးပွားရေးလုပ်ငန်းမဟုတ်သော အများပြည်သူဆိုင်ရာ အားကစားဌာန (မြန်မာ့သိုင်း)အဖွဲ့ (Non-Commercial Public Organization Sport Centre Myanmar Tnaing) ဖြစ်ပြီး ၎င်းနိုင်ငံတွင် ကိုယ်ပိုင်ကလပ်များဖွင့်ကာ မြန်မာ့သိုင်းပညာကိုကျယ်ပြန့်အောင် ဆောင်ရွက်နေသည့်အဖွဲ့ဖြစ်ကြောင်း သိရသည်။

၎င်းအစီအစဉ်ကိုအားကစားဝန်ကြီးဌာန၊ မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်နှင့် အထက်ပါအဖွဲ့တို့ ပူးပေါင်းစီစဉ်ခြင်းဖြစ်ပြီး ယခုနှစ်လာရောက်မှုမှာ ခြောက်ကြိမ်မြောက် နှစ်စဉ်ဆက်တိုက်လာရောက်သင်ယူခြင်းဖြစ်ကြောင်း သိရသည်။

"ဒီနှစ်လာမယ့်အဖွဲ့က ၁၀ဦးပါ။ နိုဝင်ဘာ ၂၂ရက်ကနေ ဒီဇင်ဘာ ၄ ရက်အထိ ငွေဆောင်ကမ်းခြေမှာ မြန်မာ့နန်းစဉ်ဓားရေး ၃၇ ချင်း(စတုတ္ထပိုင်း)အဆင့်မြင့်ပညာရပ်၊ ဓားတစ်လက်ဝိုင်းထွက်ပညာရပ် (တစ်ယောက်ကအများကိုခုခံကာကွယ်သည့်ပညာရပ်)ဇန်တိုပညာရပ်များကို ထပ်မံသင်ယူမှာပါ"ဟု ၎င်းအဖွဲ့အား သင်ကြားပြသပေးမည့် မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် အမှုဆောင်ဆရာကြီး ဦးမင်းယက္ခက ပြောသည်။

၎င်းအဖွဲ့သည် ငွေဆောင်၌ ပင် ၂၀၀၆ ခုနှစ်တွင် မြန်မာ့ဓားနှစ်လက်သိုင်းပညာနှင့် ဇန်တိုပညာကိုလည်းကောင်း၊ ၂၀၀၇ ခုနှစ်တွင် မြန်မာ့တုတ်ရှည်သိုင်းပညာနှင့် လှံရှည်သိုင်းပညာကို



လည်းကောင်း၊ ၂၀၀၈၊ ၂၀၀၉နှင့် ၂၀၁၀ ခုနှစ်တွင် မြန်မာ့နန်းစဉ်ဓားရေး ၃၇ ချင်း ပထမပိုင်း၊ ဒုတိယပိုင်းနှင့် တတိယပိုင်းတို့ကို လာရောက်သင်ယူဖူးကြောင်း ဦးမင်းယက္ခက ပြောသည်။

မြန်မာ့ရိုးရာသိုင်းပညာကို ယခင်က အင်္ဂလန်၊ ပြင်သစ်နှင့် ဒိန်းမတ်နိုင်ငံများမှ လာရောက်သင်ယူခဲ့ဖူးကြောင်းသိရပြီး ယခုလာရောက်မည့်ရုရှားအဖွဲ့အား ဦးမင်းယက္ခနှင့် ဒေါ်ခင်သန္တာတို့က သင်ကြားပြသပေးမည်ဖြစ်သည်။

မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်မှ သိုင်းသရုပ်ပြအဖွဲ့သည်လည်းပြီးခဲ့သည့် ၂၀၁၀ပြည့်နှစ်အတွင်းက ဆွစ်ဇာလန်နှင့် ပြင်သစ်နိုင်ငံများတွင် ကျင်းပခဲ့သည့် ကမ္ဘာ့ကိုယ်ခံပညာများပွဲတော်သို့မြန်မာ့ရိုးရာသိုင်းပညာရပ်များကို သွားရောက်ပြသခဲ့သည်။

# အမျိုးသမီး အေ ိုးဇစ်ပြိုင်ပွဲကျင်းပမည်

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ နိုဝင်ဘာ- ၁၇**

(၁၇)ကြိမ်မြောက်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသမီးအေရိုးဇစ်ပြိုင်ပွဲကို လာမည့်ဒီဇင်ဘာ ၅ ရက်မှ ၇ ရက်အထိ အမျိုးသားအားကစားပြိုင်ပွဲရုံ (၁)၊ သုဝဏ္ဏ၌ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါပြိုင်ပွဲတွင် အသက် ၁၂နှစ်အောက် ကိုးယောက်တွဲ အေရိုးဇစ်ပြိုင်ပွဲနှင့် အသက် ၁၂ နှစ်အထက် တစ်ဦးချင်း၊ သုံးယောက်တွဲ၊ ကိုးယောက်တွဲ အေရိုးဇစ်ပြိုင်ပွဲများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

"အေရိုးဇစ်အားကစားနည်းဟာ အခြေခံအားကစားနည်းတစ်မျိုးဖြစ်တဲ့အတွက် ကလေးတွေအတွက် ကိုယ်ဝါသနာပါရာ အားကစားနည်းကို သွားမယ့်လမ်းကြောင်းမှာ အထောက်အကူဖြစ်စေပါတယ်" မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်မှ တာဝန်ရှိနည်းပြဆရာတစ်ဦးက ပြောသည်။

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်တို့ပူးပေါင်းကျင်းပသည့် အဆိုပါပြိုင်ပွဲတွင် ဆုတံဆိပ်များနှင့် ဆုကြေးငွေများချီးမြှင့်မည်ဖြစ်ပြီး၊ ပရိသတ်များအနေဖြင့်လည်း ဝင်ကြေးအခမဲ့ဖြင့် လာရောက်ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။

# ကန်ဒေါ်လာ သုံးသိန်းချီးမြှင့်မည့် ဇေကမ္ဘာမြန်မာ အိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ နိုဝင်ဘာ- ၁၇**

ဆုကြေးငွေစုစုပေါင်း ဒေါ်လာသုံးသိန်းချီးမြှင့်မည့် ဇေကမ္ဘာမြန်မာအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲကို လာမည့် ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါပြိုင်ပွဲအား ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလ ၂ရက်မှ ၅ ရက်အထိ ရွှေရိုင်ရယ်မင်္ဂလာဒုံဂေါက်ကလပ်တွင် ကျင်းပမည်ဖြစ်ပြီး ဥရောပ၊ အမေရိကနှင့် အာရှနိုင်ငံပေါင်း ၁၅ နိုင်ငံဝန်းကျင်မှ အဆင့်မြင့်ဂေါက်သီးကစားသမားများ လာရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း မြန်မာပီဂျီအေအတွင်းရေးမှူး ဦးချမ်းဟန်က ပြောသည်။

"ဒီပြိုင်ပွဲကို မြန်မာပီဂျီအေက လက်ရွေးစင်ကစားသမား ၁၅ ဦးနဲ့ ပြည်ပက ကစားသမား ၁၃၀ ခန့် ဝင်ရောက်ယှဉ်ပြိုင်ဖို့စီစဉ်ထားပါတယ်"ဟု ဦးချမ်းဟန်က ပြောသည်။

အဆိုပါဂေါက်သီးရိုက်ပြိုင်ပွဲသည် Asian Tour ပွဲစဉ်အစီအစဉ်ဖြင့်ကျင်းပခြင်းဖြစ်ပြီး ယခင်က "မြန်မာအိုးပင်း" အမည်ဖြင့် ကျင်းပခဲ့ကာ လာမည့်နှစ်ပြိုင်ပွဲတွင် ဇေကမ္ဘာမှ Title စပွန်ဆာအဖြစ်လည်းကောင်း၊ အဲပုဂံမှ Presenting စပွန်ဆာအဖြစ်လည်းကောင်း ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာအိုးပင်းကို ၁၉၉၆ ခုနှစ်က စတင်ကျင်းပခဲ့ခြင်းဖြစ်ပြီး ချန်ပီယံများပေါ်ထွက်ခဲ့ရာ Asian Tour Order of Merit Winner သုံးကြိမ်ရရှိသူ Thangchai Jaidee (ထိုင်း)၊ Boonchu Ruangkit (ထိုင်း)၊ Anthony Kang (အမေရိက)၊ James Kingston (တောင်အာဖရိက)၊ Lin Kengchi (တရုတ်တိုင်ပေ) တို့ဖြစ်ကြောင်း သိရသည်။

မြန်မာအိုးပင်းပွဲမကျင်းပဖြစ်ဘဲ ရပ်နားခဲ့သည်မှာ တစ်နှစ်တာမျှရှိခဲ့ပြီး လာမည့် ၂၀၁၂ ခုနှစ်တွင်မှ Asian Tour ၏ ပွဲစဉ်အဖြစ် ပြန်လည်ကျင်းပနိုင်ခြင်းဖြစ်ကြောင်း သိရသည်။






7 DAY NEWS JOURNAL
Vol.10, No.36 • NOVEMBER 24, 2011

# မန်ယူ-နယူးကာဆယ်၊ လီဗာပူး-မန်စီးတီးနှင့် ပရီးမီးယားလိဂ်ပွဲစဉ်(၁၂)ပွဲကြိုခန့်မှန်းချက်

ကိုအေးမြတ်

ဒီတစ်ပတ် ပရီးမီးယားလိဂ်ပွဲစဉ် (၁၃)ကတော့ မန်ယူ-နယူးကာဆယ်၊ လီဗာပူး-မန်စီးတီး ထိပ်တိုက်တွေ့ဆုံမှုတွေပါဝင်နေသလို လန်ဒန်ဒါဘီပွဲ အဖြစ် အာဆင်နယ်-ဖူလ်ဟမ်ပွဲလည်း ပါဝင်လာနေပါတယ်။

**နိုဝင်ဘာ(၂၆)၊ စနေ။**

**ည ၇း၁၅ နာရီ**

**စတုတ်စီးတီး-ဘလက်ဘန်း**

ယမန်နှစ်ရလဒ် ၁-၀

စတုတ်တို့ အိမ်ကွင်းမှာ အခြေအနေကောင်းနိုင်တဲ့ပွဲဖြစ်ပါတယ်။ နှစ်သင်းစလုံး ဇယားအောက်ခြေမှာဆိုပေမယ့် အိမ်ကွင်းအခြေအနေပိုကောင်းတဲ့ စတုတ်ကိုပဲ ရွေးချယ်ရမှာပါ။ ဂိုးနည်းမယ့်ပွဲပါ။

**ည ၉း၃၀ နာရီ**

**ဘော်လ်တန်-အဲဗာတန်**

ယမန်နှစ်ရလဒ် ၂-၀

ခြေမကွာတဲ့နှစ်သင်း တွေ့ဆုံမှုပါပဲ။ ဘော်လ်တန်တို့ နိုင်ပွဲတချို့ရှိထားတာကြောင့်ခြေကျနေတဲ့ညှိသည်အဲဗာတန်ကိုဖိကစားနိုင်တယ်။ အပြန်အလှန်သွင်းဂိုးတွေနဲ့ အိမ်ရှင် ဘော်လ်တန်ကပ်နိုင်သွားဖို့ရှိတယ်။

**ချယ်လ်ဆီး-ဝုလ်**

ယမန်နှစ်ရလဒ် ၂-၀

ယမန်နှစ်က အိမ်ကွင်းမှာ ချယ်လ်ဆီးတို့ ရှုံးခဲ့တာမို့ ပေါ့လို့မရပါဘူး။ ချယ်လ်ဆီးတို့ ဒီပွဲမှာ အိမ်ရှင်အသင်းပီပီ ဖိကစားနိုင်ပြီး အနိုင်သေချာအောင် ကြိုးစားနိုင်တယ်။ ချယ်လ်ဆီးတို့နှစ်ဂိုးလောက် ရနိုင်တဲ့ပွဲပါ။

**မန်ယူ-နယူးကာဆယ်**

ယမန်နှစ်ရလဒ် ၃-၀

မန်စီးတီးကို ရှုံးပြီးနောက်



တောက်လျှောက်နိုင်ပွဲတွေ ပြန်ရလာနေတယ်။ နယူးကာဆယ်ကလည်း နောက်ဆုံးလိဂ်ငါးပွဲ အရှုံးမရှိသေးပါဘူး။ ဒါကြောင့် အိမ်ကွင်းမှာ လုံးဝရှုံးပွဲမကြုံအောင် မန်ယူတို့ တန်ပြန်တိုက်စစ်နဲ့ ကစားရဖွယ်ရှိနေတယ်။ အသင်းလိုက်ခြေစွမ်းအရအနည်းငယ်သာတဲ့ မန်ယူကိုပဲ ရွေးရမှာပါ။ သွင်းဂိုးများဖို့မရှိပါဘူး။

**နော့ဝစ်ချ်-ကျူပီအာ**

ယမန်နှစ်ရလဒ် - မရှိ

ဒီနှစ်သင်း ယမန်နှစ်က ချန်ပီယံရှစ် ပထမတန်းမှာဆုံခဲ့စဉ် နော့ဝစ်ချ်က တစ်ကြိမ်နိုင်၊ တစ်ကြိမ်သရေကျခဲ့တယ်။ လက်ရှိမှာလည်း နှစ်သင်းစလုံး ရှုံးပွဲများနေတာမို့ နိုင်ပွဲရဖို့ အကြိတ်အနယ်ကစားနိုင်တယ်။ အိမ်ရှင်နော့ဝစ်ချ်ကိုပိုကြိုက်မိပါတယ်။ မထင်မှတ်ဘဲ နှစ်ဂိုးလောက်ရနိုင်ပါတယ်။

**ဆန်းဒါးလန်း-ဝီဂန်**

ယမန်နှစ်ရလဒ် ၄-၂

ဆန်းဒါးလန်းအတွက် အိမ်ကွင်းနိုင်ပွဲရဖို့အရေးကြီးဆုံးဖြစ်ပါတယ်။ ရှုံးပွဲဆက်တိုက်ကြုံပြီး ဇယားအောက်ဆုံးရောက်နေတဲ့ ဝီဂန်တို့ နိုင်ဖို့မရှိပါဘူး။ လက်ရှိခြေစွမ်းအရပိုကောင်းတဲ့ ဆန်းဒါးလန်းပဲ နှစ်ဂိုးလောက်ရမယ့်ပွဲပါ။

**ဝက်စ်ဘရွန်း-စပါး**

ယမန်နှစ်ရလဒ် ၁-၁

ယမန်နှစ်က နှစ်ကျော့စလုံး သရေကျခဲ့တယ်။ စပါးအတွက် ခက်ခဲတဲ့ပွဲပါပဲ။ လက်ရှိမှာ ဝက်စ်ဘရွန်းတို့ ခြေမငြိမ်သေးပေမယ့် အိမ်ကွင်းမှာ သရေရအောင်ပိတ်ကစားနိုင်တာမို့ညှိသည်စပါးတို့ ကပ်နိုင်ဖို့ပဲရှိတယ်။ ဂိုးမပြတ်လောက်ပါဘူး။

**နိုဝင်ဘာ(၂၇)၊ တနင်္ဂနွေ။**

**နံနက် ၀၀း၀၀ နာရီ**

**အာဆင်နယ်-ဖူလ်ဟမ်**

ယမန်နှစ်ရလဒ် ၂-၁

အာဆင်နယ်အတွက် လန်ဒန်ပြိုင်ဘက် ဖူလ်ဟမ်ကလည်း လျှော့တွက်လို့မရတဲ့အသင်းပါပဲ။ ယမန်နှစ်က အာဆင်နယ်တို့ အိမ်ကွင်းမှာနိုင်ခဲ့ပေမယ့် အဝေးကွင်းမှာ သရေကျခဲ့တယ်။ ဒါကြောင့် အာဆင်နယ်ကွင်းလယ်နဲ့ ခံစစ် သတိထားဖို့လိုအပ်ပြီး အာဆင်နယ် ဂိုးနည်းနည်းနဲ့ ကပ်နိုင်ဖို့ပဲရှိပါတယ်။ ဖူလ်ဟမ်အမြင့်ဆုံးသရေပဲမှန်းနိုင်မယ်။

**ည ၈း၀၀ နာရီ**

**ဆွမ်ဆီး-ဗီလာ**

ယမန်နှစ်ရလဒ် - မရှိ

ဆွမ်ဆီးတို့ သရေပွဲများနေပေမယ့် ဒီအိမ်ကွင်းပွဲမှာတော့ ရလဒ်ကောင်းနိုင်တယ်။ ဗီလာဟာ ဆွမ်ဆီးကို အနိုင်ရဖို့ ကြိုးစားမှာဖြစ်ပေမယ့် အိမ်ကွင်းမှတ်တမ်းကောင်းတဲ့ဆွမ်ဆီးကို သရေရင်ပဲ ကျေနပ်ရမှာပါ။ ဆွမ်ဆီးကို ပိုကြိုက်မိပါတယ်။

**လီဗာပူး-မန်စီးတီး**

ယမန်နှစ်ရလဒ် ၃-၀

ယမန်နှစ်က နှစ်ကျော့စလုံးမှာ သုံးဂိုးပြတ်စီနဲ့ အပြန်အလှန်နိုင်ခဲ့ကြတဲ့နှစ်သင်းပါ။ လက်ရှိမှာ လီဗာပူးခံစစ်ကစားပုံ ကောင်းနေပေမယ့် ပရီးမီးယားလိဂ်တိုက်စစ်အားအကောင်းဆုံး မန်စီးတီးကို အိမ်ကွင်းနိုင်ပွဲရဖို့လွယ်မှာမဟုတ်ပါဘူး။ အိမ်ကွင်း သရေပွဲများနေတဲ့ လီဗာပူးတို့မန်စီးတီးကိုတောင့်ခံနိုင်မှာမဟုတ်ပါဘူး။ မန်စီးတီး နှစ်ဂိုးလောက် ရသွားနိုင်တယ်။

## ဂျမေကာအပြေးသမား စတိဗ်မာလင်း တစ်သက်တာ ပွဲပယ်ခံရဖွယ်ရှိ

**ကင်းစတန်၊ နိုဝင်ဘာ - ၁၉**

ဂျမေကာအပြေးသမား စတိဗ်မာလင်းသည် တားမြစ်ဆေးသုံးစွဲကြောင်း စစ်ဆေးတွေ့ရှိခဲ့သဖြင့် တစ်သက်တာပွဲပယ်ခံရဖွယ်ရှိနေကြောင်းသိရသည်။

၎င်းကို ဆီးစစ်ချက်အရ တားမြစ်ဆေးသုံးစွဲကြောင်း တွေ့ရှိခဲ့ရခြင်းဖြစ်သည်။ ယင်းစစ်ဆေးချက်ကို ပြီးခဲ့သည့်ဇွန်လ ၂၄ရက်က ဂျမေကာအမျိုးသားအပြေးပြိုင်ပွဲ မီတာ ၁၀၀ ပွဲတွင် တတိယနေရာ ၎င်းရပြီးနောက် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

၎င်းကို တားမြစ်ဆေးသုံးစွဲသည်မှာမှန်ကန်ကြောင်း ဆုံးဖြတ်ချက်ချခဲ့သည့် စည်းကမ်းထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ လင်းနော့စ်ဂေးလ်က "ကျွန်တော်တို့ဟာ ပြီးခဲ့တဲ့နှစ်ပတ်အတွင်း အထောက်အထားတွေကို ဂရုတစိုက်စစ်ဆေးခဲ့ပါတယ်။ ဒါဟာ အားလုံး တညီတညွတ်တည်း ဆုံးဖြတ်ချက်ဖြစ်ပြီး မစ္စတာမာလင်းဟာ ဆေးစစ်ချက်တွေအရ ဖျူရိုဆင်မ်မိုက်ဆေး သုံးစွဲကြောင်း တွေ့ရပါတယ်"ဟုပြောသည်။

စတိဗ်မာလင်းသည် ၂၀၀၄ ခုနှစ်ကလည်း ဂျမေကာချန်ပီယံရှစ်ပြိုင်ပွဲဝင်စဉ် တားမြစ်ဆေးသုံးစွဲကြောင်းတွေ့ရ၍ ၂နှစ်ပွဲပယ်ပြစ်ဒဏ်ခံခဲ့ရသည်။ ၎င်း၏အမှုကို နိုင်ငံတကာပြေးခုန်ပစ်အဖွဲ့ချုပ်က ဆုံးဖြတ်ဖွယ်ရှိပြီး ယင်းအဖွဲ့ချုပ်၏ ဥပဒေအရ ဒုတိယအကြိမ်တားမြစ်ဆေး သုံးစွဲကြောင်း တွေ့ရသည့် ကစားသမားတစ်ဦးသည် တစ်သက်တာပွဲကစားခွင့်ပိတ်ပင်ခံရဖွယ်ရှိသည်။

—*Ref: Xinhua*



7DAY NEWS JOURNAL
Vol.10, No.36 • NOVEMBER 24, 2011



# ပုံမှန် ကုန်သွယ်ရေးဖြစ်ပေါ်ရန် အိန္ဒိယနှင့် ပါကစ္စတန် ခြေလှမ်းသစ်များ စတင်

**နယူးဒေလီ၊ နိုဝင်ဘာ - ၁၆**

နှစ်နိုင်ငံကြား ကုန်သွယ်ရေးတွင် အပြည့်အဝ ပုံမှန်ဖြစ်လာစေရန် အတွက် အိန္ဒိယနှင့် ပါကစ္စတန် နိုင်ငံတို့က ကြီးမားသောခြေလှမ်း များစတင်ခဲ့ကြောင်းနှင့် ယင်းမှာ အချိန်ကြာမြင့်စွာ ရန်သူများဖြစ် နေခဲ့သော နျူကလီးယားပိုင်ဆိုင် သည့် အိမ်နီးချင်းနိုင်ငံများကြား ဆက်ဆံရေး နွေးထွေးလာသော လက္ခဏာဖြစ်ကြောင်း အေအက်ဖ် ပီသတင်းတွင်ဖော်ပြသည်။

နှစ်ဖက်ကုန်သွယ်မှု အပြည့် အဝပုံမှန်ဖြစ်လာစေရန် အထွေ ထွေတိုးတက်မှုရရှိခဲ့ပြီဖြစ်ကြောင်း နိုဝင်ဘာ ၁၅ ရက်က ရေးထိုးခဲ့ သောနှစ်နိုင်ငံပူးတွဲကြေညာချက် တွင်ဖော်ပြသည်။

ယခုလစောစောပိုင်းက အိန္ဒိယနိုင်ငံအား ဦးစားပေးမှု အများဆုံးကုန်သွယ်ဖက်နိုင်ငံ (MFN)ရပ်တည်မှုကိုပေးမည်ဖြစ် ကြောင်း ပါကစ္စတန်အစိုးရက ပြောကြားခဲ့သည်။ ရှေ့လာမည့် သုံးလအတွင်း အိန္ဒိယနိုင်ငံမှ ကုန်ပစ္စည်း အမျိုးပေါင်း ၇,၀၀၀ အတွက် ၎င်း၏ဈေးကွက်ကို ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း ပါကစ္စတန်က ကတိပေးထားပြီး ၂၀၁၂ နှစ်ကုန်ပိုင်းတွင် MFN ရပ်တည်မှုကို ရဖွယ်ရှိကြောင်း အိန္ဒိယသတင်းအေဂျင်စီပီတီအိုင် ကဖော်ပြသည်။ လောလောဆယ် တွင် အိန္ဒိယနိုင်ငံမှ ကုန်ပစ္စည်း အမျိုးပေါင်း ၂,၀၀၀ ခန့်သာ ပါကစ္စတန်နိုင်ငံက တင်ပို့ခွင့်ပြု ထားသည်။

ကုန်သွယ်ရေး ပုံမှန်ဖြစ် အောင် ဆက်လက်လုပ်ဆောင် ရေး ပါကစ္စတန်ဝန်ကြီးအဖွဲ့က ၎င်းတို့အား အခွင့်အာဏာအပ် နှင်းလိုက်ကြောင်းနှင့် ထို့အတွက် အလွန်အကောင်းမြင်ထား ကြောင်းပါကစ္စတန်ကုန်သွယ်ရေး အတွင်းဝန် ဇာဖာမာမွတ်ကပြော ကြားသည်။ MFN ရပ်တည်မှုကို အိန္ဒိယနိုင်ငံက ပါကစ္စတန်နိုင်ငံ အား ၁၉၉၆ ခုနှစ်ကပင် ပေးအပ် ခဲ့ကြောင်းသိရသည်။

—*Ref: AFP*



Photo - Getty Images

# တားဆီးပိတ်ဆို့မှုများနှင့် ဆီးရီးယား ပိုမိုကြုံတွေ့လာရ

**ဒမတ်စကတ်၊ နိုဝင်ဘာ - ၁၆**

အာရပ်အဖွဲ့ချုပ်ကြီး၏ အဖွဲ့ဝင် အဖြစ်မှဆိုင်းငံ့ခြင်း စတင်လိုက် ချိန်မှာပင် ရှစ်လကြာ အကျပ်အ တည်း အဆုံးသတ်ရေးအတွက် ဆီးရီးယားအစိုးရသည် နိုင်ငံတ ကာပိတ်ဆို့တားဆီးမှုများနှင့် ပိုမို ကြုံတွေ့လာရကြောင်းသိရသည်။

အစိုးရအပေါ် ဆန့်ကျင် ဆန္ဒပြမှုများအား နှိမ်နင်းမှုများ ဆက်လက်ဖြစ်ပေါ်နေပြီး တင်း မာမှုများကြီးထွားလာပါက ဆီးရီး ယားနိုင်ငံသို့ လျှပ်စစ်ဓာတ်အား ရောင်းချခြင်းကို အဆုံးသတ်ဖွယ် ရှိကြောင်း အိမ်နီးချင်းတူရကီနိုင်ငံ စွမ်းအင်ဝန်ကြီး တာနာယီလ်ဒစ် က နိုဝင်ဘာ ၁၅ ရက်တွင်ပြော ကြားခဲ့သည်။

အဖွဲ့ဝင်အဖြစ်မှ ဆိုင်းငံ့ရန် အာရပ်အဖွဲ့ချုပ်၏ ဆုံးဖြတ်ချက် ကြောင့် ဆီးရီးယားနိုင်ငံရှိတူရကီ သံရုံးများအား တိုက်ခိုက်ခဲ့မှုများ အတွက် တူရကီသမ္မတနှင့် ဝန် ကြီးချုပ်အာဒိုဂန်တို့က ဆီးရီးယား နိုင်ငံအား ပြစ်တင်ပြောကြားခဲ့ပြီး နောက် တူရကီစွမ်းအင်ဝန်ကြီး၏ ကြေညာချက်ထွက်ပေါ်လာခြင်း ဖြစ်သည်။

တူရကီနိုင်ငံ၏ တင်းမာ သောရပ်တည်ချက်ကို အမေရိ ကန်နိုင်ငံကကြိုဆိုခဲ့သည်။

အစိုးရလိုလားသော ဆီးရီး ယားနိုင်ငံသားများက မကြာသေး မီရက်များအတွင်း နိုင်ငံခြားသံရုံး အများအပြားအားတိုက်ခိုက်ခဲ့ကြ သည်။ ၎င်းတို့၏ နိုင်ငံများက ဆီး ရီးယားနိုင်ငံအပေါ် ပိတ်ဆို့တား ဆီးမှုများ ချမှတ်ခြင်းကို ထောက် ခံခဲ့၍ ယင်းသို့တိုက်ခိုက်ကြခြင်း ဖြစ်သည်။

သို့သော် နောက်ပိုင်းတွင် ဆီးရီးယား ဒုတိယနိုင်ငံခြားရေး ဝန်ကြီး ဖေဆယ်အယ်လ်မက်ဒက် က အာရပ်သံအမတ်ကြီးများနှင့် ပြုလုပ်ခဲ့သည့် အစည်းအဝေးပွဲ တွင် ယင်းသို့တိုက်ခိုက်မှုများအ တွက် တောင်းပန်စကားပြော ကြားခဲ့ကြောင်း ဂျော်ဒန်နိုင်ငံခြား ရေးဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ် မိုဟာမက်ကာရက်ကပြောကြား သည်။

—*Ref: Xinhua*

# အာဆီယံပေါင်းစည်းရေးအစီအစဉ်အတွက် စင်ကာပူက စင်ကာပူဒေါ်လာသန်း ၅၀ အထိ ပံ့ပိုးမည်

**ဘာလီ၊ နိုဝင်ဘာ - ၁၇**

အာဆီယံပေါင်းစည်းရေးအစီအ စဉ်(IAI)အတွက် ၂၀၁၂ မှ ၂၀၁၅ ခုနှစ်နောက်ထပ်လေးနှစ်အတွက် ငွေကြေးထည့်ဝင်မှုကိုတိုးမြှင့်သွား မည်ဖြစ်ကြောင်း စင်ကာပူအစိုးရ ကကြေညာသည်။ ယင်းမှာ အာဆီ ယံပေါင်းစည်းရေးအစီအစဉ်အတွက် စင်ကာပူနိုင်ငံ၏ စတုတ္ထအကြိမ် မြောက် ကတိကဝတ်ပြုခြင်းဖြစ် ပြီး စုစုပေါင်း စင်ကာပူဒေါ်လာ သန်း ၅၀ ရှိကြောင်း ဘာလီတွင်ပြု လုပ်သည့် အာဆီယံခေါင်းဆောင် များ တွေ့ဆုံပွဲ ဆက်စပ်အစည်း အဝေးတစ်ခု၌ စင်ကာပူဝန်ကြီး ချုပ် လီရှန်လွန်းက ထုတ်ဖော်ပြော ကြားခြင်းဖြစ်သည်။

၂၀၁၅ ခုနှစ် အာဆီယံအ သိုက်အဝန်းထူထောင်ချိန်တွင် ကွာဟမှုကျဉ်းမြောင်းစေရန် ကမ္ဘောဒီးယား၊ လာအို၊ ဗီယက် နမ်၊ မြန်မာကဲ့သို့အဖွဲ့ဝင်နိုင်ငံများ အား IAI အစီအစဉ်က ကူညီရန် ရည်ရွယ်ထားသည်။

ထင်မြင်ချက်ပေးရာတွင် လည်း မစ္စတာလီက ကမ္ဘာ့စီးပွား ရေးအခြေအနေမှာ ဖွံ့ဖြိုးတိုး တက်မှုနှေးကွေးခြင်း၊ အားနည်းခြင်း၊ အလုပ်လက်မဲ့နှုန်းမြင့်မားခြင်း စသည့်ပြဿနာများကြုံတွေ့နေရ ပြီး ဒုက္ခတွေ့နိုင်သောအခြေအနေ ပင်ဖြစ်ကြောင်းပြောကြားသည်။ မုန်တိုင်းကို ကျော်ဖြတ်နိုင်ရန် အာဆီယံအဖွဲ့အနေဖြင့်လည်း ပူးပေါင်းဆောင်ရွက်ရမည်ဖြစ် ကြောင်း စင်ကာပူဝန်ကြီးချုပ်က ပြောကြားသည်။

—*Ref: CNA*



7 DAY NEWS JOURNAL
Vol.10, No.36 • NOVEMBER 24, 2011

# ယူရိုဇုန်သတိပေးချက်ကြောင့် အမေရိကန်ဘဏ်ရှယ်ယာများ ထိုးကျ

**နယူးယောက်၊ နိုဝင်ဘာ - ၁၇**

ယူရိုဇုန်ငွေကြေးအကျပ်အတည်းတွင် အမေရိကန်ဘဏ်များ ပါဝင်ပတ်သက်နေမှုအတွက် Fitch ငွေကြေးအဆင့်သတ်မှတ်မှုအေဂျင်စီက သတိပေးချက်တစ်ရပ်ထုတ်ပြန်ခဲ့ပြီးနောက် အမေရိကန်ဘဏ္ဍာရေးဈေးကွက် ဝေါလ်စထရီဈေးကွက်တွင် အမေရိကန်ဘဏ်များ၏ ရှယ်ယာဈေးနှုန်းများထိုးကျသွားခဲ့ကြောင်းသိရသည်။

ဒေါင်ဂျုံးစ်ဈေးကွက် သိသိသာသာကျဆင်းခဲ့ပြီး ၁ ဒသမ ၆ ရာခိုင်နှုန်းတန်ဖိုးလျော့ကျ၍ ဈေးကွက်ပိတ်သိမ်းခဲ့ပြီး ဘဏ္ဍာရေးလုပ်ငန်းများဆိုင်ရာရှယ်ယာများမှာ အထိအနာဆုံးဖြစ်ခဲ့သည်။

ယူရိုဇုန် အကျပ်အတည်းအား အလျင်အမြန် မဖြေရှင်းနိုင်ပါက အမေရိကန်ဘဏ်များ၏ ရှေ့အလားအလာမှာ ပိုမိုဆိုးရွားလာနိုင်ကြောင်း Fitch အေဂျင်စီက သတိပေးထားသည်။

ထိုအတောအတွင်း အခြားငွေကြေးအဆင့်သတ်မှတ်ရေးအေဂျင်စီတစ်ခုဖြစ်သည့် Moody's ကလည်း ဂျာမနီဘဏ် ၁၂ ခု၏ ငွေကြေးစိတ်ချရမှုကိုအဆင့်လျှော့ချခဲ့သည်။

Fitch အေဂျင်စီ၏ အစီရင်ခံစာအား နေ့လယ်ပိုင်းတွင် ထုတ်ပြန်ခဲ့ပြီးနောက် အမေရိကန်နိုင်ငံ၏ အဓိကဘဏ်ကြီးများဖြစ်သော ဂျေပီမော်ဂန်နှင့် Bank of America ရှယ်ယာဈေးနှုန်းများ ၃ ဒသမ ၈ ရာခိုင်နှုန်းနှင့် ၃ဒသမ ၃ရာခိုင်နှုန်းသို့အသီးသီးကျဆင်းခဲ့ သည်။ ရင်းနှီးမြှုပ်နှံမှုဘဏ်ကြီး Morgan Stanley ၏ ရှယ်ယာများလည်း ၈ ရာခိုင်နှုန်း တန်ဖိုးကျဆင်းသွားသည်။ *—Ref: BBC*


Photo - Getty Images




# အိုင်အမ်အက်ဖ်ဥရောပရုံးဒါရိုက်တာ နုတ်ထွက်

**ဝါရှင်တန်၊ နိုဝင်ဘာ - ၁၇**

ဥရောပကြွေးမြီအကျပ်အတည်းအား ကိုင်တွယ်ဖြေရှင်းရေး အရေးကြီးသောအချိန်တွင် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) ၏ ဥရောပရုံးအကြီးအကဲ နုတ်ထွက်သွားကြောင်းသိရသည်။

ချက်ချင်းလက်ငင်း ရာထူးမှ ဆင်းပေးမည့် ၎င်း၏ဆုံးဖြတ်ချက်မှာ ကိုယ်ရေးကိုယ်တာအကြောင်းပြချက်များကြောင့်ဖြစ်ကြောင်း မစ္စတာအန်တိုနီယို ဘိုးဂတ်က ပြောကြားသည်။ ၎င်းအနေဖြင့် အိုင်အမ်အက်ဖ်၏ ဥရောပဌာနအား ကိုင်တွယ်နေသည်မှာ တစ်နှစ်ရှိပြီဖြစ်သည်။

ယခုနှစ် အစောပိုင်းတွင် အီတလီနှင့် စပိန်နိုင်ငံများ၏ ကြွေးမြီများကို အိုင်အမ်အက်ဖ်က ဝယ်ယူ၍ကူညီသင့်ကြောင်း မှတ်ချက်ပေးခဲ့ပြီးနောက်ပိုင်းတွင် ယင်းပြောဆိုမှုကို ပြန်လည်ရုပ်သိမ်းခဲ့ရသည်။

"ဥရောပအကျပ်အတည်းအတွက် သူ့ရဲ့တုံ့ပြန်မှုဟာ အငြင်းပွားစရာကောင်းပါတယ်။ တချို့ဆိုရင် မတည်မငြိမ်တောင် ဖြစ်စေတယ်လို့ဆိုနိုင်ပါတယ်"ဟု ဘီဘီစီ၏ ဝါရှင်တန်သတင်းထောက် စတိဗ်ကင်စတန်က ပြောကြားပြီး ၎င်း၏နုတ်ထွက်မှုမှာ အံ့သြစရာမရှိကြောင်း၎င်းကဆက်ပြောသည်။

နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့သည် ဂရိ၊ ပေါ်တူဂီနှင့် အိုင်ယာလန်နိုင်ငံများအား ကယ်တင်ရေးအတွက် ဥရောပဗဟိုဘဏ်၊ ဥရောပကော်မရှင်တို့နှင့် အတူ သုံးပွင့်ဆိုင်အဖွဲ့တွင်ပါဝင်သည်။ မကြာသေးမီကပင် အီတလီစီးပွားရေးပြုပြင်ပြောင်းလဲမှုအစီအစဉ်များတွင်လည်း ပါဝင်ကြီးကြပ်နေရသည်။ *—Ref: BBC*

# ကန့်ကွက်ဆန္ဒပြသူများ ကူဝိတ်ပါလီမန်အတွင်း ဝင်ရောက်

**ကူဝိတ်စီးတီး၊ နိုဝင်ဘာ - ၁၆**

ကူဝိတ်နိုင်ငံမှ ကန့်ကွက်ဆန္ဒပြသူဒါဇင်ပေါင်းများစွာသည် နိုဝင်ဘာလ ၁၆ ရက် ညနေပိုင်းတွင် ကူဝိတ်ပါလီမန်အတွင်းသို့ အတင်းဝင်ရောက်ခဲ့ကြောင်းနှင့် ထိုအချိန်တွင် ပါလီမန်ပြင်ပတွင်လည်း လူရာပေါင်းများစွာ ဆန္ဒပြနေခဲ့ကြောင်းသိရသည်။

ဝန်ကြီးချုပ် ရှိတ်နာဆာ အယ်လ်မိုဟာမက်အယ်လ်ဆာဘား ရာထူးမှ ဆင်းပေးရန် ၎င်းတို့က တောင်းဆိုခဲ့ကြကြောင်း မျက်မြင်သက်သေများကပြောသည်။

အတိုက်အခံ ပါလီမန်အမတ်များအပါအဝင် လူရာပေါင်းများစွာက ခြစားမှုများရှိသည်ဟူသော စွပ်စွဲချက်များဖြင့် အပတ်စဉ် ဆန္ဒပြနေခဲ့ကြသည်။ အဓိကရုဏ်းထိန်းသိမ်းရေးရဲများက ပါလီမန်ပြင်ပတွင် စုရုံးနေသော ဆန္ဒပြသူများအား လက်ကိုင်တုတ်များနှင့် ရိုက်နှက်ခဲ့သည်ဟု အချို့သတင်းများတွင်ဖော်ပြသည်။ အနည်းဆုံး ဆန္ဒပြသူငါးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အေအက်ဖ်ပီသတင်းတစ်ရပ်ကဆိုသည်။

"အခုဆိုရင် ကျွန်တော်တို့ ပြည်သူ့ခန်းမထဲ ဝင်ရောက်ခဲ့ပါပြီ"ဟု ရှိတ်နာဆာအပေါ် ကန့်ကွက်ဆန္ဒပြသူများကို ဦးဆောင်ခဲ့သူ မူဆယ်လ်လမ်အယ်လ်ဘာရက်ကပြောကြားသည်။ ရှိတ်နာဆာမှာ ကူဝိတ်နိုင်ငံ အကြီးအကဲနှင့် တူတော်စပ်သူဖြစ်သည်။

ဆန္ဒပြသူများက ပါလီမန်အဆောက်အအုံတံခါးများကို ချိုးဖျက်ဝင်ရောက်ပြီး ပါလီမန်ခန်းမကြီးထဲသို့ရောက်ရှိခဲ့ကာအမျိုးသားသီချင်းကိုသီဆို၍ များမကြာမီပြန်လည်ထွက်ခွာသွားကြောင်း၊ ဝန်ကြီးချုပ်၏ နေအိမ်သို့ ချီတက်ရာတွင် တားဆီးခံရပြီးနောက် ဆန္ဒပြသူများက ပါလီမန်အတွင်းသို့ ဝင်ရောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ *—Ref: BBC*


Queen Oramin-F Contest
အရွယ်သုံးပါး အလှဘုရင်မများ ကိုရီးယား သွားစို့လား ...
ပြိုင်ပွဲကာလ
အောက်တိုဘာ (၁) ရက်မှ
ဒီဇင်ဘာ (၃၁) ရက် ၂၀၁၁ ထိ
Queen Award Winners
2,000,000
1st Runners-Up
1,500,000
2nd Runners-Up
1,000,000
Best Complexion
300,000
Best Costume
300,000
နုပျိုလင်းလက် စွမ်းအင်ထက် အမျိုးသမီးတိုင်းအတွက်
အော်ရာမင်-အက်(ဖ်)

7 DAY NEWS JOURNAL

# International

Vol.10, No.36 · NOVEMBER 24, 2011



Photo - Getty Images

## စပိန်ရွေးကောက်ပွဲတွင် ကွန်ဆာဗေးတစ်များအောင်ပွဲခံ

**မက်ဒရစ်၊ နိုဝင်ဘာ - ၂၁**

စပိန်နိုင်ငံတွင် စီးပွားရေးရပ်တန့်နေမှုနှင့် အလုပ်လက်မဲ့ ၂၁ ဒသမ ၅ ရာခိုင်နှုန်းကို သည်းခံနေရသည့် ဆန္ဒမဲပေးသူများက လက်ရှိအုပ်ချုပ်နေသော ဆိုရှယ်လစ်များကို ပယ်ချခဲ့သဖြင့် ရွေးကောက်ပွဲတွင် စပိန်အတိုက်အခံ ကွန်ဆာဗေးတစ်များ အောင်ပွဲခံခဲ့ကြောင်းသိရသည်။ စပိန်အစိုးရသည် ဥရောပကြွေးမြီအကျပ်အတည်းကြောင့် ဂရိနှင့် အီတလီပြီးနောက် သီတင်းပတ် သုံးပတ်အတွင်း တတိယမြောက်အာဏာလက်လွှတ်ရသည့် အစိုးရဖြစ်လာသည်။

စာ(၄၅)သို့

## ကူဝိတ်ဝန်ကြီးချုပ် နုတ်ထွက်မည်မဟုတ်ကြောင်း နိုင်ငံအကြီးအကဲ ပြောကြား

**ကူဝိတ်စီးတီး၊ နိုဝင်ဘာ - ၂၁**

ကန့်ကွက်ဆန္ဒပြသူများက ပြီးခဲ့သည့်သီတင်းပတ်အတွင်း ကူဝိတ်ပါလီမန်အတွင်း အတင်းဝင်ရောက်ခဲ့ခြင်းကိုကူဝိတ်နိုင်ငံအကြီးအကဲက 'အနက်ရောင်နေ့'ဟု ရှုတ်ချပြောဆိုခဲ့ပြီး ၎င်းအနေဖြင့် ပါလီမန်ကို ဖျက် သိမ်းမည်မဟုတ်သလို အတိုက်အခံများက တောင်းဆိုသည့်အတိုင်း ဝန်ကြီးချုပ်ကိုလည်း နုတ်ထွက်ခွင့်ပြုမည်မဟုတ်ကြောင်းပြောသည်။ စာ(၄၅)သို့

## အီဂျစ်နိုင်ငံ ဆန္ဒပြမှုများတွင် သေဆုံးသူဦးရေ မြင့်တက်လာ

**ကိုင်ရို၊ နိုဝင်ဘာ - ၂၁**

အီဂျစ်နိုင်ငံတွင် ရဲတပ်ဖွဲ့နှင့် ကန့်ကွက်ဆန္ဒပြသူများအကြား ရင်ဆိုင်တိုက်ခိုက်မှုများဖြစ်ပေါ်ခဲ့၍ နှစ်ရက်အတွင်း အနည်းဆုံး လူပေါင်း ၁၃ ဦး သေဆုံးခဲ့ပြီး ကိုင်ရိုမြို့ တာရာရင်ပြင်တွင် ကန့်ကွက်ဆန္ဒပြသူများ ထောင်နှင့်ချီ၍ စုဝေးနေဆဲဖြစ်ကြောင်းသိရသည်။

နိုဝင်ဘာ ၂၀ ရက်တွင်လည်း ရဲနှင့် စစ်ဘက်တပ်ဖွဲ့များက မျက်ရည်ယိုဗုံးများအသုံးပြုခြင်း၊ နံပါတ်တုတ်နှင့် ရိုက်နှက်ခြင်း စသည့်နည်းလမ်းများသုံး၍ ဆန္ဒပြသူများအား ဖယ်ရှားရန် ကြိုးပမ်းခဲ့ကြောင်း သိရသည်။ သို့သော် တစ်နာရီခန့်အကြာတွင် ဆန္ဒပြသူများပြန်လည်ရောက်ရှိလာပြီး အီဂျစ်စစ်ဘက်အုပ်ချုပ်သူများအပေါ် ဆန့်ကျင်သည့်ကြွေးကြော်သံများ အော်ဟစ်ခဲ့ကြသည်။

အကြမ်းဖက်မှုများအပေါ် အပြင်းထန်ဆုံးရှုတ်ချကြောင်း ဥရောပသမဂ္ဂကပြောကြားသည်။ အလက်ဇန်ဒြီးယား၊ ဆူးအက်စ်နှင့် အက်စ်ဝမ်မြို့များတွင်လည်း ငြိစွန်းတိုက်ခိုက်မှုများရှိခဲ့ကြောင်း သိရသည်။

စာ(၄၅)သို့



Photo - AFP

## ကဒါဖီ၏ ထောက်လှမ်းရေး အကြီးအကဲအား ဖမ်းမိ



Photo - Reuters

**ထရီပိုလီ၊ နိုဝင်ဘာ - ၂၀**

ကဒါဖီ၏ ထောက်လှမ်းရေးအကြီးအကဲဟောင်း အဗ္ဗဒူလာ အယ်လ်ဆာနူဆီအား ဖမ်းဆီးရမိထားပြီဖြစ်ကြောင်း လစ်ဗျားကြားဖြတ်အစိုးရကပြောကြားသည်။ တိုက်ခိုက်ရေးသမားများက နိုင်ငံတောင်ပိုင်းတွင် ၎င်းအား ဖမ်းဆီးခဲ့ကြောင်း အရာရှိများကပြောသည်။

မစ္စတာဆာနူဆီ(၆၂ နှစ်) အားမည်သို့ထိန်းသိမ်းထားသည်ကို မမြင်တွေ့ရသေးသော်လည်း ၎င်းမှာကဒါဖီအစိုးရ၏ ထွက်ပြေးနေသော ထိပ်တန်းခေါင်းဆောင်များထဲမှ နောက်ဆုံးကျန်ရှိနေသူတစ်ဦးဖြစ်ကြောင်းဘီဘီစီသတင်းတွင်ဖော်ပြသည်။

ကဒါဖီ၏သား ဆာအစ် အယ်လ်အစ္စလာမ်မှာနိုဝင်ဘာလ ၁၉ ရက်တွင် ဖမ်းဆီးခံခဲ့ရသည်။ ဆာအစ်နှင့် ဆာနူဆီ နှစ်ဦးစလုံးမှာ စစ်ပွဲအတွင်း ပြစ်မှုများကျူးလွန်ခဲ့သည်ဆိုသောစွဲချက်များဖြင့်နိုင်ငံတကာရာဇဝတ်မှုဆိုင်ရာတရားရုံး(ICC)က အလိုရှိနေသူများဖြစ်သည်။ စာ(၄၅)သို့



7 DAY NEWS JOURNAL
Vol.10, No.36 • NOVEMBER 24, 2011



# နိုင်ငံရေးအထူးအချပ်ပို

## ဦးဝင်းတင် (ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)

**ကြားဖြတ်ရွေးကောက်ပွဲက သန့်ရှင်းပြီး တရားမျှတတဲ့ရွေးကောက်ပွဲမျိုးဖြစ်ဖို့ လက်ရှိ အစိုးရကို ဘာများပြောချင်ပါလဲ။**

ပြီးခဲ့တဲ့ ၂၀၁၀ ရွေးကောက်ပွဲက ဘယ်လိုရွေးကောက်ပွဲမျိုးလဲဆိုတာ အားလုံးသိကြတဲ့ အတိုင်းပါ။ ကျွန်တော်တို့က ဒီရွေးကောက်ပွဲမျိုးထပ်ပြီးတော့ သမိုင်းတစ်ပတ်ကျော့တယ်ဆိုတာ မဖြစ်ဖို့ပဲလိုတယ်။ ကျွန်တော်တို့က အဲဒီလိုပဲ သဘောထားပါတယ်။

**ဦးဝင်းတင်ကိုယ်တိုင် စည်းရုံးရေးဆင်းမှာပါလား။**

ကျွန်တော်ကတော့ ကျန်းမာရေးမကောင်းလို့ကိုယ်တိုင်မလိုက်နိုင်ဘူး။စည်းရုံးရေးလုပ်ငန်းတွေကတော့ လုပ်ရမှာပေါ့။ ကျွန်တော်တို့မှာ ရွေးကောက်ပွဲဆိုတဲ့ လုပ်ငန်းစဉ် ရှိနေပြီဆိုတော့ စည်းရုံးရေးလုပ်ငန်းတွေက တွဲကပ်ပါလာပါပြီ။

**လစ်လပ်နေရာတွေ အားလုံးဝင်ပြိုင်မယ်ဆိုတော့ လူငယ်တွေပိုများမလား။ လူကြီးတွေ ပိုများမလား။**

အမှန်အတိုင်းကတော့လွှတ်တော်လုပ်ငန်းတွေဆိုတာ လူကြီးတွေနဲ့ သိပ်ကိုက်တဲ့ လုပ်ငန်းမဟုတ်ဘူးလေ။ လူငယ်တွေကပိုပြီး အလုပ်လုပ်နိုင်တယ်။ ပြောနိုင်တယ်၊ ဆိုနိုင်တယ်၊ လှုပ်ရှားနိုင်တယ်ဆိုတော့ အဓိက လူငယ်တွေပဲများဖို့ ဖြစ်ဖို့များပါတယ်။ နောက်လာမယ့် ရွေးကောက်ပွဲတင်မဟုတ်ဘဲရွေးကောက်ပွဲတိုင်းကို လူငယ်တွေနဲ့ သွားဖို့များပါတယ်။

**ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင် ရွေးကောက်ပွဲဝင်ဖို့ကိုရော ဘယ်လိုများ မှတ်ချက်ပေးချင်ပါလဲ။**

အဲဒါကတော့ မပြီးသေးဘူးခင်ဗျာ။ ဘာလို့လဲဆိုတော့ ရွေးကောက်ပွဲအခြေအနေတွေ တစ်ပြည်လုံးမှာ ဘယ်မြို့တွေရှိလဲ။ ဘယ်နယ်တွေရှိလဲ။ အဲဒီနယ်တွေမှာဝင်ဖို့ ကောင်းတဲ့ အမတ်လောင်းတွေကို စာရင်းတွေပြုစုပြီးတော့မှ အမတ်လောင်းတွေနဲ့အတူ ဒေါ်စုကိုရော အမတ်လောင်းစာရင်းထဲမှာ ထည့်မလား၊ မထည့်မလား။ အဲဒါကျမှ ဆုံးဖြတ်ချက်ကပေါ်မှာ။ အခုတော့ ပြောလို့ မရသေးဘူး။

**မှတ်ပုံတင်ဖို့ ဆုံးဖြတ်တာနဲ့ ပတ်သက်ပြီး ဘာများပြောချင်ပါလဲ။**

မှတ်ပုံတင်ရေးနဲ့အတူ အခွင့်အရေးတစ်ခု ပေါ်လာတာက ရွေးကောက်ပွဲဝင်ဖို့ဆိုတာ။ အဲဒီရွေးကောက်ပွဲဝင်ဖို့ အခွင့်အရေးကို ကျွန်တော်တို့လုပ်ကြပါမယ်။ ရွေးကောက်ပွဲဝင်ခြင်းအားဖြင့် တိုင်းပြည်ရဲ့ အခွင့်အရေးတွေ တာဝန်တွေကို နိုင်ငံရေးပါတီတစ်ခုအနေနဲ့ထမ်းရွက်ဖို့ အခွင့်အရေးတွေ တိုးလာတယ်၊ ရှိလာပြီလို့ ပြောချင်ပါတယ်။

**ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင်ပါတီအနေနဲ့ ဝင်လာပြီဆိုတော့ မြန်မာ့နိုင်ငံရေး အခင်းအကျင်း အပြောင်းအလဲ ဘယ်လိုဖြစ်လာနိုင်မယ်လို့သုံးသပ်ပါသလဲ။**

သေချာတာပေါ့ဗျာ။ ဒေါ်အောင်ဆန်းစုကြည်လို ပုဂ္ဂိုလ်မျိုးက အများကြီးလုပ်နိုင်တယ်။ နိုင်ငံရေးသြဇာအများကြီးရှိတယ်။ ပြည်သူလူထု၊ တိုင်းရင်းသားတွေရဲ့ ယုံကြည်ကိုးစားမှုတွေ အများကြီးရှိတယ်။ အဲဒါအပြင် ကမ္ဘာရဲ့ ယုံကြည်ကိုးစားမှု အများကြီးရှိပါတယ်။ ဒေါ်အောင်ဆန်းစုကြည်မှာ လုပ်နိုင်တဲ့ စွမ်းအားက အလွန်ကြီးမားပါတယ်။ ဒီလိုပုဂ္ဂိုလ်တစ်ယောက်က ခုချိန်မှာ တစ်ဦးတည်းလုပ်နေရတယ်။ NLD ခေါင်းဆောင်ဆိုပေမယ့် NLD က ဘာမှလုပ်နိုင်ခွင့် မရှိတဲ့အတွက် ခုချိန်မှာ ပါတီကလည်း တရားဝင်မှတ်ပုံတင်လိုက်မယ်၊ သူကိုယ်တိုင်လည်း ဒီထဲမှာ ခေါင်းဆောင်အနေနဲ့ လုပ်ဆောင်နိုင်မယ်ဆိုရင် မြန်မာ့နိုင်ငံရေးမှာလှုပ်ရှားလာမယ်။ ထက်သန်မှုတွေ များလာမယ်။ အဓိပ္ပာယ်တွေ ပိုပြီးတော့ပြည့်ဝလာမယ်။

**အခြေခံဥပဒေကိုလက်မခံလို့ ဝင်ရောက်မယှဉ်ပြိုင်ဘူးလို့ NLD ပြောခဲ့ပါတယ်။ အခု ဘာပြောချင်ပါသလဲ။**

အခြေခံ ဥပဒေကို ပြင်မယ်ဆိုတာ ကျွန်တော်တို့မှာ တာဝန်ရှိပါတယ်။ ရွှေဂုံတိုင်ကြေညာစာတမ်းထဲမှာပါတယ်။ အခြေခံဥပဒေကို ပြင်ဖို့ဆိုပြီး ကျွန်တော်တို့မှာ ရည်မှန်းချက်ရှိပါတယ်။ ဒီရည်မှန်းချက်အတိုင်းပဲ ဆက်လုပ်သွားမှာပါ။ လွှတ်တော်ထဲရောက်ရင်လည်း ဒီဥပဒေကို ပြင်နိုင်ဖို့ လုပ်သွားမှာပါ။

**အစိုးရသစ်ကို NLD က အသိအမှတ်ပြုလက်ခံလိုက်ပြီပြောလို့ရလား။**

တိုင်းပြည်မှာ အစိုးရသစ်တစ်ရပ်ပေါ်လာတယ်။ လွှတ်တော်ခေါ်နေတယ်။ ဒီအစိုးရကို ဆန့်ကျင်ခြင်း၊ ကန့်ကွက်ခြင်းသာ လုပ်လို့ရတယ်။ လက်ခံတယ်၊ လက်မခံဘူးပြောလို့ မရပါဘူး။

**ဟီလာရီကလင်တန်ရဲ့ ခရီးစဉ်နဲ့ ပတ်သက်ပြီးဘာများပြောချင်ပါလဲ။**

အင်မတန် အရေးကြီးတဲ့ ခရီးစဉ်တစ်ခုဖြစ်ပါတယ်။ လာဖို့အချိန်တန်ပါပြီ။ အချိန်က ကွက်တိပါပဲ။ အာဆီယံဆုံးဖြတ်ချက် ဘာလီကွန်ဖရင့်က အခြေအနေတွေ၊ ဒီဟာတွေနဲ့ပေါင်းစပ်လိုက်ရင် အချိန်ကကွက်တိပါပဲ။

သူတို့မျက်စိနဲ့လည်း မြင်သွားပြီတော့ သူတို့ရဲ့တောင်းဆိုချက်တွေ ထပ်ပြီးတော့ သူတို့လက်တွေ့မြင်တဲ့ပေါ်မှာ သူတို့ရဲ့ တုံ့ပြန်မှုတွေရနိုင်တယ်လို့ ကျွန်တော်တို့မြင်ပါတယ်။ အဲဒီတော့ high level visit ဆိုတာကို ကျွန်တော်တို့ကတော့ welcome လုပ်တယ်။ ခုအချိန်မှာ လာခြင်းက ထိုက်တန်၏။ မတန်၏တော့ မပြောပါဘူး။

**ယုံကြည်ချက် အကျဉ်းသားတွေ လွှတ်ဖို့ ကျန်နေတဲ့ပေါ်မှာ ဘာများပြောချင်ပါလဲ။**

ယုံကြည်ချက် အကျဉ်းသားကတော့ လွှတ်ရင်တော့ ကောင်းတာပေါ့ဗျာ။ NLD ရဲ့ တောင်းဆိုချက်ကလည်း ဒီယုံကြည်ချက်အကျဉ်းသား အားလုံးကို ခြွင်းချက်မရှိပြန်လွှတ်ပေးဖို့။ ဒါကျွန်တော်တို့ တောင်းဆိုချက်ပဲ။ အဲဒီတောင်းဆိုချက်ကို အခုလောက်ထိ ရွှေ့လျားနေတာ၊ ထစ်ငေါ့နေတာဟာ အလွန်ဆိုးရွားတဲ့အဖြစ်ပဲလို့ ကျွန်တော်တို့ တွက်ပါတယ်။ မိဘများအတွက်ရော၊ ထောင်ထဲမှာရှိနေတဲ့ သူတွေအတွက်ရော ကျန်တဲ့အများပြည်သူအတွက်ရော အလွန်ဆိုးရွားတဲ့ကိစ္စပဲ ယူဆတယ်။ စုရုံးပြီးတော့ မိမိတို့ရဲ့ သဘောထားတွေ ဖော်ထုတ်တဲ့ဟာတွေက မကြာခဏပေါ်နေမှာပဲ။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

## ဦးမြင့်လှိုင် (အမျိုးသားလွှတ်တော်ကိုယ်စားလှယ်) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP)

**NLD ရဲ့ ဆုံးဖြတ်ချက်အပေါ် ဘာပြောချင်ပါသလဲ။**

NLD ခေါင်းဆောင်က နိုင်ငံ့ခေါင်းဆောင်ရဲ့ သမီးဖြစ်သလို NLD ကိုလည်း အများကကြိုဆိုနေကြတာ။ အခုချိန်မှာ အတိုက်အခံဆိုတာတော့မရှိဘူး။ နိုင်ငံကောင်းဖို့အတွက်လုပ်ကြတာ။ တို့တွေကလည်း နိုင်ငံကောင်းဖို့အတွက်ပူးပေါင်းပြီးလုပ်ကြတာဆိုတော့ သူပါရင်ပိုကောင်းတာပေ့ါ။ အရင်ခေတ်ကဆိုရင် တို့တွေကလည်းသူ့ကိုမဲပေးခဲ့ကြတာပဲ။ ၉၀ တုန်းကဆိုရင် ၉၀ ရာခိုင်နှုန်းက သူပဲရခဲ့တာပဲ။

**NLD က နေရာအားလုံးမှာ ဝင်ပြိုင်မယ်ဆိုတော့ ပြည်ခိုင်ဖြိုးပါတီက NLD နဲ့ ပြိုင်ဖို့အဆင်သင့်ဖြစ်မယ်ထင်လား။**

ရခိုင်ဘက်မှာတော့မရှိဘူး။ လစ်လပ်တာက ဒီဘက်မှာပဲ လစ်လပ်တာဆိုတော့ အရင်တုန်းကတော့ အမျိုးမျိုးပြောနေကြတာ။ အခုချိန်မှာတော့ ပြည်သူ့အများဆန္ဒကို ဘယ်သူဘာဖြစ်တယ်ဆိုတာ သိရတော့မှာပေ့ါ။ ပိုပြီးတော့ကောင်းသွားတာပေ့ါ။

**NLD ကြားဖြတ်ရွေးကောက်ပွဲဝင်မယ့် ဆုံးဖြတ်ချက်က မြန်မာ့နိုင်ငံရေးမှာ ဘယ်လောက်ထိ အရေးပါတယ်ထင်ပါသလဲ။**

ဒီပါတီခေတ်မှာတော့ တခြားပါတီကလည်း တိုင်းပြည်အတွက် ကောင်းမယ်ဆိုရင် တို့ကတော့ ထောက်ခံပေးမှာပဲ။

အချပ်ပို(D)သို့



## ဦးစိုင်းလိတ်

(ဗဟိုအလုပ်အမှုဆောင်)
ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် (SNLD)

ဦးစိုင်းလိတ်သည် SNLD ၏ဗဟိုအလုပ်အမှုဆောင် ပြောရေးဆိုခွင့်ရှိသူတစ်ဦးဖြစ်ပြီး ပါတီစတင်တည်ထောင်စဉ်ကာလ၁၉၈၉အောက်တိုဘာ ၂၆ရက်မှယခုအချိန်ထိ ပါတီဝင်အဖြစ်ရှိသူဖြစ်သည်။

**NLD နဲ့အတူ ၂၀၁၀ ရွေးကောက်ပွဲမှာ မှတ်ပုံမတင်ဖို့၊ ရွေးကောက်ပွဲမဝင်ဖို့ ဆုံးဖြတ်ခဲ့တော့ အခု NLD ရဲ့ ဆုံးဖြတ်ချက်အပေါ် ဘာပြောချင်ပါသလဲ။**

သူတို့ရဲ့ ဆုံးဖြတ်ချက်အပေါ်မှာ ကျွန်တော်တို့ သီးခြားဝေဖန်ချက်မပေးလိုပါဘူး။ ဒါပေမဲ့ NLD အနေနဲ့ နဂိုရှိရင်းစွဲရည်မှန်းချက်တွေမပျောက်ဖို့အရေးကြီးတယ်။ ပထမဆုံးအချက်အနေနဲ့ယုံကြည်ချက်အကျဉ်းသားတွေအားလုံးလွှတ်ပေးဖို့၊ ပြည်တွင်းငြိမ်းချမ်းရေးရရှိဖို့၊ နောက်တစ်ချက်က သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေးဖြစ်ဖို့၊ တရားဥပဒေစိုးမိုးမှုရှိဖို့ အစရှိတဲ့ အချက်တွေကို မမေ့မလျော့ဘဲနဲ့ လုပ်ဆောင်သွားဖို့အတွက်ပဲ ကျွန်တော်တို့က အကြံပြုတိုက်တွန်းပါတယ်။

**NLDက ပြောသလို ဥပဒေပိုင်းအရ အပြောင်းအလဲတွေနဲ့၊ ၉၀ ရွေးကောက်ပွဲရလဒ်နဲ့ ပတ်သက်ပြီး NLD လက်ခံပြောဆိုလာတဲ့အပေါ်မှာ SNLD ကရော ဘယ်လိုသဘောရပါသလဲ။**

အဲဒါကတော့ ကျွန်တော်တို့လည်း တစ်ထပ်တည်း သဘောတူပါတယ်။ ၉၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ်ဟာ သမိုင်းဝင်သွားပါတယ်။ သမိုင်းမှာတင်ကျန်ခဲ့ပါတယ်။ ဒါပေမဲ့ လက်တွေ့မှာ အသုံးချလို့မရတော့တဲ့ အနေအထားရောက်သွားပြီဆိုတာလည်း ကျွန်တော်တို့က လက်သင့်ခံပါတယ်။ ဥပဒေပိုင်းအရ အပြောင်းအလဲမှာတော့ ပြီးပြည့်စုံတဲ့ လူထုကျေနပ်လောက်တဲ့ အပြောင်းအလဲထိ မရောက်သေးဘူးလို့သုံးသပ်မိပါတယ်။ ဒီထက်မက ပြုပြင် ပြောင်းလဲဖို့လိုသေးတယ်လို့ယူဆပါတယ်။

**ပါတီဝင် အကျဉ်းသားတွေအထဲမှာ ဆက်ရှိနေတဲ့အချိန်မှာ SNLD ကရွေးကောက်ပွဲဝင်ဖို့နဲ့ မှတ်ပုံတင်ဖို့စဉ်းစားမှာပါလား။**

ကျွန်တော်တို့ ခေါင်းဆောင်တွေမလွှတ်သေးဘဲနဲ့တော့ လုံးဝမစဉ်းစားဘူး။

**NLD မှတ်ပုံတင်ရေး၊မတင်ရေးက မြန်မာ့နိုင်ငံရေးမှာ ဘယ်လောက်သက်ရောက်မှုရှိနိုင်ပါသလဲ။**

NLD မှတ်ပုံတင်လိုက်ခြင်းအားဖြင့် ဒီမိုကရေစီ ဘက်တော်သားတွေအဖို့ကတော့ ပိုပြီးအားရှိလာတာပေ့ါ။ ဒါပေမဲ့ ဒီမိုကရေစီဘက်တော်သားတွေအကုန်လုံး ပူးပေါင်းပြီးတော့ လွှတ်တော်ထဲမှာအရေးဆိုရင်လည်းပဲ တစ်ဖက်မှာ အာဏာရပြည်ခိုင်ဖြိုးပါတီနဲ့ ၂၅ ရာခိုင်နှုန်းသော တပ်မတော်သား ကိုယ်စားလှယ်တွေကို သူတို့ဘယ်လောက်ထိ လွှမ်းမိုးနိုင်မလဲ၊ ဘယ်လောက်လုပ်နိုင်မလဲဆိုတာကိုစိုးရိမ်တယ်။ လုပ်နိုင်ပါစေလို့လည်း ဆုတောင်းမိပါတယ်။

**ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် ကြားဖြတ်မှာဝင်ခဲ့ရင် လွှတ်တော်အတွင်းဘာတွေများ ပြောင်းလဲမှုရှိလာနိုင်ပါသလဲ။**

အနည်းဆုံးအဆင့်ကတော့ တိုင်းရင်းသားတွေနဲ့ ဒေါ်အောင်ဆန်းစုကြည် ပူးပေါင်းမယ်။ NDF အစရှိတဲ့ ဒီမိုကရေစီအင်အားစုတွေနဲ့ ပူးပေါင်းလိုက်ရင်တော့ အားကောင်းလာမယ်လို့ သုံးသပ်ပါတယ်။

**ရွေးကောက်ပွဲမဝင်ဖို့ ၂၀၁၀တုန်းက ဆုံးဖြတ်ခဲ့တဲ့ ကျန်တိုင်းရင်းသားပါတီတွေနဲ့ရော SNLD တွေ့ဆုံဆွေးနွေးဖို့ရှိပါသလား။**

ဆက်ပြီးတွေ့ဆုံဆွေးနွေးဖို့ အစီအစဉ်ရှိပါတယ်။ ဒီတစ်ပတ်နှစ်ပတ်အတွင်းမှာဖြစ်လိမ့်မယ်လို့ ခန့်မှန်းပါတယ်။

**လက်ရှိပြည်တွင်း နိုင်ငံရေးအခြေအနေကို ဘယ်လိုသုံးသပ်ရှုမြင်ပါသလဲ။**

လက်ရှိပြည်တွင်းအခြေအနေကတော့ ကျွန်တော်တို့မြင်တွေ့နေရတာ တိုင်းရင်းသားဒေသတွေမှာ စစ်မက်ဖြစ်ပွားနေတယ်။ ငြိမ်းချမ်းရေးရယူထားတဲ့ အဖွဲ့အစည်းတွေကိုယ်၌ကလည်း အခြေခံကျတဲ့ငြိမ်းချမ်းရေးကို မတည်ဆောက်နိုင်သေးဘူး။ သူတို့မှာ အပစ်အခတ်ရပ်စဲရေးအဆင့်ပဲရှိသေးတယ်။ လုံးဝမဆွေးနွေးရသေးတဲ့ အဖွဲ့အစည်းတွေလည်း ရှိသေးတယ်။ တစ်ခါ ထောင်ထဲမှာ အကျဉ်းကျနေတဲ့ ကျောင်းသားခေါင်းဆောင်၊ တိုင်းရင်းသားခေါင်းဆောင်တွေ ကျန်နေသေးတယ်။ ဒါတွေကို အမြန်ဆုံးပြုပြင်ပြောင်းလဲမှသာလျှင် ကမ္ဘာကော၊ တိုင်းရင်းသားပြည်သူတွေကပါ လက်ရှိအစိုးရကို ပိုမိုယုံကြည်အသက်ဝင်လာမှာပါ။ ဒါကြောင့်ပဲ အဲဒီကိစ္စတွေကို လက်ရှိအစိုးရအနေနဲ့ အမြန်ဆုံးလုပ်ဆောင်ဖို့လိုပါတယ်လို့ပဲ သုံးသပ်မိပါတယ်။

# နိုင်ငံရေးအထူးအချပ်ပို

7 DAY NEWS JOURNAL
Vol.10, No.36 • NOVEMBER 24, 2011

## ဦးချစ်ခိုင် (ဥက္ကဋ္ဌ) ဒေင်အုပ်စု ကုမ္ပဏီလီမိတက်

ဦးချစ်ခိုင်သည် ၁၉၈၉ တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLDသို့ဝင်ခဲ့ပြီး ၁၉၉၁ခုနှစ်ခန့်တွင် NLD ပါတီမှ တရားဝင် နုတ်ထွက်၍ စီးပွားရေးလုပ်ငန်းလုပ်ကိုင်ခဲ့သည်။


ဓာတ်ပုံ - ဇေယျာမောင်မောင်(အမရပူရ)

**စီးပွားရေးလုပ်ငန်းရှင် တစ်ယောက်အနေနဲ့ NLD ရဲ့ ဆုံးဖြတ်ချက်ကိုဘယ်လိုမှတ်ချက်ပေးချင်လဲ။**

ပြည်တွင်း နိုင်ငံရေးမှာ အားလုံး ပဋိပက္ခတွေ မရှိတော့ဘဲနဲ့ တူညီတဲ့ ဒီမိုကရေစီလမ်းကြောင်းပေါ်ကိုသွားတာကို လုပ်ငန်းရှင်တစ်ယောက်အနေနဲ့ ကြိုဆိုပါတယ်။

**NLD အနေနဲ့ လှုပ်ရှားခဲ့ဖူးပြီး အကျဉ်းကျခံရဖူးတယ်ဆိုတော့လက်ရှိ NLD မှတ်ပုံတင်ပြီး ရွေးကောက်ပွဲဝင်မယ့် အချိန်မှာ စီးပွားရေးကနေ နိုင်ငံရေးဘက်ပြောင်းဖို့ရော ရှိပါသလား။**

အဲဒီအချိန်အခါကတည်းက ဘယ်ပါတီကိုမှ မဝင်တော့ဘူးဆိုပြီး ဆုံးဖြတ်ချက်ချခဲ့တာပါ။ ဒါကြောင့်မို့ ဒီနေ့ထိလည်း ဘယ်ပါတီမှမဝင်ခဲ့ဘူး။ နောင်ကိုလည်း ဘယ်ပါတီမှ ဝင်စရာအကြောင်း မရှိပါဘူး။

**ဦးချစ်ခိုင်အနေနဲ့ ဒေါ်အောင်ဆန်းစုကြည်ကို ရွေးကောက်ပွဲမှာ ဝင်စေလိုပါသလား။**

ဒေါ်အောင်ဆန်းစုကြည်က တိုင်းပြည်အတွက်၊ နိုင်ငံအတွက် အရေးပါတဲ့ပုဂ္ဂိုလ်။ ဘာပဲဖြစ်ဖြစ် ဒီမိုကရေစီလမ်းကြောင်းအကူးအပြောင်းကလည်း အရေးကြီးတယ်။ အကူးအပြောင်းရဲ့ လွှတ်တော်တွေကလည်း အရေးကြီးတယ်။ ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် ဒီရွေးကောက်ပွဲကိုဝင်မယ်ဆိုရင်လည်း သဘောကျပါတယ်။ လွှတ်တော်ထဲကို တိုင်းပြည်အတွက် တကယ်စေတနာထားပြီး ဦးစီးဦးဆောင်လုပ်နိုင်မယ့် ပုဂ္ဂိုလ်တွေတော်တော်များများ လွှတ်တော်ထဲမှာရှိစေချင်ပါတယ်။

**စီးပွားရေးရှုထောင့်ကနေကြည့်ရင် NLD ရဲ့ အခုအလှုပ်အရှား၊ အရွေ့တွေက ပြည်တွင်းစီးပွားရေးအခြေအနေအပေါ် ဘယ်လောက်ရိုက်ခတ်မှုရှိပါလဲ။**

ပြည်သူလူထုရဲ့ စီးပွားရေးမှာ အခက်အခဲကြုံတွေ့နေရတဲ့ ပြဿနာက လက်ရှိပြဿနာ။ စီးပွားရေးပိတ်ဆို့မှုတွေနဲ့ ပတ်သက်နေတဲ့ အနောက်က အီးယူတို့ အမေရိကန်တို့က အခုဒီခြေလှမ်းပေါ်မှာ သဘောထားပျော့ပျောင်းလာတာကို တွေ့ရတယ်။ အဲလိုပျော့ပျောင်းလာလို့ ပိတ်ဆို့မှုတွေ ပြေလျော့သွားမယ်ဆိုရင် နိုင်ငံစီးပွားရေးက တစ်ဟုန်ထိုး တိုးတက်လာလို့ ပြည်သူအများစုအတွက် ကောင်းတဲ့အကျိုး သက်ရောက်လာမှာပဲဖြစ်တယ်။

**ပြည်တွင်းကစီးပွားရေးလုပ်ငန်းရှင်တစ်ယောက်အနေနဲ့ လက်ရှိလွှတ်တော်တွင်း အားကောင်းနေတဲ့ ပြည်ခိုင်ဖြိုးလွှတ်တော် ကိုယ်စားလှယ်တွေအပေါ် ဘယ်လိုသုံးသပ်ပါသလဲ။**

ပါတီကိုယ်စားလှယ်တွေကနေပြီး လူထုရဲ့ ကိုယ်စားလှယ်တွေအဖြစ် ရွေ့လျားပြောင်းလဲလာတာမြင်ရတယ်။ ဒါကြောင့်လည်း လက်ရှိအခြေအနေမှာ ဥပဒေနဲ့ပတ်သက်တဲ့ကိစ္စတွေမှာ အမျိုးသားလွှတ်တော်နဲ့ ပြည်သူ့လွှတ်တော်ပေါ်မှာ အယူအဆမတူညီတာတွေကိုတွေ့ရတယ်။ အနည်းငယ် အယူအဆမတူတာတွေကို ဆွေးနွေးနေတာတွေ့ရတယ်။ ပါတီတစ်ခုတည်းကနေပြီး အားလုံးက တစ်သံပဲ၊ တစ်မဲတည်းပဲဆိုတဲ့ အနေအထားကနေ အဆိုတစ်ခုကို ဝိုင်းဆွေးနွေးမယ်၊ ဝိုင်းထောက်ခံမယ်၊ ဝိုင်းကန့်ကွက်မယ်ဆိုတဲ့ အနေအထားကနေ ကျော်လွန်လာတယ်၊ ရွေ့လျားလာတယ်။ အဲဒီအရွေ့တစ်ခုကို ပြောင်းလဲလာတဲ့ အနေအထားက တကယ့် ဒီမိုကရေစီလမ်းကြောင်းပေါ်ကို ပြောင်းလဲလာတယ်လို့ မြင်တယ်။ အခုလိုအတိုက်အခံပါတီဖြစ်တဲ့ NLDကလည်း လွှတ်တော်ထဲကိုရောက်လာမယ်ဆိုရင် တိုင်းပြည်အတွက် ပိုကောင်းလာမယ့်အနေအထားရှိတယ်လို့မြင်တယ်။

**ဒေါ်အောင်ဆန်းစုကြည်လွှတ်တော်ထဲရောက်ရေးက လွှတ်တော်တွင်းအပြောင်းလဲကိုဘယ်လောက်အထိသက်ရောက်မှုရှိမယ်ထင်လဲ။**

တိုင်းပြည်မှာနှစ်ပေါင်းများစွာဖြစ်နေတဲ့ပြဿနာကတစ်ဖက်က နိုင်ငံတော်အစိုးရနဲ့ NLD ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကြားက ပြဿနာ။ တစ်ဖက်နဲ့တစ်ဖက် အဆင်မပြေတဲ့ အကြောင်းတွေကြောင့် တိုင်းပြည်အဆင်မပြေဖြစ်နေတဲ့အနေအထားကလည်း အခုပြောင်းလဲလာတဲ့ အနေအထားအရ နှစ်ဦးနှစ်ဖက် တစ်ဖက်နဲ့တစ်ဖက် အာဃာတတွေလျှော့ချမယ်။ NLDကလည်း အာဃာတတွေမထားဘူးလို့ဆိုတယ်။ တစ်ဖက်ကလည်းအာဃာတတွေလျှော့ချမယ်ဆိုတဲ့ မူဝါဒ ကိုင်စွဲထားရင် တစ်ဖက်နဲ့တစ်ဖက် တူညီတဲ့ဟာတွေကို ပူးပေါင်းလုပ်မယ်ဆိုတဲ့ ခြေလှမ်းက ပိုပြီးတော့ ပေါင်းစည်းလာတဲ့ဥစ္စာက ကျွန်တော်တို့တိုင်းပြည်အတွက် အဖိုးမဖြတ်နိုင်တဲ့ ရလဒ်ပါ။ တိုင်းပြည်ရဲ့ အနာဂတ်လှပဖို့အတွက် အဓိကကျတဲ့ခြေလှမ်းပါ။

**၉၀ ရွေးကောက်ပွဲတုန်းကလို NLD က ကြားဖြတ်မှာ အပြတ်အသတ် အနိုင်ရဦးမယ်လို့ ယူဆပါသလား။**

လက်ရှိအနေအထား မှာ သုံးသပ်ကြည့်မယ်ဆိုရင် NLD ဟာဝါရင့် နှစ်ရှည်ကြာတဲ့ ပါတီတစ်ခုဖြစ်ပြီး လူထုခေါင်းဆောင်ဆိုတဲ့အနေအထားကလည်း ဒေါ်အောင်ဆန်းစုကြည်ရဲ့ ခေါင်းဆောင်မှုဆိုတဲ့ ပမာဏကြီးမားတယ်။ ပြီးခဲ့တဲ့ရွေးကောက်ပွဲကို ပြန်ကြည့်ရင် အတိုက်အခံတွေကလည်း အောင်မြင်မှုရခဲ့တယ်။ ပြည်သူတွေက အနိုင်ပေးခဲ့တယ်ဆိုတော့ အပြောင်းအလဲကိုလိုချင်နေတဲ့ပြည်သူတွေက အင်န်အယ်လ်ဒီကိုလည်း အများစုအနိုင်ပေးမယ်လို့ မျှော်လင့်ရတယ်။ အခုရွေးကောက်ပွဲမှာ NLDက အောင်မြင်မှု ရနိုင်လိမ့်မယ်လို့ ထင်တယ်။

## ဦးသိန်းဆွေ (ဖျာပုံမြို့နယ်၊စည်းရုံးရေး အဖွဲ့ဝင်) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)

၁၉၈၉တွင် NLD လူငယ်အဖွဲ့၏ ရုံးအဖွဲ့မှူး တာဝန်စတင်ထမ်းဆောင်ခဲ့ကာ နေအိမ်အကျယ်ချုပ်အပါအဝင် ငါးကြိမ်တိုင်အကျဉ်းကျခံခဲ့ရသူဖြစ်သည်။ အကျဉ်းထောင်မှလွတ်မြောက်ပြီးပါတီတာဝန်များ ဆက်လက်ထမ်းဆောင်လျက်ရှိသည်။



**ဒီဆုံးဖြတ်ချက်က အင်န်အယ်လ်ဒီအတွင်း စည်းလုံးညီညွတ်မှုကို တစ်စုံတစ်ရာ သက်ရောက်မှု ရှိနိုင်မလား။**

ဒါကပါတီအတွင်းမှာ အများသဘောတူညီချက်နဲ့ ဆုံးဖြတ်ချက်ချခဲ့တာဖြစ်တဲ့အတွက် တစ်စုံတစ်ရာ သက်ရောက်မှု ကြီးကြီးမားမား မရှိနိုင်ပါဘူး။

**အင်န်အယ်လ်ဒီ မှတ်ပုံတင်ပြီး ကြားဖြတ်ရွေးကောက်ပွဲကို လစ်လပ်နေရာ အားလုံးမှာ ဝင်၊ မဝင်ကို ဦးသိန်းဆွေအနေနဲ့ ဘယ်လိုပုံစံမျိုး ဆုံးဖြတ်ခဲ့လဲ။**

အဲဒါက ဆုံးဖြတ်တဲ့ထဲမှာ ကျွန်တော် မပါဘူးခင်ဗျ။ ကျွန်တော်က ဗဟိုအလုပ်အမှုဆောင် တစ်ယောက်မဟုတ်တဲ့အတွက် ဒီမေးခွန်းကို ဖြေဖို့ခက်ပါတယ်။ ကျွန်တော့်အနေနဲ့ဆိုရင်တော့ မှတ်ပုံတင်တာရော၊ ကြားဖြတ်ဝင်မှာရောကို ထောက်ခံပါတယ်။

**ဦးသိန်းဆွေတစ်ဦးတည်း အနေနဲ့ ကြားဖြတ်ရွေးကောက်ပွဲမှာ ဒေါ်အောင်ဆန်းစုကြည်ကို ကိုယ်တိုင်ရွေးကောက်ပွဲဝင်စေချင်ပါသလား။**

ဒေါ်အောင်ဆန်းစုကြည်က နိုင်ငံတကာနဲ့ရော ပြည်တွင်းမှာပါ သတင်း အချက်အလက်တွေ တော်တော်များများကို ရတယ်။ အဲဒီအခါကျတော့ ကျွန်တော်တို့ ပြောတာနဲ့စာရင်ဒေါ်အောင်ဆန်းစုကြည်က အချက်အလက် ပိုပြည့်စုံတဲ့အတွက် သူ့ဆုံးဖြတ်ချက်ကိုပဲ ကျွန်တော်တို့ အလေးထားပါတယ်။

**အခုနေရာ ၄၀ ကျော်ကိုပဲရအောင် ကြိုးစားပါလို့ ဒေါ်အောင်ဆန်းစုကြည်က ပြောထားတယ်။ ကြားဖြတ်ရွေးကောက်ပွဲကို အင်န်အယ်လ်ဒီဝင်ခြင်းအပေါ် ဘာများ မျှော်လင့်ထားပါသလဲ။**

ကျွန်တော်ထင်တယ်။ ပြည်သူလူထုကလည်း ပါတီမှတ်ပုံတင်ပြီး ရွေးကောက်ပွဲဝင်ဖို့ကို ဝင်စေချင်တယ်။ ကျွန်တော်တို့ကလည်း စဉ်းစားတာက ဒီနိုင်ငံရေးသမားတွေက ထပ်ပြီးတော့ အကျပ်အတည်းကြားမှာ ရုန်းကန်ရမယ်ဆိုလည်း ဆက်နေကြမှာပဲ။ တစ်ခုရှိတာက ကျွန်တော်တို့ လူထုမျက်နှာကို ကြည့်ရမယ်။ လူထုက အရမ်းမွန်းကျပ်နေပြီ။ အထွေထွေပေါ့။ ကျန်းမာရေး၊ ပညာရေးကအစ စီးပွားရေးကအစ အစစကျဆင်းနေပြီ။ အဲဒီအခြေအနေတွေကို ပြန်ပြီးသုံးသပ်ပေးရမယ်။ အသွင်ကူးပြောင်းမှုကို ငြိမ်း ငြိမ်းချမ်းချမ်းနဲ့ ရနိုင်မယ့်နည်းလမ်းတွေကိုရှာရလိမ့်မယ်လို့ ထင်ပါတယ်။ ဒီဆုံးဖြတ်တာကို လက်ခံပါတယ်။ အင်န်အယ်လ်ဒီက အောင်နိုင်ပါတယ်။ လူထုက အကျပ်အတည်း အမျိုးမျိုးနဲ့ အကြောက်တရား အမျိုးမျိုးကြောင့်သာ အားလုံးက ဒီနိုင်ငံတစ်ခုရဲ့ အပြောင်းအလဲကို ဒေါ်အောင်ဆန်းစုကြည် အပါအဝင် နိုင်ငံအပေါ်မှာ အနစ်နာခံခဲ့တဲ့သူတွေက လုပ်နိုင်လိမ့်မယ်။ ပြောင်းလဲနိုင်လိမ့်မယ်လို့ သူတို့မျှော်လင့်တယ်ဗျ။ ဒီမိုကရေစီအင်အားစုတွေ ရွေးကောက်ပွဲဝင်မယ်ဆိုရင် ပြည်သူလူထုက တစ်ခဲနက်ပြန်ပြီးတော့ မဲပေးမှာပဲဗျ။

**အကျဉ်းကျတွေ ပါတီဝင်အဖြစ်ကထွက်ပေးစရာမလိုပေမယ့် ပါတီမှတ်ပုံတင်ပြီး ရွေးကောက်ပွဲဝင်မယ်ဆိုတဲ့အထိ အကျဉ်းသားတွေလွှတ်မပေးသေးတဲ့ အပေါ် ဘယ်လိုသုံးသပ်ပါသလဲ။**

အပြင်မှာလည်း ဝေဖန်နေတဲ့ အသံတွေ ကြားနေရပါတယ်။ အကျဉ်းသားလွှတ်ပေးရေးတောင်းဆိုတာ ကျွန်တော်တို့ရပ်နေမှာ မဟုတ်ဘူးလေ။ ရွေးကောက်ပွဲဝင်ရေးနဲ့အတူ ဒီကိစ္စတွေက ဆက်ပြီးသွားနေရမှာပဲ။ ထောင်ထဲမှာ ရှိနေတဲ့ ကျွန်တော်တို့ ရဲဘော်ရဲဘက်တွေ ပြန်လွှတ်ပေးဖို့ကို ကျွန်တော်တို့ တစ်ပြိုင်နက်တည်း ဆောင်ရွက်သွားရမှာပဲ။

**အခု ဆုံးဖြတ်ချက်က နိုင်ငံရဲ့ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုကို ဘယ်လောက်ထိသက်ရောက်မှု ရှိတယ်လို့ ထင်ပါသလဲ။**

ဒါကတော့ ကျွန်တော်တို့ ကြိုးစားရမှာပဲ။ ပြည်သူလူထုက ဒေါ်အောင်ဆန်းစုကြည်ကို ယုံကြည်တယ်။ ဒီနိုင်ငံရေး အဝန်းအဝိုင်းမှာ တိုင်းရင်းသားတွေ အပါအဝင် နိုင်ငံရေးအင်အားစုတွေအားလုံးကလည်းဒေါ်အောင်ဆန်းစုကြည်ပေါ်မှာ ယုံကြည်တယ်။ ဒီအပြောင်းအလဲအတွက် သူ့တစ်ယောက်တည်းကို မှီတာမဟုတ်ဘူး။ အင်အားစုတွေအားလုံးဝိုင်းပြီးတော့ အပြောင်းအလဲအတွက် မြင်သာတဲ့နည်းလမ်းကို ကြိုးစားရမယ်။ ဒီလိုနည်းနဲ့ ကျွန်တော်တို့ ပြောင်းလဲရမယ်။

**ဦးသိန်းဆွေကို ရွေးကောက်ပွဲဝင်ဖို့ ပါတီက ရွေးချယ်ခဲ့ရင် ဘယ်လိုဆုံးဖြတ်မလဲ။**

ကျွန်တော့်ကို ဘာမှ မပြောသေးပါဘူး။ ဒီမေးခွန်းဖြေဖို့အတွက်က နည်းနည်းတော့ စောပါသေးတယ်။

## ဦးရဲထွန်း (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်) ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ



**NLD ရဲ့ ဆုံးဖြတ်ချက်ကို တိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ်တစ်ယောက်အနေနဲ့ ဘာများပြောချင်ပါသလဲ။**

အရမ်းဝမ်းသာပြီး အရမ်းမျှော်လင့်ထားတဲ့ အဖြေပါ။ ရွေးကောက်ပွဲဝင်စဉ်အချိန်ကတည်းက ဝင်စေချင်တာပါ။ ဒါပေမဲ့ ပါတီဝင်တစ်ယောက်က အကျဉ်းကျခံရရင် ပါတီဝင်အဖြစ်က ထုတ်ပယ်ရမယ်ဆိုတာ သူတို့ပါတီကို ရည်ရွယ်ထားတာဖြစ်တော့ ဒီစည်းကမ်းကို ဖျက်တဲ့အချိန်ထိစောင့်တာလည်းမှန်ပါတယ်။ ဒီနေ့ဒီအချိန်တော့ ဒါတွေလည်း ရသွားပြီဆိုတော့ ဝမ်းသာစရာပါ။ နောက်ထပ်အမျိုးသားညီညွတ်ရေးလမ်းစလည်း စပြီးရတယ်လို့ ထင်တယ်။ တိုင်းရင်းသားတစ်ယောက်အနေနဲ့ ဆိုရင်တော့ လက်နက်ကိုင်ကိစ္စတွေဖြစ်နေတာတွေ NLD လွှတ်တော်ထဲ ရောက်လာရင် ပိုပြီးလွယ်ကူမယ်။ ဖြေရှင်းရတာ ပိုလွယ်မယ်လို့ ထင်တယ်။

**NLD ဝင်ရေး၊ မဝင်ရေးက မြန်မာ့နိုင်ငံရေးအခင်းအကျင်းမှာ ဘယ်လောက်အရေးပါတယ်ထင်ပါလဲ။**

သိပ်အရေးပါတယ်။ အဓိကလောက်ကိုကျတယ်။ ပြီးခဲ့တဲ့ရွေးကောက်ပွဲမှာ ဝင်ခဲ့တဲ့ပါတီတွေက အနည်းစုပဲဖြစ်တယ်။ နောက်တစ်ခုက စပြီးအရွေ့တစ်ခုဖြစ်တယ်ဆိုတာ ပြတဲ့သဘောပဲရှိတယ်။ NLD ပါတယ် ဆိုရင် အရွေ့ကရွေ့လာပြီဆို ပြည်သူလူထုကရော ကမ္ဘာကပါ အသိအမှတ်ပြုတဲ့ အရွေ့ကြီးဖြစ်တယ်။ ဒါကြောင့်မို့ သိသိသာသာပဲ ဆုံးဖြတ်ချက်ချတဲ့နေ့မှာ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး လာလည်မယ်တို့၊ မြန်မာကို အာဆီယံဥက္ကဋ္ဌ ရာထူးပေးမယ်တို့၊ နိုင်ငံတကာရဲ့ တုံ့ပြန်ချက်တွေက NLD ရဲ့ ဆုံးဖြတ်ချက်နဲ့ ဆိုင်နေတာပေ့ါ။ အမျိုးသားညီညွတ်ရေးလမ်းကြောင်းပေါ်မှာ အဓိကကျတဲ့ ဆုံးဖြတ်ချက်ပါပဲ။

**ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင်ဝင်သင့်၊ မဝင်သင့် ဘယ်လိုယူဆပါသလဲ။**

ဒေါ်စုဝင်တာတော့ မှန်တယ်။ ဝင်တယ်ဆိုတာမှာလည်း ပြည်သူ့လွှတ်တော်ကို ဝင်တာပိုကောင်းမယ်လို့ ထင်တယ်။ ဘာလို့တုံးဆိုတော့ ပြည်သူ့လွှတ်တော်အမတ်တစ်ယောက် အနေနဲ့ လွှတ်တော်ထဲမှာ ပြောတာဆိုတာက အစိုးရအဖွဲ့ထဲမှာ ဝန်ကြီးတစ်ယောက်ဖြစ်တာထက် ပိုလွတ်လပ်မယ်လို့ထင်ပါတယ်။ လွှတ်တော်အမတ်က ပြည်သူလူထုကိုပဲ ကိုယ်စားပြုပြီးတော့ ပြောချင်တာကို လွတ်လွတ်လပ်လပ် ပြောလို့ရတယ်။ အစိုးရတာဝန်ပေးတဲ့ အစိုးရအဖွဲ့ဝင်ဝန်ကြီးတစ်ယောက်ဖြစ်သွားပြီဆိုရင်တော့ ထိန်းသိမ်းရေးဝတ္တရားတွေ၊ တာဝန်တွေ ပိုများလာမယ်လို့ထင်တယ်။ လွှတ်တော်အမတ်တစ်ယောက် အနေနဲ့ဆိုရင် ဒီလောက်တာဝန်တွေမများတော့ဘူး။ လွှတ်တော်ပြင်ပ နိုင်ငံရေးကိုလည်း လုပ်လို့ရမယ်။ မီဒီယာတွေနဲ့လည်း လွတ်လွတ်လပ်လပ်ပြောဆိုဆွေးနွေးခွင့်ရမယ်။ ဒါမြေစမ်းခရမ်းပျိုးတာဆိုတော့ ၂၀၁၅ အတွက်လည်း NLD က အင်တိုက်အားတိုက် လုပ်နိုင်မယ်။ လွှတ်တော်ရဲ့ လုပ်ပုံကိုင်ပုံတွေကိုလည်း ဒေါ်အောင်ဆန်းစုကြည်က လွှတ်တော်ထဲမှာရှိနေရင် အများကြီး အကြံပေးလို့ပြုပြင်လို့ရနိုင်မယ်။

**NLD ရွေးကောက်ပွဲဝင်ရင် ၉၀ တုန်းကလိုပဲ အခြေအနေ ကောင်းမယ်လို့ထင်ပါသလား။**

ဒေါ်စုက လုံလုံလောက်လောက်မဲဆွယ်စည်းရုံးဖို့ အချိန်ရမယ်ဆိုရင် ၉၀ တုန်းကလိုပဲ NLD က နေရာအများစု အနိုင်ရမယ်လို့ ယုံကြည်ပါတယ်။

**NLD ဝင်၊ မဝင်က ကြားဖြတ်ရွေးကောက်ပွဲတရားမျှတမှု ရှိ၊ မရှိ အပေါ်ကိုရော သက်ရောက်မှုရှိနိုင်ပါသလား။**

ဘေးလူတစ်ယောက်အနေနဲ့ မှန်းထားတာကတော့ ရွေးကောက်ပွဲကလွတ်လပ်ပြီး တရားမျှတမှုရှိမယ်လို့ထင်တယ်။ အကြောင်းကတော့ နေရာတွေလည်း သိပ်မများဘူး။ အကုန်လုံးအားလုံး NLD နိုင်သွားလို့လည်းလွှတ်တော်ထဲမှာပြည်ခိုင်ဖြိုးရဲ့ အနေအထားကို ကြီးကြီးမားမား မထိခိုက်ဘူး။ ဆိုလိုတာကဟိုဘက်ကကြည့်ရင် ပူးပေါင်းပြီး လက်တွဲလုပ်နိုင်တဲ့ လက်ခံနိုင်တဲ့ အနေအထားရှိတယ်။ ပြီးတော့ ခုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌရဲ့ သဘောထားတို့၊ ရွေးကောက်ပွဲဥပဒေတို့က ကျွန်တော်တို့ ဖြတ်သန်းလာတဲ့ အနေအထားနဲ့ ကြည့်ရင် တရားမျှတမှု ရှိမယ်လို့၊ ပြီးတော့ နိုင်ငံတကာကလည်း စောင့်ကြည့်နေတဲ့အတွက် ဒီအချိန်မှာတော့ Free and Fair ဖြစ်မယ်လို့ ထင်တယ်။

**ပြည်တွင်းငြိမ်းချမ်းရေးအတွက်ရော NLD လွှတ်တော်ထဲ ရောက်လာမှုက ဘယ်လိုသက်ရောက်မှု ရှိနိုင်မလဲ။**

NLD လွှတ်တော်ထဲရောက်လာရင် အဓိက ဒေါ်အောင်ဆန်းစုကြည်ပေ့ါ။ သူက လွှတ်တော်ထဲရောက်ပြီး ပြည်တွင်းငြိမ်းချမ်းရေးကော်မတီမှာ ခေါင်းဆောင်ခွင့်ရရင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ လွှတ်တော်ကြားမှာ၊ အစိုးရကြားမှာ၊ ပေါင်းကူးအဖြစ် ဆောင်ရွက်ပေးနိုင်လိမ့်မယ်လို့မြင်တယ်။ သူ့ကို ဆိုရင် တိုင်းရင်းသားအဖွဲ့အစည်းတွေက ယုံကြည်မှုရှိပြီးသား။ ဒေါ်စုကြိုးစားရမှာက အစိုးရဘက်က အခက်အခဲတွေကို နားလည်အောင်ကြိုးစားဖို့ပဲ။ ပြီးရင်တော့ သူ့အနေနဲ့ ကြားကနေ အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်မယ်လို့ ယုံကြည်တယ်။

**ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ရေးကို NLD က တစ်စိုက်မတ်မတ်ပြောလာနေခဲ့တော့ NLD လွှတ်တော်ထဲရောက်လာရင် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကိစ္စအပေါ်မှာ ဘယ်လို သက်ရောက်မှုရှိနိုင်ပါသလဲ။**

သူတို့မနေ့က ဒါကို အဓိကထားပြီး လုပ်မယ်လို့ ပြောတော့ ဒီအချက်ကိုတော့ ကျွန်တော့်အနေနဲ့နည်းနည်းစောနေသေးတယ်လို့ မြင်တယ်။ ဖွဲ့စည်းပုံမှာ ချို့ယွင်းချက်အားနည်းချက်တွေရှိပေမယ့် လက်တွေ့လုပ်ကြည့်လိုက်တဲ့အခါမှာ ထင်သလောက် မဆိုးဘူးဆိုတာကိုတွေ့တယ်။ အရေးကြီးတာက NLDက လွှတ်တော်ထဲမှာ လုံလောက်တဲ့ အင်အားမရှိသေးဘူး။ အရေးကြီးတဲ့ ဥပဒေတွေကလည်း ၇၅ ရာခိုင်နှုန်းထောက်ခံမှ၊ ပြီးတော့လည်း ဆန္ဒခံယူပွဲလုပ်ပြီးမှ ပြင်လို့ရမယ်။ ဒီတော့ ကြားဖြတ်ရွေးကောက်ပွဲကနေ အမတ်တချို့ရောက်လာတာနဲ့တော့ လုပ်လို့မရသေးဘူးလို့ ထင်တယ်။ ကျွန်တော့်ဆန္ဒကတော့ အမတ်တွေကြားမှာ အပြန်အလှန်နားလည်မှုရှိအောင် လုပ်ပြီးမှ ရှေ့ဆက်စေချင်တယ်။

## ဦးသိန်းညွန့် (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်) အမျိုးသားဒီမိုကရေစီပါတီသစ်

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ဗဟိုအလုပ်မှုဆောင်ကော်မတီတွင် ပါဝင်ခဲ့ပြီး ၂၀၁၀ ၌ပါတီမှ ခွဲထွက်ကာ အမျိုးသားဒီမိုကရေစီအင်အားစုပါတီမှ ဝင်ရောက်ရွေးချယ်ခံရာ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရသည်။ အမျိုးသားဒီမိုကရေစီအင်အားစုပါတီ(NDF)မှ နုတ်ထွက်ကာ ၂၀၁၁၌ အမျိုးသားဒီမိုကရေစီပါတီသစ်ကို တည်ထောင်ခဲ့သည်။

**အင်န်အယ်လ်ဒီပါတီမှတ်ပုံတင်မယ်ဆိုတော့ ပြောထားတဲ့အတိုင်း ပါတီဖျက်ပေးဖို့ အဆင်သင့်ဖြစ်ပြီလား။**

ဦးဝင်းတင်က ပါတီစည်းမျဉ်းစည်းကမ်းတွေအရ လုပ်မယ်လို့ပြောထားတော့ ကျွန်တော်ကလည်း အဖွဲ့ချုပ်စည်းမျဉ်းစည်းကမ်းအရ သူတို့ရဲ့ဆန္ဒကိုလည်း နားထောင်ရပါမယ်။ တစ်ဖက်ကလည်း ဦးဝင်းတင်တို့ပြန်သလို ကျန်တဲ့ တခြားခေါင်းဆောင်တွေ ဘယ်လိုတုံ့ပြန်သလဲဆိုတာစောင့်ကြည့်ရပါမယ်။ အဖွဲ့ချုပ်ဆိုတာ တစ်ပါတီတည်းနဲ့ ဖွဲ့ထားတာမဟုတ်ဘူး။ အသင်းအဖွဲ့တွေ စုပေါင်းတယ်လို့ ထင်ပါတယ်။ ဒါက မျဉ်းစည်းကမ်းဆိုင်ရာပြဿနာပါ။

**အင်န်အယ်လ်ဒီပါတီကိုပြန်ဝင်ဖို့ ဆန္ဒရှိပါသလား။**

နှစ်ပေါင်း ၂၀ ကျော် ပါခဲ့တာပဲ။ သံယောဇဉ်ရှိပါတယ်။ ဒီပါတီမှာ ရှေ့ဆက်ပြီးပါရမယ်ဆိုလည်း စုပေါင်းခေါင်းဆောင်မှုကို လိုလားပါတယ်။

**အင်န်အယ်လ်ဒီပါတီ မှတ်ပုံတင်ရေး၊ မတင်ရေးက မြန်မာ့နိုင်ငံရေး အခင်းအကျင်းမှာ ဘယ်လောက်အထိအရေးပါသလဲ။**

အရေးပါတာပေ့ါ။ အဖွဲ့ချုပ်ကလည်း တရားဝင်လမ်းကြောင်းပေါ်ရောက်သွားတယ်။ တစ်ဖက်ကလည်း အင်န်အယ်လ်ဒီပါတီက မှတ်ပုံတင်လိုက်တဲ့အတွက် ၂၀၁၀ ရွေးကောက်ပွဲရဲ့ တရားဝင်မှုလမ်းကြောင်း အားကောင်းလာတယ်။ နှစ်ဦးနှစ်ဖက် ကောင်းကြပါတယ်။ အဲဒီ့ပေါ်မှာ မူတည်ပြီးတော့ နိုင်ငံအကျိုးအတွက် ကျန်တာတော့ အသေးစိတ်မပြောပေမယ့် အမျိုးသားအင်အားစုတွေဖြစ်တဲ့ တပ်မတော်ရယ်၊ တိုင်းရင်းသားခေါင်းဆောင်တွေရယ် အမျိုးသားအင်အားစု ဘောင်အတွင်းကနေ ဆင်းရဲနေတဲ့တိုင်းပြည်အတွက် အကောင်းဆုံးလုပ်နိုင်တဲ့အခြေအနေရနိုင်မှာပါ။ ဒါကအကောင်းဆုံးပြောင်းလဲတာပါ။

**ကြားဖြတ်ရွေးကောက်ပွဲမှာ ၄၈ နေရာလုံးဝင်မယ့်အင်န်အယ်လ်ဒီပါတီက ၉၀ တုန်းကလို အပြတ်အသတ်အနိုင်ရဖို့ ဖြစ်နိုင်မလား။**

အဲဒါတော့ ကျွန်တော်မသိဘူး။ ပြောနိုင်တာကတော့ လွန်ခဲ့တဲ့ဧပြီလက ကျွန်တော်တို့ပါတီက ကြေညာထားတဲ့ အရွေးခံဖို့ သုံးနေရာမှာတော့ ဝင်ပြိုင်ဖို့ရှိတယ်။ ကျွန်တော်တို့ လျာထားတဲ့နေရာမှာ ဒေါ်အောင်ဆန်းစုကြည်ဝင်ပြိုင်မယ်ဆိုရင်တော့ နောက်ဆုတ်ပေးမယ်။ သူတစ်ယောက်တည်းကိုပဲပြောတာပါ။ တခြားသူဆိုရင်တော့ ဆုတ်မပေးဘူး။

**ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင်ရွေးကောက်ပွဲဝင်၊ မဝင် ဘယ်လိုမြင်ပါသလဲ။ ဦးသိန်းညွန့်က ဆန္ဒဘယ်လိုရှိပါသလဲ။**

ဒါက သူဆုံးဖြတ်ရမယ့်ကိစ္စပါ။ ကျွန်တော့်သဘောကတော့ သူ လွှတ်တော်ထဲရောက်လာရင် ကောင်းတာပေ့ါ။ အမျိုးသားခေါင်းဆောင်ရဲ့ သမီးက လွှတ်တော်ထဲ ရောက်လာရင် ကျွန်တော်က သူ့ကို ကူညီပေးမယ်။ ထောက်ခံပေးမယ်။

**ကြားဖြတ်ရွေးကောက်ပွဲမှာ အင်န်အယ်လ်ဒီပါတီနဲ့ ပြည်ခိုင်ဖြိုးပဲ အဓိကပြိုင်မယ့် အနေအထားရှိတော့ အင်န်အယ်လ်ဒီပါတီ အပေါ်မှာ ဘယ်လောက်အထိ ယုံကြည်ထားလဲ။**

အားလုံး ကြိုးစားရမှာပါ။ သူတို့ကြိုးစားတဲ့အခါမှာ ကျွန်တော်တို့ကြိုးစားတဲ့အခြေအနေနဲ့ မတူပါဘူး။ တို့မပါရင် ဘယ်သူမှ မဲမပေးနဲ့ သပိတ်မှောက်ဆိုတဲ့ အခြေအနေမှာ ကျွန်တော်တို့က ဝင်ခဲ့ရတာ။ ခုတော့ ကျွန်တော်တို့က ဒီလိုမလုပ်ပါဘူး။ ဒါကတော့ ကွာတာပါ။

**လွှတ်တော်အတွင်း အင်န်အယ်လ်ဒီပါတီကနေရာအချို့ ရခဲ့ရင် ဘာတွေ ပြောင်းလဲလာနိုင်မလဲ။**

ဒါကတော့ကျွန်တော်မပြောချင်ပါဘူး။ သူတို့ပြောရမှာပါ။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

7 DAY NEWS JOURNAL
Vol.10, No.36 • NOVEMBER 24, 2011

# ကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန် မြန်မာနိုင်ငံလာမည်

**ဘာလီ(အင်ဒိုနီးရှား)၊
နိုဝင်ဘာ - ၁၈**




မြန်မာနိုင်ငံအတွင်း တိုးတက်မှုရလဒ်များကို စူးစမ်းသောအားဖြင့် အမေရိကန်သမ္မတ အိုးဘားမားက ၎င်းသည် နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်အား မြန်မာနိုင်ငံသို့ လာမည့်ဒီဇင်ဘာလတွင် စေလွှတ်မည်ဖြစ်ကြောင်းပြောကြားလိုက်သည်။

မစ္စကလင်တန် မြန်မာနိုင်ငံသို့ ရောက်ရှိပါက ယင်းမှာ နှစ်ပေါင်းငါးဆယ်အတွင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး တစ်ဦး မြန်မာနိုင်ငံသို့ ပထမဆုံး တရားဝင် အလည်အပတ်ခရီးဖြစ်လာမည်ဖြစ်သည်။

၎င်း၏ အရှေ့တောင်အာရှသို့ သံတမန်ခရီးစဉ်အတွင်း အိုဘားမားက "တိုးတက်မှုအတွက် သမိုင်းဝင်အခွင့်အရေးတစ်ရပ်ဖြစ်နိုင်မယ့်အရာတစ်ခုကို ကျွန်တော်တို့ ရယူချင်ပါတယ်။ ပြီးတော့လည်း တကယ်လို့ မြန်မာနိုင်ငံဟာ ဒီမိုကရက်တစ်ပြုပြင်ပြောင်းလဲရေးလမ်းမပေါ် ဆက်ခရီးသွားမယ်ဆိုရင် ကျွန်တော်တို့ သေချာရှင်းလင်းစေချင်ပါတယ်။ ဒီအခွင့်အရေးက အမေရိကန်ပြည်ထောင်စုနဲ့ ဆက်ဆံရေးသစ်တစ်ရပ်ကို ပုံသွင်းပေးနိုင်ပါတယ်" ဟုပြောသည်။

ကန်သမ္မတသည် ဘာလီသို့ Air Force One လေယာဉ်ဖြင့် ထွက်ခွာလာစဉ်ကြာသပတေးည (၁၇၊ နိုဝင်ဘာ) ကလည်း နိုဗယ်ဆုရှင်ဒေါ်အောင်ဆန်းစုကြည်နှင့် ဖုန်းဆက်စကားပြောခဲ့ကြောင်း ကန်အစိုးရထိပ်တန်း အရာရှိတစ်ဦးကပြောသည်။

ကန်အစိုးရက မစ္စကလင်တန်၏ခရီးစဉ်ကို အိုဘားမား၏ မြန်မာအပေါ် ပေါ်လစီ၏ အောင်မြင်မှုအဖြစ် ရှုမြင်ထားသည်။ အမေရိကန်သည် မြန်မာအပေါ် ပိတ်ဆို့မှုအသစ်များ ပြုလုပ်ထားသော်လည်း (နိုင်ငံရေး)အခြေအနေ ပြောင်းလဲပါက ပိုမိုကောင်းမွန်သော ဆက်ဆံရေးကို တံခါးဖွင့်ပေးထားမည်ဖြစ်ကြောင်း ရှင်းလင်းစွာပြောကြားထားသည်။

"နှစ်ပေါင်းများစွာ အမှောင်အတိ ဖုံးလွှမ်းခဲ့ပြီးနောက် ဒီရက်သတ္တပတ်အနည်းငယ်မှာပဲ တိုးတက်မှုအရိပ်အယောင်တွေ ကျွန်တော်တို့ မြင်လာရပါတယ်"ဟု အိုဘားမားက ဆိုသည်။ သို့သော် ၎င်းက မြန်မာ၏ လူ့အခွင့်အရေးမှတ်တမ်းများကို ပူပန်နေဆဲဖြစ်ကြောင်းဆိုသည်။ ဝန်ကြီးကလင်တန်၏ ခရီးစဉ်သည် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ၊ တစ်ဦးချင်းလူ့အခွင့်အရေးများနှင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးတို့အတွက် တိုးတက်မှုရှိရန် အမေရိကန်က မည်သို့ထောက်ပံ့ပေးနိုင်မည်ကို ရှာဖွေသွားမည်ဟု သိရသည်။

သမ္မတ အိုဘားမားသည် မြန်မာသမ္မတဦးသိန်းစိန်နှင့် သောကြာနေ့ နိုဝင်ဘာ ၁၈ ရက်တွင် အရှေ့တောင်အာရှထိပ်သီး ဆွေးနွေးပွဲကာလအတွင်း တွေ့ဆုံမည်ဖြစ်သည်။

Source: AP

## အချပ်ပို(A)၊ ဦးမြင့်လှိုင် မှ

သူတို့ကတော့ နိုင်ငံရေးပိုလုပ်ဖူးတဲ့သူတွေ များတာပေါ့။ သူတို့လာတဲ့အခါကျတော့ တိုင်းပြည်ရဲ့ တကယ့်ကိစ္စတွေမှာ အကြံဉာဏ်ပေးနိုင်တာပေါ့။ သမ္မတကြီးကလည်း နောက်ကဟာတွေထားပြီးတော့ ရှေ့ကိုတိုးတက်ဖို့ လုပ်မယ်ထင်တယ်။ တိုင်းပြည်ကခေတ်နောက်ကျန်ခဲ့တဲ့အတွက် တိုင်းပြည်အတွက်ကောင်းအောင်လုပ်တဲ့သူတွေကို ဘာမှ အာဃာတထားစရာမလိုဘူး။

**ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် ဝင်ပြိုင်၊ မပြိုင်အပေါ်မှာ သဘောထားပြောပါဦး။ ဒေါ်အောင်ဆန်းစုကြည်ဝင်ပြိုင်သင့်တယ်လို့ထင်လား။**

ဒါက တစ်မျိုးတော့ဖြစ်သွားမယ်။ သူပြိုင်ရင်၊ ရာထူးနေရာတွေမှာ၊ အကြီးတွေမှာ လစ်လပ်တဲ့နေရာမရှိတော့ဘူး။ ပါတီဥက္ကဋ္ဌအနေနဲ့ နေလိုက်ရင် ကောင်းမလား။ ဘာပဲဖြစ်ဖြစ် သူ့ဆုံးဖြတ်ချက်မှာတော့ မူတည်မှာပါ။ ကျွန်တော်တို့ထက် သူကပိုပြီးတော့ နိုင်ငံရေးအတွေ့အကြုံတွေ ပိုရှိတဲ့အတွက် သူ့ဆုံးဖြတ်တာက ပိုကောင်းမှာပါ။ ကျွန်တော်တို့ကတော့ နေရာတစ်နေရာတော့ရစေချင်တာပေါ့။ မျိုးဆက်မပျောက်စေချင်ဘူး။ သူမပါရင် တောင်သူ့အဖွဲ့ကတော့ ပါကိုပါရမှာ။

**အရင်ရွေးကောက်ပွဲ အခြေအနေနဲ့မတူတာက အခုလောလောဆယ် မီဒီယာမှာ တော်တော်လေး ရေးသားခွင့်ရလာတော့ပြည်ခိုင်ဖြိုးအမတ်အနေနဲ့မီဒီယာနဲ့ပတ်သက်ပြီး ဘယ်လို ပူပန်မှုမျိုး ရှိပါသလဲ။**

ကျွန်တော်ကတော့ မီဒီယာလွတ်လပ်ခွင့်ရလေ ပိုကောင်းလေပေါ့။ တချို့တွေကတော့ အရိုးဆွေးနေတာတွေ ကျန်နေသေးတာကိုး။ နိုင်ငံတိုးတက်ဖို့အတွက်ပဲ အဓိကလုပ်ရမှာပါ။ နောက်ကျောမလုံတဲ့သူကတော့ သိပ်မလိုချင်ဘူး ပြောမှာပေါ့။

**ပြည်သူလူထုအပေါ်စိမ့်ဝင်နိုင်မှု၊ လွှမ်းမိုးနိုင်မှုအားမှာ ပြည်ခိုင်ဖြိုးပါတီက ဘယ်လောက်ထိယုံကြည်ထားလို့ ရနိုင်ပါသလဲ။**

လောလောဆယ်မှာတော့ သိပ်မဖြစ်နိုင်သေးဘူး။ ဒီနိုင်ငံမှာ အခုချိန်က အရင်ကမျိုးဆက်တွေ အများကြီးကျန်သေးတဲ့အတွက် တဖြည်းဖြည်းလုပ်ပြီးတော့သမ္မတကြီးနဲ့ပေါင်းပြီးဘယ်လောက်ထိ လုပ်နိုင်မလဲဆိုတာ ပြည်ခိုင်ဖြိုးပါတီအနေနဲ့ကြိုးစားရမယ်။ တစ်ချိန်က ကတိကဝတ်ပေးပြီး မလုပ်ပေးနိုင်ရင် နောက်ကျကျန်ခဲ့မှာ။ တိုင်းပြည်တိုးတက်ဖို့အတွက် ပူးပေါင်းပြီးလုပ်ဖို့တော့လိုတယ်။

**NLD လွှတ်တော်တွင်းရောက်ရေးက နိုင်ငံတကာမှာ လွှတ်တော်ရဲ့ တရားဝင်အသိအမှတ်ပြုမှုကို သက်ရောက်မှုရှိတယ်လို့ ပြောကြတယ်။ အဲဒီပေါ် ဘာပြောချင်ပါသလဲ။**

ဒါကတော့ အဲဒါနဲ့တော့ မဆိုင်ပါဘူး။ လွှတ်တော်ကြီးပေါ်ပေါက်လာလို့နဂိုကတည်းကလည်း တို့လွှတ်တော်ကြီးကို နိုင်ငံတကာကလည်း ထောက်ခံလာတာပဲ။ NLDနဲ့တော့ ဘာမှမဆိုင်ဘူး။ လွှတ်တော်ကြီးက ပေါ်ပေါက်ပြီးသွားပဲ။ ခြောက်လ၊ ခုနစ်လအတွင်းမှာတောင် အများကြီးတိုးတက်လာပါပြီ။ အခုလွှတ်တော်ကြီးလုပ်နေလို့ ဘယ်လောက်ပြောင်းလဲလာတယ်ဆိုတာ အားလုံးအသိပါပဲ။ သူတို့တွေပါလာတာတော့ ပိုကောင်းသွားတာပေါ့။ သူတို့တွေက လွန်ခဲ့တဲ့နှစ်ပေါင်းများစွာကတည်းက ပေါ်ပေါက်လာတဲ့ ပါတီဖြစ်လို့ ပူးပေါင်းပြီး လုပ်မယ်ဆိုရင်တော့ ပိုကောင်းတာပေါ့။

## လစ်လပ်မဲဆန္ဒနယ်ရှိပြည်သူများ မဲပေးခွင့်ရမည်

**၂၀၁၀ ရွေးကောက်ပွဲက ရွေးချယ်တင်မြှောက်လိုက်သော လွှတ်တော်ကိုယ်စားလှယ်များအနက် အစိုးရအဖွဲ့အတွင်းရောက်ရှိသွားသည့် ကိုယ်စားလှယ်များအတွက် လွှတ်တော်အတွင်း လစ်လပ်သွားသော စုစုပေါင်း ၄၈ နေရာကို အစားထိုးနိုင်ရန် ရွေးကောက်တင်မြှောက်ခွင့်ရရှိမည့်ကြားဖြတ်ရွေးကောက်ပွဲကို မကြာမီကျင်းပမည်ဖြစ်သည်။**

**အဆိုပါ လစ်လပ်နေရာ နေရာ ၄၈ နေရာမှာ ပြည်သူ့လွှတ်တော်တွင်နေရာ ၄၀၊ အမျိုးသားလွှတ်တော်တွင်၆နေရာ၊တိုင်းဒေသကြီးလွှတ်တော်တွင် ၂နေရာဖြစ်သည်။ လစ်လပ်မဲဆန္ဒနယ်များအားသက်ဆိုင်ရာ မဲဆန္ဒနယ်တွင် နေထိုင်သူများ ကြိုတင်လေ့လာနိုင်ရန် စုစည်းဖော်ပြလိုက်ရပါသည်။**

**ကြားဖြတ်ရွေးကောက်ပွဲကျင်းပရမည့် မဲဆန္ဒနယ်များ**

| | |
|---|---|
| ၁။ ကချင်ပြည်နယ် | |
| (က) ပြည်သူ့လွှတ်တော်(၃)နေရာ | - ဖားကန့်၊ မိုးကောင်း၊ ဗန်းမော် |
| (ခ) အမျိုးသားလွှတ်တော် | - မရှိ |
| (ဂ) ပြည်နယ်လွှတ်တော် | - မရှိ |
| ၂။ စစ်ကိုင်းတိုင်းဒေသကြီး | |
| (က) ပြည်သူ့လွှတ်တော်(၃)နေရာ | - စစ်ကိုင်း၊ ပုလဲ၊ မင်းကင်း |
| (ခ) အမျိုးသားလွှတ်တော်(၂)နေရာ | - ကန့်ဘလူ၊ ကျွန်းလှ၊ ရေဦး၊ တန့်ဆည်၊ ဗန်းမောက်၊ ကောလင်း၊ ဝန်းသို၊ ပင်လည်ဘူး |
| (ဂ)တိုင်းဒေသကြီးလွှတ်တော် | - မရှိ |
| ၃။ တနင်္သာရီတိုင်းဒေသကြီး | |
| (က) ပြည်သူ့လွှတ်တော်(၂)နေရာ | - ကျွန်းစု၊ လောင်းလုံ |
| (ခ) အမျိုးသားလွှတ်တော် | - မရှိ |
| (ဂ) တိုင်းဒေသကြီးလွှတ်တော် | - မရှိ |
| ၄။ ပဲခူးတိုင်းဒေသကြီး | |
| (က) ပြည်သူ့လွှတ်တော်(၄)နေရာ | - တောင်ငူ၊ ထန်းတပင်၊ သနပ်ပင်၊ လက်ပံတန်း |
| (ခ) အမျိုးသားလွှတ်တော်(၁)နေရာ | - အုတ်တွင်း၊ ထန်းတပင် |
| (ဂ) တိုင်းဒေသကြီးလွှတ်တော်(၁)နေရာ | - ကဝ-၂ |
| ၅။ မကွေးတိုင်းဒေသကြီး | |
| (က) ပြည်သူ့လွှတ်တော်(၅)နေရာ | - မကွေး၊ ရေစကြို၊ မြိုင်၊ ပခုက္ကူ၊ ပွင့်ဖြူ |
| (ခ) အမျိုးသားလွှတ်တော်(၁)နေရာ | - တောင်တွင်းကြီး |
| (ဂ) တိုင်းဒေသကြီးလွှတ်တော် | - မရှိ |
| ၆။ မန္တလေးတိုင်းဒေသကြီး | |
| (က) ပြည်သူ့လွှတ်တော်(၁၀)နေရာ | - ဇမ္ဗူသီရိ၊ ပုဗ္ဗသီရိ၊ ဒက္ခိဏသီရိ၊ ဥတ္တရသီရိ၊ ကျောက်ပန်းတောင်း၊ နွားထိုးကြီး၊ မဟာအောင်မြေ၊ တံတားဦး၊ မိတ္ထီလာ၊ ပြင်ဦးလွင် |
| (ခ) အမျိုးသားလွှတ်တော် | - မရှိ |
| (ဂ) တိုင်းဒေသကြီးလွှတ်တော် | - မရှိ |
| ၇။ မွန်ပြည်နယ် | |
| (က) ပြည်သူ့လွှတ်တော်(၁)နေရာ | - မော်လမြိုင် |
| (ခ) အမျိုးသားလွှတ်တော် | - မရှိ |
| (ဂ) ပြည်နယ်လွှတ်တော် | - မရှိ |
| ၈။ ရန်ကုန်တိုင်းဒေသကြီး | |
| (က) ပြည်သူ့လွှတ်တော်(၆)နေရာ | - ကော့မှူး၊ သုံးခွ၊ ဒဂုံ(ဆိပ်ကမ်း)၊ မင်္ဂလာတောင်ညွန့်၊ လှည်းကူး၊ မရမ်းကုန်း |
| (ခ) အမျိုးသားလွှတ်တော် | - မရှိ |
| (ဂ) တိုင်းဒေသကြီးလွှတ်တော် | - မရှိ |
| ၉။ ရှမ်းပြည်နယ် | |
| (က) ပြည်သူ့လွှတ်တော်(၁)နေရာ | - ကလော |
| (ခ) အမျိုးသားလွှတ်တော်(၁)နေရာ | - လားရှိုး၊ တန့်ယန်း၊ မိုင်းရယ်၊ သိန္နီ၊ ကွမ်းလုံ |
| (ဂ) ပြည်နယ်လွှတ်တော် | - မရှိ |
| ၁၀။ ဧရာဝတီတိုင်းဒေသကြီး | |
| (က) ပြည်သူ့လွှတ်တော်(၅)နေရာ | - ပုသိမ်၊ မအူပင်၊မြောင်းမြ၊ ဝါးခယ်မ၊ မြန်အောင် |
| (ခ) အမျိုးသားလွှတ်တော်(၁)နေရာ | - ဖျာပုံ၊ ဒေးဒရဲ |
| (ဂ) တိုင်းဒေသကြီးလွှတ်တော် (၁)နေရာ | - ရေကြည်-၂ |